www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# မြပုလဲခင်

## အနီရောင်မှတ်တမ်း

အောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး


- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com



# မြပုလဲခင်

သမုဒယ ကိလေသာနှောင်ကြိုးတွေ မပြတ်နိုင်သရွေ့တော့ သံသရာအဆက်ဆက် ရစ်ပတ်နှောင်ဖွဲ့နေရဦးမည်မှာ ခန္ဓာ ရလာသောသူတိုင်း၏ သံသရာစက်ဝန်းပါပေတကား

မြပုလဲခင်

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၈၁၀၀၄၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၈၂၀၅၁

ဖြန့်ချိရေး
အောင်မြင်စာပေ
အမှတ်(၁
အောင်ဘာလေ
ကျောက်မြောင်း

အတွင်းနှင့်
မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြ
အောင်မြင်ပုံနှိပ်တိုက်
သုဝဏ္ဏ၊ ရန်ကုန်မြို့

ပထမအကြိမ်
မတ်လ၊ ၂၀၁
တန်ဖိုး(၁၅

ထုတ်ဝေ
ဦးအောင်မြ
အမှတ်(၅)၊ သိတာလ
ကျောက်မြောင်း၊ ရန်ကုန်မြို့

၈၉၄၅.၈၃
မြပုလဲခင်
အနီရောင်မှတ်တမ်း/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၁။
၂၆၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်



အပိုင်း (၁)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မငိုပါနဲ့ မမလေးရယ်။ မမလေး ငိုတိုင်း ကျွန်တော့် မျက်ကြည်လွှာက လှုပ်ရှားရလွန်းတော့ ပင်ပန်းတယ်ဗျာ။ ဒါကြောင့် မငိုပါနဲ့နော် မမလေး။ ကျွန်တော် ပင်ပန်းလွန်းလို့ပါ။

မမလေး ရယ်ပေးပါ။ မမလေး ရယ်ရင် ကျွန်တော်လည်း တမလွန်ဘဝမှာ ပေါ့ပေါ့ပါးပါး လေးနဲ့ ပျော်မြူးနေနိုင်မှာပါဗျာ။

ရှိန်း

ချစ်ခြင်းအစ မျက်စိက မဟုတ်လျှင်
ချစ်ခြင်းအစ နားကလား
သို့တည်းမဟုတ်
အထိအတွေ့ကြောင့်လား.....။

မြင့်မိုရ်မေ

BURMESE CLASSIC .com



မိုးသည်းညတစ်ည။

မိုးသည်းညမို့ ရှစ်ခွင်တစ်ခုလုံး မဲမှောင်ပိန်းလျက်ရှိချေသည်။ ထစ်ချုန်းမိုးတို့က တဂျိမ်းဂျိမ်း၊ တထန်းထန်းနှင့် ကြောက်မက်ဖွယ်ရာ ထစ်ချုန်းသံစဉ်ရိုင်းတို့ကြားမှာ သူတစ်ကိုယ်လုံး မိုးရေတို့ ဖက်ရမ်းကျီစယ်မှုကြောင့် ရွှဲရွှဲစိုနေသည်။

သူ့ရှေ့မှာ လူနှစ်ယောက်။ တစ်ယောက်သောသူက လဲယ်သာ ဂျာကင် အနက်ရောင်၊ ဦးထုပ်ခပ်ငိုက်ငိုက်၊ ဘောင်းဘီကလည်း အနက်ရောင် ဝတ်ထားသည်။ နောက် သူတို့ဘေးမှာ ဆိုင်ကယ်နှစ်စီးက မျက်နှာချင်းဆိုင် ရပ်ထားသည်။

"ဂျိန်းဒလိန်း"

လျှပ်ရောင်အောက်မှာ လူနှစ်ယောက် တစ်ပြိုင်တည်း လှုပ်ရှားကြသည်။ ခါးရောင်များက လျှပ်ပန်းလျှပ်နွယ်တို့၏ဆတ်ကိုက်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တိုးမှနေအောက်ဝယ် ခင်းကာနံ . . . လင်းကာနံ။

"ထာနံ"

ခါကြိမ်မြောက် ကြားလိုက်ရသည်။ နောက် ညည်းညူသံနှင့် အတူ သူ့ရှေ့မှာ လူတစ်ယောက် လဲကျသွားသည်။ သွေးတွေက မြေနှင့် အတူရောကာ သွေးမြစ်ချောင်းတို့ ဖြစ်သွားသည်။

လယ်သာသော ရောင်နက်နှင့်ဆွတ်လက်မှ အသွားထက်သော ဓါးမြှောင်တစ်ချောင်းဝယ် သွေးတို့က စက်လက်စက်လက် ကျဆင်း နေသည်။ မြေရောတို့က သွေးကြောင်ကြွေးလိုက်သည်နှင့် သွေးတို့က စင် ကြယ်သွားသည်။

ဓါးကို ရှောင်ကြိုးအောက် ထိုးသွင်းလိုက်ပြီးနောက် ထိုလူ တကြည့်ကာ သူ့ထံသို့ ရောက်လာသည်။ ရှုမဲ့သော မျက်ဝန်းနက်က သူ့တစ်ကိုယ်လုံး ကောက်ကွင်း မြင်တွေ့နေသည့်အတိုင်း ရှုစုမဲ့။

သူ့တစ်ကိုယ်လုံးရှိ ခွန်အားများ ယောင်းပေါက်သည်။ တစ်လှမ်းမှ ခြောက်လန့်မှုကြောင့် ထိုလူနှင့် ဝေးရာ ပြေးသွက်ချင် အားလည်းသည့်အနေနှင့် နောက်သို့ တစ်လှမ်းချင်း တစ်လှမ်းချင်း ဆုတ်နေသော . . .

ထိုသူကလည်း တစ်လှမ်းချင်း တစ်လှမ်းချင်း ရှေ့သို့ တိုးကပ်လို့ လာသည်။

ရှုမဲ့သော မြောက်မာသော မျက်လုံးကြီးများက သီးမခုက်တတ် မောင်မဲအသေးစိုးသွက်စေရာနည်းအသား ရှိနေသည်။

"ဒုတ်. . ဒုတ်. . ဒုတ်. . . ဒုတ်"

သူ့နှလုံးခုန်သံကြီးက မြန်ဆန်လှုပ်ရှားနေသည်။ ထိုလူ သူ့နားသို့ တဖြည်းဖြည်း နီး၍ နီး၍လာသောအခါ သူ့ဇာ ကြောက်





လန့်မှုက သေခြင်းတရားနှင့် မျက်နှာပါသွားသော ကျည်အလေး၏ အသံ နှင့်ကြီးနှင့် အားကုန် အော်လိုက်မိလေတော့သည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

"ဖေဖေ"

အေါ် နှယ်နီနေမ ရုတ်တရက် ကြားလိုက်ရသော အသံနောက် ကြီးကြောင့် အိပ်မွေ့နှစ်ခြိုက်မှုအနှင့် ဆလိုက်ပြီး ကျုံ့သားရနေသော မြေ ဆောင်တို့က မြင့်မိုရ်မဟာ ခန်းဆီ့ တန်းပြေးလာတော့သည်။

ကြိုတင် ... ထားသည့်အတိုင်းပင် မြင့်မိုရ်မဟာ ကုတင်ပေါ်တွင် ငုတ်တုတ်ထထိုင်လျက်၊ လက်နှစ်ဖက်ကလည်း ... ဖြစ်နေသော ရင်ဘတ်ကို ဖိလျက်ရှိသည်။





"မကိုပြန်ပြီလား ဖေဖေ"

ဒေါ် နှယ်နီကမေမော် မြင့်မိုရ်မ ရုတ်တရက် မဟုတ်ပြန်ပြီ၊ မောဟိုက်နေသော ရင်အစုံကို ငြိမ်သက်စေရန်အတွက် ... ဒေါအတွင် ... နေချိန်မျိုးကို ငုံ့မည်လုပ်သော လက်တို့က တဆတ်ဆတ် တုန်နေသဖြင့် ကိုင်တွယ်၍မရနိုင် ဖြစ်နေသည်၊ ထို့ကြောင့် . . .

ဒေါ်နှယ်နီမောလည်း သူ့အနေအထိ ရောက်လာပြီး ဆေးနှင့် ... ဆေးကို ... ငုံ့ပေးလိုက်ပြီး ... ကမ်းပေး လိုက်သည်။

မြင့်မိုရ်မဟာ ... လက်နှစ်ဖက်နှင့် ... ကိုင်ပြီး တစ်ခါတည်း ... မော့သောက်ချလိုက်သည်။

"မကိုနေကော ... ပါသလား"

ဒေါ် နှယ်နီမဟာ ... ကို ... ပြန်ထားပြီး နောက် မေးခွန်းထုတ်လိုက်သည်။

"အင်း"

မြင့်မိုရ်မ အသံ ... ခေါင်းညိတ်လိုက်သည်။ ... ပြုံးပြုံးလေး ... ဖြူ ... ဖြစ်သည်။

ထို ... ဖြစ်နေခဲ့သော ရင်အစုံမှာ အတန်ငယ် ... မြင့်မိုရ်မ ... ဆင်းလိုက်သည်။

"ဒေါ် ... သွားအိပ်တော့လေ ... ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး... ဟေး... ဒါမြင့် ဒေါ်လေး သွားအိပ်တော့မယ်။ ဘာမှ မကြာမနေရှိနဲ့... မြန်မြန်လိုက်တော့"

"ဟုတ်ကဲ့"

မြင့်မိုရ်မေ ဝမ်းနည်းမကြည့်ဘဲ ပြေးလိုက်သည်။ သူတက်ရာ မြေပေါ်ရေးလိုက်မှ နေ့စဉ်လိုက်လာကို ဆွဲမယ်လိုက်သည်။

မြင်မှုတွင်းကို မှန်ပြတင်းပေါက်တိ ကျော်ပြီး တွေ့လိုက်ရသေလသည်က အပြင်ဘက်တွင် သဲသဲမဲ့ ရွာသွန်းနေသော ထိစ်မှုန်းမိုးကို ဖြစ်သည်။

မြင့်မိုရ်မေ သက်ပြင်းရှိုက်လိုက်သည်။

ဒီအတိုင်းသာဆိုရင် မဖြစ်တော့ဘူး။ စိတ်ရောဂါကု ဆရာဝန်နှင့် ဆွေးနွေးမှပဲ ရမတော့မည်။

မြင့်မိုရ်မေ ညသတင်းမီးရောင်အောက်မှ စားပွဲတင် နာရီလေးကို ငေးကြည့်လိုက်သည်။

ညသန်းခေါင်ယံကို ငါးမိနစ်တိတိ လွန်ပြောက်နေသည်။

လူတစ်ယောက်က ပုံစံတူ အိပ်မက်ကို ထပ်ခါထပ်ခါ မက်နေတယ်ဆိုတာ သာမန်ဖြစ်ရိုးဖြစ်စဉ် ဟုတ်နိုင်ပါ့မလား။

မြင့်မိုရ်မေ အချိန်ကာလ ညဉ့်နက် သန်းခေါင်အခါ ပြန်ဖြစ်နေသည့် ခြိမ်းခြောက်အိပ်မက်ဆိုးကို ကြေကြည့်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ရှာဖွေနေသည်။ ဆုံးဖြတ်ချက်တစ်ခုတော့ ချမှ ဖြစ်မည်။

ကိုလက်ကိုင်ဖုန်းလေးကိုလည်း လှမ်းကြည့်လိုက်သေးသည်။

မနက်ဖြန်မှ ဒေါက်တာကို ဖုန်းဆက်လိုက်လျှင် အနှောင့်အယှက် ဖြစ်နိုင်သလား။





ဒေါက်တာကတော့ ညသက်ဆိုလျှင် စာဖတ်သည်။ အင်တာနက် ထိုင်သည်။ တစ်နာရီလောက်မှ အိပ်ဖြစ်သည်ဟု ပြောထားသည်ဆိုတော့...

မြင့်မိုရ်မေ ဆက်လက်စဉ်းစားမနေတော့ဘဲ လက်ကိုင်ဖုန်းထဲမှ ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။

သိပ်ကြာကြာ မစောင့်လိုက်ရ။

"ပြောလေ မို"

ဒေါက်တာ၏အသံက ကြည်ကြည်လင်လင် အေးအေးဆေးဆေးလေး ထွက်ပေါ်လာသည်။

"ကျွန်မ အိပ်မက်မက်ပြန်ပြီ ဒေါက်တာ"

"ဟုတ်လား... မိုးတွေ ရွာနေလို့ စိတ်ရှုပြီး မက်တာ ဖြစ်မှာပါ မိုရယ်။ ဘာမှ စိတ်ထဲ မထားပါနဲ့"

"မဟုတ်ဘူး ဒေါက်တာ။ ကျွန်မ ပုံမှန်စိတ်ရှည်း အိပ်ပျော်သွားတာပါ။ စိတ်ထဲမှာလည်း မိုးရွာနေတာကိုတောင် သတိမပြုမိပါဘူး"

"မက်နေကျ အိပ်မက်ပဲလား... ပုံစံကွဲသေးသလား"

"ဟင့်အင်း... ဒီအတိုင်းပဲ မက်နေကျအတိုင်းပဲ။ ဒါကြောင့် ကျွန်မတော့ ဆုံးဖြတ်လိုက်ပြီ ဒေါက်တာ"

"ဘာတဲ့လဲ"

"ကျွန်မကို ကူညီပါ ဒေါက်တာ။ ကျွန်မ စိတ်ရောဂါကု ဆရာတစ်ဦးနဲ့ ဆွေးနွေးချင်တယ်။ ဘယ်ဆရာဝန်နဲ့ သင့်တော်မလဲ ဆိုတာ ကူညီပါဦး ဆရာ"

"ကောင်းပြီလေ... မို ဆန္ဒရှိတယ်ဆိုရင် ကိုယ်ကူညီမယ်



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်၊ ကိုယ့်ကိုယ်တိုင် လိုက်ပို့ပေးချင်လို့ ကိုယ့်ကျူတီအော့ဖ်ရက်ကို မို့ အချိန်ပေးနိုင်မလား"

မြင့်မိုရ်မေ စိတ်ထဲ အားနာသွားသည်။ ဒေါက်တာ့ဆီက အကူအညီတွေကိုသာ သူ ယူခဲ့ရသည်။ သူ့ဆီက ဘာမှ အပေးမရှိသေး။

ဒေါက်တာ အလိုရှိသောဆန္ဒကိုလည်း သူ မဖြည့်စွမ်းနိုင်သေးပါ။

ထို့အတွက် သူ့မှာ ဒေါက်တာအကြွေးတွေ အများကြီးတင်နေပေတော့သည်။

ထို့ကြောင့်. . .

"ဟင့်အင်း. . . ကျွန်မ မနက်ဖြန်ပဲ သွားပြချင်တာမို့ ဒေါက်တာ လမ်းသာ ညွှန်ပေးလိုက်ပါ"

"ကောင်းပြီလေ. . . ကိုယ် မနက်ဖြန် မိုဆီ ဖုန်းပြန်ဆက်ပေးမယ်၊ ပြင်ပဆေးခန်းပဲ ကုမှာလား မို"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

စိတ်ကျန်းမာရေး ဆရာဝန်နှင့် ကုသခြင်းကို ပြင်ပဆေးခန်းပဲ သူ့အတွက် သင့်တော်မည်ဟု ထင်ပါသည်။

ဒီကိစ္စဟာ ရှက်စရာကိစ္စမှ မဟုတ်ဘဲ။ စိတ်ဖိစီးမှုကြောင့် လူအများဟာ စိတ်ဝေဒနာရောဂါ ခံစားနေရတာ ကမ္ဘာနှင့်အဝှမ်း ခပ်များများပင်။

"ဒါဖြင့် မို စိတ်အေးအေးထားပြီး ပြန်အိပ်လိုက်တော့၊ မိုးလင်းမှ ကိုယ်ဖုန်းပြန်ဆက်မယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"





"ဂွတ်နိုက် မို"

"ဂွတ်နိုက်ပါ ဒေါက်တာ"

မြင့်မိုရ်မေ တယ်လီဖုန်းခလုတ်ကို ပိတ်လိုက်လေသည်။ သွပ်ပြားပေါ် သို့ မိုးကျသံက ညင်သာသွားလေပြီ။

မြင့်မိုရ်မေ ခန်းစည်းလိုက်ကာကို ပြန်ဆွဲစေ့လိုက်သည်။

နောက် အိပ်ယာထဲ ပြန်တိုးဝင်လိုက်သည်။ ခေါင်းအုံးဘေးနားမှ နုံ့သာဖြူ စိပ်ပုတီးလေးကို ကိုင်ကာ ဂုဏ်တော်ကိုးပါးကို တစ်ခေါက်ရွတ် ပုတီးတစ်လုံးချနှင့် စိတ်အာရုံတို့ကို ဘုရားစာထဲ နှစ်မြှုပ်လိုက်လေတော့သည်။


ပုတီးအလုံးရေ ဘယ်လောက်ရသွားလေသည် မသိ၊ လက်ကလေး ခေါင်းအုံးဘေးမှာ ပြုတ်ကျသွားပြီးနောက် သူ့စိတ်အာရုံ အသိသည်လည်း ငြိမ်သက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

အရှေ့ဘက်ဆီမှ သူရိန်နေမင်းကြီးက ဘယ်အချိန်ကများ နိုးထ ပေါ်ထွက်နေသည်မသိ။ တစ်ခန်းလုံး လင်းထိန်နေမှ မြင့်မိုရ်မေ နိုးထလာခဲ့လေသည်။

ပြတင်းပေါက်မှ လိုက်ကာကို ဖောက်ထွင်းဝင်ရောက်နေသော နေရောင်နွေးနွေးတို့ကြောင့် မနေ့ညက တစ်ညလုံးနီးပါး မိုးသဲသဲမဲမဲ ရွာချခဲ့သည်မှာ သူမဟုတ်သည့်အလား မိုးကောင်းကင်ကြီးက တိမ်များ ကင်းစင်လျက်ရှိသည်ကို လိုက်ကာ လှပ်ကြည့်လိုက်





သော မြင့်မိုရ်မေ တွေ့မြင်လိုက်ရလေသည်။

နာရီကို လှမ်းကြည့်လိုက်တော့ နံနက်ရှစ်နာရီထိုးပြီး ဆယ်မိနစ် တိုင်ခဲ့လေပြီ။

ခေါင်းဖြီးပြီး မျက်နှာသစ်ရန် ရေအိမ်သို့ ခြေအလှမ်းမှာ ပင် ဖုန်းခေါ်သံ ထွက်ပေါ်လာသည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တာ နှင့် ဒေါက်တာ့ဖုန်းမှန်း သိလိုက်ရသည်။

“ဟယ်လို ဒေါက်တာ”

“ဂွတ်မောနင်း မို”

“မောနင်းပါ ဒေါက်တာ”

“ညက ပြန်အိပ်ပျော်ရဲ့လား”

“ပျော်ပါတယ် ဒေါက်တာ”

“အခုကော လန်းဆန်းရဲ့လား”

“ဟုတ်ကဲ့. . . အခုမှ အိပ်ယာက နိုးလာတာပါ ဒေါက်တာ၊ လန်းဆန်းပါတယ်”

“ညရှစ်နာရီလောက် ကိုယ်လာခေါ်ပေးမယ် မို”

“ကျွန်မဘာသာ သွားလို့ဖြစ်ပါတယ် ဒေါက်တာ၊ လိပ်စာ သာ ပေးလိုက်ပါ”

“ဒီလိုမစိမ်းကားပါနဲ့. . . မိုမိုရဲ့အရေးဟာ ကိုယ့်ရဲ့အရေး ပဲပေါ့ကွာ၊ ဒါပဲ မို၊ မနက်စာကို ဝဝစားပြီး ဆေးသောက်တော့ အညောင်းသိပ်မထိုင်နဲ့ဦး၊ ကိုယ် ဆေးခန်းသွားရဦးမှာမို့. . . ဘိုင့်ဘိုင်”

ဒေါက်တာက သူ့ဆီမှ တုန့်ပြန်မှုကို မစောင့်တော့ဘဲ ဖုန်း ချသွားလေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်မေ သက်ပြင်းချလိုက်မိလေသည်။ ဒေါက်တာ၏ ကျေးဇူးတွေက သူ့အပေါ်မှာ များစွာသက်ရောက်နေလေပြီ။

မြင့်မိုရ်မေ မျက်နှာသစ် သွားတိုက်ရင်း မှန်ကြည့်မိသည်။ သူ့ မျက်နှာတစ်ပြင်လုံး ဝင်းပနေတာပါပဲ။ မျက်ဝန်းနက်နက်က ဆွေးရိပ်သန်းနေလေရော့သလား။ မှေးမှိန်နေရော့သလား။

အင်းလေ. . . ဖြစ်နိုင်ပါတယ်၊ တွေ့ချင်သူကိုမှ မတွေ့ရလေပဲ။ သတိရလိုက်တာ။ တွေ့ချင်လိုက်တာ။ ဘာဖြစ်လို့များ သူ ရောက်မလာရတာလဲ။

ဒီအတွေးနှင့်အတူ တမ်းတမှုကတော့ သူ့ရင်ကို အမြဲတမ်း ထိုးနှက်လျက်ရှိသည်။ ထို့ထိုးနှက်မှုကြောင့် သူ့မှာ ဒေါက်တာ့ အပေါ် ဥပေက္ခာ ပြုနိုင်တာလား။

"မြင့်မိုရ် နိုးပြီလား"

"ဟုတ်ကဲ့ ဒေါ်လေး"

"ဒါဖြင့် ထွက်ခဲ့တော့၊ မုန့်ဟင်းခါးဟင်းရည်ပူတုန်း တစ်ခါတည်း စားရအောင်"

"ဟုတ်. . . လာပါပြီ ဒေါ်လေး"

ဒေါ်လေးကို အသံလှမ်းပြုရင်း ကိုယ်လက်သန့်စင်ပြီး အကျီလဲကာ အိပ်ခန်းအပြင်ဘက်သို့ ထွက်ခဲ့သည်။

ဒေါ်လေး ဒေါ်နွယ်နီမေနှင့်အတူ ထမင်းစားပွဲ၌ အသင့်ပြင်ဆင်ထားပြီးဖြစ်နေသော မုန့်ဟင်းခါးနှင့် ကော်ဖီ နံနက်စာကို စားသုံးလိုက်သည်။ ပြီးမှ. . .

"ဒေါ်လေး"

"ဟင်"





"ရှိန်းခါတ်ပုံတွေဘာတွေ မရှိဘူးလားဟင်"

ဒေါ်နွယ်နီမေရင်ထဲ ဒိန်းကနဲ ဖြစ်သွားသည်။ တူမချော၏ မျက်နှာကို အကဲခတ်လိုက်ရင်း. . .

"ဘာလုပ်မလို့လဲ သမီးရယ်"

"ဪ. . . မြင်ဖူးချင်တာပေါ့ ဒေါ်လေးရယ်၊ ခရီးသွားတယ်ဆိုဝေမယ့် ဖုန်းလေးတော့ ဆက်သင့်တာပေါ့နော်၊ ကျွန်မ သူ့ကို သိပ်တွေ့ချင်တာပဲ ဒေါ်လေးရယ်"

မြင့်မိုရ်မေ ခံစားချက်တို့ကို ရင်မှာ သိုသိပ်ထားရတာ များလွန်းလှသဖြင့် ရင်ဘတ်တစ်ခုလုံးလည်း နာကျင်လွန်းလှပြီ။ စက္ကန့်နှင့်အမျှ သတိရနေတတ်သော လူတစ်ယောက်ကို သိပ်တွေ့ချင်သည်။ ဒီခံစားချက်က နှလုံးသားကို အပြည့်နေရာယူထားသည်ဆိုတော့ အခြားသူအတွက် နှလုံးသားမှာ ပေးစရာနေရာမရှိ ဖြစ်နေလေပြီ။

"ဖုန်းတွေဘာတွေကော မဆက်ဘူးလားဟင်၊ ကျွန်မ မရှိတုန်းများ ဖုန်းတွေဘာတွေ လာသေးသလားဟင်"

ဒေါ်နွယ်နီမေ ရင်ထဲ တူမအတွက် ထိရှသွားသည်။

အချစ်နှင့်ကံကြမ္မာဆိုတာ ကိုယ်ဖြစ်ချင်သလို မဖြစ်သော ဘဝမျိုး၌ ကံဆိုးလွန်းသော တူမလေးကို သနားလွန်းသဖြင့် သူ့ရင်မှာ နာကျင်လာသည်။

ဝေဒနာဆိုးတွေက တစ်ခုကွယ်ပျောက်ကာစ ရှိသေးသည်။

နောက်ထပ်တစ်ဖန် ဝေဒနာဆိုးတစ်ခုက ထပ်ရောက်ရှိလာပြန်သည်။

ဒီတစ်ခါ ဝေဒနာက နှလုံးသားဝေဒနာဟု ဒေါ်နွယ်နီမေ



www.burmeseclassic.com

www.burmeseclassic.com



အတပ်သိနေလေသည်။

"မလာပါဘူး မိုမိုရယ်၊ ဒေါ်လေးကိုယ်တိုင်လည်း သမီးလို ရှိန်းကို မျှော်နေမိတာပါပဲ၊ ဒီကောင်လေးဟာ သမီးအပေါ် သိပ်ကို ကောင်းရှာတဲ့ သူငယ်လေးပါ။ ဒေါ်လေးတို့အပေါ်လည်း ကောင်းတာ. . သိတတ်တာပါပဲ၊ ဒါကြောင့် ဒေါ်လေးတို့လည်း သူ့ကို အရမ်းလိုလားခဲ့တာပါပဲ၊ ဒါပေမယ့် သူ မလာတော့ မတတ်နိုင်ဘူး ပေါ့ကွယ်၊ သူ့လိပ်စာမှ မပေးထားခဲ့တာပဲကွယ်"

ဒေါ်နွယ်နီမေက ဖြည်းဖြည်းအေးအေး စဉ်းစားရင်း ပြော လိုက်မိလေသည်။

"သူ့ဖုန်းကို ခေါ်တော့လည်း မရဘူး ဒေါ်လေးရယ်"

တွယ်ငြိမိသော ဝေဒနာဆူးက နှလုံးသားကို နက်ရှိုင်းစွာ နစ်ဝင်လျက်ရှိနေသည်။

"တောင်ကြီးကို ဖုန်းခေါ်ဦးမယ်"

ဒေါ်လေးဆီက ဘာမှ မထူးခြားဘူးဟု သိလိုက်ပြီးနောက် အစ်မဖြစ်သူကို သူသတိရသွားသည်။ ထိုကြောင့် ထမင်းစားခန်းမှ ထွက်လာခဲ့ပြီး ဧည့်ခန်း၌ ထိုင်လိုက်သည်။ နောက် တောင်ကြီးမြို့၌ ရှိသော အစ်မဝမ်းကွဲဖြစ်သူ ချယ်ရီမေထံသို့ ဖုန်းခေါ်လိုက်သည်။

"ဟယ်လို. . . မိုမိုလား"

"ဟုတ် မချယ်"

"နေကောင်းရဲ့လား မိုမို အိပ်မက်တွေ မက်သေးသလား"

"ဒီညပဲ မက်ပြန်ပြီ မချယ်ရယ်၊ မြင့်မိုရ်တော့လေ. . . ဒေါ်တ်တာ့ကို အကူအညီတောင်းပြီး စိတ်ရောဂါကု ဆရာဝန် တစ်ဦးနဲ့ ပြဖို့ လုပ်လိုက်ပြီ"





"မိုမိုကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဒေါက်တာဂုဏ်တင့်တယ် မိဘတွေ သိသွားရင် ခက်ကုန်တော့မှာပဲ"

"ခက်ကုန်တော့လည်း နားအေးသွားတာပဲပေါ့ မစံရယ်၊ မြင့်မိုရ်ရဲ့ ဒေါက်တာကို ရင်ခုန်လို့ မရတဲ့ဟာကိုး၊ အဲဒါ အသာထားပါ၊ ကျွန်မ မေးချင်တာရှိလို့"

"ဘာမေးမလို့လဲ မိုမို"

"ရှိန်းဓါတ်ပုံ မချယ်တို့မှာ ရှိသလားဟင်"

"ရှိန်းဓါတ်ပုံ ဘယ်လိုလုပ် ရှိမှာလဲ၊ ရှိန်းဆီက ဖုန်းလာပြီ လား. . . ဘယ်မှာတဲ့လဲ"

မချယ်ရီမေအသံကလည်း တက်တက်ကြွကြွနှင့် မျှော်လင့် ချက်အပြည့်ရှိလေသည်မို့ သူ အားလျော့သွားရပြန်သည်။ သူလို ကိုယ်လိုချည်းပါပဲလား။

"မလာပါဘူး. . . ရှိန်းက သိပ်ကို ပုဏ္ဏာဆန်တာပဲနော်၊ ကျွန်မလေ. . . သူနဲ့ အရမ်းတွေ့ချင်တာပဲ၊ တောင်ကြီးမှာများ ရှိနေ မလားလို့ပါ"

သူ့အသံလေး အဖျားခတ် တုန်ခါသွားလေသည်။ ရင်မှာ နာကျင်ကာ တမ်းတမှုက ပို၍လာလေသည်။

"အေးလေဟယ်. . . မချယ်တို့လည်း တွေ့ချင်တာပဲ၊ သူ့ ကို မတွေ့တာ မိုမိုတို့ ပြန်သွားပြီးကတည်းကဆိုတော့ ကြာပြီပေါ့။ ဘာလဲ. . . မိုမို သူ့ကို အရမ်းစွဲလမ်းနေလို့ ဒေါက်တာဂုဏ်တင့် တယ်ကို လက်မခံနိုင်သေးတာမလား"

"ဟုတ်တယ် မချယ်၊ မြင့်မိုရ်ရဲ့ အိမ်ထောင်ရေးကို အချစ်နဲ့ပဲ တည်ဆောက်ချင်ပါတယ်၊ မြင့်မိုရ်ဘဝက လောကကြီးရဲ့ အဆိုးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခတွေကိုတောင် ရင်ဆိုင်နေခဲ့ရပြီးပြီပဲ၊ ကျန်ရှိတဲ့ဘဝလေးကိုတော့ စိတ်တိုင်းကျ တည်ဆောက်သွားချင်တယ်”

“အင်းလေ. . . မချယ်တို့လည်း တတ်နိုင်သမျှ စုံစမ်းပေးပါ့မယ်၊ မိုမို စိတ်ချမ်းသာအောင်သာနေ၊ ဘာမှတွေးမနေနဲ့”

“အင်း. . . အင်း”

မြင့်မိုရ်မေ ဖုန်းကို ပိတ်လိုက်ပြီးနောက် ငြိမ်သက်စွာဖြင့် စဉ်းစားနေမိသည်။

“ရှိန်း” ဆိုသောလူ။

အသံဩဇာရှိပြီး လေလို လာကာ လေလို ပြန်သွားတတ်သည်။


လူရမ်းကား မဟုတ်။ နူးညံ့သိမ်မွေ့မှုတွေနှင့် သူ့ဘဝကို ဖေးမသွားခဲ့သူပါ။

ဘာလို့များ ပျောက်ဆုံးနေရတာလဲ ရှိန်းရယ်။

မြင့်မိုရ်မေ ရင်ထဲ တမ်းတမ်းတတလေး လွမ်းဆွတ်နေမိသည်။







# အခန်း(၃)

ဒေါက်တာဂုဏ်တင့်တယ် ကားမောင်းရင်းမှ မြင့်မိုရ်မေကို မသိမသာ ခိုးကြည့်ရင်း အကဲခတ်လို့သည်။

မြင့်မိုရ်မေသည် ငြိမ်သက်နေသည်။ စိတ်နှင့်ခန္ဓာ အိုးစားကွဲနေပုံရသည်။ အတွေးနယ်ပယ်တစ်ခုတွင်း ဝင်ရောက်ကာ ခေါင်းစားနေပုံရသည်။

ခေါင်းစားမယ်ဆိုတာလည်း ခေါင်းစားလောက်ပါသည်။ အိပ်မက်တစ်မျိုးတည်းကို ထပ်ခါတလဲလဲ မြင်မက်သည်ဆိုတာ ဆန်းကြယ်လွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုလျှင် စိတ်မှာ လုံးဝဖျောက်ဖျက်မရအောင် စွဲထင်ခဲ့သော အဖြစ်အပျက်ဆိုးမျိုးကို အိပ်မက်အဖြစ်မျိုး မကြာခဏ မက်တတ်တာမျိုးကတော့ ဖြစ်တတ်ပါသည်။

သို့သော် မြင့်မိုရ်မေက အိပ်မက်ထဲက ကိစ္စမျိုး သူ ပြင်ပလောကမှာ မရှိခဲ့ပါဘူးတဲ့။

မြင့်မိုရ်မေကိစ္စဟာ သူ့ကိစ္စပဲမို့ ဒေါက်တာရှုပခြံရှေ့ ကားအရောက်တွင် ခြံစောင့်က ခြံတံခါးကို ဖွင့်ပေးလေသည်။

သူ ကားကို အိမ်ရှေ့ပေါ်တီကိုအောက်အထိ မောင်းဝင်ခဲ့လိုက်သည်။ အိမ်ဖေါ်မိန်းကလေး ဖြစ်ဟန်တူသူက. . .

"ဒေါက်တာဂုဏ်တင့်တယ်ပါလားရှင်"

"ဒါဖြင့် ကြွပါ ဆရာကြီး၊ စာကြည့်ခန်းမှာ စောင့်နေပါတယ်"

"အိုကေ"

ဒေါက်တာဂုဏ်တင့်တယ် မြင့်မိုရ်မေကို ကြည့်လိုက်သည်။ မြင့်မိုရ်မေ မျက်နှာလေးက သွေးဆုတ်သလို ဖြူဖျော့သွားသည်။ တကယ်တမ်း ရင်ဆိုင်ကြပြီဆိုတော့ မြင့်မိုရ်မေ ကြောက်လန့်နေပုံရသည်။

"မို"

ဒေါက်တာဂုဏ်တင့်တယ် မြင့်မိုရ်မေကို အသံပြုပြီးမှ လက်ဖျားလေးကို ဖမ်းဆုပ်ကိုင်လိုက်သည်။ အေးစက်နေသော လက်ဖျားလေးကို ဆုပ်နယ်လှုပ်ရမ်းပေးရင်း. . .

"ဘာမှမကြောက်နဲ့ မို၊ ကိုယ်ရှိပါတယ်"

"ဟုတ်ကဲ့"





နှစ်ဦးသား ကောင်မလေး ခေါ်ဆောင်ရာနောက်သို့ လိုက်ပါခဲ့သည်။ ဧည့်ခန်းနှင့်ကပ်လျက် အခန်းတံခါးရှေ့တွင် တံခါးခေါက်ကာ အသံပေးလိုက်သည်။

"ဒေါက်. . . ဒေါက်"

"ဆရာကြီး. . . ဧည့်သည်ရောက်ပါပြီ"

ဟု ပြောပြီး တံခါးဖွင့်ပေးလိုက်သဖြင့် ဒေါက်တာဂုဏ်တင့်တယ် မြင့်မိုရ်မေ၏လက်ကို ဆွဲကာ ဝင်ခဲ့လိုက်သည်။

နံရံကပ် စာအုပ်ဗီရိုကြီးများ ပတ်လည်ဝန်းရံလျက်ရှိသော စာကြည့်ခန်း၏နံရံတစ်ဖက်အနီး၌ ကျွန်းစားပွဲကြီးတစ်လုံး နေရာယူထားသည်။ ထိုစားပွဲ၏နောက်၌ ဆုံလည်ကုလားထိုင်တွင် ထိုင်နေသော ဥပမိရုပ်ကောင်းကောင်းနှင့် အသက်(၅၀)ခန့်ရှိ လူကြီးက စူးရှသောမျက်ဝန်းနှင့် သူတို့အား ကြည့်ကာ. . .

"လာ. . . ထိုင်ကြ"

စားပွဲရှေ့ရှိ ကုလားထိုင်နှစ်လုံးဆီသို့ မေးငေါ့ညွှန်ပြလိုက်သည်။

"မင်္ဂလာပါ ဆရာကြီး၊ မတွေ့တာ ကြာနေပြီနော်"

"မောင်ရင့်အဖေကော နေကောင်းရဲ့လား"

"ကောင်းပါတယ် ခင်ဗျာ"

"အေးလေ. . . မိတ်ဆုံစားပွဲတွေကျမှပဲ ဆုံဖြစ်ကြတာကိုး၊ လူတွေဟာ အလုပ်ခွင် ရောက်လာပြီဆိုရင် နစ္စရှူဝ အလုပ်တွေနဲ့ပဲ သံသရာ လည်နေကြရတာကိုး"

သူတို့နှစ်ယောက် ဆရာကြီးဒေါက်တာရှုပ၏စားပွဲရှေ့တွင် ငြိမ်သက်စွာ ထိုင်လိုက်ပြီးမှ ဒေါက်တာဂုဏ်တင့်တယ်က. . .



www.burmeseclassic.com

www.burmeseclassic.com



"သူက ကျွန်တော်ပြောတဲ့ မြင့်မိုရ်မေပါ"

"အင်း. . . မိန်းမချောလေးပဲ၊ ကိုင်း. . . အပန်းဖြေချင်သေးသလား၊ အမောပြေ တစ်ခုခု သောက်လိုက်ပါဦး"

စားပွဲပေါ်ရှိ ယွန်းတန်းထဲတွင် အအေးဗူးများ ရှိနေသည်။

"မမောပါဘူး ဆရာကြီး"

ဒေါက်တာဂုဏ်တင့်တယ်က ဆရာကြီးဆိုတော့ သူလည်း ဆရာကြီးဟုသာ တရိုတသေ သုံးစွဲလိုက်သည်။

"ဒါဖြင့်.တို့တွေ စကားပြောကြမယ်၊ ဒီပုဂ္ဂိုလ်ရှေ့မှာ ပြောလို့ ဖြစ်ရဲ့လား"

"ရှင်. . ဖြစ်ပါတယ်"

ဒေါက်တာဂုဏ်တင့်တယ်ကို သူအားကိုးမိသည်။ ခင်တွယ်သည်။ သူတစ်ယောက်တည်း နေရမှာ အနည်းငယ် ထိတ်လန့်နေမိသည်။

"ကောင်းပြီ. . . ဒါဖြင့် တို့တွေ အရင်ဆုံး အမေးအဖြေတွေ လုပ်ကြတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မိန်းကလေးနာမည်"

"မြင့်မိုရ်မေပါ"

"မိဘတွေကကော"

"ဦးမေအောင်နဲ့ ဒေါ်လှယမင်းပါ"

"ရှိကြသေးသလား"

"မရှိကြတော့ပါဘူး"

"ဒါဖြင့် ဘယ်သူတွေနဲ့ နေသလဲ"





"ဒေါ်လေးဒေါ်နွယ်နီမေနဲ့ နေပါတယ်"

"ဒေါ်လေးက သဘောကောင်းသလား"

"ကောင်းပါတယ်"

"မိန်းကလေး ပညာအရည်အချင်းက"

"ဒုတိယနှစ် ဓါတုဗေဒပါ"

"အသက်က ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ရှစ်နှစ်ပါ"

"ကျောင်းက မပြီးသေးဘူးလား"

"ရပ်နားခဲ့ရတာပါ"

"ဘာဖြစ်လို့လဲ"

"လွန်ခဲ့သော ရှစ်နှစ်က ကျွန်မ လက်တွေ့ခန်းမှာ လက်တွေ့ လုပ်နေတုန်း မတော်တဆမှုနဲ့ ပေါက်ကွဲပြီး မျက်စိထိခိုက်သွားပြီး မျက်စိကွယ်သွားခဲ့လို့ပါ"

"အခု ပြန်ကောင်းသွားပြီလား"

ဆရာကြီးဒေါက်တာရှုပ မျက်နှာတွင် ဘာမှ အပြောင်းအလဲ မရှိ။ မြင့်မိုရ်မေ၏မျက်ဝန်းကို စိုက်ကြည့်လျက် မေးခွန်းတွေ ထုတ်နေသည်။

"ဟုတ်ကဲ့. . . ပြီးခဲ့တဲ့ ခြောက်လခန့်က ဆရာကြီးဦးသာကျော်က မျက်ကြည်လွှာ အစားထိုး ခွဲစိတ်ကုသပေးခဲ့လို့ ပြန်ကောင်းသွားပါပြီ"

"ဟုတ်ပြီ. . . ဒါဖြင့် အခုလာရတဲ့ အကြောင်းရင်းက"

"အိပ်မက်တစ်မျိုးထဲကို ထပ်ခါတလဲလဲ မက်နေလို့ပါ"

"ဘယ်လိုအိပ်မက်မျိုးလဲဆိုတာ ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ဒီလိုပါ ဆရာကြီး xxxxx"

မြင့်မိုရ်မေ အိပ်မက်ကို စီကာပတ်ကုံး ပြောပြနေစဉ် ဒေါက်တာဂုဏ်တင့်တယ်ကော ဆရာကြီးဒေါက်တာရှုပပါ မြင့်မိုရ်မေ၏ မျက်နှာပြင် အပြောင်းအလဲကို စိတ်ဝင်စားစွာ ကြည့်နေမိသည်။

မျက်နှာပြင် ဖူးဖူးမွတ်မွတ်လေးနှင့် ချောမောလှပသော မိန်းကလေးမှာ ဘာလို့များ ထိတ်လန့်ချောက်ခြားဖွယ်ရာ အိပ်မက်ဆိုး၏လွှမ်းမိုးခြင်း ခံထားရပါလိမ့်။

"xxx အဲဒါပါပဲ ဆရာကြီး"

"အင်း . . . ဒီအိပ်မက်က ဘယ်အချိန်က စမက်တာလဲ မှတ်မိသလား"

"မျက်စိခွဲပြီး ဆေးရုံပေါ်က မဆင်းခင်မှာ နှစ်ခါ စမက်တယ် ဆရာကြီး"

"ဒါဆို အိပ်မက်က မျက်စိခွဲပြီးမှ မက်တာပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မိန်းကလေး သေသေချာချာ ပြန်စဉ်းစားကြည့်ဦး၊ အိပ်မက်လို အဖြစ်အပျက်မျိုး အပြင်မှာ မြင်ဖူးသလား၊ ငယ်ငယ်ကနေ စပြီးတော့ပေါ့"

မြင့်မိုရ်မေ စဉ်းစားလိုက်သည်။ သူငယ်ငယ်ကတည်းက ခါးကိုင်ရမှာ အင်မတန် ကြောက်သူဖြစ်သည်။ ရုပ်ရှင် ဗွီဒီယိုဆိုလျှင်လည်း အသတ်အပုတ်၊ အခုတ်အထစ်၊ အပစ်အခတ် ပါသည့် ဇာတ်ကြမ်းကားမျိုး မကြည့်တတ်ပါချေ။

"ဟင့်အင်း ဆရာကြီး၊ မမြင်ဖူးပါဘူး . . မကြုံဖူးပါဘူး"





"မိုးရွာတာကိုကော သဘောကျသလား"

"သဘောကျပါတယ်"

"အိပ်မက်ထဲက လူတွေကိုကော သမီးမြင်ဖူးသလား"

"ဟင့်အင်း . . . မမြင်ဖူးပါဘူး"

"အိပ်မက်က ခဏခဏ မက်နေတော့ လူတွေရဲ့မျက်နှာကို မှတ်မိနေမှာပေါ့နော်"

မြင့်မိုရ်မေ မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်ကာ စဉ်းစားလိုက်သည်။

"ဓါးနဲ့ ထိုးလိုက်တဲ့သူရဲ့မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရလို့ မမှတ်မိဘူး၊ ဓါးနဲ့ အထိုးခံရပြီး လဲကျသွားတဲ့သူရဲ့မျက်နှာကိုတော့ မှတ်မိနေပါပြီ"

"ပတ်ဝန်းကျင်ကကော သစ်ပင်တို့ အိမ်တို့ လမ်းတို့ အနေအထားတွေ စသည်ဖြင့်ပေါ့ သမီးမှတ်မိသလား"

"ဟင်"

မြင့်မိုရ်မေ၏အာရုံထဲ မီးမောင်းထိုးပြလိုက်သလို လင်းတနဲ ထင်းကနဲ ဖြစ်သွားလေတော့သည်။

ယူကလစ်ပင်တန်းနှင့် မြေနီလမ်းကလေးကို လျှပ်စီးလျှပ်နှယ်တို့ လင်းလက်မှုအောက်၌ တွေ့မြင်နေခဲ့သည်မို့ . . .

"ပြင်ဦးလွင်မှာ ယူကလစ်ပင်နဲ့ မြေနီလမ်း ကုန်းချောအလေး"

"သမီးက အဲဒီနေရာကို သိတယ်ပေါ့"

"သိပါတယ် . . . သမီးတို့က ပြင်ဦးလွင်ဇာတိပါ"

"ဒါဖြင့် ဘယ်နေရာလဲဆိုတာ တိတိကျကျ သိနိုင်ပလား"



www.burmeseclassic.com

www.burmeseclassic.com



"သမီးမျက်စိကွယ်နေခဲ့တာ ရှစ်နှစ်ကျော်ကျော်လောက် ဆိုတော့ ငယ်စဉ်က မြင်ခဲ့တဲ့နေရာတွေနဲ့ အခုပြောင်းလွဲနေမယ့် အနေအထားကို သမီး ခန့်မှန်းလို့ မရသေးဘူး၊ ပြီးတော့ သမီးမျက်စိ ခွဲစိတ်ပြီးမှ ပြင်ဦးလွင်ကို ပြန်မရောက်သေးဘူး"

"ဟုတ်ပြီ. . . ဒါဖြင့် သမီးအချိန်ပေးနိုင်ရင် ပြင်ဦးလွင်ကို တစ်ခေါက်ပြန်ကြည့်လိုက်ပါလား၊ သမီးအိပ်မက်ထဲကနေရာ ရှိနိုင်တဲ့နေရာမျိုးပေါ့"

"ဟုတ်ကဲ့"

"ဒါဖြင့် ဆရာက သမီးကို သောက်ဆေး နည်းနည်းပေးလိုက်မယ်၊ အညွှန်းအတိုင်း သောက်ပါ၊ နောက်ပြီး သမီးရဲ့ဆေးကုသထားမှု မှတ်တမ်းမှန်သမျှ ရသလောက် ယူပြီး ဆရာ့ဆီ လာပို့ပေးပါ၊ နောက်တစ်ပတ် ဒီအချိန် သမီးက ပြန်လာခဲ့"

"ဒီကြားထဲ သမီး ပြင်ဦးလွင်ကို သွားလိုက်ရမလား ဆရာ"

"သွားလေ. . . လွယ်ကူရင် သွားပါ၊ ပိုကောင်းသွားတာပေါ့၊ ဒါဖြင့် အနားယူရင်း အေးအေးဆေးဆေးလည်း ဖြစ်သွားရအောင် ဆရာ ဆေးဆယ်ရက်စာ ပေးလိုက်မယ်၊ သမီးရဲ့ဆေးမှတ်တမ်းတွေတော့ ဒီက ပြန်သွားတာနဲ့ ရှာဖွေစုဆောင်းပြီး မောင်ရင်ကပဲ လာပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဒေါက်တာဂုဏ်တင့်တယ် ယခုမှပင် အသံထွက်ဝဲတော့လေ့သည်။

"ရော့. . . ဆရာရဲ့ဖုန်းနံပါတ် ယူသွား၊ ထူးခြားတာ ရှိရင် ဆရာ့ဆီကို ညကိုးနာရီကနေ ဆယ့်နှစ်နာရီအတွင်း ဆက်နိုင်တယ်၊





သမီးကိုယ်သမီး စုံထောက်တစ်ယောက်လို သဘောထားပြီး ပြဿနာရဲ့သဲလွန်စကို သွားရှာဖွေပါ၊ ပြီးမှ ဆရာကြီးတို့ ကွင်းဆက်လိုက်ကြတာပေါ့၊ နားလည်တယ်နော် မိန်းကလေး"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မြင့်မိုရ်မေ၏ မျက်နှာလေးသည် ရွှင်လန်းတက်ကြွမှုကြောင့် ဝင်းလက်တောက်ပလာလေသည်။ အပြုံးရိပ်တို့ ယှက်နွယ်လာလေသည်။

"ဒါဖြင့် ကျွန်တော်တို့ကို ခွင့်ပြုပါဦး ဆရာကြီး"

"ကောင်းပြီ"

"ခွင့်ပြုပါ ဆရာကြီး"

မြင့်မိုရ်မေကပါ ထပ်ဆင့်နှုတ်ဆက်သည်။ ဆရာကြီးက ပြုံးကာ ခေါင်းညိတ်ပြီး သူတို့နှင့်အတူ ထလိုက်ခဲ့လေသည်။

သူတို့နှစ်ဦး ကားပေါ် တက်ပြီး ထွက်သွားသည်ကို ကားလေး ခြံပြင်သို့ ရောက်ပြီး ပျောက်ကွယ်သွားသည်အထိ ဆရာကြီး ဒေါက်တာရှုပ ငေးကြည့်နေမိသည်။

သူ့ခေါင်းထဲ အတွေးတစ်ခု ဝင်ရောက်လာသည်၌. . .

လူ့လောက ဇာတ်ခုံကြီးပေါ်၌ တခါတရံ လျှို့ဝှက်ဆန်းကြယ် နက်နဲသော ဂမ္ဘီရဖြစ်ရပ်များလည်း ရှိတတ်သည်ကို သူ သတိပြုမိခဲ့ရသည်များ ရှိခဲ့သည်။


ထိုအဖြစ်မျိုးထဲ၌ မြင့်မိုရ်မေ၏အဖြစ်အပျက်က မပါဝင်လောက်ပါဘူးဟု သုံးသပ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

ပြင်ဦးလွင်ကို သွားရတော့မည်ဆိုသည်နှင့် သူ့ရင်ထဲ ပျော်မြူးလာသည်။ ပြင်ဦးလွင်သည် သူ့မွေးရပ်ဇာတိမြေ ဖြစ်၍လား မသိ။ သူ ပြင်ဦးလွင်၌သာ နေထိုင်လိုသည်။ ခေါင်းချလိုသည်။

ယခုလို အတိတ်ခြေရာကောက်ဖို့ တစ်ခေါက်သွားရောက်ရလိမ့်မည်ဟု သူထင်မထားချေ။

လွန်ခဲ့သော(၈)နှစ်တလို မဟုတ်တော့။ ယခုဆိုလျှင် ရန်ကုန်-ပြင်ဦးလွင် တိုက်ရိုက်အဝေးပြေး ခရီးသည်ယာဉ် လေဖိတ်





ကားကြီးတွေ ရှိနေပြီဆိုတော့ ဒေါ်လေးနှင့်အဖေါ်မပါဘဲ သူတစ်ယောက်တည်းလည်း သွားရဲလေသည်။

သို့သော် ဒေါ်လေးရဲ့ဗိုလ်ချုပ်ဈေးဆိုင်အတွက်က သူနဲ့ရွှေမိနဲ့ပဲ ဖြစ်ပါတယ်။ ခရီးသွားတာ အဖေါ်နဲ့မှ ကောင်းတယ်ဟုဆိုကာ ရွှေမိညီမ ရွှေစာကို အတင်းထည့်ပေးလိုက်သည်။

ထို့ကြောင့် သူနှင့်ရွှေစာသည် ရန်ကုန် အောင်မင်္ဂလာအဝေးပြေးဂိတ်မှ ညနေ(၆)နာရီခွဲ ထွက်သောကားနှင့် ထွက်လာခဲ့ကြသည်။

ညတစ်လမ်းလုံး အိပ်လာရာ မနက်(၄)နာရီကျော်ကျော်တွင် ပြင်ဦးလွင်သို့ ရောက်ရှိလာသည်။ သူ၏တစ်ဦးတည်းသောအစ်မရင်း မစန္ဒာမေတို့ လင်မယားက စောင့်ကြိုကာ ခေါ်သွားသည်မို့ ခရီးစဉ်က အဆင်ပြေ ချောမွေ့နေသည်။

အရုဏ်ဦး အလင်းပျပျအောက်က တွေ့မြင်ရသော ပြင်ဦးလွင်မြို့ ရှုခင်းသည် သူ့အတွက် အသစ်ဖြစ်၍ နေသည်။

"အများကြီး ပြောင်းလဲသွားတာပဲနော် မစံ"

"ဟုတ်တယ်. . . ငါကတော့ အမြဲ မြင်တွေ့နေရလို့လား သိပါဘူး၊ ပြောင်းလဲမှုကို သတိတောင် မထားမိလိုက်ဘူး"

ကုန်းချောလေးကို တက်အလာတွင် ယူကလစ်ပင်အိုကြီးများက စီတန်းကာ ယိမ်းထိုးနေသည်။ ညမွှေးပန်းချုံများနှင့် မြက်ခင်းများတွင် မိုးနှင်းပန်းများကား အဝါနှင့်ပန်းရောင် ရောထွေးကာ ပန်းကော်ဇော ခင်းထားသလို ပြန့်ကျဲနေလေသည်။

ဒါတွေကို မြင့်မိုရ်မေ နှစ်သက်သဘောကျနေရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင် မြေဆီမြေနှစ်က အလေ့ကျ ပေါက်သော အပင်များ၊ ပန်းများကိုပင် လှပနေအောင် အားဖြည့်ပေးနိုင်စွမ်း ရှိနေဆဲပင်ဖြစ်သည်။

"မိုမို. . . ဘွိုင်လာဖွင့်ထားတယ်၊ ပြန်မအိပ်တော့ဘူး ဆိုရင် တစ်ခါတည်း ရေချိုးလိုက်တော့၊ ပြီးရင် မနက်စာ စား[illegible] အောင်"

"ဟုတ်"

မြင့်မိုရ်မေ နှစ်ဆောင်ပြိုင် အုတ်ညှပ်အိမ်ကြီး၏အပေါ်သို့ ပြေးတက်ခဲ့လေသည်။ အပေါ်ထပ် သူ့အခန်းဆီသို့အရောက်တွင် ပြင်ဦးလွင်မိုးက သူ့အား ကြိုဆိုလေသည်။ ခေါင်မိုးသွပ်ပြားများ ပေါ်သို့ မိုးစက်ကျသံ တဖြောင်းဖြောင်းကို နားထောင်ရင်း ပြတင်း ပေါက်ကို ဖွင့်လိုက်ပြီး လက်ကလေး ဆန့်ကာ မိုးစက်၏ထိတွေ့မှု[illegible] သူ ခံစားရင်း သူ့မျက်စိကို မှိတ်လိုက်သည်။

သူ မျက်မမြင်ဘဝ၌ ဒီမိုးစက်ကလေးတွေကလည်း သူ့[illegible] အဖော်ပြုပေးခဲ့တာပါပဲ။ ဒါကြောင့် မိုးစက်တွေကလည်း သူ့[illegible] အဖော်တွေပါပဲ။

အလားတူ သင်းရနံ့အစုံ မွှေးပျံ့နေသော ပန်းရနံ့များ[illegible] ၎င်းရှူရှိုက်ရင်း မျက်မမြင်ဘဝတုန်းက အဖော်တွေကို တမ်း[illegible] မှန်းဆလိုက်ပြီး မျက်လုံးကို ပြန်ဖွင့်လိုက်သည်။

အလင်းရောင် ပျိုးပျိုးပျပျအောက်မှ လမ်းကြားလေး[illegible] လူသွားလမ်းကြားလေးပေမယ့် မြေနီလမ်းဖြစ်ပြီး ဆိုင်ကယ်နှစ်[illegible] ကောင်းကောင်းရှောင်နိုင်သလို ကားတစ်စီးလည်း ကပ်သီး[illegible] သပ် မောင်းသွားနိုင်သည့်လမ်းလေးဖြစ်သည်။





ဘေးတစ်ဖက်တစ်ချက် ပင်စည်နှင့် အကိုင်းရင့်တို့၏ အခေါက်တို့ ဖွေးပြောင်နေသော ယူကလစ်ပင်အိုကြီးများကို တွေ့ လိုက်ရသည့် တစ်ခဏ. . .

မြင့်မိုရ်မေ၏ရင်ခုန်သံနှုန်း မြင့်တက်လာသည်။

သူ. . သူ. . ဒီနေရာကို မြင်ဖူးနေသည်မှ ရင်းရင်းနှီးနှီး။

ငယ်စဉ်ကတည်းက မြင်တွေ့ခဲ့တာ မပြောင်းလဲတဲ့ အတွက်ကြောင့်လား၊

ဒါထက် ပိုထူးခြားတာက. . .

အိပ်မက်ထဲမှာ။

ဟုတ်ပြီ. . . အိပ်မက်ထဲက နေရာပဲ။

ရင်ထဲ "ဒိန်းကနဲ" ဖြစ်သွားလေသည်။

နောက် မျက်စိပြန်မှိတ်လိုက်သည်။ အလင်းရောင် ပျောက် ဆုံးသွားသည်။

လက်ကို ဆန့်တန်းပြီး မိုးစက်မိုးပေါက်တို့ကို လက်နှင့် ထိတွေ့ခံယူနေစဉ်. . .

မိုးသံကြားမှ ဆိုင်ကယ်သံနောက် လူတစ်ယောက်၏ "အားကနဲ" အော်လိုက်သောအသံ။ မိုးချုန်းသံတို့ကို ကြားလိုက်ရ သည်။

မဟုတ်ဘူး။

အခု ကြားသိခဲ့ရတာ မဟုတ်၊ လွန်ခဲ့သော အတိတ်ကာလ ဆီက ဖြစ်သည်။

မြင့်မိုရ်မေ ရင်အစုံ လှုပ်ရှားတုန်ခါလာသည်။

ဒီနေရာဟာ အိပ်မက်ထဲကနေရာ အစစ်အမှန်ပေပဲ။



www.burmeseclassic.com

www.burmeseclassic.com

သူ မျက်စိကွယ်စဉ်က ကြားသိခဲ့သောအသံဟာ အိပ်မက်ထဲက ဓါးထိုးခံရသောလူ၏အော်သံနှင့် ထပ်တူညီနေလေပြီ။

ဘုရား. . . ဘုရား၊ ဒါတွေဟာ တိုက်ဆိုင်မှုတွေပဲလား။

မြင့်မိုရ်မေ ဇောချွေးပြန်လာလေတော့သည်။ မိုးရွာသွန်းမှုအောက်က ကုန်းလျှော မြေနီလမ်းကလေးကို ကြည့်ပြီး ငေးမောတွေဝေနေစဉ်. . .

"ဟင်. . . မမလေးက ရေတောင် မချိုးရသေးဘူး၊ မမကြီးက မုန့်စားရအောင် ခေါ်ခိုင်းလို့"

"အင်း. . . အင်း၊ မမကြီးတို့ကို စားနှင့်ဖို့ ပြောလိုက်၊ ဂါရေချိုးလိုက်ဦးမယ်"

ရွှေစာ ရောက်လာပြီး သူ့အတွေး ဖျက်ဆီးလိုက်မှုကိုပင် သူ ဝမ်းသာသွားသည်။ ပြတင်းပေါက်တံခါးကို ပိတ်ပြီး အခန်းထဲပြန်ဝင်ကာ ရေချိုးဖို့ ပြင်ဆင်လိုက်လေတော့သည်။

"ပြဿနာတစ်ခုခု ကြုံလာပြီဆိုရင် ခေါင်းအေးအေးထားပြီးတော့သာ စဉ်းစား မိုး ရုတ်တရက် ချက်ချင်းကြီး မဆုံးဖြတ်လိုက်နဲ့၊ ကိုယ်နဲ့လည်း တိုင်ပင်နိုင်ပါတယ်"

ဒေါက်တာဂုဏ်တင့်တယ်က သူ့ကို အဝေးပြေးကားဂိတ်လိုက်ပို့သည့်အချိန်အထိ စိတ်မချစွာ တဖွဖွ မှာခဲ့သည်ကို ပြန်ပြောင်း သတိရမိလိုက်သည်။

ရေချိုးစားသောက်ပြီးမှပဲ ဒေါက်တာ့ကို ဖုန်းခေါ်လိုက်တော့မယ်။ ဒါဆို နံနက်ရှစ်နာရီမှ အိပ်ယာက ထတတ်သော ဒေါက်တာ့အတွက်လည်း အနှောင့်အယှက် မဖြစ်မှာ။

မြင့်မိုရ်မေ ရေနွေးပိုက်ကို ဖွင့်ကာ ရေစိမ်ချိုးလိုက်လေ





သည်။

အိပ်မက်မြင်ကွင်းတို့ အာရုံထဲ အဝင်မခံနိုင်အောင် ကြိုးစားလိုက်လေတော့သည်။

လက်တွေ့အမြင်၊ စိတ်အထင်နှင့် အိပ်မက်မြင်ကွင်းတို့ မရောယှက်အောင် သူကြိုးစားလိုက်လေသည်။

သူ့ကိုယ်သူလည်း စိတ်ရောဂါဝေဒနာများ ရနေပြီလားဟူသော အထင်ကိုလည်း ဖွတ်ဖျက်ပစ်လိုက်လေသည်။


သူဟာ လူကောင်းပါ။ သူ မရူးသေးပါဘူး။

လောကကြီးကသာ ဆန်းကြယ်နေတာပါ. . . ဟုလည်း ကောက်ချက်ချလိုက်မိလေသည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"ဟယ်လို မို. . . ပြောလေ"

"ထူးဆန်းတယ် ဒေါက်တာ၊ ကျွန်မလေ. . . ပြင်ဦးလွင်က ရောက်ရောက်ချင်းပဲ အိပ်မက်ထဲက နေရာကို တွေ့လိုက်ပြီ"

"ဟင်. . . ဟုတ်လား၊ ဘယ်နေရာလဲ မို"

"ကျွန်မအိမ်ဘေးက မြေနီလမ်းကြားကလေး ဖြစ်နေတယ်"

မြင့်မိုရ်မေ နံနက်စာ စားပြီးပြီးချင်း ဒေါက်တာဂုဏ်တ တယ်ကို ဖုန်းဆက်လိုက်လေသည်။





"ဟင်. . . တကယ်"

"တကယ်ပဲ ဒေါက်တာ၊ ကျွန်မအိပ်မက်တွေထဲကနဲ့ တစ်ခံထဲ ဟုတ်မဟုတ်ကို မိုးရွာတဲ့ည လျှပ်စီးလက်တဲ့ အလင်းတန်းအောက်မှာ တစ်ခါတော့ ကြည့်လိုက်ဦးမယ်၊ နောက် ထူးဆန်းတာက ကျွန်မအိပ်မက်ထဲက အသံနက်ကြီးကို အပြင်မှာ တကယ်ကြားဖူးတယ်"

"ဟုတ်လား. . . ဘယ်တုန်းကလဲ မို"

"မနှစ်က မိုးဦးကျ ခုလိုရာသီမျိုးမှာပဲ ဒေါက်တာ မိုးတွေသစ်ချုန်း၊ မိုးကြိုးတွေ ပစ်နေတဲ့အချိန်မှာ ကျွန်မက ပြတင်းပေါက်ကနေ မိုးရေစက်ကလေးတွေကို လက်နဲ့ ခံကြည့်နေတုန်း ဆိုင်ကယ်သံတွေ ကြားရတယ်၊ နောက် လူတစ်ယောက် ငယ်သံပါအောင် အော်လိုက်တဲ့အသံ ကြားရပြီးနောက်တော့ မိုးချုန်းသံတွေနဲ့ ရောပြီး ဘာမှမကြားရတော့ဘူး"

"တကယ်လား မို၊ ဒါဆို မိုတစ်ယောက်ထဲ လျှောက်သွားမနေနဲ့ဦးနော်၊ ညရောက်ရင် ဆရာကြီးဆီ ဖုန်းဆက်ပြောပြလိုက်၊ ဪ. . . အဲဒီနားမှာ မှုခင်းတွေ ဖြစ်မဖြစ် မိုတို့ ကြားသေးသလား"

"မကြားမိပါဘူး. . . ကျွန်မက အဲ့ဒီအသံကြားပြီး နောက်တစ်နေ့အစောကြီး ရန်ကုန်ဆင်းတာဆိုတော့ သတိမထားလိုက်မိဘူး၊ ပြောသံတွေလည်း မကြားမိဘူး၊ တစ်အိမ်သားလုံး ဆင်းကြတာလေ"

"ဟုတ်ပြီ. . . ဒါဆို မို ဒီအကြောင်းတွေ ခေါင်းထဲ မထည့်နဲ့၊ အိပ်ရေးဝဝအိပ်၊ စိတ်လက်အပန်းဖြေတဲ့အနေနဲ့ ကိုယ်သွားချင်



www.burmeseclassic.com

www.burmeseclassic.com

တဲ့ဆီ လျှောက်သွား၊ ပြီးတော့ ကိုယ့်ကို ချစ်နိုင်ဖို့ ကြိုးစားပေးပါ"

"ဟင်. . . ဒေါက်တာကလည်း"

ဒေါက်တာဂုဏ်တင့်တယ်ဆီက မကြာခဏ ချစ်ခွင့် တောင်းသောအဖြေကို ကြားနေရပေမယ့် သူ မတုန်လှုပ်ပါချေ။ ရင်ခုန်သံနှုန်းကလည်း အပြောင်းအလဲ မရှိပါချေ။

"အချစ်ဆိုတာ အင်အားတစ်ရပ်ပါ မို၊ မို့ကို လူတစ်ယောက်က သူ့ဘဝနဲ့ထပ်တူ ချစ်နေပါတယ်ဆိုတာ မို့ဘဝအတွက် မဟာအင်အားတစ်ရပ်ပဲပေါ့၊ ဒီအတွက် မိုဘဝကို လုံခြုံစိတ်ချစေချင်တယ်လေ"

"ကျွန်မ ကြိုးစားပါ့မယ် ဒေါက်တာ၊ ဒါဖြင့် ဒါပဲနော်၊ ဖုန်းချလိုက်ပြီ ဒေါက်တာ"

"ဘိုင့်ဘိုင်"

မြင့်မိုရ်မေ ဖုန်းကို ပိတ်ပြီး အတန်ကြာ ငြိမ်သက်နေမိသည်။ ဒေါက်တာဂုဏ်တင့်တယ်နှင့် ပတ်သက်ပြီး သူစဉ်းစားကြည့်သည်။ သူ့အာရုံထဲ ထင်ရှားစွာ နေရာမယူ။

တွေးလိုက်လေတိုင်း အာရုံကို ထင်ဟပ်လာပြီး ရင်ခုန်သံတွေ မွှေးဖွားပေးလိုက်သူက အသံကိုသာ ကြားဖူးနေခဲ့ရသည့် လူတစ်ယောက်အကြောင်း။

လူတစ်ယောက် ဘဝတစ်ခုသာ ပိုင်ဆိုင်သည်။ သို့သော် သူ့အတွက်ကတော့ ဘဝကို နှစ်ခုပိုင်ဆိုင်ခဲ့သလို ဖြစ်ခဲ့သည်။

မဟာပထဝီ မြေလွှာထုနှင့် မိုးကုတ်စက်ဝိုင်းကို မြင်ခွင့်ရသော သာမန်လူသားတိုင်း၏ဘဝနှင့်အတူ စက္ခုအာရုံနှစ်ကွင်းက အလင်းမရရှိသော မျက်မမြင်ဘဝဟူ၍ ဘဝနှစ်ခု၌ ကျင်လည်ခဲ့ရ





သည်။

သာမန်လူသားတစ်ဦးမျိုးဘဝ၌ ကျင်လည်စဉ်အခါမျိုးက အပေါင်းအဖော် သူငယ်ချင်းထက် မျက်မမြင်ဘဝ၌ အထီးကျန် စိတ်အားငယ်မှု ခံစားနေသော ဘဝမျိုးတွင် ရရှိလာသော သူငယ်ချင်း၊ အပေါင်းအသင်းများကို ပို၍ခင်တွယ်အားထားမိသည်မှာ လူ့သဘာဝဟု ထင်ပါသည်။

ရှိန်းဆိုသောလူကို သူ မမြင်ဖူးခဲ့ပါချေ။ သို့သော် သူ ရှိန်းကို ခင်တွယ်သည်။ ချစ်ခင်သည်။ အားထားသည်။ သံယောဇဉ်တွယ်ငြိမိသည်။

ရှိန်းအကြောင်းကို သူတွေး၍နေချင်သည့်အတွက် ညလုံးပေါက် ကားစီးခဲ့ရ၍ ခနီးပမ်းလာသည်ဟု အကြောင်းပြပြီး အိပ်ယာထဲ၌ တွေးနေလိုက်သည်။

ပြင်ဦးလွင်မိုးက တစိမ့်စိမ့် တအေးအေးမို့ တွေး၍ အလွန်ကောင်းလေသည်။

တွေးရင်းက အတွေးနယ်ကွန်ယက်ကို ဖြန့်ကျက်လိုက်သည်။

ဒီတော့ လွန်ခဲ့သောရှစ်လခန့်က ဒီလို ရာသီဥတုကာလဆီသို့ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဖွဲဖွဲ မှုန်ဝါးဝါးလေက မိုးကြိုဥတုကို ဖေးဖေးအောင် ဖန်တီးနေလေရော့လားမသိ၊ မြင့်မိုရ်မေ ချမ်းစိမ့်စိမ့်ကလေး ဖြစ်လာသည်။

"မိုမို ချမ်းပြီလား၊ အနွေးထည် ဝတ်မလား"

"ဟုတ်"

မြင့်မိုရ်မေ၊ အမှန်တော့ ချမ်းစိမ့်စိမ့်က အပေါ်ယံ အရေပြားပေါ်တွင် ဖြစ်ပေါ်ခဲ့တာ မဟုတ်ချေ။ ရင်ဘတ်ထဲက နှလုံးအိမ်မှာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ဘူတာကြီးမှာ တူဝရီးနှစ်ယောက် ပလက်ဖောင်းပေါ်မှ ရထားဆီသို့အလာတွင် ဒေါ်လေးနွယ်နီမောကလည်း အထုပ်အပိုးသယ်သူ အလုပ်သမားနောက်သို့ အမှီလိုက်ရင်း တစ်ဖက်ကလည်း မြင့်မိုရ်မေကို တွဲရင်းဆိုတော့ အခက်တွေ့နေသည်မို့ . .

"မိုမို ဒီနားမှာ ခဏရပ်နေခဲ့ဦး၊ ဒေါ်လေး ပစ္စည်းတွေ





သွားတင်ပြီးမှ လာခေါ်မယ်"

"ဟုတ်"

လူသံတွေ ဆူညံနေသည့် ရန်ကုန်ဘူတာကြီး ပလက်ဖောင်းပေါ်မှာ မြင့်မိုရ်မေ တုတ်ကို အားပြုရင်း ငြိမ်သက်စွာ ရပ်နေမိသည်။

ထိုအချိန် . .

"အင့်"

လူတစ်ယောက်က သူ့အား ဝင်တိုးသည်။ သူ ယိုင်လဲမတတ် ဖြစ်သွားခဲ့ပေမယ့် ကြမ်းပြင်နှင့်ခန္ဓာ မိတ်ဆက်ခွင့် မရလိုက်ချေ။

သို့သော် နွေးထွေးပြီး ဆန်းကြယ်သော ထိတွေ့ခံစားမှုကို ပေးနိုင်စွမ်းရှိသော ရင်ခွင်ကြီးထဲသို့ ရောက်သွားသည်။

"အို"

မြင့်မိုရ်မေ မှင်သက်ကာ တစ်ကိုယ်လုံး ထူပူသွားသည်။

"ဟို . . ဟို . . တုတ် . . ကျွန်မတုတ်"

အတန်ကြာမှ သတိရပြီး ခိုအောင်းမိသော ရင်ဘတ်ကြီးကို တွန်းထုတ်ကာ တုန်လှုပ်စွာနှင့် တုတ်ကို တောင်းလိုက်မိသည်။

"ဟင် . . . ဆောရီးဗျာ"

ယောကျ်ားတစ်ယောက်၏ဩဇာအာဏာသံ ပါပြီး ကြည်လင်သောအသံက မြင့်မိုရ်မေအာရုံထဲ စိမ့်ဝင်လာလေသည်။

နောက် သူ့ညာလက်ကို ဖုပ်မိုးကိုင်ပြီး တုတ်ကို ထည့်ပေးလိုက်ရင်း . . .

"ကျွန်တော် အလောကြီးသွားလို့ တိုက်မိသွားတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အနူးအညွတ် တောင်းပန်ပါတယ်၊ ရထားဆီ သွားမလို့လား၊ ကျွန်တော် လိုက်ပို့ပေးရမလား ခင်ဗျာ"

နူးညံ့သိမ်မွေ့ပျူငှာသောအသံနှင့် ပြောလာသော သူစိမ်းကို မြင့်မိုရ်မေ အားငယ်စွာဖြင့် ခေါင်းရမ်းမိရင်း. . .

"ရပါတယ်. . . ကျွန်မဒေါ်လေး လာခေါ်ပါလိမ့်မယ်ရှင်၊ ကျေးဇူးတင်ပါတယ်"

"ဪ"

ဟုသာ ဆိုပြီး အသံက တိတ်ဆိတ်သွားသည်။ လူကတော့ သူ့အနားက မခွာသေးဘူးဟု မြင့်မိုရ်မေ ခံစားလိုက်ရသည်။

သူ့ကို ကျန်ခရီးသည်တွေ မတိုက်မိစေရန် ဒိုင်းသဖွယ် ကာရံပေးနေတာလားဟုပင် တွေးလိုက်မိပြီး ရင်ခုန်သံတွေ မြန်လာသည်။ တခါတရံမှ သူစိမ်းတရံ ယောကျ်ားတစ်ဦးနှင့် နီးနီးကပ်ကပ် မနေဖူးခဲ့သော မြင့်မိုရ်မေအတွက် စောစောက သူစိမ်းရင်ခွင်ကြီးထဲ လဲပြိုသွားရခြင်းကို ရှက်စိတ်ရောစွက်လေတော့ မျက်နှာပြင်တစ်ခုလုံး ထူပူလျက်ရှိသည်။

စိတ်ထဲမှာ ဒေါ်လေးရယ် မြန်မြန်လာပါတော့ဟု တမ်းတနေမိသည်။

စောစောက သူစိမ်းရင်ဘတ်ထဲ မျက်နှာအပ်မိသည့်အချိန်ကစ၍ ရလိုက်သော သင်းသင်းလေးနှင့် ရင်ကို အေးမြစေသည့် ပန်းသီးရနံ့လို အနံ့မျိုးက သူ့နှာဝ,ဝယ် စွဲထင်နေဆဲဖြစ်သည်။

"မိုမို. . လာ. . ရပြီ"

ဒေါ်လေးက အားနေသော သူ့ဘယ်လက်ကို လာတွဲသည်။ သူ့ညာလက်က တုတ်ကို အားပြုလျက် ဒေါ်လေးခေါ်ဆောင်ရာ





အမှောင်ထုထဲ၌ လွင့်မျောပါသွားလေသည်။

ဤအဖြစ်အပျက်လေးကို တွေးရင်း သူ ရထားစီးရင်း လိုက်ပါခဲ့သည်။ ပဲခူးဘူတာကို ကျော်အပြီးတွင် မိုးက စိမ့်လာသဖြင့် ဒေါ်လေးက သူ့အား ဆွယ်တာအပါးတစ်ထည် ထုတ်ပေးလေသည့်အတွက် အတွေးလေးတွေ လွင့်ပြယ်သွားရသည်။

သူ့ဘာသာသူပင် ယူဝတ်လိုက်သည်။ မျက်မမြင် ဖြစ်ပေမယ့် ကိုယ့်တာဝန်ကို ကိုယ်ယူနိုင်အောင် ကြိုးစားသည်။ မအိပ်ချင်သေးသည့်အတူတူ အလကားနေမည့်အစား သူ့သိုးမွေးကို နှစ်ချောင်းထိုးအပ်များနှင့် ထိုးနေလိုက်သည်။

ထိုစဉ် ရထားပြတင်းပေါက်မှ တိုးဝှေ့ဝင်လာသော မိုးစက်လေးများက မျက်နှာကို လာရောက်ရိုက်ခတ်တော့ ကျိန်းစပ်စပ်ဖြစ်လာသည်။ ဒေါ်လေး တံခါးထပိတ်ဟန်တူသည်။

"တံခါးကလည်း ပိတ်လို့မရဘူး"

"ကျွန်တော် ကူညီပိတ်ပေးရမလား ခင်ဗျာ"

"အေး. . . မောင်ရင်ရယ် လုပ်ပါဦး"

မြင့်မိုရ်မေ အသံကို ကြားလိုက်ရသည်နှင့် စောစောက သူနှင့် တိုက်မိသော သူစိမ်းဟု သိလိုက်ရသည်။ သူ့ဆီက ပျံ့လွင့်လာသော ကိုယ်သင်းရနံ့ကိုလည်း အနီးကပ် ရှူရှိုက်လိုက်ရသည်။ ပန်းသီးရနံ့လေး။

မျက်နှာပြင်သို့ မိုးစက်တို့၏ထိတွေ့မှု ရပ်ဆိုင်းသွားသည်။ လေအေး တိုးဝှေ့မှုကလည်း ရပ်ဆိုင်းသွားသည်။

အမှောင်ထဲမှာ ကျင့်သားရနေပေမယ့် မွန်းကျပ်မှုကို ခံကြိုက်သဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"မိုးတိတ်သွားရင် လာပြန်ဖွင့်ပေးပါနော်"

"ကောင်းပါပြီ ခင်ဗျာ"

စကားပြောပုံလေးကအစ ရည်မွန်လိုက်တာ။

"ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်၊ မောင်ရင်က ဘယ်အထိ သွားမှာလဲ"

"ရထားလမ်းဆုံးအထိပါပဲ ဒေါ်လေး၊ ဒါထက် ဒေါ်လေးတို့ကကော"

"ဒေါ်လေးတို့က ရထားလမ်းဆုံးပြီးရင် တောင်ကြီးအထိ ဆက်သွားရဦးမှာ"

"ဒေါ်လေးတို့နှစ်ယောက်တည်းလား"

"အေးကွယ်. . . ဒေါ်လေးတို့ အကူအညီလိုရင်တော့ မောင်ရင့်ကို အကူအညီတောင်းရမှာပဲ"

"ရပါတယ်ခင်ဗျာ. . . ကျွန်တော် ကူညီပါ့မယ်၊ ကျွန်တော့်နာမည် ရှိန်းပါခင်ဗျ"

"အေး. . အေး. . မှတ်ထားပါ့မယ်၊ ဒေါ်လေးနာမည်ကတော့ ဒေါ်နွယ်နီမေ၊ တူမကတော့ မြင့်မိုရ်မေပါ"

"ဟုတ်ကဲ့ ခင်ဗျ"

မြင့်မိုရ်မေ ဒေါ်လေးနှင့် အဖွဲ့ကျသွားသော သူစိမ်းအသံကို ခန့်မှန်းကြည့်ခြင်းဖြင့် သူတို့နှင့် ဘေးချင်းယှဉ်လျက်ခုံမှာ လိုက်ပါလာခြင်းဖြစ်မည်။ အိပ်ခန်းတွဲက မရသဖြင့် အထက်တန်းတွဲကိုပင် ယူခဲ့ရသည်။ မြင့်မိုရ်မေအတွက်က ညသည်လည်းည။ နေ့သည်လည်း ညမို့ အိပ်ဖို့က အရေးမကြီးပါဘူး။ ဒေါ်လေးကိုတော့ လူကြီးမို့ ခြေဆန့်လက်ဆန့်တော့ နေစေချင်ပါသည်။ တစ်ညတစ်လေ





လေဟု ဖြေသိမ့်ကာ တူဝရီးနှစ်ယောက်တည်း ခရီးထွက်ခဲ့ကြသည်။

"မိုမို ထမင်းစားတော့မလား"

"ဟုတ်ကဲ့ ဒေါ်လေး"

မြင့်မိုရ်မေ ဒေါ်လေးကို သနားနေမိသည်။ တူမ ဒုက္ခိတကို တစ်လမ်းလုံး ဂရုတစိုက်နှင့် စောင့်ရှောက်ရပေတော့မည်။ အစ်မဖြစ်သူ မစန္ဒာမေက လက်ထပ်ဖို့ကိစ္စနှင့် အလုပ်များနေသည်။ ယခုခရီးကလည်း မစံ ခေါ် မစန္ဒာမေ မင်္ဂလာပွဲအတွက် အဖေဘက်မှ တစ်ဦးတည်း ကျန်ခဲ့သော အဖေ့ညီ ဒေါ်လေးအစ်ကို သူတို့ဦးလေးကို အကြောင်းကြားရင်း ဖိတ်ရင်း တမင်ထွက်လာခဲ့ခြင်းဖြစ်သည်။

ငါးဖယ်ကြော်ကို တစ်ခါစား အတုံးလေးတွေ ညှပ်ထားပေးပြီး ချဉ်ပေါင်ကြော်လေးပါ ပုံထည့်ထားသည့် ပလတ်စတစ် ထမင်းဗူးကို လက်တင်စားပွဲလေးကို ထုတ်ပြီး ဒေါ်လေးက တင်ပေးလိုက်သည်။ မြင့်မိုရ်မေလက်ထဲလည်း ဇွန်းကို ထည့်ပေးလိုက်သည်။

"မောင်ရှိန်း ထမင်းစားပါဦးလားကွယ်"

"ကျွန်တော် စားသောက်တွဲမှာ သွားစားပါ့မယ်ခင်ဗျာ၊ ဒေါ်လေး ဘာမှာချင်သေးပါလဲ"

"မမှာတော့ပါဘူးကွယ်. . . ဒေါ်လေးတို့ အပြည့်အစုံ ပါပါတယ်၊ ထမင်းစားမှာဆို ဒီမှာပဲ စားပါလား. . . ထမင်းပိုပါတယ်"

"ရပါတယ်. . . ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်က အစားကြီးလို့ပါ"

"ရပါတယ်. . . ဘယ်လောက်စားနိုင်မှာမို့လို့လဲ၊ ထမင်းထပ်ဝယ်လိုက်ရုံပဲဟာ ဟင်းတွေက အများကြီး ပါတယ်"

ဒေါ်လေးက သူ့အစ်ကိုလေးအတွက် ငါးဖယ်ကြော်၊ ငါး



www.burmeseclassic.com

www.burmeseclassic.com

သလောက်ပေါင်းနှင့် ငါးပုဏ္ဏားကြော်များ ထည့်လာခဲ့သည့်အတွက် လောကွတ်ချော်နေခြင်းဖြစ်သည်။

"သုံးဆောင်ပါခင်ဗျာ. . . ကျွန်တော်က တမင် လွတ်လွတ်လပ်လပ်ပဲ ကြုံရာ စားနေတတ်လို့ပါခင်ဗျာ၊ ဒေါ်လေးတို့ သုံးဆောင်ပါ၊ ကျွန်တော် စားသောက်တွဲဘက် ကူးလို့ပါဦးမယ်"

"အေးကွယ်. . . ကောင်းပါပြီ"

ဘေးချင်းယှဉ်လျက် တစ်ယောက်ထိုင်ခုံနေရာမှာ လူရွယ်တစ်ယောက် ရှိနေခြင်းအတွက် ဒေါ်နွယ်နီမေ ကျေနပ်သွားသည်။ ဘာပဲပြောပြော အားကိုးရာ ရသည်။ တူမက မျက်မမြင်ဒုက္ခိတဆိုတော့ ခရီးသွားဖော် မိတ်ဆွေကောင်းကို အလိုရှိခဲ့လေသည်။ ခရီးထွက်ခါနီး ဘုရားရှိခိုးစဉ်လည်း ဆုတောင်းခဲ့သည်။ သူတော်ကောင်း ခရီးဖော်နှင့် တွေ့ပါရစေဟု ဒါမှ သူတို့တူဝရီးကို စောင့်ရှောက်နိုင်မည်ဖြစ်သည်။

"ဒေါ်လေး"

"ဘာလဲ မိုမို. . . ဘာလိုချင်လို့လဲ"

မြင့်မိုရ်မေ ရုတ်တရက် မေးသင့်မမေးသင့် ချိန်ဆလိုက်သည်။

"ငါးသလောက်ပေါင်း စားချင်လို့လား၊ နင့်ဦးလေးအတွက် ဖယ်ပြီးစားရင် ရတယ်"

ဒေါ်လေးကလည်း သူထင်ရာနှင့် ရမ်းတုတ်နေသည်။

"မဟုတ်ပါဘူး. . ဟို. . ဟို. . ရှိန်းဆိုတဲ့လူကြီးက လူဆိုးလား လူကောင်းလား မသိ၊ ဒေါ်လေးက ဘာလိုင်းကြီး ဖွတ်ရောနေတာပဲ"





"ဘယ်က လူကြီးရမှာလဲ၊ ညည်းနဲ့ ရွယ်တူလောက်ပဲ ရှိတယ်၊ ယောကျ်ားလေးတန်မဲ့ ချောလိုက်တာမှ မှုန်နေတာပဲ၊ ကိုရီးယား မင်းသားလေး ကျနေတာပဲ"

သူ မျက်စိမကွယ်ခင်ကတည်းက တရုတ် ဗွီဒီယိုကားများနေရာသို့ ကိုရီးယားကားတွေ ထိုးဖောက်နေရာယူစ အချိန်ဖြစ်သည်။ ဂျွန်စောနှင့် ဒါရိုက်တာရင်လောက်တော့ သူမြင်တွေ့ခဲ့ရဖူးသည်။ ဂျွန်စောနှင့် တူတာလား။ ဒါရိုက်တာရင်နဲ့ တူတာလားဟု မေးချင်ပေမယ့် နောက်ပိုင်း ကိုရီးယားမင်းသား ငယ်ငယ်ချောချောတွေ အများကြီး ခေတ်စားလာခဲ့သည်မို့ ဒေါ်လေးပြောသော မင်းသားတွေ သူဘယ်သိတော့မှာလဲ။

မြင့်မိုရ်မေ တွေးရင်း ရင်ထဲ၌ ကြိတ်၍ဝမ်းနည်းနေသည်။

"ကျုပ်အသက်ပဲ (၄၅)ကျော်လာပြီ၊ အပွေးမြင် အပင်သိပါတယ်အေ၊ ရည်ရည်မွန်မွန် ယဉ်ယဉ်ကျေးကျေးနဲ့ စကားပြောတာ ကြည့်လိုက်တာ ညည်းအကြားပဲမလား၊ လူကြီးလူကောင်း အမျိုးကောင်း သားသမီး ဖြစ်မှာပါ၊ အဝတ်အစားတွေကလည်း ခေတ်ပေါ် တံဆိပ်အကောင်းစားတွေချည်းပဲ"

မြင့်မိုရ်မေ နှလုံးသားအထိ နာကျင်ခြင်းကို ခံစားလိုက်ရသည်။ "ရှိန်း" ဆိုသောလူကို မြင်ဖူးချင်သော ပြင်းထန်သည့်ဆန္ဒများပေါ်လာခဲ့ခြင်းကြောင့် ဖြစ်သည်။

သူ့အတွက်တော့ ချစ်ခြင်းအစ မျက်စိက မဟုတ်ချေ။
ချစ်ခြင်းအစ နားကလား။
သို့တည်းမဟုတ်၊
အထိအတွေ့ကြောင့်လား။


www.burmeseclassic.com

www.burmeseclassic.com




စောစောက ဘူတာရုံ ပလက်ဖောင်းပေါ်မှာ ထိုသူ၏ ရင်ဘတ်ကြီးထဲကို ဝပ်ကျင်းထဲ ဝပ်သည့် ငှက်ကလေးပမာ သူ ရှတ်တရက် ခိုဝင်ခဲ့ဖူးသည်ကို သတိရ တမ်းတလျက် ရှိသည် ဆိုတော့ ချစ်ခြင်းသည် အတွေ့နှင့်များ ဆိုင်နေသလား။

ခုတော့ သူ့သဒ္ဒါရုံအသံလေးကို ကြားရရုံနှင့် ရင်ခုန်ကြည်နူးမှုများက ရင်ထဲ လှိုင်းဂယက်ကလေး ထသည့်နှယ် တငြိမ့်ငြိမ့် တသိမ့်သိမ့်နှင့် ဖြစ်နေလေပြီကော။







## အခန်း(၆)

"ဟင်. . . ဒေါ်လေး"

မြင့်မိုရ်မေ ရှတ်တရက် ထိတ်လန့်သွားသည်။

"ဘာလဲ မိုမို"

"ရိုထားက ဘာဖြစ်တာလဲဟင်. . . နောက်ပြန်သွားနေတာလား"

"လွှန်းထိုးတာလို့ ခေါ်တယ်၊ တောင်တက်ဖို့ အားယူနေတာလေ. . . နောက်ပြန်ဆုတ်ပြီးတော့ပေါ့"

"အို. . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံဆန်းကို မြင်တွေ့ခွင့် မရခြင်းအတွက် သူ ဝမ်းနည်းနေမိသည်။

နှာခေါင်းထဲသို့ သင်းသင်းလေး တိုးဝင်လာသောပန်းရနံ့ကို သူ ရှူရှိုက်မိသည်။

"ဘာပန်းတွေ ပွင့်နေတာလဲ ဒေါ်လေး"

"မသိပါဘူးအေ. . . ပန်းတွေက အများကြီးပဲ၊ ဟဲ့. . . ရှိန်း ဘယ်လဲ၊ ကျန်ခဲ့ဦးမယ်နော်"

ဒေါ်နွယ်နီမေ စိုးရိမ်စွာနှင့် လှမ်းတားလိုက်ပေမယ့် ရှိန်း ဆိုသောသူငယ်က ရထားလွန်းထိုးစဉ်မှာ အောက်သို့ ဆင်းပြီး လမ်းဘေး၌ အလေ့ကျ ပေါက်နေသော နေကြာရိုင်းတို့ကို ခူးပြီး မြင့်မိုရ်မေ ထိုင်ရာ ပြတင်းပေါက်ဆီမှ မြင့်မိုရ်မေကို ပစ်ပေးလိုက်လေသည်။

"အို"

မြင့်မိုရ်မေက သူ့ရင်ခွင်ထဲသို့ ကျလာသောပန်းများကို ကောက်ယူ စုစည်းကာ လက်နှင့် စမ်းသပ်နေသည်။

ရှိန်းက ရထားပေါ် ပြန်တက်လာသည်ကို မြင်တွေ့ရမှ ဒေါ်နွယ်နီမေ ပင့်သက်ကြီး ချနိုင်ပြီး. . .

"လူလေးရယ်. . . ရထားက အရှိန်နဲ့ ထွက်သွားရင် ဘယ်လို လုပ်မလဲ"

"အရှိန်နဲ့မှ ထွက်လို့မရဘဲ ဒေါ်လေးရယ်. . . ကြည့်ပါလား"

ရှိန်းက ရယ်သံလေး စွက်၍ စကားဆိုသည်။

မြင့်မိုရ်မေက ဒေါ်လေးနှင့်ထပ်တူ မမြင်ရသောရှိန်း ကျန်





ခဲ့မှာစိုးသဖြင့် စိုးရိမ်ပူပန်မှုလေး လျော့သွားသည်။ ပန်းကို အသာ မ်းရှုကြည့်သော် ဝတ်ဆံနုလေးက သင်းသင်းလေး ထွက်လာသည်။ န်းပေါင်းများစွာ စုစည်းလိုက်တော့ သင်းရနံ့လေးများက ရထား ပေါ် လိုက်ပါလာခြင်း ဖြစ်မည်ပေါ့။

"ဒေါ်လေး. . . ပန်းတွေက အများကြီးလားဟင်"

"အလေ့ကျ ပေါက်နေတာ အများကြီးပဲပေါ့"

"ဒီပန်းတစ်မျိုးတည်းလား"

မြင့်မိုရ်မေ သိလိုသမျှကို ဒေါ်လေးက မဖြေချင်။ သူ တီးစိပ်နေချင်သည်။ ဒါကြောင့်. . .

"ရှိန်းရေ. . . မင်းပဲ ပြောပြလိုက်ပါတော့၊ ဒေါ်လေး ဓိဋ္ဌာန် တီးလေး အပတ်ရေ ပြည့်အောင် သွားစိပ်လိုက်ဦးမယ်၊ မင်းနဲ့ နရာချင်း ခဏချိန်းမယ်"

"ဟုတ်ကဲ့ ဒေါ်လေး. . . စိတ်ချမ်းသာသလို လုပ်ပါ"

ရှိန်းအသံလေးက ရွှင်ရွှင်ပျပျလေး ထွက်ပေါ်လာသည်။ မြင့်မိုရ်မေရင်ထဲ လှိုက်ဖိုလာသည်။

"မင်း ဘာသိချင်တာလဲ"

"ဟို. . ဟို. . ရထားဘေးမှာ မြင်သမျှတွေပေါ့"

"တောင်ကုန်းလျှောလေးတွေမှာ လိမ္မော်ပင်တွေ စိုက်ထား တယ်"

"နောက်တော့ကော"

"ချိုင့်ဝှမ်းထဲမှာ ဝါထိန်နေတာပဲ၊ ပန်းရုံတွေနဲ့ တူတယ်၊ ထားလမ်းနဲ့ အလှမ်းဝေးလို့ မဟုတ်လို့ကတော့ ပြေးဆင်းပြီး မမ းကို ခူးပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က မမလေးလဲ"

"ဒီက မမလေးကိုလေ"

"အို. . . အဲဒီကထက် အသက်ကြီးပုံ ပေါက်နေလို့လား ဟင်"

"ဆိုပါတော့"

"အို"

"မအိုသေးပါဘူး. . . လူပျိုပဲ ရှိပါသေးတယ်ခင်ဗျ"

"ဟင်း. . ဟင်း. . ဟင်း"

မြင့်မိုရ်မေ သဘောကျစွာ ရယ်လိုက်ပြီး နေကြာပန်းများကို ငုံ့နမ်းလိုက်သည်။

"အရမ်းနမ်းမနေနဲ့လေ. . . ပိုးမွှားတွေ ပါရင် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ မလုပ်ပါဘူး"

"ခင်ဗျားက မလုပ်ပေမယ့် ကျွန်တော်က လုပ်မိလိမ့်မယ်"

"ဘယ်လိုလုပ်မှာလဲ"

"ပန်းတွေကို ရိုက်ချိုး ချေမွပစ်မှာပေါ့ဗျ"

"အမလေး. . . ကြောက်စရာကြီးပါလား"

နှစ်ပေါင်းများစွာက ပေါင်းသင်းခဲ့သော သူငယ်ချင်းများပမာ ရင်းနှီးသွားကြလေသည်။

"ဟုတ်တယ်. . . ကြောက်ထား ကြောက်ထား၊ လူဆိုတာ ဂျိုပါတာမဟုတ်ဘူး၊ ကျွန်တော့်ခေါင်း စမ်းကြည့်ပါလား. . . ဂျိုမပါဘူး"

"သွား. . . သူ သိပ်နောက်တာပဲ"





"နောက်တာ မဟုတ်ဘူး. . . အတည်ပြောနေတာ၊ ဒါပေမယ့် မမလေး"

"ရှင်"

မြင့်မိုရ်မေ ရှိန်း ရှိရာဘက်သို့ ခေါင်းကလေး ငဲ့ကာ နားလေး စွင့်လိုက်သည်။

"မမလေးတို့ တူဝရီးကိုတော့ မှဲ့တစ်ပေါက်မစွန်းရအောင် အသက်ပေး ကာကွယ်သွားမယ်ဆိုတာတော့ ယုံကြည်ထားပါ"

"ဘာတွေလဲ"

"စကားတွေလေ. . . မမလေး ဖျင်းနေမှာစိုးလို့ ပျော်တော်ဆက်နေတာ၊ ကျွန်တော်က လူရွှင်တော် မဟုတ်တော့ ဟာသမထုတ်တတ်ဘူး၊ ဒါကြောင့် ပါးစပ်ထဲ တွေ့ရာတွေ ဇွတ်ပြောနေတာ"

မြင့်မိုရ်မေ ရယ်လိုက်မိသည်။ ပြက်လုံးမထုတ်ပေမယ့် သူ့စကားတွေက သူ့ဟဒယအိမ်ကို ရွှင်ပြုံးစေနိုင်သည်။

ရှိန်းဟာ သူတို့အတွက် တကယ့်ခရီးသွားကောင်းပါ။

သာစည်ဘူတာတုန်းကလည်း ရေသန့်ဗူး ပြေးဆင်းဝယ်ပေး၊ ကော်ဖီဝယ်ပေးနှင့် တကယ်ကို တောက်တိုမယ်ရတို့ကို စိတ်ရှည်ရှည်နှင့် ကူညီပေးသည်။

"မိုးစက်လေးတွေ ကျလာပြီ၊ ပြတင်းပေါက် ပိတ်ပေးရမလား"

"ဟင့်အင်း. . . နေပါဦး၊ မိုးသည်းမှ ပိတ်ပါ၊ လေအေးလေးနဲ့ ပန်းနံ့လေး မိုးနံ့လေး မြေသင်းနံ့လေးတွေက ကျွန်မတို့ မြေပြန့်နဲ့ မတူဘူး၊ ရင်ထဲကို အေးမြလန်းဆန်းသွားလို့ပါ"

"မမလေးက မြေပြန့်သူလား"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး. . . တောင်ပေါ်သူ"

"ဘယ်တောင်ပေါ်ကလဲ"

"ပြင်ဦးလွင် တောင်ပေါ်လေ. . . ဒါပေမယ့် ဒီဘက်မှာက လက်ဖက်နံ့၊ လိမ္မော်နံ့၊ မက်မန်းသီးနဲ့ ထင်းရှူးနံ့လေးတွေ ရတယ်နော်၊ ပြင်ဦးလွင်မှာက ပန်းပေါင်းစုံနံ့နဲ့ မက်မန်းသီးနံ့ ရတယ်"

"ဟုတ်မှာပေ့ါ. . . မမလေးက အနံ့ခံကောင်းတာကိုး၊ ကျွန်တော်တော့ မသိဘူးခင်ဗျ"

"သွား. . . ဒီကကို ခွေးလို့ ပြောတာလား"

"မဆိုလိုပါဘူးခင်ဗျာ. . . အဲဒီလို အဓိပ္ပါယ် သက်ရောက်သွားရင်လည်း ကျွန်တော်မျိုးကြီး အမှားပါ. . . ခွင့်လွှတ်ပေးပါခင်ဗျာ"

"ဒီတစ်ခါတော့ ရှိစေတော့. . . ဟင်းဟင်း"

ဘာကြောင့်ရယ်မသိ၊ မြင့်မိုရ်မေ ပြုံးပျော်ရွှင်နေသည်။ မမြင်နိုင်သော သူ့ဘက်လှည့်ကာ စကားပြောဆိုရသော ကြည်နူးခွင့်က သူ့ဘဝအတွက် ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးအချိန်များ ဖြစ်ခဲ့သည်။

"ကိုရှိန်း"

"ဟာ. . . ဘယ်လိုကြီးလဲ၊ ဘယ်နှယ့် ကိုကြီးက ထည့်ရတာလဲ၊ ခင်ဗျားက ငယ်ချင်ပေမယ့် ကျွန်တော်က အသက်မကြီးသေးဘူးခင်ဗျ၊ ရှိန်းလို့ ခေါ်ရင် လုံလောက်ပါပြီ မမလေးရဲ့"

"ဒါဖြင့် ရှင့်ရဲ့မမလေးကြီးကကော"

"ဒါကတော့ ရိုသေသမှုနဲ့ပါဗျာ၊ ခင်ဗျားက လူကို အဖက်မတန်သလို မမြင်သလို အထာကြီးနဲ့ နေတော့ လိုက်ဖက်အောင်





မမလေးလို့ လေးစားသမှုနဲ့ ခေါ်လိုတာပါ"

"အခေါ်တူးပြီး ခေါ်တယ်လို့ ပြောစမ်းပါရှင်"

"သိရင် ပြီးတာပါပဲ၊ ကိုင်း. . . မိုးက သည်းလာပြီ၊ တံခါးပိတ်လိုက်ပြီနော်"

သူ့ဘေးနားမှ ပြတင်းပေါက်ကို ရှိန်းက ထ၍ပိတ်ပေးလိုက်သည်။ လေတိုးခြင်းနှင့် မိုးစက်ကလေးတွေ ထိမှန်ခွင့် ဆုံးရှုံးသွားတော့ လေပိတ်ပြီး မွန်းကျပ်သလိုလိုပင် ဖြစ်လာသည်။

သို့သော် သူ့နှာခေါင်းထဲသို့ ယဉ်ပါးဖူးသော ကိုယ်သင်းရနံ့လေးက တိုးဝင်လာသည်။ သူ ဝပ်ကျင်းလုပ်ခဲ့ဖူးသော ရှိန်းကိုယ်ခန္ဓာဆီမှ လာသော ပန်းသီးရနံ့လေလား၊ ရင်ခုန်ရွှေးရွှေးလေးနှင့် ရှိန်း ငြိမ်သက်ပြီး မိမိကိုများ ငေးကြည့်နေရော့သလားဟု မလုံမလဲခံစားရပြီး. . .

"ရှိန်း"

"အင်း. . . ပြောလေ"

"ဘာလုပ်နေတာလဲ"

"အိပ်နေတာ. . . မမလေးအတွက် သံတော်ဦးတင်စရာ မြင်ကွင်းမရှိတော့ အိပ်နေလိုက်တာပေ့ါဗျာ၊ ဘာပြောမလို့လဲ"

"ဘာမှမပြောပါဘူး. . . အိပ်. . အိပ်. . ကျွန်မလည်း သိုးမွေးထိုးတော့မယ်"

"ဘာလုပ်ဖို့ သိုးမွေးထိုးရတာလဲ"

"အပ်လို့ပေ့ါ. . . အပ်ထည်တွေ ထိုးပေးတော့ ငွေရတယ်လေ"

"ငွေရတော့"


www.burmeseclassic.com

www.burmeseclassic.com



"ငွေရတော့ မျက်စိခွဲစိတ်ဖို့ စရိတ်ရတာပေါ့"

"ဟင်"

ရှိန်းထံမှ အံ့ဩသင့်သွားသော အာမေဋိတ်သံကို ရလိုက်သည်။ ထပ်မံ၍လည်း. . .

"မျက်စိခွဲဖို့ ဟုတ်လား"

"ဟုတ်တယ်လေ"

"မျက်စိခွဲစိတ်ဖို့က ငွေလိုလို့လား"

"လိုတာပေါ့. . . မျက်စိခွဲဖို့က စီနီယာအလိုက် စောင့်ရတယ်လေ၊ စက်ာပူမှာ သွားခွဲရင်တော့ ပိုက်ဆံတော့ ကုန်မယ်၊ ဒါပေမယ့် မြန်မယ်"

"ဖြစ်ရလေ. . . ဒါထက် မျက်စိက ဘယ်လိုဖြစ်တာလဲ၊ မွေးရာပါလား"

"မဟုတ်ပါဘူး"

မြင့်မိုရ်မေ လွန်ခဲ့သောရှစ်နှစ်က မျက်စိကွယ်ရသည့် အကြောင်းရင်းကို တွေးမိကာ မခံစားချင်သဖြင့်. . .

"အက်ဆိဒ်ကြောင့် ကန်းခဲ့တာ ရှစ်နှစ်ရှိပြီ"

"ဖြစ်ရလေ မမလေးရယ်"

"ကံကြမ္မာပေါ့ ရှိန်းရယ်"

"ဘိုင်နိမ်းနဲ့ လှူတဲ့လူ ရှိရင် မမလေး မျက်စိခွဲစိတ်ပြီး မျက်ကြည်လွှာ အစားထိုးခွင့် ရမှာပေါ့နော်"

"အလှူရှင်က သူသေမယ့်နေ့ကို ကြိုတင်သိပ့်မလား၊ ဒေါ်လေးနဲ့ မမကလည်း သူတို့ သေရင် မျက်ကြည်လွှာ ကျွန်မကို ပေးဖို့ လှူထားတာပဲ"





"ကြော်"

ရှိန်းထံမှ ငြိမ်သက်သွားသည်။ တစ်ခုခုကို တွေးတောနေပုံရ၍ မြင့်မိုရ်မေ ငြိမ်သက်နေလိုက်ရင်း သိုးမွှေးကိုသာ အဆက်မပြတ် ထိုးနေလိုက်သည်။

အမြင်အာရုံ မရှိပေမယ့် နားအကြည်ဓါတ်နှင့် နှာခေါင်းအနံ့ခံအာရုံက ကောင်းမွန်နေခြင်း၊ ကိုယ်လက်အင်္ဂါ ကောင်းမွန်နေခြင်းကို မြင့်မိုရ်မေ ကံကြမ္မာကို ကျေးဇူးတင်နေလိုက်သည်။

တော်ပါသေးတယ်. . . စက္ခုအာရုံတစ်ခုပဲ ချို့ယွင်းချက်ပေးလို့။ မျက်ကြည်လွှာ အစားထိုးနိုင်ခွင့်လည်း ရရှိနေခြင်းက ကံကြမ္မာ၏သက်ညှာခွင့်ဟု မြင့်မိုရ်မေ မှတ်ယူကာ လောကကြီးထဲ နေတတ်အောင် နေနေရခြင်းဖြစ်သည်။

ဒီထက်ပို၍ ဘာမှမျှော်လင့်မထားတော့ပါ။

သူတစ်ဦးတစ်ယောက်၏အကူအညီ မပါဘဲ ကိုယ့်ဘာသာကိုယ် နေတတ် သွားတတ် လာတတ် စားတတ်အောင် ကျင့်ယူနေရသည်။ သို့ပေမယ့် တခါတရံတော့လည်း အမှောင်ထုကြီးထဲမှာ အထီးကျန်စွာ ရှင်သန်နေရခြင်းအတွက် အားငယ်ကာ သေမင်းကို တမ်းတမိသည်အထိတော့ ဖြစ်တတ်သည်။

အခုတော့ သူ အလင်းပြန်ရချင်ပြီ။


အကြောင်းရင်းက ရှိန်းမျက်နှာကို မြင်တွေ့ခွင့် ရရှိလိုခြင်းကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

မြင်ဖူးချင်လိုက်တာ. . . ရှိန်းမျက်နှာကို မြင်ဖူးချင်လိုက်တာ။ တမ်းတမိသော ဇောစိတ်ကြောင့် မြင့်မိုရ်မေ စက္ကူနှစ်ကွင်း အလင်းရလိုစိတ် တမ်းတမ်းတတ ဖြစ်မိလေသည်။

"ဒေါ်လေးတို့ ရထားပေါ်က မဆင်းနဲ့၊ အေးအေးဆေးဆေးသာ ထိုင်နေပါခင်ဗျ၊ ကျွန်တော့်အလုပ်သမားတွေ လာကြိုလိမ့်မယ်"

"အေးကွယ်. . . ကျေးဇူးပါပဲ၊ ဒေါ်လေးလည်း ကားစင်းလုံး ငှားပြီး သွားဖို့ အစီအစဉ် ရှိပါတယ်၊ ရှိန်း စီစဉ်ပေးတော့





အဆင်ပြေသွားတာပေါ့ကွယ်"

ရှိန်းနှင့်ဒေါ်လေး အပြန်အလှန် ပြောစကားကို နားထောင်ရင်း မြင့်မိုရ်မေရင်ထဲ ကြမ္မာကို ကျေးဇူးတင်နေမိသည်။

ကြမ္မာမင်းက ရှိန်းနှင့်သူ့ကို ခရီးလမ်းဆုံးခွင့် မပေးသေးဘူး ထင်ပါသည်။

"လူလေးက ဘာလုပ်လို့လဲ၊ တပည့်တွေဆိုတော့"

"အလကားပါ. . . စွတ်ပြီး ဆရာဝန်တို့ ပါမောက္ခတို့ မထင်လိုက်ပါနဲ့၊ ကျွန်တော်က ခြံသမား ယာသမားသက်သက်ပါ၊ အလုပ်သမားခေါင်းပေါ့. . . ဟတ်ဟား"

ရှိန်းသက်သက် ရယ်စရာ ပြောတာပါ။ သူ မယုံကြည်ပေ။ ထို့အတူ ဒေါ်လေးကလည်း. . .

"လျှိုနေပြန်ပါပြီ လူလေးကလည်း၊ မပြောချင်ရင်လည်း ထားပါ"

"ရော. . . တကယ်ပြောတာပါ၊ ကျွန်တော်က ဥယျာဉ်ခြံလုပ်ပါတယ်၊ ဒေါ်လေးတို့ လည်ပတ်ဖို့ လာခေါ်ဦးမှာပါ"

ရွှေညောင်ဘူတာမှာ ရထားရပ်တော့ ခရီးသည်တွေထံမှ ပေါက်ပေါက်ဖောက်သလို အသံများကြောင့် မြင့်မိုရ်မေ မရွေ့လျားဘဲ ထိုင်ခုံလေးပေါ်မှာပင် အရုပ်ကလေးတစ်ရုပ် ချထားသလို ထိုင်နေလိုက်သည်။

"ဒေါ်လေး"

"ရှိတယ် တူမ၊ ပစ္စည်းတွေ တိုက်မိမှာစိုးလို့ နည်းနည်းရွှေ့နေတာ"

"ရှိန်းကောဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အားကိုယ်ကိုး နေလာပြီးမှ ယခုတော့ နှိန်းအပေါ် ပစ်ပုံတာ အားကိုးနေမိသည်။ ပျော့ညံ့လိုက်တာ မြင့်မိုရ်မေ၊ ပျော့ညံ့သွားတာလား သာမန်လူတွေထက်ပိုပြီး ကိုယ့်ကိုယ်ကို အားကိုးရမှာလေ၊ မပျော့ညံ့နဲ့ . . . လောကကြီးကို အခက်အခဲပေါင်းများစွာနဲ့ တွေ့ကြုံရင်ဆိုင်ရဦးမှာပါ။

"ကိုင်း . . . ဒီပစ္စည်းတွေ ယူသွားလိုက်ပါ"

"ဟုတ်ကဲ့ခင်ဗျ"

"ကိုင်း . . . ခေါ်လေး ကျွန်တော်နဲ့ လိုက်ခဲ့ပါ၊ မမလေး မရှိမသေ ကျွန်တော့်လက်ကို ကိုင်ပါလားဗျာ"

"ရှင့်လက်က ဘယ်မှာလဲလို့"

"အိုး . . . ဟုတ်သားပဲ၊ ကျွန်တော်ကပဲ မမလေးလက်ကို ဆွဲပြီနော်၊ လန့်မသွားလိုက်နဲ့ဦး လက်ကြမ်းကြီးဆိုပြီး"

လှုတ်နေသော ဘယ်လက်ကို နွေးထွေးစိုစက်သော လက်တစ်ဖက်၏ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်မှုကို ခံလိုက်ရသည့် တခဏအတွင်း မြင့်မိုရ်မေရင်ထဲ နွေးထွေးသွားသည်။ ပြီးတော့ မတော်လေသာ ထက်မိသည်။

ဒီလို လက်ချင်းတွဲမှုမျိုးကို ရာသက်ပန် တွဲသွားခွင့် ရချင်စမ်းပါဘိဟု။

သို့သော် သူစိမ်းယောကျ်ားတစ်ဦးနှင့် ထိတွေ့မှုကိုတော့ အချိုင်လေးနို့ ရှက်သွေးဖြာမိလေသည်။

"ရထားပေါ်က ဆင်းမယ်နော် မမလေး . . . မြင့်တယ် ခဏဗျာ . . . လက်တန်းကိုင်ထား ခေါ်လေး . . . ကျွန်တော် ချီချလိုက်မယ်ဗျာ"





"အားတွယ် . . . အေး . . . အေး"

မြင့်မိုရ်မေ ရင်ခုန်သံစဉ်နှုန်းတွေ မြင့်တက်လာသည်။ တများသနားမှ အဆင်ပြေရမည့် မိမိဘဝကို အားငယ်မှုန်းတီးမိသည်။

ခါးနှစ်ဖက်ဆီသို့ လက်နှစ်ဖက် ထိရောက်လာပြီး လေထဲ မြွေ့ကနဲ ပါသွားပြီး တစ်ခဏ ခြေထောက်နှင့်ကြမ်းပြင် ထိတွေ့မှု ရသွားသောအခါမှ ဟင်းကနဲ သက်ပြင်းချလိုက်မိသည်။

"ကျေးဇူးတင်ပါတယ် နှိန်းရယ်" ဟု ရင်ထဲ၌သာ ပြောကြားလိုက်မိသည်။ နောက် လက်ထဲ ရောက်လာသောတုတ်နှင့် ဆုပ်ကိုင်ထားသော နှိန်းလက်ကို အားပြုကာ ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့သည်။

"ခေါ်လေး"

"ရှိတယ် . . . ရှိတယ်၊ ခေါ်လေး ဘေးမှာ ပါပါတယ်"

"စိတ်ချပါ မမလေးရယ်။ ကျွန်တော် ခင်ဗျားကို ရောင်းမစားပါဘူး ရောင်းစားချင်ရင်တောင် တိုက်ကအော်ပြီ ဖြစ်နေပြီ"

"သွား . . . ဘာမှန်းလဲ မသိဘူး"

"သွားနေတာပဲပဲ ကားဆီကို"

ရှက်နေသော သူ့ကို ရယ်စရာလေးတွေနဲ့လည်း ဖြေသိမ့်မှုပေးတတ်ပါသော နှိန်းကို ရင်ထဲမှာ အသိအမှတ်ပြုပြီးရင်း ပြုံးနေမိသည်။

"ကိုင်း . . . ကားနား ရောက်ပါပြီ မမလေးလက်နဲ့ ထိုင်ခုံကိုစမ်း တင်ပလွဲ တင်ပြီး ခေါင်းလေးကိုတော့ ငုံ့ပြီး ဝင်ထိုင်လိုက်ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင်"

ရှိန်း၏စကားဟူသမျှတို့သည် သူ့အတွက် အသင်ပြေစေသည်။

"အိုကေတယ်နော်၊ ရော့. . . မမလေးရဲ့တောင်ဝှေး"

"ကျေးဇူးကမ္ဘာ"

"ကပ်စေးနည်းလိုက်တာ"

"ဟင်. . . ဘာဖြစ်လို့"

"မသကာ ကျေးဇူးစကြဝဠာဆို ပိုမကောင်းဘူးလားလို့"

"ဟုတ်ကဲ့ပါ ဆရာသမားရယ်၊ ကျေးဇူးစကြဝဠာပါရှင်"

"ဟုတ်ပြီ. . . ဒီလိုလိမ္မာမှပေါ့၊ ဒေါ်လေး. . . လိပ်စာလေး တဆိတ်လောက်"

"သစ်တောလမ်း အမှတ် ××× ပါ"

"တိုင်း. . . ကိုပေါရေ ကြားတယ်နော်၊ အဲဒီကို အရင်မောင်း"

"ဟုတ်ကဲ့ ဆရာလေး"

ကားကလေးက ငြိမ့်ကနဲ ထွက်လာသည်။ ဆလွန်းကားဟုတော့ သိသည်။ နောက်ကူရှင်ကို စမ်းကြည့်တော့ စူပါရှူသ် ဗင် အမျိုးအစားမှန်း သိလိုက်သည်။ မန္တလေးနှင့်ပြင်ဦးလွင် အတက်အဆင်းကို ဒီကားမျိုးတွေပဲ အသုံးပြုပြီး သွားလာနေကျ ဖြစ်ခဲ့သည်မို့ အလေ့အကျင့်အရ ယခုကားကိုလည်း စူပါရှူသ်ဟု သိရသည်။

သို့သော် လိုင်းကားမဟုတ်၊ ကူရှင်ဆိုဖာတွေ အိစက်နေပြီး ကားထဲ၌လည်း သံပုရာရနံ့မွှေးမွှေးလေး သင်းပျံ့နေသည်။ သူ့ဘေးမှာ ဒေါ်လေး ထိုင်နေကြောင်း သိရသည်။





"ဒေါ်လေးတို့ အလည်အပတ်သက်သက်ပဲလားခင်ဗျ"

"မဟုတ်ပါဘူးကွယ်. . . ဒေါ်လေးအစ်ကိုလေးကို ဟောဒီက မြင့်မိုရ်ရဲ့အစ်မ စန္ဒာလက်ထပ်မယ့်အကြောင်း အသိပေးရင်း ဘိတ်တာ၊ ဂါဝရ ပြုရတာပေါ့ကွယ်၊ အဖေဘက်က အမျိုးဆိုလို့ ဒီကိုလေးပဲ သက်ကြီးဝါကြီး ရှိတာ"

"ဒါဖြင့် ကြာမှာလား"

"သိပ်တော့ မကြာလောက်ဘူး၊ တစ်ပတ်လောက်ပေါ့၊ ဘုရားဖူး သွားရအောင်ကလည်း မိုမိုမှ မတွေ့ရတာ"

"သွားချင်ရင် ကျွန်တော်ပို့ပေးပါ့မယ်၊ ကျွန်တော်က အပန်းဖြေသက်သက် လာတာပါ"

မြင့်မိုရ်မေ ရင်ထဲ တစ်မျိုးဖြစ်သွားသည်။ ခြံသမားလည်း ပြောသေး။ အပန်းဖြေသက်သက် လာတာလည်း ပြောသေး၊ ဘယ်တား ယုံရမှာလဲဟု မေးလိုက်ချင်သော်လည်း မမေးတော့ပါ။

"ဒါကတော့ မိုမိုဆန္ဒအတိုင်းပဲပေါ့၊ အစ်ကိုလေးရဲ့ဆန္ဒက ဘယ်လိုရှိသလဲလည်း မသိရသေးဘူး"

"ဒေါ်လေးအစ်ကိုက"

"အငြိမ်းစား သစ်တောအရာရှိ ဦးအောင်မေပါ၊ မိုမိုအဖေ အစ်ကိုကြီးဆုံး ဦးမေအောင်တဲ့၊ မိုမိုမိဘတွေက မိုမို ရှစ်တန်းနှစ်ပဲ ကားအက်ဆီဒင့်နဲ့ ကွယ်လွန်သွားကြတာ၊ ဒါကြောင့် ဒေါ်လေးပဲ မိုမိုတို့ညီအစ်မကို စောင့်ရှောက်နေခဲ့ရတာ"

"ဪ. . . ဖြစ်မှဖြစ်ရလေတယ်၊ ဒေါ်လေးတူမက မွေးပါ မျက်မမြင်တော့ မဟုတ်ပါဘူးနော်"

သိချင်ရင် တိုက်ရိုက်မေးတာ မဟုတ်ဘူးဟု မြင့်မိုရ်မေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ရေရွတ်လိုက်သည်။ နားကတော့ စွင့်လျက်သားပင်။

"မိုမို ဒုတိယနှစ်ဓါတုနဲ့ ကျောင်းတက်တုန်း လက်တွေ့ခန်း ပေါက်ကွဲမှုမှာ မိုမို မျက်စိထိခိုက်သွားတယ်"

"ဪ. . . ဟုတ်ကဲ့၊ ကျွန်တော် ကြားဖူးလိုက်တယ်၊ ချ ချင်း မခွဲစိတ်လိုက်ဘူးလား"

"ဪ. . . လူလေးရယ်၊ ဒေါ်လေးတို့မှာ အဲဒီလော ချမ်းသာရင် ချက်ချင်းပဲ နိုင်ငံခြား သွားခွဲလိုက်မှာပေါ့ကွယ်၊ ပြင်ဦး လွင်မှာ အစ်ကိုကြီး ထားခဲ့ပေးတဲ့ မြေနဲ့အိမ်ကလွဲရင် ဘာမှ ရှိတ မဟုတ်ဘူး၊ စန္ဒာက ဂိုက်ဒ်လုပ်၊ သိုးမွေးထိုး၊ ဒေါ်လေးနဲ့ မိုမိုလည်း သိုးမွေးထိုးရင်း သမုဒ္ဒရာ ဝမ်းသုံးထွာအတွက် ဖြေရှင်းရင်း မို မျက်စိခွဲဖို့ကိုလည်း ငွေစုခဲ့တာပေါ့။ မျက်ကြည်လွှာဘဏ်မှာတော့ စာရင်းပေးထားပါတယ်၊ မိုမိုက မျက်ကြည်လွှာ အစားထိုးရုံပဲ ရှိတ ပါ"

"ဒီလိုနဲ့ ဘယ်နှစ်နှစ်ကြာခဲ့ပြီလဲ"

"ရှစ်နှစ်တော့ ကြာခဲ့ပါပြီ"

ရှိန်းထံမှ သက်ပြင်းချသံကို ကြားလိုက်ရသည်။ နောက်. .

"ကျွန်တော့်ကို တလွဲမထင်ဘူးဆိုရင် ကျွန်တော်ကူညီနိုင် တယ်၊ လိုအပ်တဲ့ငွေကို အတိုးမဲ့ ချေးတာဖြစ်ဖြစ်ပေါ့ ဒေါ်လေးရယ်"

မြင့်မိုရ်မေ မာနလေး ခေါင်းပြူထသွားသည်။

"ကျွန်မတို့ သဲသရာကြွေးကို ကြောက်တယ်၊ ကိုယ့်ဝန် ကိုယ်တိုင်ပဲ ထမ်းရွက်ချင်ပါတယ် ဘော့စ်ရယ်၊ ဘော့စ်မှာ ငွေ မှန်း သိပါတယ်"

"ဟာ. . . ဘယ်လိုပြောလိုက်တာလဲ မမလေးရယ်၊ ကျွ





တော်က စေတနာနဲ့ပါ"

"စေတနာတွေ ဒီလောက်ပေါနေရင် မျက်မမြင်ကျောင်းတို့ မိဘမဲ့တို့ ဘိုးဘွားရိပ်သာတို့မှာ သွားလှူလိုက်ပါလား"

"ဟဲ့. . . သမီး ဘယ်နှယ်ပြောနေတာတုန်း"

"ကျွန်မရုပ်က သနားစရာပုံ ပေါက်နေလို့လားဟင်၊ မမြင် ရမယ့် လက်နှစ်ဖက် ခြေနှစ်ဖက် ရှိပါသေးတယ်၊ ကျွန်မကို သနား တဲ့ရုပ်နဲ့ ကြည့်တာ လုံးဝမကြိုက်ဘူး၊ သူများပေးကမ်းမှ ဘဝ ပြောင်းလဲရမှာကိုလည်း မလိုလားဘူး"

မြင့်မိုရ်မေ ရင်ထဲ ဘာကြောင့်ရယ်မသိ။ ပေါက်ကွဲမှုသံစဉ် တွေ လွင့်ပျံ့သွားလေသည်။

သေန်ပေမယ့် စွမ်းကြောင်း ပြချင်သေးသည်။

သို့သော် လောလောဆယ်တွင်တော့ ရှိန်း၏အကူအညီကို သူ ရယူနေသည်။

"ဟာ. . မမလေးကလည်း ဇွတ်တင်းနေပြန်ပါပြီ၊ ကျွန်တော် စကားမှားသွားရင် တောင်းပန်ပါတယ်၊ မမလေးရဲ့ကံကြမ္မာကြားထဲ ကျွန်တော် ဝင်မပါတော့ပါဘူး၊ ဒါဆို ကျေနပ်ပါတယ်နော်"

"ဆောရီး ရှိန်း၊ ကျွန်မ အနာပေါ် တုတ်ကျသလို ဖြစ်သွားမိ တယ်၊ ရှိန်း စေတနာကို စော်ကားမိသလို ဖြစ်သွားရင် တောင်းပန် ပါတယ်"

မြင့်မိုရ်မေ ရုတ်တရက် စိတ်ကို ထိန်းပြီး ပြန်တောင်းပန် လိုက်သည်။ ရှိန်းထံမှ ခြောက်ကပ်သော ရယ်သံနှင့်အတူ. . .

"ဟတ်ဟာဟာ. . . ရပါတယ် မမလေးရာ မလိမ်မိုး လိမ်မာလေး တခါတရံ မိုက်မှားမိတာပဲ၊ သဘောထားကြီးပေးရ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ခင်ဗျာ"

"ဟွန်း. . . စီးပိုးလိုက်တာ"

ဒေါ်နွယ်နီမေက လူငယ်နှစ်ယောက်ကြား ဘာမှဝင်မပြောတော့ဘဲ ရယ်မောနေလိုက်သည်။


တူမလေးက မျက်စိမမြင်တာ တစ်ခုပဲ ရှိသည်။ မျက်နှာက မှန်နေအောင် ချောသလို ကိုယ်လုံးကိုယ်ထည်ကလည်း လှယဉ်ကျေးမယ် ရှုံးလောက်သည်။ အသားအရည် ဝင်းနှစ်မှုက ဘာသနပ်ခါးနံ့သာ၊ မိတ်ကပ်မှ လိမ်းစရာ မလိုအောင် လှပလေသည်။

ပြစ်မျိုးမဲ့မထင်အောင် လှသော တူမလေးကို ကံကြမ္မာက အညိုးကြီးကြီးနှင့် ဒဏ်ခတ်လိုက်တာက ပြင်းထန်လွန်းလှသည်။

အတိတ်ဘဝအကြောင်း မကောင်းခဲ့လို့ပဲပေါ့ဟုသာ မှတ်ယူခဲ့ကြလေသည်။ ဒေါ်နွယ်နီမေ သက်ပြင်းချလိုက်မိလေသည်။







# အခန်း(၈)

ဦးအောင်မေက သစ်တောဌာနမှ အငြိမ်းစားယူပြီးနောက်ဘုရားလှူကြီး လုပ်ကာ နေ့စဉ်ဘုရားသွား ကျောင်းတက်နှင့် ပင်စင်စား ဘဝကို အေးဆေးစွာနှင့် အကျိုးရှိရှိ ဖြတ်သန်းနေလေသည်။

သားသမီး(၃)ယောက် ရှိသည့်အနက် အငယ်ဆုံးသမီးသာ အိမ်ထောင်ကျပြီး သျှောင်နောက် ဆံထုံးပါသွားသည်။ သမီးကြီးအပျိုကြီးနှစ်ယောက်အနက် အငယ်က ကျောင်းဆရာမဖြစ်ပြီး အကြီးက သိုးမွေးစက်ထိုးလုပ်ငန်းနှင့် အိမ်တွင်းစီးပွားရေးကို အုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်နေသည်မို့ အိမ်တွင် အစ်မကြီး မချယ်ရီမေသာ ရှိသည်။

"ဟော. . . ကိုရွှေညွှန့်သည် လာပြီ မိုမိုရေ၊ လာ. . . ကိုဇည့်သည် ထိုင်ပါဦး"

မချယ်ရီမေက ဧည့်ခန်းဝမှနေ၍ "ရှိန်း" ကို ကြိုဆိုလိုက်သည်။ ဧည့်ခန်းထောင့် တစ်နေရာ ကြိမ်ခုံလေးတွင် ထိုင်ကာ သီးမွှေးထိုးနေသော မြင့်မိုရ်မေကိုလည်း အသံပေးလိုက်သည်။

"မိုမို ဘယ်သွားချင်သလဲ၊ လိုက်ပို့ပေးမလားလို့ ကျွန်တော် ဒီနေ့ အားတာနဲ့ တမင်ထွက်လာတာ"

လောကကြီးကို မြင်ခွင့်မရသော မြင့်မိုရ်မေအတွက် တောင်ကြီးမြို့၏အထင်ကရနေရာတွေကော ဘာသွားလုပ်ရမည်နည်း။ တွဲခေါ် ရမည့်လူကိုလည်း ဒုက္ခပေးရာ ရောက်ရုံသာ ရှိသည်ပေ့ါ။

"နေပါစေတော့ ရှိန်းရယ်၊ ဒေါ်လေးကိုသာ ဘုရားဖူး လိုက်ပို့ပေးလိုက်ပါ"

"အံမယ်တော်. . . ကျုပ်ကို နန္ဒာက ဆိုင်ကယ်တစ်စီးနဲ့ လိုက်ပို့ပေးလို့ နှံ့နေပြီ"

မချယ်ရီမေနှင့် အထက်အောက် အစ်မလတ်က ဆရာမ နန္ဒာမေ ဖြစ်သည်။

အားလုံးက ရှိန်းနှင့် ရင်းနှီးနေပြီဖြစ်သည်။

"မမလေး ဆန္ဒမရှိရင်လည်း ဘယ်မှမပို့ပါဘူး၊ ဒါပေမယ့် လေညင်းခံသွားချင်ရင် မြစိမ်းတောင်ဘုရားကို ပို့ပေးမယ်လေ၊ လူလည်း ရှင်းတယ်"

အမှောင်ထုကိုသာ မြင်နေရသော မြင့်မိုရ်မေအတွက် ပတ်ဝန်းကျင် အလှတရားတို့ကို ခံစားခွင့်မှ မရရှိလေဘဲ။ တစ်ဖက်





သားကို ဒုက္ခမပေးချင်။

"ခေါ်သွား. . ခေါ်သွား. . တစ်နေ့လုံး သီးမွှေးပဲ ထိုင်ထိုးနေလို့ ချိသွားလိမ့်မယ်၊ ဒေါ်လေးပါ လိုက်သွားလိုက်လေ၊ မြစိမ်းတောင်တော့ မရောက်သေးဘူးမလား"

မချယ်ရီမေက တွန်းပို့နေသည်။ ဒေါ်နွယ်နီမေလည်း တူမလေး မြင့်မိုရ်မေကို သနားသဖြင့်. . .

"အေး. . အေး. . သွားကြတာပေ့ါ၊ ညည်းပါ လိုက်ခဲ့ပါသား ချယ်ရီ"

"အိမ်စောင့်ရဦးမယ်လေ ဒေါ်လေးရယ်"

သို့နှင့် ဒေါ်နွယ်နီမေတို့ တူဝရီး ရှိန်းယူ[illegible]သော ကားလေးပေါ် လိုက်ပါလာသည်။

"ဟိုနေ့ကကား မဟုတ်ပါလား"

"ဟုတ်ကဲ့. . . အသိကား ဆွဲလာတာပါ"

မြင့်မိုရ်မေ မျက်စိနှင့် မမြင်ရသဖြင့် ဘာကားမှန်းတော့ သိ။ ကားသည် ဆိုဖာများက အိစက်ညက်ညောပြီး မွှေးရနံ့လေးတွေ သင်းထုံလျက်ရှိသည်။ စီးရသည်မှာလည်း ငြိမ့်ညောင်းလှသည်။

"လူလေးအိမ်ကတော့ ဘယ်နားမှာလဲ"

"ကျွန်တော့်အိမ်က ရန်ကုန်မှာပါ၊ ဒီမှာက ဦးလေးအိမ် ုလ်ချုပ်လမ်းမှာပါ"

"ဪ. . . ပြောတော့ လူလေးက ဒီမှာ ဥယျာဉ်ခြံ လုပ် ယ်ဆို"

ရှိန်းထံမှ ရယ်သံသဲ့သဲ့ ထွက်လာပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ဒီမှာလည်း ဥယျာဉ်ခြံတွေ ရှိတယ်၊ ရန်ကုန် မှာက ပွဲရုံရှိတယ်၊ ကျွန်တော်နဲ့ဦးလေးက လုပ်ငန်းတွေကို ဒီလို ဖြန့်ခွဲထားပြီး သွားလိုက်လာလိုက်နဲ့ အုပ်ချုပ်ပြီး နေကြတာ"

"မိဘတွေကကောကွယ်"

"မရှိကြတော့ပါဘူး. . . ဦးလေးနဲ့ပဲ နေပါတယ်"

"သြော်. . . ဖြစ်ရလေကွယ်"

မြင့်မိုရ်မေ ရင်ထဲ ဂရုဏာမိုး စွေသွားရသည်။ ဘဝတူတွေ ပါလားဟုလည်း စာနာစိတ်ကပါ ရှိရင်းစွဲ သံယောဇဉ်အပေါ် ထပ် ဆင့်သွားရလေသည်။

ဒေါ်နွယ်နီမေ ထပ်မမေးတော့။ မကောင်းတတ်ဘူးလေ ပြောချင်မှန်းမသိ၊ မပြောချင်မှန်းမသိ။ စပ်စုရာကျလွန်းမည်။

"ဒေါ်လေးတို့ ဘယ်လောက်ကြာကြာ နေဦးမှာလဲ"

"မကြာပါဘူး. . . သုံးလေးရက် နေပြီးရင် ပြန်တော့မှာ ကိုလေးက သွားလာရ ဒုက္ခရောက်တယ်တဲ့၊ ဟဲဟိုးကနေ လေယာဉ်နဲ့ ပြန်ပါတဲ့၊ လက်မှတ်ဝယ်ပေးမယ်"

"ဒေါ်လေးတို့က ဘယ်ကိုပြန်မှာလဲခင်ဗျာ"

"ရန်ကုန်ကိုကွယ့်. . . မင်္ဂလာဆောင်တ ရန်ကုန်မှာ လုပ် မှာ၊ စန္ဒာမေ ကောင်လေးက ရန်ကုန်သား၊ စန္ဒာမေကလည်း ရန် ကုန်မှာပဲ ကျောင်းတက်ခဲ့တာဆိုတော့ သူတို့မိတ်တွေက ရန်ကုန်မှာ များတော့ ရန်ကုန်မှာ လုပ်မယ်၊ ပြီးမှ ပြင်ဦးလွင်မှာ ဆွမ်းကျွေးမယ် ပြီးရင် စန္ဒာမေတို့လင်မယားက ပြင်ဦးလွင်မှာပဲ ဘော်ဒါဆောင် ထောင်မယ်၊ စန္ဒာမေကောင်လေး မိဘတွေက တက္ကသိုလ်ဆရာ ဆရာမ မျိုးရိုးလေကွယ်၊ ကောင်လေးကလည်း ဆရာအလုပ်ကို





ဝါသနာပါတယ်၊ တက္ကသိုလ်နည်းပြကနေ ထွက်ပြီးလုပ်မှာ"

"ဒေါ်လေးကလည်းနော်. . . တစ်ဖက်က နားထောင်ချင် သလားမသိ၊ မထောင်ချင်မှန်းမသိ ရိုက်မစစ်ရဘဲ ပြောနေတော့ တာပဲ"

မြင့်မိုရ်မေက ကြားမှ မနေသာဘဲ အဒေါ်ဖြစ်သူကို ဝင် ဟန့်လိုက်သည်။

"နားထောင်ချင်ပါတယ်ဗျာ. . . စိတ်ဝင်စားလို့ ငြိမ်ပြီး နား ထောင်နေတာကို ကြားက မလိုတမာနဲ့ အဖျက်သမား မလုပ်ပါနဲ့၊ ဒေါ်လေး ဆက်ပြောလေ"

"ပြောစရာမရှိတော့ဘူး. . . ဒါပဲလေ"

"ဟာဗျာ. . . ကုန်ပြီလား၊ ကျွန်တော်က မသိပါဘူး၊ မြင့်မိုရ်မေ မင်္ဂလာဆောင်အကြောင်းပါ ဆက်ပြောမှာလားလို့"

"သွား. . . ကြံကြံဖန်ဖန်၊ ကျွန်မကို ဘယ်အရူးက ယူမှာလဲ လို့"

"ရှိလာမှာပေါ့ဗျာ"

ဟု ရှိန်းက လေသံပျော့လေးနှင့် ပြောလိုက်သည်။ ကြားထဲ မှ ဒေါ်နွယ်နီမေ ပင့်သက်ချလိုက်မိသည်။ တူမတွေထဲမှာ မြင့်မိုရ်မေ သည် အချောဆုံးဖြစ်သည်။ ဆယ်ကျော်သက်အရွယ်တုန်းကဖြင့် မြင့်မိုရ်မေနောက်ကို ချစ်ခွင့်ပန်သူတွေက တတန်းတန်းလိုက်၊ တရစ် ဝဲဝဲလုပ်၊ ညစဉ် ပြင်ဦးလွင်ခြံအနီး ဂီတာသံတွေက မစဲခဲ့။

မြင့်မိုရ်မေ မျက်စိကွယ်သွားပြီးနောက်ပိုင်း သူတို့အိမ်ရှေ့ သည် ပုရစ်အော်သံ၊ ပုစဉ်းရင်ကွဲအော်သံ၊ ငှက်လေးတွေ၏တေးသံ သာတို့သာ ကြားရလေသည်။ ပုရိသတို့၏ ဖိုသံပေးမှု ဆိတ်သုဉ်း



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေသည်။

အင်းလေ. . . ဘယ်လောက်ချောချောလှလှ၊ မျက်မမြင်ဒုက္ခိတ တစ်ယောက်ရဲ့တာဝန်ဝတ္တရားကို ဘယ်သူက ရေရှည်ထမ်းဆောင်နိုင်မှာလဲ။

မျက်မမြင်ဖြစ်ပြီး စည်းစိမ်ချမ်းသာက တိုက်ကိုတက် ချမ်းသာနေလျှင် ထားတော့၊ ခြွေရံသင်းပင်းနှင့် ထားနိုင်သေးသည်ဆိုတာ စည်းစိမ်ကြောင့် လက်ထပ်ချင် လက်ထပ်ဦးမည်။

အင်းလေ. . . မေတ္တာစစ်နှင့်ဆိုပါက အချစ်မှာ မျက်စိမရှိလည်း လက်ထပ်နိုင်မည်ပေါ့။

ယခု ရှိန်းနှင့် ဆုံစည်းမှုကတော့ ဆန်းကြယ်သည်။ နဖူးစာရွာလည်လေရော့သလား။

ဒေါ်နွယ်နီမေ၏ရင်ထဲ တူမချော ဒုက္ခိတမလေးနှင့် ရှိန်းကို ကြိတ်၍သဘောတူနေလေသည်။

တူမလေး မျက်စိအမြန်ခွဲရပါစေဟုလည်း ဆုတောင်းမိလေသည်။

နောက်မှ မတောင်းကောင်းသောဆု ဖြစ်နေသည်ဟုတွက်ကာ တောင်းသောဆုကို ပြန်ရုပ်သိမ်းလိုက်ရသည်။

မျက်ကြည်လွှာ ရဖို့အတွက် မျက်ကြည်လွှာ အလှူရှင်တွေကို မြန်မြန်သေဖို့ ဆုတောင်းမိသလို ဖြစ်နေလေရော့သလား။

"ဖွဟဲ့. . . လွဲပါစေ. . . ဖယ်ပါစေ၊ မိုမို မျက်စိ နိုင်ငံခြားမှာ သွားခွဲဖို့ ငွေအမြန်ပြည့်ပါစေ"

ဟုသာ လွှဲပြောင်း ဆုတောင်းလိုက်လေသည်။

"ရောက်ပြီ. . . လှေကားထစ်လေးတော့ နည်းနည်းရှိတယ်၊





တက်မလား မမလေး"

"ရောက်မှတော့ တက်မှာပေါ့. . . ဘုရားရှိခိုးဦးမယ်"

"ဒေါ်လေး အေးအေးဆေးဆေးသာ ဘုရားဘာရှုံပြုပါ၊ ကျွန်တော် မြင့်မိုရ်မေကို ဂရုစိုက်လိုက်ပါ့မယ်"

"အေးပါကွယ်. . . သာဓု. . သာဓု. . သာဓုပါ၊ ငါ့တူကြီး ကျန်းမာချမ်းသာပါစေကွယ်"

ဒေါ်နွယ်နီမေက လှေကားထစ်လေးမှ ဘုရားရင်ပြင်ပေါ်သို့ ခပ်ဖြည်းဖြည်းပင် တက်သွားလေသည်။ မြင့်မိုရ်မေကို သူ စိတ်ချလက်ချပင် ထားခဲ့သည်။ ရှိန်းဆိုသောသူငယ်မှာ မိုမိုနှင့် ရွယ်တူပဲ ရှိလောက်သည်။ ရှိန်း ဘယ်လက်သူကြွယ်၌ စွပ်ထားသော ကျောက်စိမ်းကို စိန်ရံထားသည့် လက်စွပ်တစ်ကွင်း တန်ဖိုးပင် မနည်းလှကြောင်းနှင့် လတ်ဖျားခြေဖျားတို့မှာ ဖွေးဥပြီး အသာမာပင် မရှိဆိုတော့ သူဌေးတို့၏ကြွန်အင်လက္ခဏာမျိုး ဖြစ်နေသည်။

ဒေါ်နွယ်နီမေတို့က အရာရှိ ဝန်ထမ်းမျိုးရိုးမှ ဆင်းသက်လာသူတွေ ဖြစ်ကြသည်မို့ အထက်တန်းလွှာအကြောင်းကော အောက်ခြေလူတန်းစားအကြောင်းပါ သိသူတွေဖြစ်သည်၊

ဒါကြောင့် ရှိန်းနှင့်တူမကို ယုံကြည်စိတ်ချစွာဖြင့် မျက်နှာလွှဲထားရခြင်းဖြစ်သည်။

ဘုရားရင်ပြင်တော် ရောက်တော့မှ နောက်သို့ လှမ်းကြည့်လိုက်သည်။ လက်ချင်းတွဲပြီး တက်လာသော လိုက်ဖက်ညီသည့် အတွဲကို တွေ့မြင်လိုက်ရတော့မှ ဘဝင်ကျသွားလေသည်။

ရေးကံအကြောင်းမလှ၍ မျက်မမြင် ဖြစ်နေရှာပေမယ့် တူမအချောအလှလေးအတွက် ရှိန်းကဲ့သို့သော လူချောလေးနှင့်သာ



www.burmeseclassic.com


www.burmeseclassic.com



လိုက်ဖက်ညီသည်။ သူတို့နှစ်ဦး ချစ်သူစုံတွဲလေး ဖြစ်သွားကြဖို့ကို ဒေါ်နွယ်နီမေ ဆုတောင်းမိလိုက်လေသည်။







# အခန်း(၉)

"ဒီနေရာက ရပ်ကြည့်ရင် တောင်ကြီးတစ်မြို့လုံးကို တွေ့ရတယ် မမလေး၊ တစ်မြို့လုံးကို အပေါ်စီးကနေ ကြည့်နိုင်တဲ့နေရာပေါ့"

"ဟုတ်လား. . . လှမှာပဲနော်"

"လှတာပေါ့. . . ဒါပေမယ့် မြို့အလှလည်း မှေးမှိန်သွားပါပြီ"

"ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မမလေးက ပိုလှနေတာကိုး"

"အို"

ရှိန်းက သူ၏တယ်လီဖုန်းနှင့် မြင့်မိုရ်မေ ဓါတ်ပုံများတို့ စိတ်တိုင်းကျ ရိုက်ခဲ့လေသည်။ မြင့်မိုရ်မေကတော့ ဘာမှမသိ။

"တောင်ပေါ်လေမို့လို့လား မသိဘူး၊ အေးပြီး လတ်ဆတ်လိုက်တာ၊ တောပန်းရနံ့လေးတွေကလည်း ပါလာသေးတယ်"

"မမလေး. . . တောင်ကြီးကို ခုမှ ရောက်ဖူးတာလား"

"ငယ်ငယ် ကလေးဘဝ ရှစ်နှစ် ကိုးနှစ်လောက်က ထင်တယ်၊ တစ်ခါရောက်ဖူးတယ်၊ အင်းလေး၊ ပင်းတယဘုရား သွားတာတို့ကို မှတ်မိတယ်"

"အင်း. . . အခု အစစအရာရာ တိုးတက်ပြောင်းလဲနေပြီ မမလေးကို လိုက်ပြချင်လိုက်တာဗျာ. . . တကယ်ပါ"

"ရှိန်းစေတနာကို ယုံကြည်ပါတယ်၊ ဒါပေမယ့် အကျိုးဆော့ အကန်းမော့ မဖြစ်ပါရစေနဲ့"

ရှိန်းရင်ထဲ နင့်ကနဲ ဖြစ်သွားသည်။ ထို့ကြောင့် စကားကို လွှဲပြောင်းလိုက်သည်။

"မမလေးတို့ ဘယ်တော့ ပြင်ဦးလွင်ကို ပြန်မှာလဲ"

မြင့်မိုရ်မေ ရှုတ်တရက် ပြန်စဉ်းစားလိုက်မိသည်။ သူတို့အိမ် ပြင်ဦးလွင်မှာ ရှိတယ်လို့ ပြောမိခဲ့သလား။ ပြင်ဦးလွင်ဇာတိဟုတော့ ပြောခဲ့သည်ကို အမှတ်ရလိုက်မိသည်။

"မစံ မင်္ဂလာကိစ္စပြီးရင် ဒေါ်လေးနဲ့ ကျွန်မက ပြန်နှင့်မယ်၊ ပြီးမှ မစံတို့လင်မယားက တစ်ခါတည်း အပြီးလိုက်ပြောင်းပြီး ပြင်ဦးလွင်မှာ အခြေချကြမယ်"





"ဘယ်တော့လောက် ခန့်မှန်းသလဲ"

"ဘာကိုလဲဟင်"

"မမလေးတို့ ပြင်ဦးလွင် ပြန်မယ့်ရက်ကို"

"ဘာလုပ်မလို့လဲ ရှိန်းက"

"လိုက်တွေ့မလို့ပေါ့"

"ဟင်. . . ဘာလုပ်ဖို့ လိုက်တွေ့မှာလဲ"

"ဒီကောင်က ခင်တတ်တယ်ခင်ဗျ၊ ဒါကြောင့် အားတဲ့ရက်တွေမှာ သူငယ်ချင်းမိတ်ဆွေတွေ ရှိရာ လိုက်တွေ့တတ်တယ်၊ ဘာလဲ. . . မမလေးက ဒီကောင့်ကို မခင်ဘူးလား"

"အို. . . ခင်ပါသကော ရှိန်းရယ်၊ ပြီးတော့ ကျေးဇူးလည်း တင်တယ်၊ ရှိန်းကို မမြင်ဖူးပေမယ့် ကျွန်မ ရှိန်းကို အရမ်းခင်နေပါပြီ"

မြင့်မိုရ်မေ ပွင့်လင်းစွာပင် ဝန်ခံလိုက်လေသည်။ ရှိန်းထံမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရသည်။ နောက်မှ. . .

"မမလေးဆီက အခုလို ကြားလိုက်ရတာ ဝမ်းသာပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော့်လိုလူမျိုးကို တွေ့တုန်း ခင်လိုက်၊ ပြီးရင် မေ့မေ့ပျောက်ပျောက်သာ ထားလိုက်ပါဗျာ၊ အစွဲအလမ်း မထားနဲ့ မမလေး"

"ဟင်. . . ရှိန်းစကားက ဘာစကားကြီးလဲ"

"မသိဘူးခင်ဗျ. . . သူ့ဘာသာ ပါးစပ်ထဲက ထွက်လာတာပဲ၊ ဆက်ပြောရဦးမယ်. . . အစွဲအလမ်းဆိုတာ စိတ်ကို ဒုက္ခပေးတတ်တယ်ဗျ၊ စိတ်နှလုံးကို ဗုန်းဗုန်းချုံးချုံးကျသွားအောင် ဘူဟု ပြုစားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်မေ လက်ခံပါသည်။ အမှောင့်ကမ္ဘာထဲမှာသာ နေရသော သူ့အတွက် အပေါင်းအဖော်ကို သိပ်ခင်တွယ်တတ်သည်။ ရှိန်းထံမှ စကားတွေ ကြားရတော့ ရင်မှာ ထိရှသွားသည်။ သူ့အပေါ် အရမ်းကောင်းသော ရှိန်းကို အရမ်းတွယ်တာစွဲလမ်းနေပြီမို့. . .

"ကိစ္စမရှိပါဘူး ရှိန်း၊ ရှိန်းကို ခင်တွယ်မိတဲ့ အစွဲအလမ်းကြောင့် ကျွန်မစိတ် ဗုန်းဗုန်းကျချုံ မကဘူး၊ လူပါ ဗုန်းဗုန်းကျသွားလဲ ခင်တွယ်နေမှာပဲ၊ ရှိန်းကို ကျွန်မ အရမ်းတွေ့ချင်နေပြီ"

မြင့်မိုရ်မေ၏ပြင်းပြသောဆန္ဒကို ထုတ်ဖော်မိသည်။

"ကျွန်တော်ကလည်း မမလေးကို မျက်မမြင် ဒုက္ခိတ ဘဝက အရမ်းကို လွတ်မြောက်စေချင်တဲ့ဆန္ဒ ရှိပါတယ်ဗျာ၊ ကျွန်တော် အကူအညီပေးရင် မမလေးတို့က လက်ခံမှာလား"

"ငွေရေးကြေးရေးအကူအညီဆိုရင် သူစိမ်းတစ်ယောက်ဆီက မယူဘူးလို့ ဆုံးဖြတ်ထားတယ်"

မြင့်မိုရ်မေ နိုင်မာစွာ ပြောလိုက်သည်။

ရှိန်းက စိတ်မကောင်းစွာဖြင့်. . .

"ကျွန်တော့်ကို သူစိမ်းလို့ သဘောထားတယ်လားဗျာ"

"ဟင်. . . ဒါဖြင့် ဘယ်လိုသဘောထားရမှာလဲ"

"သူကျက်လို့"

မြင့်မိုရ်မေ ရယ်လိုက်သည်။

ရှိန်း ငေးကြည့်နေမိသည်။

ညီညာဖြူဖွေးသော သွားစွယ်တန်းလေးနှင့် ဝင်းပမှု မျက်နှာလေးကို ငေးကြည့်ရင်း ငြိမ်သက်နေသည့် မျက်ဝန်းအစုံက အလှ





တ်သရေကို ဖျက်ဆီးပစ်နေလေသည်။

ဒီမိန်းကလေး မျက်စိပြန်မြင်ဖို့အတွက် သူ ဘာပဲ ပေးဆပ်ပေးဆပ်ရ ပေးဆပ်ချင်သည့်ဆန္ဒက ပြင်းပြစွာ ဖြစ်ပေါ်လျက်သည်။

သို့သော် သူ့အခြေအနေက သားရဲတွင်း ချောက်ကမ်းပါးမှ ကြိုးတန်းတွင် လမ်းလျှောက်နေရသောသူမမာမို့ ဘာကိုမှနှုတ်ရှိတိုင်း မလှုပ်ရှားရဲသေးချေ။

"ဟော. . . ဒေါ်လေးတောင် ဘုရားရှိခိုးပြီးသွားပြီ၊ သွားရအောင်. . . နေ့လည်စာ ထမင်းလိုက်ကျွေးမယ်"

"ဟင့်အင်း. . . အိမ်မှာပဲ ပြန်စားမယ်"

"မစားပါနဲ့ဗျာ. . . ကျွန်တော်ကျွေးချင်လို့ပါ၊ မမလေးကိုဆိုးမစူးအောင် တာဝန်ယူပေးပါ့မယ်"

"မဟုတ်တာ. . . ကျေးဇူးတွေ တောင်လို ပုံလာရင် ဆပ်ဖို့တ်သွားမှာပေါ့"

"စေတနာမေတ္တာကို စေတနာမေတ္တာနဲ့ပဲ ဆပ်ရင် ရပါယ်ဗျာ"

ဒေါ်လေးဒေါ်နွယ်နီမေ အနားရောက်လာပြီး တောင်ကြီးရှုခင်းကို ကြည့်ရင်း. . .

"ဩော်. . . မြို့မြင်ကွင်းတွေအားလုံးလိုလို တစ်နှစ်နဲ့စ်နှစ် မတူဘူး၊ အများကြီး ပြောင်းလဲတိုးတက်လာကြတာချည်းပဲ"

"ဒေါ်လေး. . . မွေတော်ကတ္တူ ရောက်ပြီးပြီလား"

"ဟင့်အင်း"

"ဒါဖြင့် ကျွန်တော် လိုက်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ရပါတယ်ကွယ်. . . မိုမိုအတွက် မင်းအပန်းကြီးပါတယ်”

“မိုမိုက လိမ္မာပါတယ်၊ ပြောစကား နားထောင်တဲ့ ကလေး လေးလိုမို့လို့ ကျွန်တော့်အတွက် အပန်းမကြီးပါဘူး၊ ဒေါ်လေး သွား မယ်နော်”

“လူလေး သဘောပါကွယ်”

မြင့်မိုရ်မေ ပျော်ရွှင်သွားသည်။ ရှိန်းအနားမှာ တစ်စက္က လေးပဲ ပိုနေခွင့် ရလျှင်လည်း သူ ကျေနပ်ပျော်ရွှင်နေမှာပါ။

မမြင်ပေမယ့် ကြားနေရသည်။ ကြားရသည့် ရှိန်း၏အသံ ကို အေးချမ်းစေသည်ဟု ခံစားနေရသောကြောင့်ဖြစ်သည်။

ဘုရားရေ. . .


ဒါ လက်သာရာမို့ ကျေနပ်နေသော ကလေးတစ်ယောက် လိုလား။ ဒါမှမဟုတ် ချစ်ခင်စွဲလမ်းခြင်းသက်သက်ကြောင့်ပေလား

မြင့်မိုရ်မေ တွေးလိုက်သည်နှင့် နှလုံးသားတို့က တဒုတ် ဒုတ် မြည်ဟည်းသံ ကျယ်လောင်လာလေတော့သည်။

သဒ္ဒါရုံအပေါ် စွဲလမ်းမှုကလည်း ချစ်ခြင်းဖြစ်စေတတ် သလား။







## အခန်း(၁၀)

“မမလေး ခြေဖဝါးတော်နုနုတွေ နာနေမှာပေါ့၊ ဒီကနေပဲ ဘုရားရှိခိုး အာရုံပြုလိုက်ပါလား”

ရှိန်း၏စကားထဲတွင် စေတနာတွေ ဝင်ရောက်နေကြောင်း မြင့်မိုရ်မေ ခံစား၍ ရလေသည်။

မျက်မမြင်တစ်ယောက်၏တုတ်တစ်ချောင်း လုပ်ရတာ သည်း လွယ်မှ မလွယ်ကူလေဘဲမို့ သူ ရှိန်းစကားကို လက်ခံလိုက် သည်။

“ဟုတ်တယ်နော် ရှိန်း၊ ဒေါ်လေးတို့ပဲ လွတ်လွတ်လပ်လပ်



www.burmeseclassic.com

www.burmeseclassic.com

ဖူးကြပါစေ၊ ရှိန်းလည်း ဘုရားသွားဖူးလေ၊ ကျွန်မကို ထိုင်လို့ရတဲ့ နေရာတစ်ခုမှာသာ ထားပေးခဲ့ပါ”

“ရပါတယ် ညီမလေးရာ၊ တို့များ တွဲခေါ်သွားမယ်လေ”

ကျောင်းပိတ်ရက်မို့ မမနန္ဒာမေကော မမကြီးချယ်ရီမေတ ပါ ဘုရားဖူး လိုက်ခဲ့ကြသည်။

“အေးအေးဆေးဆေးပဲ သွားကြပါ၊ မချယ်နဲ့ မမကြီး ညီမ လေး နေခဲ့ပါ့မယ်”

“ဒါဖြင့်လည်း သွားပြီ၊ နေမပူခင် ဘုရားဖူးလိုက်ကြဦးမယ်၊ ရှိန်းရေ. . . အားလည်း နာတယ်၊ ကျေးဇူးလည်း တင်တယ်နော်၊ တို့တွေ ညီမလေးကို ဆက်လက်စောင့်ရှောက်ပေးပါဦး”

“စိတ်ချပါ. . . အစ်မတို့ညီမကို ခြင်တစ်ကောင်တောင် မနားစေရပါဘူး”

“ရှိန်းရယ်. . . ဒါ ရင်ထဲက လှိုက်လှိုက်လှဲလှဲ စေတနာ အရင်းခံတွေလားဟင်၊ ကျွန်မ ခံစားရတယ်၊ ဒါပေမယ့် ကျွန်မရင် ထဲက ခံစားချက်ကို ကျွန်မ လက်မခံချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်မလို မျက်မမြင်ဒုက္ခိတတစ်ယောက်ကို ရေရှည်လက်တွဲဖော် လုပ်သွားဖို့ဆိုတာ မလွယ်ကူတဲ့ကိစ္စပဲ၊ ရှိန်း ဘယ်တော့မှ ကျွန်မကို ချစ်ခွင့်ပန်မှာ မဟုတ်ပါဘူးဆိုတာ အလိုလို သိနေပါတယ်” ဟု မြင့်မိုရ်မေ ရင်ထဲက စကားတွေကို ဆိုနေမိလေသည်။

“မမလေး”

“ရှင်. . ရှိန်း”

“မမလေး ညာလက်ကို ကျွန်တော်ကိုင်မယ်နော်၊ ဟိုနားမှာ ညောင်ပိန္နဲပင်ကြီးတွေ ရှိတယ်၊ ဈေးဆိုင်တန်းရှည်ကြီးပေါ့၊ အဲဒီမှာ





တို့ဟူးကြော်တို့၊ အကြော်စုံတို့၊ အသုပ်စုံတို့ ရတယ်၊ တစ်ခုခု သွား စားရင်း ရေနွေးကြမ်း သောက်ရအောင်”

ရှိန်းမျက်နှာလေးကို မျက်တောင်မခတ်တမ်း ကြည့်ပြီး စကားတွေ ပြောချင်လိုက်တာ။ ဒီလိုအချိန်မျိုး ဘယ်တော့များမှ ကြုံခွင့်ရမလဲ။

မြင့်မိုရ်မေ ရင်နာစွာနှင့် ရှိန်း လက်တွဲနိုင်ရန် ညာလက်ကို ကမ်းပေးလိုက်သည်။ နုထွေးအိစက်သော အထိအတွေ့က သွေး ကြောများကို နွေးထွေးသွားစေသည်။

အလင်းရောင်က မျှော်လင့်ခြင်းတို့ကို ရှင်သန်စေသည်။

ရှိန်းက သူ့ကို ကားရှိရာသို့ ခေါ်ခဲ့ပြီးမှ ကားနှင့် မနီးမဝေး ရှိ ဆိုင်တန်းလေးသို့ ခေါ်သွားပုံရသည်။ ကားရပ်သည်နှင့် ရှိန်းက သူ့အား လက်တွဲခေါ်သည်။

ဆိုင်များဆီမှ ဖိတ်ခေါ်သံကို ကြားရသည်။ ရှိန်းက ကား နှင့် အနီးဆုံးဆိုင်တွင် ဝင်ထိုင်စေသည်။

“အကြော်စုံတစ်ပွဲ ထပ်ချပေးပါ၊ တို့ဟူးပြန်ကြော်ပေး”

ရှိန်းက သူ့ဆန္ဒကို မေးမနေ။ ဆိုင်မှာ ရှိသည့် အစားအစာ ကို မှာပုံရသည်။ အပင်ကြီးများကို ဖြတ်သန်းတိုးဝှေ့တိုက်ခတ်လာ သော တောင်ပေါ်လေးအေးရနံ့ကို ခံစားရင်း လွင့်ပြန့်လာသော အကြော်ရနံ့တို့ကပါ ကပ်ငြိပါလာသည်။

“မမလေး. . . ပါးစပ်ဟ”

“ဟင်”

မြင့်မိုရ်မေ ရင်ထဲ ဒိန်းကနဲ မြည်ဟည်းကာ အမည်မဖော် နိုင်သော ဝေဒနာတစ်ရပ် ငြိတွယ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ခွဲ့ကျွေးမယ်၊ အချဉ်ရည် တို့လိုက်မယ်နော်"

"နေပါစေ. . . ကျွန်မ မဆာပါဘူး၊ ရှိန်းပဲ စားပါ"

"အပျင်းပြေ စားတာပဲ. . . ဟဆို ဟလိုက်ပါဗျာ"

မြင့်မိုရ်မေမှာ ရှိန်းနှင့် ဖတ်သက်လာလျှင် ငြင်းဆန်နိုင်သောခွန်အား မရှိပါ။ သူ၏အမှောင်ကမ္ဘာထဲမှ ရှိန်း၏ သြဇာသံပါသောအသံနှင့် ယုယစွာ ဆုပ်ကိုင်လက်တွဲပေးတတ်သော ရှိန်း၏ အင်အားနှင့် ကြင်နာမှု ပါသော လက်တစ်စုံ ပျောက်ဆုံးသွားမှာလည်း စိုးရိမ်သည်။

နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။ အကယ်၍ ရှိန်းဆိုသောသူ သူ့ဘဝထဲက ကွယ်ပျောက်သွားလျှင်ဟူသောအတွေးက ရင်ကို စူးနစ်စွာ နာကျင်စေသည်။

အစကတည်းက သူ့ဘဝတွင် ရှိန်းဆိုသောသူ မပေါ်ပေါက်ခဲ့ပါက အကောင်းသားပါလား။

"မင်း သိပ်ခေါင်းမာတာပဲ"

နှုတ်ခမ်းသားကို ပူနွေးကျွတ်ရွသော အကြော်သားနှင့် ထိစပ်မှုကြောင့် ရှိန်းလက်ရှိရာသို့ မှန်းဆ၊ လက်ကို ဆုပ်ကိုင်ပြီး အကြော်ကို ရယူလိုက်သည်။

"လူကို ပျော့ညံ့အောင် မလုပ်နဲ့ ရှိန်း၊ ရှိန်းက ကျွန်မအနားမှာ အမြဲရှိနေနိုင်တာ မဟုတ်ဘူး၊ ကျွန်မရဲ့စွမ်းအားတွေ ပျောက်ဆုံးအောင် မလုပ်လိုက်ပါနဲ့"

ပြောရင်း ရှိန်းလက်ထဲမှ ရယူထားသော အကြော်ကို စားလိုက်သည်။ ကြွတ်ရွနေသော အကြော်လေးက စားကောင်းသည်။





"ပြီးရောဗျာ. . . ခင်ဗျားရှေ့တည့်တည့် ဘယ်ဘက်မှာ အချဉ်ရည်ပန်းကန်၊ အဲဒီနားမှာ ရေနွေးပန်းကန်ရှိတယ်"

အသံက မကျေမနပ်သံနှင့် ဆူအောင့်အောင့်ဖြစ်နေသည်။ ရှိန်းမျက်နှာ ဘယ်လိုဖြစ်နေသလဲ တွေ့ချင်လိုက်တာ။

နူးညံ့သော သြဇာသံအေးအေးရှိသော ရှိန်းသည် အသံနှင့် လိုက်ဖက်ညီသော လူချောလူဖြောင့်တစ်ယောက် ဖြစ်သည်ဟု ခါလေးနှင့်အစ်မတွေ ပြောပြချက်အရ သိနေပေမယ့် မြင်ဖူးချင်လိုက်တာ။

"အကြော်ချည်းပဲ မစားနဲ့. . . နင်ကုန်ဦးမယ်၊ ဒီမှာ ရေနွေးသောက်၊ ပူမှာစိုးလို့ မှုတ်ထားပြီးသား"

စေတနာ အရင်းခံနှင့် ယုယနေတာလား ရှိန်းရယ်။ ခါကြမ္မာကပဲ ဆန်းကြယ်လွန်းတာလား။ မြင့်မိုရ်မေ တွေးရပြီ။

မျက်မမြင်ဒုက္ခိတတစ်ယောက်ကို သနားကရုဏာသက်ခြင်းသက်သက်နှင့်တော့ ဒီမျှလောက်အထိ စေတနာတွေ ရေစီးကမ်းပြို မလိုက်နိုင်။ ဘယ်လိုအကြောင်းကံက ဖန်လာတာလဲ။

ရှိန်း မှုတ်ပေးထားသော ရေနွေး နွေးနွေးလေးကို မော့သောက်လိုက်ပြီး. . .

"ရှိန်း"

"အင်"

"ရှိန်းမှာ သူငယ်ချင်းအပေါင်းအသင်းတွေ မရှိဘူးလား"

"ဘာဖြစ်လို့ မေးတာလဲ"

"သိချင်လို့ပေါ့"

"ဘာဖြစ်လို့ သိချင်ရတာလဲ""



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . အပေါင်းအသင်း လုပ်စရာရှားလို့ ဒုက္ခိတကို အနစ်နာခံပြီး လာပေါင်းနေရတယ်လို့"

"ဟတ်ဟာ. . . ဒါတော့ အတိတ်ဘဝက မင်းဆီမှာ အကြွေးယူခဲ့ပြီး ပြန်မဆပ်ခဲ့လို့ ခုလို ဝဋ်ဒုက္ခ ခံနေရတာဖြစ်မှာပေါ့"

"ဟင်. . . ရှိန်းကလည်း"

မြင့်မိုရ်မေ ရင်ထဲ ထိရှသွားသည်။

"ဘာလို့ မျက်နှာပျက်သွားရတာလဲ၊ ကျုပ်က အလကား ပြောတာ၊ တကယ်တော့ မင်းက ယမင်းရုပ်ကလေးလို သိပ်လှတယ် ပြီးတော့ အနိုင်ယူရမှ ကျေနပ်တတ်တဲ့ ကျုပ်ကို တုန့်ပြန် မတိုက်ခ နိုင်ဘူးလေ၊ ဒါကြောင့်ပါ. . . ဟင်းဟင်း၊ ဒါလည်း မကျေနပ်ပြန်ဘူ လား"

မြင့်မိုရ်မေ ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သည်။

"ဘာဖြစ်ရပြန်ပြီလဲ"

"မဟုတ်ပါဘူး. . . ရှိန်းနဲ့ကျွန်မကြားမှာ တစ်ခုခု ကာဆီး နေတယ်၊ မမြင်နိုင်တဲ့အရာတစ်ခုက ပိန်းပိတ်မှောင်နေသလိုပဲ"

မြင့်မိုရ်မေစကားကို ရှိန်းက သူ့အမိပ္ပါယ်နှင့်သူ ထောက် လိုက်လေသည်။

"ဟုတ်တယ်. . . မင်းနဲ့ကျုပ်ကြားမှာ တကယ်ပဲ အမှော ထုတစ်ခု ပိန်းပိတ်နေအောင် ခြားနားထားတယ်၊ ဒါကြောင့် ဒီဘ မှာ မမလေးနဲ့ တွေ့ဆုံဖို့ကို မမျှော်လင့်တော့ပါဘူး နောက်ဘဝတွေ မှာပဲ အလင်းထဲမှာ ဆုံတွေ့ခွင့် ရပါစေလို့ပဲ ဆုတောင်းနေမိတယ်"

ဘာအဓိပ္ပါယ်လဲဟု တိတိပပ နားမလည်ချေ။ သို့သော်. .

"ဟင့်အင်း. . . ကျွန်မကတော့ ဒီဘဝမှာပဲ ကျွန်မမျက်





အမြင်အာရုံပြန်ရတာနဲ့ ရှိန်းကို အရင်ဆုံး တွေ့ခွင့်ရပါစေလို့ပဲ ဆုတောင်းနေမိတယ်"

"မမလေးရယ်. . . ကျုပ်လည်း အဲဒီလိုဆန္ဒ ရှိတာပေါ့ဗျာ၊ ဒါပေမယ့် ဒီဘဝတော့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး ထင်ပါတယ်"

"ဘာဖြစ်လို့လဲ ရှိန်းရယ်၊ ရှိန်းမှာ အိမ်သူရှိနေလို့ ရှိန်း အိမ်သူ ခွင့်မပြုမှာစိုးလို့များလား" ဟု ရင်နာစွာနှင့် တွေးမိလေ သည်။

ရင်မှာ နာကျင်မှုနှင့်အတူ ပြင်းထန်သော အာသီသ တစ်ခု က နက်ရှိုင်းစွာ ဖြစ်ထွန်းသွားခဲ့လေသည်။


ထိုအာသီသမှာ "ကြင်နာတတ်သောရှိန်း၏ အပြုံးမျက်နှာ လေးကို မြင်ခွင့်ရချင်မိခြင်း" ဖြစ်ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"ပဲဟိုး" လေဆိပ်တဲ့။

နိုင်ငံခြားဘာသာရပ် စကားအမျိုးမျိုးကို ကြားနေရသည်ကို မြင့်မိုရ်မေ နားစွင့်နေမိသည်။

"ကိုးရစ်ဖင်တွေ များတာယ်လေ။ အင်းလေ။ ပင်းတာယ ခရီးစဉ်ကို မြန်မာပြည်ရောက်ရင် ပုဂံဘုရားနည်းတူပဲ အရောက်လာကြတာမို့ ဟဲဟိုးလေဆိပ်မှာ သူတို့တွေကို မွှင့်လင်းရောအဲဆို အမြဲပြည့်နေအောင် တွေ့ရတယ်"

နိမ်းက မြင့်မိုရ်မေ၏နားစွင့်နေမှုကို ရိပ်မိဟန်ရှိပြီး ရှင်းပြ



လိုက်သည်။

နိမ်းကပါ သူလည်း ရန်ကုန်သွားစရာ ကိစ္စရှိတယ်ဟု ဆိုကာ မြင့်မိုရ်မေတို့ တူဝရီးအတွက် ခရီးကြို တစ်ခါတည်း ရန်ကုန်တည်းမည့်အိမ်အထိ အရောက်ပို့ပေးပါမည်ဟု လေးလေး ဦးအောင်မေထံ ခွင့်ပန်ပြီး တာဝန်လွှဲပြောင်းယူခဲ့လေသည်။

လေးလေးဦးအောင်မေနှင့် မမကြီးတို့ကတော့ စန္ဒာမေ မင်္ဂလာပွဲကို တစ်ရက်အလို ရောက်အောင်လာမည်ဟု ကတိပေးလိုက်လေသည်မို့ ဒေါ်လေးနွယ်နီမေနှင့် မြင့်မိုရ်မေတို့ စိတ်ချမ်းသာ ပျော်ရွှင်သွားခဲ့လေသည်။

"နိမ်း. . . နိမ်း ရန်ကုန်အိမ်လိပ်စာ ရှိရင် ပေးထားဦးလေ။ မမစံ မင်္ဂလာဆည်ခံပွဲကို လာဖိတ်ချင်လို့. . . ရမလား"

"ရပါတယ်. . . ကျွန်တော် အလုပ်ကိစ္စ ခရီးမထွက်ဖြစ်ရင် လာခဲ့ပေးပါ့မယ်"

နိမ်း တိတိကျကျတော့ အာမခံ၍ မခံနိုင်ပါချေ။ သူ့နောက်ကျွယ်မှ ကြိုးကိုင်နေသောသူ၊ သူ့နောက်၌ အရိပ်လို လိုက်ပါနေသောသူများ ရှိနေသည်။ ယခုတောင် လေဆိပ်၌ သူတို့အဖွဲ့သားများကို လှမ်းမြင်လိုက်ရလေသဖြင့် စိတ်ထဲ လေးလေးကို မကျေနပ် ဖြစ်နေမိသည်။ သူ့ဖုန်းကို စက်ပိတ်ထားသဖြင့် လေးလေးနှင့် အဆက်အသွယ် ပြတ်တောက်နေမိသည်။

"ဒေါ်လေးနဲ့မမလေး ခဏနေဦး၊ ကျွန်တော် တမြင်ခဏ ထွက်ဦးမယ်"

"သွားပါ နိမ်း. . . ရပါတယ်"

လေယာဉ်အလာကို စောင့်ဆိုင်းနေချိန်ဖြစ်သည်။ လေဆိပ်



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦးထဲမှ ထွက်ပြီး ကားလမ်းဘက် လျှောက်ခဲ့သည်။ လူသူရှင်းသောနေရာ ရောက်တော့မှ ရှိန်း ဖုန်းဖွင့်ပြီး လေးလေးကို ဖုန်းခေါ်လိုက်သည်။

လေးလေးသည် သူ့ဘဝအတွက် နံပါတ်တစ် ဖြစ်ခဲ့သည်မှာ မြင့်မိုရ်မေ ဟူသော မျက်မမြင်ဒုက္ခိတမလေးနှင့် မတွေ့ခင်အထိ ဖြစ်သည်။

သို့သော် သိတတ်စ အရွယ်ကတည်းကစ၍ သူ့ဘဝအတွက် လေးလေးသည်သာ အဖေ၊ လေးလေးသည်သာ အမေ၊ လေးလေးသည်သာ ဆရာသမား၊ လေးလေးသည်သာ သူငယ်ချင်းကောင်းဖြစ်ခဲ့သည်။ ဒါတင်မက လေးလေးသည် သူ့ဘဝအတွက် မဟာသူရဲကောင်းကြီး ဖြစ်ခဲ့သည်။ လေးလေး ပြောပုံဆိုပုံ၊ သြဇာရှိပုံ၊ သွားပုံလာပုံကအစ အလွန်ကြည့်ကောင်းသော လူကြီးလူကောင်းပုံစံနှင့် အင်မတန် အထင်ကြီး လေးစားအားကျစရာကောင်းသော သူ့ဘဝ၏ အားကိုးအားထားပြုရာ မဟာသူရဲကောင်း ကျေးဇူးရှင်ကြီး ဇကန်ဖြစ်ခဲ့လေသည်။

ယခုမှ မြင့်မိုရ်မေနှင့် စတွေ့ပြီးနောက်ပိုင်းမှစ၍ လေးလေးနှင့် ပတ်သက်ပြီး အမြင်တွေ မကြည်လင်တော့။ သဘောထားတွေ ကွဲပြားလာသည်။

သူ ဖုန်းခေါ်သံ ဝင်သွားပြီး တခဏတွင်းမှာပင် လေးလေးက ဖုန်းလက်ခံလိုက်လေသည်။

"ဘယ်လိုလဲ ရှိန်း၊ မင်းသိပ်လွန်နေပြီနော်၊ လေးလေးသည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်တော့မယ်"

"ကျွန်တော် ပြန်လာပြီပဲ လေးလေး"





"အေး . . . လာရင်လည်း မြန်မြန်လာ၊ ငါခိုင်းစရာရှိတယ်"

"လေးလေး ခိုင်းစရာရှိရင် ကျွန်တော့်ကိုပဲ တိုက်ရိုက်ခိုင်းပေါ့၊ ကျွန်တော့်နောက်ကို ရဲဒိုးလုပ်ခိုင်းစရာ မလိုပါဘူး၊ ကျွန်တော်ဟာ လေးလေးရဲ့တူအရင်းပါ"

"အေး . . . လောကကြီးမှာ အဲဒီဆွေမျိုးရင်း လူရင်းတွေကြောင့်ပဲ သစ္စာဖောက်ဆိုတဲ့စကား ဖြစ်ပေါ်လာတာ၊ ဒီမှာ ရှိန်း၊ မင်းကို ငါအံ့ဩတယ်၊ ယောကျ်ားပီပီ မင်းအပျော်ရှာနိုင်ပါတယ်လို့ ငါခွင့်ပြုထားတာပဲ၊ ဒါပေမယ့် အချစ်မထားနဲ့၊ အချစ်ဆိုတာ မီးပဲ၊ သုံးတတ်ရင်တော့ အကျိုးရှိကောင်းရှိမယ်၊ မသုံးတတ်ရင်တော့ တကယ့်ရန်သူစစ်စစ်ပဲ၊ မင်းကို လောင်မြိုက်သွားမယ်"

"ဒါကတော့ ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စပါ"

"မင်းကိုယ်ရေးကိုယ်တာကိစ္စလည်း ငါတို့လုပ်ငန်းကို ထိခိုက်လာမယ်ဆိုရင်တော့ ရှင်းပစ်ရမှာပဲ၊ ကိုင်း . . . ဒီအကန်းမအကြောင်း ထားလိုက်ပါ၊ မင်း ဟဲဟိုးရောက်နေပြီဆိုတော့ ညစာစားချိန် ငါနဲ့တွေ့မယ်"

"ကောင်းပြီ . . . ဒါဆို ဒါပဲ လေးလေး"

ဖုန်းအဆက်အသွယ် ပြတ်သွားသည်။ "အကန်းမ" တဲ့လား။ သူမြတ်နိုးသောသူအပေါ် ရက်ရက်စက်စက် မညှာမတာပြောလိုက်ခြင်းအပေါ် လည်း မှန်ကန်သောစကားဖြစ်ပေမယ့် ရင်မှာနာကျင်သွားသည်။ ဖုန်းကို စက်ပိတ်လိုက်ပြီး ဘောင်းဘီအိတ်ကပ်ထဲ ထိုးထည့်လိုက်သည်။

နောက် စိမ်းလန်းသော တောင်ကုန်းတောင်တန်းတို့ဆီမှ တိုက်ခတ်လာသော လေပြေတို့ကို ရှူရှိုက်ရင်း စိတ်ခါတ်



www.burmeseclassic.com

www.burmeseclassic.com



ညစ်နွမ်းသွားမှုကို အားအင်ဖြည့်လိုက်သည်။

သူ့ဘဝကို သူ ပထမဦးဆုံး မကျေမနပ် ဖြစ်မိသည်။

တကယ်တော့ သူသည်လည်း လေးလေး၏ရွှေစံအိမ် လှောင်ချိုင့်ထဲက စေလိုရာစေ သွားနိုင်လာနိုင်သော ကျေးသားငှက်ငယ်တစ်ကောင်သာ ဖြစ်နေပါလား။

ရှိန်း ပင့်သက်ကို ရှိုက်ပြီး လေဆိပ်အဆောက်အဦးဘက်သို့ မျက်နှာမူ ပြန်လျှောက်လာလိုက်သည်။

ခရီးသည်အများအပြား၊ နိုင်ငံခြားသား လူမျိုးခြားများအကြား၊ မြန်မာလူမျိုး တိုင်းရင်းသားများအကြားဝယ် ယမင်းရုပ်ကလေးတစ်ရုပ် ချထားသလို ငြိမ်သက်စွာ ထိုင်နေသော မြင့်မိုရ်မေကို လှမ်းကြည့်လိုက်သည်။ နေကာမျက်မှန်လေး တပ်ထားသည့်ကြားက စွန်းထွက်လာသော အသားအရည် ဝင်းဝါနေပြီး နှာတံဖြောင့်စင်းကာ နှုတ်ခမ်းလေးက နှင်းဆီငုံဖူးကလေးအလား ဝင့်ထည်နေသည်။ ဖြောင့်စင်းပျော့ပြောင်းသော ဆံပင်လေးက ဖားလျားလေး ချထားသည်မှာ ကျောတစ်ဝက်အထိ ကျဆင်းနေသည်။

မျက်နှာအကျ လှသလို ကိုယ်လုံးကိုယ်ထည် သွယ်လျလှပပြီး အရပ်(၅)ပေကျော်ကျော်လေး ရှိသည်။ မြန်မာဆန်ဆန် ချောမောလှပ ပြေပြစ်သော မိန်းမချောလေးကို သူ့ရင်ထဲ နင့်ကနဲနေအောင် စွဲလမ်းမိသည်။

အတိတ်ဘဝပေါင်းများစွာက ရင်းနှီးချစ်ကျွမ်းဝင်ခဲ့သူပမာ သူ မြင့်မိုရ်မေကို တွေ့တွေ့ချင်း စိတ်လှုပ်ရှားကာ စွဲလမ်းသွားခဲ့သည်။

ထိုမှ မြတ်နိုးခြင်း၊ တွယ်တာခြင်း၊ ချစ်ခြင်းတို့ နှောင်ဖွဲ့ငင်





ယူသွားခဲ့သည်အထိ ချစ်သွားခဲ့ပြီ။

ခုချိန်မှာ သူ့ခေါင်းထဲ အာရုံရှိနေသည်မှာ မြင့်မိုရ်မေဘဝလေး အလင်းရောင် ရဖို့ပဲဖြစ်သည်။

"ရှိန်း"

သူ အနားသို့ ကပ်လိုက်သည်နှင့် မြင့်မိုရ်မေက အသံပြုလိုက်သည်။ ရှိန်း၏ကိုယ်သင်းရနံ့ ရှိန်း၏ခြေသံကအစ မြင့်မိုရ်မေ မှတ်မိနေသည်။

"ရှိန်း ရောက်ပြီလား"

"ရောက်ပြီ"

မြင့်မိုရ်မေ ကိုယ်လေး သိမ့်ကနဲဖြစ်သွားသည်။ တွဲလျက်ရှိသော ပလတ်စတစ် ခုံတန်းလျားက တစ်ဦးလှုပ်ရှားလျှင် တစ်ဦးက သိနိုင်သည်။

"ဒေါ်လေးကော"

ရှိန်းက ဒေါ်လေးနွယ်နီမေကို မတွေ့သဖြင့် မေးလိုက်သည်။

"တွိုင်းလက်တ် သွားတယ်"

"ဩော် . . . မမလေးကော မသွားချင်ဘူးလား"

မျက်နှာလေး စတော်ဘယ်ရီရောင် ပြေးသွားသည်။ ရှိန်းတစ်ဖက်သတ် ကြည့်ခွင့်ရနေသော အခွင့်အရေးမို့ မျက်တောင်ခတ်တမ်း ကြည့်လိုက်ရင်း ရင်မှာ ကရုဏာမိုး စွေလျက်ရှိသည်။

"သွားချင်ရင် လိုက်ပို့ပေးမယ်"

"ဟင့်အင်း . . . မသွားချင်ပါဘူး"

ချစ်မိလာပြီဆိုလျှင် ချစ်သူ၏ ကျင်ကြီးကျင်ငယ်ကိစ္စက



www.burmeseclassic.com

www.burmeseclassic.com



အစ ကိုယ့်ကိစ္စလိုပင် မှတ်ယူတတ်ကြသည် ထင်ပါသည်။ ရှိန်းကိုယ့်ကိုယ်ကို သဘောကျကာ ပြုံးလိုက်မိသည်။ ဖြစ်ရလေတယ် ရယ်လို့လည်း တွေးမိလို့သည်။

"လေယာဉ်ဆိုက်တော့မယ်. . . သိပ်မစောင့်ရပါဘူး၊ ပျင်းနေပြီလား"

"မပျင်းပါဘူး. . . အသံတွေ နားထောင်နေရတာနဲ့ပဲ ပျင်းချိန် မရပါဘူး"

မြင့်မိုရ်မေ ရင်ထဲ ဒီ့ထက်မတသောစကားတွေ ပြောနေမိသည်။ ရှိန်းသာ မိမိအပါးမှာ အမြဲတမ်း ရှိနေပါလျှင် ပျင်းရိစရာမလို၊ အချိန်တွေဟာ ဖြုတ်ကနဲ ဖြုတ်ကနဲ ကုန်ဆုံးကုန်သည်သာ ဖြစ်သည်။

အမှောင်ထဲမှာ တစ်ယောက်တည်း နေနေရသည့် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ကျင့်သားက ရလာသည်။

သို့သော် ယခုလို ရှိန်းနှင့် တွေ့ဆုံရဖန် များလာသောအခါ တစ်ယောက်တည်း နေနေရသော အမှောင်ထုကို စက်ဆုပ်ရွံရှာလာသည်။ အမှောင်ထုကြီးက လွတ်မြောက်ချင်လာသည်။ ဆုပ်ကိုင်ထားမိသော ရှိန်းလက်ကို မလွှတ်ချင်တော့။ ရှိန်း၏အကြင်နာတွေကိုလည်း ဆုပ်ကိုင်သိမ်းထားချင်သည်။ ရှိန်း၏အသံလေးကိုလည်း ဖမ်းယူချုပ်နှောင်ထားချင်သည်။

လောဘစိတ်၊ အတ္တစိတ်တွေ သူ့ထံ၌ ဝင်ရောက်ပူးကပ်လျက်ရှိလေပြီဆိုတာကို သိလိုက်ရတော့ မြင့်မိုရ်မေ ပင့်သက်ကလေး ရှိုက်ထုတ်လိုက်စဉ်မှာပင်. . .

"သြော်. . . ရှိန်းတောင် ပြန်ရောက်ပြီလား၊ လေယာဉ်





လည်း ဆိုက်တော့မယ်၊ ရန်ကုန်ရောက်ရင် ဒေါ်လေးတို့ ရှိန်းကို အလည်ခေါ်လို့ရမှာ မဟုတ်ဘူးထင်တယ်၊ တူမယောကျ်ားအိမ် ဆိုတော့ ဒေါ်လေးတို့ကလည်း ဧည့်သည်ဖြစ်နေတယ်လေ"

"ရပါတယ် ဒေါ်လေး၊ ကျွန်တော်တို့ ဖုန်းချင်း ဆက်သွယ်ပြီး ကျွန်တော်လာခေါ်ပါ့မယ်"

ရှိန်းက ဘာကြောင့် သူ့အိမ်အလည်မခေါ်သလဲဟု သိချင်လိုက်တာ။ အင်းလေ. . . မျက်မမြင် ဒုက္ခိတတစ်ယောက်ကို ဘယ်လိုသော ယောကျ်ားလေးက ကျွန်တော့်မိန်းကလေးသူငယ်ချင်းပါ သူ့မိသားစုနှင့် မိတ်ဆက်ပေးရဲပါ့မည်နည်း။

မြင့်မိုရ်မေ ရင်ထဲ စူးနစ်နာကျင်လာသည်။

သူ့စိတ်ကူးယဉ်တာတွေ များနေပြီ။ ရှိန်းအပေါ် မျှော်လင့်ချက်တွေ သိပ်ထားနေမိပါလား။ ဒါဟာ အကန်းမလေးရဲ့ တစ်ဖက်သတ် ရူးသွပ်မှုသက်သက်ပါလား။

မြင့်မိုရ်မေ ရင်တွင်းကြိတ်၍ ငိုကြွေးနေမိသည်။

"ဟော. . . လေယာဉ်ဆိုက်ပြီ၊ မြင့်မိုရ်မေကို ကျွန်တော် ခေါ်ခဲ့ပါ့မယ်၊ ဒေါ်လေးသာ အရင်သွားနှင့်ပါ"

"အေး. . . ဒေါ်လေး နေရာယူထားနှင့်မယ်"

မြင့်မိုရ်မေ၏ဘယ်လက်ချောင်းကလေးများကို တင်းနေအောင် ဆုပ်ကိုင်ခံလိုက်ရသည့် နွေးထွေးပြီး အင်အားရှိသော လက်ချောင်းအိအိတစ်စုံ၏ ထာဝစဉ် လက်တွဲမဖြုတ်ခြင်းကို တမ်းတမိပါသည်။

သူ့လက်ကို မလွှတ်လိုက်ပါနဲ့ ရှိန်းရယ်။
ဘယ်လိုအကြောင်းနဲ့မှ မလွှတ်လိုက်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com




သူ၏အာဝသက်တမ်း နောက်ဆုံးထွက်သက်လေးအထိ နှိန်း၏လက်ကလေးနှင့် ဆုပ်ကိုင်ထားခြင်းကို ခံယူလိုပါသည်။

သို့သော် လူ့လောကကြီးမှာ ဖြစ်ချင်တိုင်းသာဖြစ်ခွင့်ရမည်ဆိုပါက စိတ်ဆင်းရဲခြင်းဟူသော ဝေဒနာတစ်ရပ် ရှိလိမ့်မည် မဟုတ်ပါ။

မြင့်မိုရ်မေ. . နှိန်း၏နွေးထွေးသောလက်ကို တင်းတင်း ဆုပ်ကိုင်ရင်း နှိန်း ဦးဆောင်ရာနောက်သို့ လိုက်ပါခဲ့လေသည်။







## အခန်း(၁၂)

အမှောင်ထဲ ရောက်နေသူချင်း တူတူပါပဲ။

ဒါပေမယ့် မြင့်မိုရ်မေ ရောက်နေသော အမှောင်ထုက အနှိုင်းမဲ့ကြည်သော အမှောင်ထုသက်သက်ပါ။

နှိန်းရောက်နေသော အမှောင်ထုက နက်ရှိုင်းသော ညစ်နွမ်းသော၊ ဆုတ်ခြံမ်းနေသော အမိုက်အမှောင်ထုကြီးထဲမှာပါ။

ဒါတွေကို အစက နှိန်း သတိမပြုမိခဲ့ပါချေ။ လောဘ၊ ဒေါသ၊ မောဟတွေနှင့် ပြည့်နှက်နေသော အတ္တနှံ့သည့် နစ်မြုပ်လျက် နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်မေနှင့် တွေ့မှ သူ၏အတ္တတံခါး ပွင့်သွားခဲ့သည်။

ဒါကလည်း ဆန်းကြယ်လှသည်။

မြင့်မိုရ်မေ ဟူသော ကောင်မလေးနှင့် မျက်လုံးချင်း ဆုံခွင့်မရပါဘဲလျက် သူ့ရင်တွေ ခုန်လာသည်။ တစ်ခါမှ မခံစားခဲ့ရ ဖူးသော ခံစားချက်တွေ သူ့ရင်ဘတ်ကြီးတစ်ခုလုံးထဲမှာ ပြည့်နှက် ကုန်သည်။

ရှိန်း ရင်မှာ နာကျင်လာသည်။

မကြာခင် ခရီးလမ်းဆုံးတစ်ခုကို ရောက်ရှိတော့မည်။

ရန်ကုန်-မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက် ရှိလျှင် သူတို့ လမ်းခွဲကြရတော့မည်။

မြင့်မိုရ်မေ၏လက်ကလေး မလွှတ်ချင်ဘဲ လွှတ်ရတော့ မည်။

မြင့်မိုရ်မေအတွက်ဆိုလျှင် သူ့အသက်ကိုပင် ပေးဆပ် အသင့်ရှိသည်အထိ သူ ရူးသွပ်သွားမိလေသည်။

သူသည် လောကကြီးအတွက် ဘာများ အကျိုးပြုခဲ့ သနည်း။

ငွေကို စွန့်စွန့်စားစား ရှာသည်။ ရှာသမျှငွေနှင့် လော ကြီး၏အပေါ်ယံအကာနှင့် တူသော အပျော်အပါးဟူသမျှကို လို စားရင်း သုံးဖြုန်းခဲ့သည်။ ဒါတွေဟာ လူဖြစ်ရကျိုးနပ်သောအခိုက် ဟု သူထင်ခဲ့သည်။

ယခုတော့ ထိုအပျော်အပါးတွေကိုလည်း သူ မခုံမ တော့။ ငြိမ်းချမ်းသောဘဝတစ်ခုကို လိုလားလာသည်။ တောင့် လာသည်။ သူ့အတွက် အေးငြိမ်းချမ်းသာ နွေးထွေးသော ဝပ်ကျင်း





တစ်ခုကို သူတော်မှတ်မိလေပြီ။

ဩော်. . . မိခင်ရင်ငွေ့ဆိုတာ ဘာမှန်းမသိ။ ဖခင်အရိပ် ဆိုတာလည်း ဘယ်ကဲ့သို့ ရှိမှန်းမသိ။ ဘုရားရိပ်၊ တရားရိပ်၊ ကျောင်း ရိပ်ဆိုတာတွေလည်း ဘာမှန်းမသိ ကြီးပြင်းလာခဲ့ရသော သူ့ဘဝကို အနာကြီးနာ၊ အမုန်းကြီး မုန်းသွားခဲ့လေပြီ။

အခုအချိန်မှာ ချစ်သူရင်ခွင်ကို ဆာလောင်မွတ်သိပ်လာမိ ပြန်ပြီ။

သူ ဘာဆက်လုပ်မလဲ။

ချစ်သူ၏လက်ကလေးကို တင်းတင်းဆုပ်ကိုင်ထားရင်း သူ့ ရင်ထဲမှာ အနာကြီး နာရကာ ကြွေကွဲပွင့်တို့က မုန်တိုင်းဆင်လေပြီ။

ဖြစ်နိုင်လျှင် အခုနေများ လေယာဉ်စက် ချွတ်ယွင်းပြီး ကောင်းကင်ထက်မှာ ပေါက်ကွဲသွားပါစေဟုတောင် သူ ဆုတောင်း လိုက်မိသည်။

သို့ဆိုလျှင် ချစ်သူ၏လက်ကို တင်းတင်းဆုပ်ကိုင်ထားပြီး နှစ်ကိုယ်ယှဉ်တွဲ သေပွဲဝင်ခွင့်ရမည်။

သို့တိုင်အောင် နောင်တမလွန်ဘဝ၌ ပြန်ဆုံစည်းခွင့် ရပါ့ မလား။ သူက လူဆိုးလူမိုက်။ ချစ်သူက အဖြူရောင်သက်သက် ကလေး။

သူ့မျက်လုံးအိမ် စိုဖျဉ်းဖျဉ်းဖြစ်လာသည်။ ဘုရားရေ. . . လူမိုက်ကြီး၏မျက်ဝန်းမှာ မျက်ရည်တွေ ပြုတစ်ပြုတစ် ဖြစ်လာပါ သား။

မကျရဘူး။ မျက်ရည်ကျစရာ မလိုဘူး။ "လူဆိုတာ လူမိုက် ရင် ခံရဲရမယ်။ ယောကျ်ားဆိုတာ မျက်ရည်မကျရဘူး။ လူမိုက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာကို ရဲရဲလုပ်၊ ရဲရဲကြီး နေပြီး ရဲရဲကြီး သေပျော်ရမှာပေါ့ကွာ
ဟူသော လေးလေး၏အယူအဆက သူ တစ်သက်လုံး အရိုးစွဲနေ
သည်ဆိုတော့ အံကို တင်းတင်းကြိတ်ပြီး ရှိန်း မျက်ရည်တို့ကို ကျ
မပေးဘဲ မာန်တင်းပစ်လိုက်သည်။

"ရှိန်း"

လေယာဉ်သည် ပြေးလမ်းပေါ်၌ တဖြည်းဖြည်း ပြေးနေ
မှ ရပ်ဆိုင်းသွားသည်။

လှုပ်ရှားမှု မပြုသေးသော သူ့ကြောင့် မြင့်မိုရ်မေက အ
ပြုလိုက်သည်။

"အင်း. . . နောက်ဆုံးမှ ဆင်းမယ်"

သူ ပုံမှန်အသံအတိုင်းဖြစ်အောင် မနည်းကြိုးစားလို
သည်။

စက်ရုပ်နှင့် တူသော သူ့ဘဝကို လူနှင့် တူလာအော
ဖန်တီးပေးသော မြင့်မိုရ်မေကို သူ ဘယ်နည်းနှင့်မှ လက်မလွှတ်ချ
သေး။ သူ့ရင်ဘတ်ထဲ ခံစားမှု ဟူသောဝေဒနာ ထည့်ပေးခဲ့သေ
မမလေးလက်ကို ထာဝရ ဆုပ်ကိုင်ထားချင်ပါသည်။

သို့သော် လေးလေးအကြောင်းကို သူသိနေတော့ ခ
သည်။

လေဆိပ်မှာပင် လမ်းခွဲရမည်။

လေယာဉ်ထဲမှ နောက်ဆုံးခရီးသည်အဖြစ် သူတို့ ဆင
သက်ခဲ့သည်။

"မမလေး"

"ရှိန်း"





"အငှားကားနဲ့ပဲ ကျုပ်တင်ပေးလိုက်မယ်နော်"

"ရပါတယ် ရှိန်း၊ ဘယ်တော့ လာတွေ့မှာလဲဟင်"

သူ ရင်ထဲ စူးစူးရှရှ နာကျင်လာသည်။

"တွေ့မှာပေါ့ဗျာ"

"ကျွန်မတို့က မစံ မင်္ဂလာပွဲ ပြီးတာနဲ့ ပြင်ဦးလွင်ကို ပြန်ဖြစ်
လား၊ ရန်ကုန်မှာ နေဖြစ်မလား မသိသေးဘူး"

"ပြင်ဦးလွင်ကို လိုက်တွေ့မှာပေါ့ဗျာ၊ ကျွန်တော် တွေ့နိုင်
အောင် ကြိုးစားမှာပါ"

သူ ရင်ထဲ ဆွေးဆွေးမြေ့မြေ့နိုင်နေတာကို မြင့်မိုရ်မေက
တော့ သိဟန်မတူ။ ဖြစ်နိုင်လျှင် မြင့်မိုရ်မေ၏လက်ကို ဆွဲပြီး ကမ္ဘာ
မြေအဆုံး လျှောက်သွားပစ်ချင်စမ်းပါဘိ။ သို့သော် နောက်ဆုံးတော့
လည်း. . .

မြင့်မိုရ်မေတို့တူဝရီးကို အငှားယာဉ်တစ်စီးပေါ် တင်ပေး
လိုက်သည့်အဆုံးတွင် သူ့ရင်အစုံကို ကြမ်းတမ်းခက်ထန်မှု၊ ကောက်
ကျစ်မှုတို့က ပြန်လည်ဝါးမျိုသွားလေတော့သည်။

မြင့်မိုရ်မေတို့တူဝရီး လိုက်ပါသွားသောတက္ကစီကို မြင်ကွင်း
မှ ပျောက်ကွယ်သွားသည်အထိ ကြည့်အပြီးတွင် မကြာခင် သူ
ရပ်နေရာသို့ ကားတစ်စီး လာထိုးရပ်သည်။ နောက် ရှေ့ခန်းမှသူက
ပျာပျာသလဲ ဆင်းလာပြီး သူ့အတွက် နောက်ခန်းကားတံခါးကို
ဖွင့်ပေးလိုက်သည်။

နဖူးကြောကြီး တွန့်နေအောင် ခက်ထန်ထားသော သူ့မျက်
နှာကို ကားတံခါးဖွင့်ပေးသူက မကြည့်ရဲဘဲ ခေါင်းငုံ့ထားသည်။

မြင်မြင်သမျှတို့ကို သူ အလိုမတူနိုင်၊ တားထဲ ရင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ တံခါးပြန်ပိတ်ပေးပြီး ရှေ့ခန်းထိုင်အပြီးတွင် ဒရိုင်ဘာ

က ကားမောင်းထွက်ခဲ့သည်။

သူ့ဆီမှ စကားသံ မစမချင်း ရှေ့ခန်းမှသူနှစ်ဦးလည်

အသံမထွက်ရဲချေ။

နှိုန်း စိတ်ကို လျှော့ချလိုက်သည်။ နောက်မှီဆိုဖာသို့ မှီ

လိုက်ပြီး မျက်လုံးကို စုံမှိတ်ထားလိုက်လေသည်။

သူသည် လောက၏အမိုက်မှောင် ဝဲကြီးထဲကို ဆင်

လက် တိုးဝင်ရဦးမှာပါလား။

ရင်မှာ နာကျင်ရင်းမှ မြင့်မိုရ်မကို တမ်းတမ်းတတ လွမ်

ဆွတ် သတိရနေမှုက ကြီးစိုးလျက်ပင်။

ယခုလေးပင် ခွဲခွာခဲ့သည်။

ဒါကို နှစ်ရှည်လများကြီး ခွဲခွာရသည့်သူပမာ ခံစားနေ

သည်။ အချစ်ဆိုတဲ့ နှောင်ကြိုးကြီးက ကြောက်လန့်ဖွယ်ရာ

ကောင်းလွန်းလှအောင် သန်မာလွန်းပါတကား။




www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော် သဘောပေါက်ပါတယ်၊ မိုမှာ
ပေးရမယ့် ပထမဆုရှင်က ရှိနေသေးတယ်။
ဒါပေမယ့် ပထမဆုရှင်က ရောက်မလာ
သေးတော့ ဒုတိယဆုရှင် ကျွန်တော်က
ဇာတ်ရုံနံဘေးမှာ ထိုင်စောင့်နေရဦးမယ့်
သဘောပေါ့၊ ဟုတ်လား မို။

ဒေါက်တာဂုဏ်တင့်တယ်

ဒေါက်တာ့လက်ကို ကျွန်မဆွဲမထား
ပါဘူး။ ကျွန်မလက်ကိုသာ ဒေါက်တာ
ဆုပ်ကိုင်ထားတာပါ၊ ဒါကြောင့်
ကျွန်မလက်ကို ဒေါက်တာ
အချိန်မရွေး လွှတ်ချလိုက်လို့
ရပါတယ် ဒေါက်တာ။

မြင့်မိုရ်မေ



## အခန်း(၁၃)

ခါးကို ဂျာကင်ကြီးအောက်ထဲ ထိုးသွင်းလိုက်ပြီးနောက် ဒူးရှထက်မြက်သော မျက်လုံးအစုံက သူ့ထံသို့ လင်းကနဲ ရောက်လာသည်။

"အား"

မြင့်မိုရ်မေ တစ်ကိုယ်လုံး လှုပ်မရ၊ ပြေးထွက်လို့လည်းမရ။ အာခေါင်တစ်ခုလုံး ပူလောင်ကာ အကူအညီတောင်းခံဖို့ ဟစ်အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အ. . အ. . အား"

"ဟဲ့. . . ညီမလေး မိုမို. . မိုမို"

အစ်မစန္ဒာမေက သူ့အား လှုပ်နှိုးလိုက်သဖြင့် မြင့်မိုရ်မေ လန့်ဖျတ်မှုဖြင့် မစံလက်ကို ဆွဲယူကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးက လင်းလင်းထင်းထင်းနှင့် သူ၏ အိပ်ခန်းထဲက ကုတင်ပေါ်မှာ ရောက်နေတာပါလား။

"အိပ်မက်,မက်ပြန်ပြီလား. . . နေ့ခင်းကြောင်တောင် ကြီးဟယ်"

"ရေ. . ရေပေးပါ မစံ"

ရေခရားထဲမှ ရေကို ဖန်ခွက်ထဲ ငှဲ့ထည့်ပေးပြီး မစန္ဒာမေ က သူ့အား ရေဖန်ခွက် လှမ်းပေးလိုက်လေသည်။

"ချွေးတွေက ရွှဲနစ်နေပါလား မိုမိုရယ်၊ ပြီးရင် ချွေးသုတ် လိုက်ဦးနော်"

မြင့်မိုရ်မေ အာခေါင်ခြောက်နေမှုကို ရေအေးလေးနှင့် ငြိမ်းသတ်လိုက်ပြီး ချွေးများကိုလည်း လက်ကိုင်ပုဝါလေးနှင့် သုတ် လိုက်သည်။

သူ မက်နေကျအိပ်မက်ကို မက်နေခြင်းပါလား။

သူ ရှိန်းအကြောင်းကို အမြဲတွေးနေမိခြင်းကြောင့်ပေလား။

ရှိန်းနှင့်အတူ မင်္ဂလာဒုံလေဆိပ်မှာ နောက်ဆုံးလမ်းခွဲပြီး နောက် ပြန်မဆုံစည်းခဲ့ပါချေ။ ရှိန်းကလည်း လုံးဝ မဆက်သွယ်ချေ။ ရှိန်းကို တမ်းတမျှော်လင့်ရသော နေ့ရက်များ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားမှာ ရုတ်တရက် အလှူရှင် ရှိလို့ဆိုကာ မစန္ဒာမေ





မင်္ဂလာဆောင်ပြီး မကြာခင် ရက်မှာပင် သူ မျက်စိခွဲစိတ်ကာ မျက်ကြည်လွှာ အစားထိုး ကုသခံခဲ့ရသည်။ သူတွေ့ချင်သောရှိန်း ကို မတွေ့ရသေးချေ။

ရှိန်းနှင့် ပတ်သက်ပြီး အိပ်မက်တစ်ခု မက်နေသလိုပဲ ခံစား ရလေသည်။

"လာ. . . မိုမို ထမင်းစားရအောင်. . . လာ"

မစံခေါ်သံကြောင့် တွေဝေ ငေးငိုင်နေမှု လွင့်ပြယ်သွားပြီး ကုတင်ပေါ်မှ ဆင်းရင်း. . .

"စားနှင့် မစံ. . . လာခဲ့မယ်"

"ငါတို့က စားပြီးပြီ၊ ကျောင်းပြန်သွားတော့မလို့ နှင့်အသံ ကြားတာနဲ့ ဝင်လာတာ၊ ဒါဖြင့် ငါ ကျောင်းသွားတော့မယ်၊ နင်သွား ချင်တဲ့ဆီ သွားလည်ပေါ့ မိုမိုရာ၊ အိမ်ထဲပဲ အောင်းမနေနဲ့"

"ဟုတ်"

မစံ ထွက်သွားသည်နှင့် မြင့်မိုရ်မေ ဘေးပြတင်းပေါက်နား ကပ်၍ ရပ်ကြည့်လိုက်သည်။

ဟုတ်ပါတယ်. . . အိပ်မက်ထဲကနေရာ ဒီနေရာပါပဲ။

လျှပ်စီးရောင်လင်းအလက်၌ မြင်တွေ့ရသော ပင်စည် ဖွေးဖွေး အကိုင်းအခက်ဖွေးဖွေးနှင့် ယူကလစ်ပင်ကြီးများက ဒီအတိုင်းပါပဲ။

မြင့်မိုရ်မေ ပင့်သက်မောကို ရှိုက်ရင်း ရေချိုးခန်းသို့ ဝင်ခဲ့ လိုက်သည်။

နောက် အောက်ထပ်သို့ ဆင်းခဲ့လေသည်။ အိမ်သည် တိတ်ဆိတ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

အောက်ထပ်၌ ဘာမှမရှိ၊ ဧည့်ခန်း၌ သူတို့ ဘိုးဘွားမိဘများလက်ထက်ကတည်းက မဟော်ဂနီရောင် ကျွန်းဆက်တီ အဟောင်းကြီးများက ဝင့်ထည်လျက်ရှိနေဆဲပင်။ ဒါတင် မကသေး။ ခေတ်အလိုက် ဇာပန်းထိုးအစွပ်များနှင့် လှပနေသောအထိုင်နှင့် နောက်မှီကူရှင်များမှာ အနုစိပ် လက်ရာလေးများနှင့် လှပနေသည်။

ဒီလက်ရာတွေကို သူ မျက်မမြင်ဘဝတုန်းက ဇာထိုး ပန်းထိုး သိုးမွေးထိုးနှင့် အချိန်တွေ ကုန်ဆုံးခဲ့တာပါလား။

မြင့်မိုရ်မေ နောက်မှီအုံးလေးကို လှမ်းယူပြီး မျက်စိလေးမှိတ်ကာ လက်ကလေးနှင့် ဖွဖွလေး ပွတ်သပ်ပြီး ခံစားကြည့်လိုက်သည်။

မျက်မမြင်ဘဝက အငွေ့အသက်တွေ ပြန်ခံစားရတော့ သိမ်မွေ့နူးညံ့ခြင်းတွေ သက်ဝင်ခံစားလိုက်ရသည်။ တပြိုင်နက် ဆိုသလို နူးညံ့အိထွေးသော လက်ဝါးတစ်စုံကို တမ်းတမိသည်။

"လက်ဝါးပို့န်ရှင်ရယ်. . . ဘယ်များ ရောက်နေတာလဲကွယ်၊ အရမ်းတွေ့ချင်နေတယ်ကွယ်"

ရင်တွင်း နင့်နင့်သီးသီးလေး တမ်းတမိလေသည်။

မျက်လုံးအိမ်က ပူကနဲဖြစ်သွားသည်။ မျက်ရည်ပူတွေ စီးကျလာပါလား။

"မမလေး"

"ဟင်"

"ဟင်းချိုထပ်နွေးထားတာ အေးကုန်မယ်၊ ထမင်းစားရအောင်လေ"

ရွှေစာက အနားသို့ ရောက်လာသဖြင့် မျက်ရည်စတို့ကို





ရွှေစာ မမြင်စေရန် ကျောခိုင်းလိုက်ပြီး မှီအုံးလေးကို ချရင်း မျက်ရည်ကိုပါ သုတ်ပစ်လိုက်သည်။

"အင်း. . အင်း. . လာပြီ"

မြင့်မိုရ်မေ တမ်းတလွမ်းဆွတ်မှုကို ဖြေဖျောက်ရင်း ထမင်းစားခန်းဆီသို့ လျှောက်ခဲ့လိုက်သည်။

သူ မျက်စိမကွယ်ခင်က အတိုင်းပင် ပရိဘောဂပစ္စည်းများ ရှိနေဆဲပင်။ ပေါ်လစ်များကတော့ အရောင်ပြန်တင်ထားပုံရသည်။

ပန်းကန်ဘီရိုကြီးမှာလည်း ဒီအတိုင်းပင်။ အထဲက ပန်းကန် ခွက်ယောက်တွေကအစ မပြောင်းလွဲ။

ဩြော်. . . မစံက အိမ်ထောင်ကျပြီး ကျူရှင်ကျောင်းထောင်တာနှင့်ဆိုတော့ အိမ်ကို အသစ်ပြုပြင်ဖန်တီးဖို့ အချိန်မပေးနိုင်ရှာသေးဘူး ထင်ပါရဲ့။ အလုပ်သစ်နှင့် နပန်းသတ်နေကြပုံ ရသည်။

"ရွှေစာ. . . နင်ကော ဝင်စားလေ"

"မမကြီးနဲ့ စားပြီးပြီ"

ထမင်းစားခန်း နံရံပေါ်မှ နာရီကြီးက တစ်နာရီခွဲကို ညွှန်ပြနေလေသည်။ ဩော်. . . သူ အကြာကြီး အိပ်ပစ်ခဲ့လိုက်သည်ကိုး။

ထမင်းစားပြီးတာနှင့် ခြံထဲသို့ ဆင်းခဲ့လိုက်သည်။ ပရုပ်ပင်ကြီးအောက် ပင်စည်ကို ဝိုင်းပြီး ဆောက်ထားသော ကွပ်ပျစ်ဝိုင်းလေးသည် ဆီဆေးရောင်အဖြူကို သုတ်ထားဆဲပင်။

ဒါတွေက သူ့မိဘများ ရှိစဉ်လက်ထက်ကာလက အတိုင်းပင်ဖြစ်သည်။

"အဖြူရောင်ဆိုတော့ ပိုးကောင်မွှားကောင်တွေ ခိုကပ်မှ


www.burmeseclassic.com

www.burmeseclassic.com



လည်း မြင်လွယ်တယ်လေ၊ ဒါကြောင့် ဖေဖေက ဒန်းကလေး ခုံလေး တွေကို အဖြူရောင်ပဲ သုတ်ထားတာ"

သွားလေသူ မိဘနှစ်ပါးကို သတိရမိသည်။ မိဘနှစ်ပါး ချန်ရစ်ခဲ့သော ဤခြံနှင့်အိမ်ကို ဘယ်သောအခါမှ မရောင်းဘူးဟု ဆုံးဖြတ်ခဲ့သော်လည်း မိမိမျက်စိကုသဖို့ အခြေအနေ ဖြစ်လာသော အခါ ခြေရင်းဘက်က ပေ(၆၀)ပတ်လည်ကိုတော့ ခွဲရောင်းလိုက် သည်။ သို့သော် ထိုငွေကို မျက်စိအတွက် မသုံးလိုက်ရချေ။ ခြံမြေ ရောင်းပြီးခါမှ အမည်မဖော်သည့် မျက်ကြည်လွှာအလှူရှင်က ပေါ် လာသည်။ မျက်ကြည်လွှာအလှူတင်မက ခွဲစိတ်မှုအတွက် အကုန် အကျ မှန်သမျှကိုပါ အကုန်ခံ လှူဒါန်းသွားခဲ့သည်တဲ့။

ပရုပ်နံ့သင်းသင်းလေးကို ရှူရှိုက်လိုက်ရင်း မြင့်မိုရ်မေ၏ အတွေးပုံရိပ်တို့က ဆက်လက်ရှင်သန်နေသည်။

မျက်စိနှစ်ကွင်း အလင်းရပြီးတာနှင့် အမည်မဖော်လို သော မျက်ကြည်လွှာ အလှူရှင်ကို မျက်စိကုသပေးသော ဆရာဝန် ကြီးထံ မေးမြန်းသော်လည်း ဆရာဝန်ကြီးက မပြောချေ။

မျက်ကြည်လွှာဘဏ်က တိုက်ရိုက်ရောက်လာခြင်းဖြစ် သည်ဟု ဆိုသည်။

မျက်ကြည်လွှာဘဏ်မှ တာဝန်ရှိသူထံ စုံစမ်းတော့လည်း သေသူ၏ဆန္ဒအရ လျှို့ဝှက်ချက်ကို ထုတ်ဖော်ခွင့်မရှိပါ။ လုပ် ကျင့်ဝတ်စည်းကမ်းအရ မြင့်မိုရ်မေ လက်လျှော့ခဲ့လိုက်ရသည်။

မျက်ကြည်လွှာ အလှူရှင် ကောင်းရာသုဂတိကို ရောက်ရှိ ပါစေဟု ဘုရားရှိခိုးတိုင်း ဆုတောင်းမေတ္တာပို့ အမျှဝေပေးပါသည်။

မြင့်မိုရ်မေ ခြံပြင်ထွက်ခဲ့သည်။ အိမ်ဘေး မြေနီလမ်းကြား လေးကို လျှောက်ခဲ့သည်။ ရင်ခုန်သံတွေက မြန်နှုန်း မြင့်တက်လာ သည်။

ဟုတ်ပါတယ်။ ဒီနေရာပါပဲ။

အိပ်မက်ထဲကနေရာ၊ ဒီနေရာ အစစ်အမှန်ပါပဲ။

အမြဲလိုလို ပုံစံတူမက်နေသော အိပ်မက်၏ပုံရိပ်မြင်ကွင်း ကို သူမှတ်မိနေသည်ဆိုသော ယခု အိပ်မက်ထဲ၏မြင်ကွင်းထဲ သူ ရောက်ရှိနေပြီ။

ဓါးနှင့် အထိုးခံရသောသူ သေသွားသလား မသေဘူး လား။ မသေဘူး ထင်ပါသည်။ ဒီနေရာမှာ မှုခင်းဖြစ်တယ်လို့ တစ် ခါမှ မကြားဖူးခဲ့ချေ။ မြင့်မိုရ်မေ လမ်းတစ်ဝက်အရောက်တွင် နောက်ကြောင်းပြန်လှည့်ပြန်လာသည်။ နောက်ကျောပြင်က စိမ့် တက်လာသည်။ ကျောချမ်းလာသည်။ နောက်ကျောမလုံသလို ခံစား လိုက်ရသည်။

သူ့နောက် တစ်စုံတစ်ဦး လိုက်နေသလားဟု နောက်သို့ ခေါင်လည်ပြန် လှည့်ကြည့်မိသည်။

ဘယ်သူမှ မတွေ့၊ နေ့လည်ခင်းမို့ လူရှင်းနေသည် ထင်ပါ သည်။ မြင့်မိုရ်မေ သုတ်ခြေတင်ကာ အိမ်သို့ ပြန်ခဲ့လိုက်လေသည်။

မိုးတွင်းကာလ ပြင်ဦးလွင်မြို့၏အေးစိမ့်စိမ့် အခါသမယ ပေါင် သူ ချွေးသီးချွေးပေါက်များပင် ကျနေပါလား။

မြင့်မိုရ်မေ လေပူတစ်ချက် မှုတ်ထုတ်ပစ်လိုက်လေသည်။







www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

ညကိုးနာရီထျော်ကျော်၌ မြင့်မိုရ်မေ ဆရာဝန်ကြီး ဒေါ်...တာ ရှုပဆီသို့ ဖုန်းခေါ်လိုက်သည်။

"ဟယ်လို. . . ရှုပ ပြောနေပါတယ်"

"ဆရာကြီး. . . ကျွန်မ မြင့်မိုရ်မေပါ ဆရာကြီး"

"ဪ. . ပြော သမီး၊ ဘာတွေထူးခြားလို့လဲ"

"ထူးခြားပါတယ် ဆရာကြီး၊ ကျွန်မအိပ်မက်ထဲက နေ...ကို ကျွန်မ တွေ့ပါပြီ"





"ဟာ. . . မြန်လှချည်လား၊ ဘယ်နေရာလဲ"

"ကျွန်မတို့ ခြံဘေးက မြေနီလမ်းကြားလေးပါ"

"ဪ"

"နောက်ပြီး အဲဒီနေရာက အသံတစ်သံကို ကျွန်မ မျက်စိ...ှယ်နေတုန်းက တတယ်ကြားခဲ့ဖူးပါတယ် ဆရာကြီး"

"အချိန်ကော ဘယ်လောက်ကြာပြီလဲ. . . ငယ်ငယ်တုန်း...လား"

"မဟုတ်ပါဘူး. . . မျက်စိမခွဲစိတ်ခင် နှစ်လအလိုလောက်...ပါ"

"ဪ. . ဪ. . အိပ်မက်မဟုတ်တာ သေချာတယ်...ျ"

"ဟုတ်ကဲ့. . . အိပ်မက်မဟုတ်ပါဘူး၊ ညဘက် အိပ်မပျော်...ို ပြတင်းပေါက်တံခါးကို ဖွင့်ပြီး တစိမ့်စိမ့် ရွာနေတဲ့ မိုးစက်...ပေါက်ကလေးတွေကို လက်နဲ့ ခံရင်းနေတုန်း မိုးချုန်းသံ ကြား...ယ်၊ နောက် ဆိုင်ကယ်နှစ်စီးအသံ ကြားတယ်၊ ရပ်လိုက်သံ ကြား...ယ်၊ နောက် အသံနက်ကြီး၊ အိပ်မက်ထဲက အသံနက်ကြီးနဲ့ ဖော်...အားကနဲအသံ ကြားရပြီး မကြာခင်မှာ ဆိုင်ကယ်တစ်စီး မောင်း...တ်သွားတဲ့အသံ ကြားလိုက်ရပါတယ်၊ တအောင့်လောက် နားစွင့်...မိတယ်၊ အဲဒီမှ မိုးသဲလာလို့ ပြတင်းပေါက် ပိတ်ပြီး ပြန်အိပ်လိုက်...တယ်"

"ဒါဆို နောက်နေ့မှာ သမီးတို့အိမ်ဘေး လမ်းကြားထဲက ...တွေ့တယ် ညာတွေ့တယ်ဆိုတဲ့ သတင်းကြားမိသေးလား ...မှာ အလောင်းတို့ ဘာတို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကြားရဘူးဆိုတာထက် ကျွန်မတို့က နောက်
မနက်အစောကြီး ရန်ကုန်ကို ဆင်းလာကြလို့ပါ။ တစ်အိမ်သားလုံး

"ဟုတ်ပါပြီ. . . အန်ကယ်လ်ဆီ နေ့လည်က ဂုဏ်
တယ် လာတွေ့ပြီး အကျိုးအကြောင်းတွေ ပြောပြပြီးပါပြီ။ အ
ကယ်လ်က ကာယကံရှင်ရဲ့အပြောကို ကြားချင်လို့ ထပ်နားထော
ပေးတာပါကွယ်၊ မြင်ဦးလွှင်ကို ရောက်ပြီး သမီး ထူးခြားလာတ
ဆိုရမှာပေါ့"

"ဟုတ်ကဲ့. . . အိမ်ကို ရောက်ရောက်ချင်း ကျွန်မ အိပ်
ပြတင်းပေါက်ကို ဖွင့်ပြီး မိုးရွာနေတာနဲ့ လက်ဆန့်တန်းခံနေတုန်း
ပဲ ကျွန်မ တကယ့်အဖြစ်အပျက်ကိုလည်း အပြင်မှာ တကယ်
လိုက်ရတာ၊ နောက်ပြီး ပြန်အိပ်လိုက်တုန်းမှာပဲ အိပ်မက်က ထပ်
ပြန်တယ်၊ ဒီတစ်ခါတော့ ခါးနဲ့ ထိုးလိုက်သူရဲ့မျက်နှာပိုင်း ဘေး
ဝက်ကို လှမ်းမြင်လိုက်ရပါတယ်"

"ဟုတ်လား. . . သမီး အဲဒီလူကို အပြင်မှာ မြင်
သလား"

"မြင်ဖူးသလိုလို မမြင်ဖူးသလိုလိုနဲ့ ဇဝေဇဝါပါပဲ၊ ဒါ
မယ့် ရင်ထဲမှာတော့ ရင်းနှီးနေတဲ့ လူတစ်ယောက်လို ခံစားလို
ပါတယ် ဆရာကြီး"

"ကောင်းပြီလေ. . . ဒါဖြင့် သမီးဆက်ပြီးကြိုးစားကြည့်
ထူးခြားတာရှိရင် ဖုန်းထပ်ဆက်ဦးပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဒါဖြင့် ဖုန်းချလိုက်ပါတော့
ဂွတ်နိုက်ပါ ဆရာကြီး"

"အေးအေး. . . ဂွတ်နိုက်"





မြင့်မိုရ်မေ ဆရာကြီးဒေါက်တာရှုပနှင့် ဖုန်းဆက်အပြီးတွင်
စ်မစန္ဒာမေက သူ့ထံသို့ လျှောက်လာရင်း. . .

"ဘယ်သူ့ဆီ ဆက်တာလဲ"

"ဆရာကြီး ဒေါက်တာရှုပပါ"

"နင့်အစ်ကိုတောင် စခန်းမှူးဆီ သွားခဲ့သေးတယ်၊ တို့
ကုန်ဆင်းတဲ့နေ့ တိတိကျကျ မမှတ်မိတော့ အဲဒီဝန်းကျင်ကို
ကြည့်တော့ ကိုးလောင်းတွေ့ ချောက်ထဲမှာ မီးလောင် ဆိုင်
ယ်ပျက်တစ်စီးနဲ့ မီးလောင်တစ်ပိုင်း ခါးဒဏ်ရာနဲ့ လူသေ
လောင်းတစ်လောင်းကို တွေ့တယ်တဲ့"

"ဟင်. . . ဟုတ်လား"

မြင့်မိုရ်မေ၏ရင်အစုံသည် နိမ့်ချည်မြင့်ချည်နှင့် လှိုက်ဖို
သည်။

အိပ်မက်အနေနှင့်သာ ထင်ယောင်ထင်မှား စိုးတဝါးနှင့်
ဆုံးသွားခဲ့လျှင် ကောင်းပါမည်။

ယခုတော့ ပြင်ပလောကမှာ တကယ့်အဖြစ်အပျက်အနေ
ရှိခဲ့သည်တဲ့။

"ဆိုင်ကယ်နံပါတ်ပြားကလည်း မရှိ၊ လူပျောက်တိုင်သူက
လည်း မရှိ၊ လူရဲ့မျက်နှာကလည်း မီးလောင်ရာနဲ့ဆိုတော့ ဓါတ်ပုံ
မှတ်တမ်းထား၊ ရဲက မှုခင်းဖွင့်ထားတယ်၊ ပိုင်ရှင်မဲ့အလောင်း
နေနဲ့ သင်္ဂြိုဟ်လိုက်တယ်တဲ့၊ နင့်အစ်ကိုလည်း ဘာဘာညာညာ
ပြောပါဘူး၊ without ဆိုင်ကယ်တွေက အဲဒီရက်ပိုင်းမှာ အ
ကျက်များတယ် ကြားသလိုလို ဘာလိုလိုနဲ့ပဲ ရှောချလိုက်တယ်၊
နမှူးကလည်း သူငယ်ချင်းဖြစ်နေလို့ တော်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမှုက တကယ်ရှိခဲ့တာပေါ့နော်၊ မိုမို ထင်တာက ဒီ[...] အလောင်းကို ကားတစ်စီးစီးနဲ့ လာမ,ပြီး ကိုးလောင်းကွေ့ ချောက်[...] ထဲ မီးရှို့ပြီး ပစ်ချခဲ့တာပဲ ဖြစ်မယ်"

"အင်း. . . ဖြစ်နိုင်တယ် ညီမလေး၊ ဒါပေမယ့် နင် [...] အကြောင်းတွေ ခေါင်းထဲ မထည့်ထားနဲ့တော့၊ အစ္စယ်လည်း လွ[...] တော့မယ်၊ ဒေါက်တာဂုဏ်တင့်တယ်နဲ့ ယူမှာဆိုလည်း ယူလိုက်[...] တော့၊ ပြီးတော့ မိသားစုဘဝလေးတစ်ခု ထူထောင်ပြီး လောကကြ[...] မှာ ရရှိပိုင်ဆိုင်ထားတဲ့ မိန်းမသားတစ်ဦးရဲ့မိခင်တာဝန်မျိုးနဲ့သာ ပျော်ပျော်ရွှင်ရွှင် နေသွားစမ်းပါဟာ"

"မိုမိုကိုသာ ပြောနေ၊ မစ်ကကော ခုထိ ဘာလို့ သားသမီး[...] မယူသေးတာလဲ"

"အော်. . . စီးပွားရေးက စတင်အခြေချတုန်းမို့လို့[...] အလုပ်က အသားကျသွားပြီဆိုတော့ ငါတို့လည်း သားသမီး ယ[...] တော့မှာ၊ နင်က ယောကျာ်းမယူဘဲ အပျိုကြီး လုပ်မယ်ဆိုရင်တော့ ဒေါ်လေးလိုပဲ နေပြီး တူ,တူမတွေ ထိန်းပေးရလိမ့်မယ်နော်၊ ဒါ[...] ငါက ကလေး လေးငါးယောက်လောက်ကို မွေးပစ်လိုက်မှာ. . . ဘာမှတ်နေသလဲ"

"တော်ပါပြီ. . . ဒေါ်လေးလိုတော့ မနေနိုင်ပါဘူး၊ ကလေ[...] လည်း မထိန်းချင်ပါဘူး"

"ဒါဖြင့် ဂုဏ်တင့်တယ်ကိုပဲ ယူလိုက်တော့မယ်ပေါ့၊ ရှိန်း[...] စောင့်နေဦးမှာလား"

"ရှိန်း မိုမိုဆီ ပြန်လာမှာပါ မစ်"

မြင့်မိုရ်မေ စိတ်ထဲ တထစ်ချ ယုံကြည်နေမိသည်။ ရှိန်း[...]





[...]တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာတော့ သူ့ရှေ့ ဘွားကနဲ [...]ပေါ်လာလိမ့်မည်ဟု။

ထိုအချိန် ဖုန်းကော မြည်လာသဖြင့် မြင့်မိုရ်မေ ဖုန်း [...]တင်န်ကို ကြည့်လိုက်သည်။ စန္ဒာမေကပါ ကြည့်ရင်း. . .

"ဟွန်း. . . ဂုဏ်တင့်တယ်မှတ်လား၊ အလွမ်းသယ်လိုက် [...]ဦး"

ဟု ပြောပြီး သူ့အခန်းထဲမှ ထွက်သွားလေသည်။

မြင့်မိုရ်မေ ပြုံးပြီး ဂုဏ်တင့်တယ်၏ဖုန်းကို ကျေနပ်စွာဖြင့် [...]ဖြင့်၍ လက်ခံလိုက်လေသည်။


ဒေါက်တာဂုဏ်တင့်တယ်ဟာ သူ့အားကိုးထိုက်သော အဖော်ကောင်းတစ်ယောက်ပါပဲဆိုတာကိုလည်း သူ တထစ်ချ [...]ယုံကြည်နေမိပြန်သည်။

စိတ်ဆိုတာ အခက်သားပါလားနော်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၅)

"ဟယ်လို. . . ပြောပါ ဒေါက်တာ"

"မို အိပ်ရာဝင်ပြီလား"

"ဟင့်အင်း. . . အခုပဲ ဆရာကြီးဆီ ဖုန်းဆက်ပြီးတာ"

"ဆရာကြီး ဘာပြောသလဲ"

"ဘာမှမပြောဘူး . . ကျွန်မပြောတာကိုပဲ နားထောင်ပေး နေတာ၊ ကျွန်မ မနက်က ဒေါက်တာနဲ့ ဖုန်းပြောပြီး အိပ်လိုက်တာ နေ့လည်တစ်ချက်မှ နိုးတယ်၊ ဒါလည်း အိပ်မက်ကြောင့် နိုးတာ





ဒေါက်တာ. . . အိပ်မက်,မက်ပြန်ပြီ"

"မက်နေကျ အိပ်မက်ပဲလား"

"ဟုတ်ပါတယ်"

မြင့်မိုရ်မေ အားတက်သရောနှင့် အိပ်မက်၏မြင်ကွင်း ဆက်ကို ရှာဖို့ ကြိုးစားအားထုတ်ခဲ့သမျှသည် ဒီကိုရောက်ပြီးနောက် လက်လျှော့ချင်လာသည်။

ကိုးလောင်းကွေ့က ချောက်ထဲက အလောင်းနှင့်လည်း သူ့အိပ်မက်နှင့် မပတ်သက်ပါဘူး။ သူကြားခဲ့ရသောအသံနှင့်လည်း မပတ်သက်ဘူးဟု ယူဆချင်သည်။ ဒါမှ သူ စိတ်အစဉ် အေးချမ်း သွားနိုင်လိမ့်မည် ထင်ပါသည်။

"မိုးအသံက အားလျော့လိုက်တာ"

"ကျွန်မ ဇာတိမြေကို ပြန်ရောက်လာပြန်တော့လည်း ဒီမှာ ပဲ နေချင်တယ်၊ ရန်ကုန်ကိုတောင် ပြန်မလာချင်တော့ဘူး"

"မလုပ်ပါနဲ့ မိုရယ်၊ မိုပြန်မလာရင် ကျွန်တော် လိုက်လာမှာ ပါပဲ၊ မို ပြင်ဦးလွင်မြို့သူ လုပ်ရင် ကျွန်တော်လည်း ပြင်ဦးလွင်မြို့ သား လုပ်လိုက်မှာပေါ့ဗျာ"

"ဒေါက်တာရယ်. . . ဖူးစာကံဆိုတာ ဆန်းကြယ်ပါတယ်၊ အကြောင်းကံ ပါလာရင်တော့လည်း ဆုံစည်းခွင့် ရမှာပေါ့ ဒေါက် တာရယ်"

"ဘာပဲဖြစ်ဖြစ် မာဒင် နှလုံးမူပြီး ကျွန်တော်ကြိုးစားကြည့် ရမှာ ကျွန်တော့်တာဝန်ပေါ့၊ ဒါထက် မိုဆန္ဒတစ်ခုကို ကိုယ်ဖြည့်ပေး နိုင်တော့မယ် ထင်တယ်"

"ဘာများပါလဲ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မိုရဲ့ကျေးဇူးရှင် မျက်ကြည်လွှာအလှူရှင်ကိုလေ၊ ရှာတွေ့နိုင်ဖို့ နီးစပ်လာပြီ"

"ဟင်. . ဟုတ်လား. . . တကယ်လားဟင်"

မြင့်မိုရ်မေ ရင်ထဲ ပျော်ရွှင်မှု လှိုင်းဂယက် ထလာသည်။

သူ့ဆန္ဒတွေကလည်း များလွန်းလှသည်။

မျက်ကြည်လွှာအလှူရှင်ကို သိချင်သည်။

ပုံစံတူအိပ်မက် ခဏခဏ မက်ရသည့်အကြောင်းရင်းကိုလည်း သိချင်သည်။

နောက်ဆုံး ပြင်းထန်သော အာသိသတစ်ခုက "ရှိန်း" ကို တွေ့ချင်နေသည်။ ရှိန်းဆိုသော ပျောက်ဆုံးနေသည့် လူသားတစ်ဦး ဤမြေမှာပြည်၏မြေပြင်ပေါ်မှာမှ ရှိပါလေစ။ တွေးမိလိုက်သည်နှင့်

ရင်ထဲ အားတက်သွားမှုသည် ရုတ်ချည်းပင် ပြန်လည် ကျဆင်းသွားခဲ့လေသည်။

"မို"

"မိုဆီကို ကိုယ် ဂျူတီချိန်းလို့ရရင် လိုက်လာခဲ့ဦးမယ်"

"ဟင်. . . ဒေါက်တာကလည်း၊ မို ပြန်လာမှာပါ၊ ဒေါ်လေး တစ်ယောက်ထဲလည်း ကြာရှည်ထားလို့မှ မဖြစ်တာ"

"ကိုယ်လိုက်လာမှာကို မို စိုးရိမ်တယ်မလား၊ ဘာဖြစ်လို့လဲ နည်းခံရမှာစိုးလို့လား"

ဒေါ်လေးက ခြံရောင်းရသောငွေနှင့် ရန်ကုန်စမ်းချောင်းမှာ တိုက်ခန်းတစ်ခန်း ဝယ်ပြီး ဗိုလ်ချုပ်ဈေး၌ သိုးမွှေးဆိုင် ဖွင့်ထားခြင်းဖြင့် လုပ်ငန်းကို စတင်လည်ပတ်နေပြီဖြစ်သည်။

"မဟုတ်ပါဘူး ဒေါက်တာရယ်၊ ဒေါက်တာ့ရဲ့အဖိုးတန်တဲ့





အချိန်တွေဟာ ကျွန်မအတွက် ပေးဆပ်ရတာ အလဟဿ ဖြစ်သွားမှာစိုးလို့ပါ"

"မိုရယ်. . . ကိုယ့်ချစ်သူအတွက်ဆို ဘဝတစ်ခုလုံးပါ ပုံပေးမှတော့ အချိန်တွေ ပေးရရုံလောက်ဟာ ဘာပြောပလောက်မှာလဲ"

"ကဲပါ ဒေါက်တာရယ်၊ ဒေါက်တာလည်း နားပါတော့၊ ကျွန်မလည်း တီဗွီကြည့်ရင်း မစံတို့ ပြန်အလာကို ဆင်းစောင့်ဦးမယ် နော်. . . ဘိုင့်ဘိုင်"

"နေပါဦးလား မိုရယ်"

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"မိုမျက်နှာလေးကို မြင်ခွင့်မရတဲ့အချိန်မှာ မိုအသံလေးကို ကြားချင်နေလို့ပါ"

"ကျွန်မမှာ ပြောစရာစကားမှ မရှိတော့ပဲ"

"ကိုယ့်မှာက ပြောစရာစကားတွေ ရှိနေတယ်"

"ဒါဖြင့် ပြောလေ"

"မိုကို ကိုယ်ချစ်တယ်"

"ဟင်. . . ဘာများလဲလို့ ဒေါက်တာကလည်း"

ခဏခဏ ကြားနေရသော အပ်ကြောင်းထပ်နေသည့် ရိုးစင်းသော. . . အမြဲဆန်းသစ်နေတတ်သော "ချစ်တယ်" ဟူသော စကားဖြစ်ပေမယ့် သူ ရင်မခုန်သည့်အပြင် စိတ်ရှုပ်ထွေးနေရသည်။

"မိုအတွက် ချစ်တယ်ဆိုတဲ့စကားဟာ သာမညလေး ထင်ပေမယ့် ကိုယ့်အတွက်ကတော့ ဘဝတစ်ခုလုံးနဲ့ ယှဉ်ပြီး အလေးပေးပါတယ် မို၊ မိုကို ဘဝတစ်ခုလုံးနဲ့ ပုံအပ်ပြီး ကျွန်တော် ချစ်သွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မို ကိုယ့်ကို မချစ်လည်းပဲ ရတယ်၊ ကိုယ့်မေတ္တာရိပ်မှာ မို မှေးပြီးတော့သာ လိုက်ခဲ့ပေးပါ။ ကိုယ် စိတ်ရှည်လက်ရှည်နဲ့ မိုကို စောင့်နေပေးပါ့မယ်"

ဒေါက်တာဂုဏ်တင့်တယ်၏လေသံအေးအေးလေးက မြင့်မိုရ်မေ၏ရင်ကို နွေးထွေးသွားစေသည်။

သမုဒ္ဒယ မကင်းနိုင်သေးသော နှလုံးသားမို့ ကိုယ့်အပေါ် ချစ်နိုင်လွန်းသောလူ ရှိပါသေးလားဟု သိရှိလိုက်ရတော့ ခံစားလိုက်ရသည်။ ရင်ခုန်သံနွေးနွေးလေး၌ အားကိုးယုံကြည်စွာဖြင့် ရေသာခိုမှေးလိုက်ချင်သော စိတ်ကလေးပင် ဖြစ်ပေါ်မိသော်လည်း ခိုဝင်ခဲ့ဖူးသော ရှိန်း၏ရင်ခွင်နွေးက သူ့၏စိတ်အစဉ်ကို မြဲလွှာနှင့် ဖုံးအုပ်လိုက်သည့်နှယ် ဖြစ်သွားသည်။

သူ ရှိန်း၏ရင်ခွင်နွေးနွေး ဝပ်ကျင်းလေးကိုသာ တမ်းတမှေးစက် ခိုဝင်ချင်ပါသည်။

"မို နားထောင်နေရဲ့လား၊ ကိုယ် ဘာကို ဆိုလိုသလဲဆိုတာကိုကော နားလည်ရဲ့လား"

"ကျွန်မ နားထောင်နေပါတယ် ဒေါက်တာ၊ ရှင်းရှင်းနဲ့ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ကျွန်မရင်ထဲမှာ လူတစ်ယောက်က နေရာအပြည့်ယူထားလို့ပါ ဒေါက်တာ၊ သူ့ကို ကျွန်မ တွေ့ချင်ပါသေးတယ်၊ လောလောဆယ်တော့ သူဟာ ပျောက်ဆုံးနေပါတယ်၊ မျက်မမြင်ဘဝမှာ ကျွန်မကို ဂရုဏာအပြည့်နဲ့ နွေးထွေးမှု ပေးခဲ့တဲ့လူကို ကျွန်မ အရမ်းတွေ့ချင်တယ်၊ တွေ့ပြီးမှ သူ့ဆီက စကားကြားပြီးမှ ကျွန်မ ဆုံးဖြတ်ချက်တစ်ခုခုကို ပေးနိုင်မယ်ထင်တယ် ဒေါက်တာ"





"အိုကေ. . . ကျွန်တော်သဘောပေါက်ပါပြီ၊ မိုမှာ ပေးရမယ့် ပထမဆုရှင် ရှိနေသေးတယ်၊ ဒါပေမယ့် ပထမဆုရှင်က ရောက်မလာသေးတော့ ဒုတိယဆုရှင် ကျွန်တော်က ဇာတ်ရုံခုံပေါ်မှာ ထိုင်စောင့်နေရဦးမယ့်သဘောပေါ့. . . ဟုတ်လား မို"

"ကျွန်မ မပြောတတ်တော့ဘူး၊ ဒေါက်တာ့ကို ကျွန်မ စိတ်ဒုက္ခ မပေးချင်ပါဘူး ဒေါက်တာ့နားမှာ ကျွန်မထက် သာတဲ့လူတွေ အများကြီးပါ၊ ကျွန်မလက်ကိုသာ ဒေါက်တာ ဆုပ်ကိုင်ထားတာပါ၊ ဒါကြောင့် ကျွန်မလက်ကို ဒေါက်တာ အချိန်မရွေး လွှတ်ချလိုက်လို့ရပါတယ် ဒေါက်တာ"

ဒေါက်တာဂုဏ်တင့်တယ်၏လေသံ ပြောင်းသွားသည်။ စောစောက "ကျွန်တော်" ဟု သုံးနှုန်းပြီး လေသံမာသမျှ ယခုတော့ လျော့ကျသွားလေသည်။

"ဘယ်တော့မှ လွှတ်မချပါဘူး မို၊ ကိုယ်က ချစ်ရသူပဲလေ၊ စိတ်ရှည်ရှည်နဲ့ စောင့်နေရမှာပေါ့၊ ဒါပေမယ့် မိုဘဝရဲ့ပထမဆုကံထူးရှင်ကို သိခွင့်ရရင် သိချင်လိုက်တာ"

မြင့်မိုရ်မေ ရင်မှာ မောလျှနာကျင်သွားခဲ့လေသည်။ ရှိန်းဟာ ဘယ်သူလဲ။ ရှိန်းနှင့် ပတ်သက်ပြီး သူကိုယ်တိုင်တောင် ဘာတစ်ခုမှ ဂယနဏ မသိခဲ့လေပဲ သစ်ခြောက်ပင်အောက် ပန်းကောက်နေသူပမာ ဖြစ်ခဲ့ရလေပြီပဲ။

"ကျွန်မ မျက်မမြင်ဘဝမှာ ခဏတွေ့ခဲ့ရသူပဲ၊ သူ့အကြောင်းတွေ ကျွန်မ ဘာတစ်ခုမှ မသိဘူးလို့ ပြောရင် ဒေါက်တာ ယုံကြည်ပါ့မလားဟင်"

ဒေါက်တာဂုဏ်တင့်တယ် တိုးတိုးညင်သာ ရယ်မောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သံလေးကို မြင့်မိုရ်မေ ရင်ထဲ မချိစွာ နားစွင့်နေမိသည်။

လျှောင်ရယ်တယ်ပေါ့။

အင်းလေ. . . အစွဲအလမ်းကြီးသူတွေရဲ့ရင်တွင်း ခံစားချက်ကို နားမလည်သူတွေကတော့ ဖျက်ရယ်ပြုကြမှာပဲပေါ့လေ။

မြင့်မိုရ်မေ. . ဒေါက်တာဂုဏ်တင့်တယ်ကို ခွင့်လွှတ်လိုက်သည်။

"မို. . . နေနဲ့လကို ဖမ်းပြီး လှည်းဘီးတပ်ချင်တယ်ဆိုတဲ့ လူထက်ကို ရူးသွပ်နေတာပေါ့"

"အင်းလေ. . . ဒါကြောင့်လည်း ဆရာကြီးရူပနဲ့ သွားကုနေရတာပေါ့"

မြင့်မိုရ်မေ အသံအနည်းငယ် မာဆတ်သွားသည်။

သူ ကျွဲမြီးတိုချင်ပြီ။ ကျေးဇူးသာ မရှိဘူးဆိုပါက ဒေါက်တာ ဂုဏ်တင့်တယ်နဲ့ ဇာတ်လမ်းက ပြီးပြတ်ချင်ပြီ။ ဒေါက်တာဂုဏ်တင့်တယ်က သူ့အား မျက်စိခွဲစိတ်ကုသပေးခဲ့သော ဆရာဝန်ကြီးဦးသာကျော်၏သားဖြစ်ပြီး သူ၏ MO ဒေါက်တာတစ်ဦးဖြစ်ခဲ့သည့် ကျေးဇူးက ရှိနေလေသည်။

"အိုး. . . ဆောရီး. . . ဆောရီး မို၊ ကိုယ်က ဒီလိုမဆိုလိုပါဘူး၊ ကိုယ်သဘောကျလို့ပါ၊ ကိုယ့်ပြိုင်ဘက်က လေထဲက လူရိပ်လေးဆိုတော့ အားတက်သွားမိလို့ပါ၊ ကဲပါ မို၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ချင်တယ်၊ ဒါကြောင့် မိုရဲ့ပထမဆုရှင်အကြောင်း မို သိသလောက် ပြောပြ၊ ကိုယ်ဝိုင်းရှာပေးမယ်"

မြင့်မိုရ်မေ တောင်ထိပ်တက်ပြီး ခြေကုန်လက်ပမ်းကျသော သူနှယ် မောဟိုက်ဆို့နစ်သွားသည်။





"ကျွန်မ ပြန်လာမှပဲ ပြောပြတော့မယ် ဒေါက်တာရယ်"

"အိုကေ. . . ကိုင်း. . . မို ပင်ပန်းသွားပြီထင်တယ်၊ အိပ်တော့လေ၊ မို ဘာကိုမှ မတွေးနဲ့၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်တော့နော်၊ ဆရာကြီး ပေးတဲ့ ညဆေးကော သောက်ပြီးပြီလား"

"သောက်ပြီးပါပြီ"

"အိုကေ. . . ဒါဖြင့် အိပ်တော့. . . ဘိုင့်ဘိုင်"

"ဟုတ်ကဲ့ ဒေါက်တာ"

မြင့်မိုရ်မေ ဖုန်းပိတ်ရင်း ပင့်သက်ရှိုက်လိုက်သည်။

"ရှိန်းရယ်. . . ကျွန်မကို အရိပ်အယောင်လေးပဲ လာပြသွားခဲ့တာလားဟင်၊ ရှိန်းကို ကျွန်မ အရမ်းကို တွေ့ဖူးချင်ပါတယ်"


ဟု တမ်းတမ်းတတလေး ညည်းတွားလိုက်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

ဒေါက်တာဂုဏ်တင့်တယ် စိတ်ထဲ မရှင်းလင်းသမျှ မတင်မကျ ဖြစ်သမျှတို့ကို ဖြေလျှော့ချရန်အတွက် ဗိုလ်ချုပ်ဈေးရှိ "မေ" သိုးမွေးထည်ဆိုင်သို့ ထွက်ခဲ့လေသည်။

ဒေါ်လေးဒေါ်နွယ်နီမေနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တိုးလေသည်။

"ဒေါ်လေး"

"ဟယ်. . . ဒေါက်တာ ဈေးဝယ်လာတာလား"





"မဟုတ်ဘူး. . . ဒေါ်လေးနဲ့ တွေ့ချင်လို့၊ မေးစရာလေးတွေ ရှိနေလို့ပါ"

မိန်းမတစ်ယောက်ကို ချစ်မိပြီးမှ ဘဝဇာတ်ကြောင်းကို နောက်ကြောင်းပြန်လှန်ကာ သိချင်လာသော သူ့စိတ်သည် မှန်ပါလေစ။ ဒါ အချစ်စိတ်ကော ဟုတ်ပါရဲ့လားဟုပင် ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်မိတော့ မလုံမလဲ ဖြစ်မိသည်။

"ဘာများလဲကွဲ. . . အရေးကြီးလို့လား"

"အရေးကြီးတယ်ရယ်လို့လဲ မဟုတ်ပါဘူး၊ ညဘက် ဆေးခန်း ပိတ်ချိန်မှ လာရင်လည်း မိုးချုပ်နေတာနဲ့ အခု အားတုန်း ထွက်လာတာ၊ ဒေါ်လေး အားရင် ကျွန်တော်နဲ့ နေ့လည် ကော်ဖီ သောက်ရင်း စကားပြောရအောင်၊ ဆိုင်က ထားခဲ့လို့ ဖြစ်သလား"

"ဖြစ်ပါတယ်. . . ဒီမှာက ဆိုဖာဖုံးတက်တင်းတို့ နိုင်ငံခြား ထုတ်ဆောင်ပေးဖို့ သိုးမွေးအထူတွေ အပ်တာ တောင်ပေါ်က လာဝယ်တာလောက်ပဲ ရှိပါတယ်၊ အပ်ထည် လက်ခံ ရတာ များတယ်၊ ကလေးမနှစ်ယောက်နဲ့ ထားခဲ့လို့ ဖြစ်ပါတယ်၊ သိပ်ဝေးဝေး တော့ မသွားဘူးနော်"

"ဟုတ်ကဲ့ ဒေါ်လေး၊ ရွှေဘုံသာလမ်းက ကော်ဖီဆိုင် သောက်ပါပဲ၊ ကားနဲ့ပဲ သွားမယ်"

"လုပ်မနေနဲ့. . . ကားပတ်မောင်းရတာ မီးပွိုင့်စောင့်ရတာနဲ့ ကြာတယ်၊ လမ်းလျှောက်သွားတာက မြန်ဦးမယ်၊ ဒေါ်လေးလည်း အညောင်းပြေ လမ်းလျှောက်ချင်တယ်"

"ဟုတ်ကဲ့. . . ဒေါ်လေးသဘောပါပဲ"

ဒေါက်တာဂုဏ်တင့်တယ်. . ဒေါ်နွယ်နီမေနှင့်အတူ ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com


ချုပ်ဈေးရုံထဲမှ ထွက်ခဲ့လိုက်သည်။

ရွှေဘုံသာလမ်းရှိ လမ်းကော်ဖီဆိုင်တစ်ခုထဲ ဝင် လူရှင်းသောစားပွဲ၌ နေရာယူလိုက်ကြသည်။ ဒေါ်နွယ်နီမေသည် အသက်(၅၀)နီးပါးရှိပြီဖြစ်သော်လည်း အပျိုကြီးဖြစ်ခြင်းကြော လား မသိ။ နုပျိုချောမောကာ ကျက်သရေ ရှိသော အနွယ် သော အမျိုးသမီးကြီးဖြစ်သည်။

"ကဲ. . . ဒေါက်တာ ပြောစရာရှိတာ ပြောပါ၊ ဒေါ်လေး သိသမျှ ဖြေပေးပါ့မယ်"

"မိုမိုနဲ့ ပတ်သက်ပြီး ကျွန်တော်မသိရသေးတာတွေ မျာ နေသေးသလားလို့ ခံစားရပြီး ဒေါ်လေးကို အကူအညီတောင်း လို့ပါ"

"မိုမိုကို မေးမကြည့်ဘူးလား"

"မေးပါတယ်. . . မိုမိုက သူ့ရင်ထဲမှာ လူတစ်ယောက် အပြည့်အဝ နေရာယူထားတယ်လို့ ပြောပါတယ်၊ အဲဒီလူအကြော သူသိထားတာ ဘာမှမရှိဘူးတဲ့၊ သူ မျက်မမြင်ဘဝမှာ သိခဲ့ အတွက်ကြောင့်လို့ ပြောပါတယ်"

ဒေါ်နွယ်နီမေ သက်ပြင်းချလိုက်သည်။ အတိတ်ကို အ တစ်ခုလို ပြန်လည်မြင်ယောင်ရင်း. . .

"ရှိန်းကို ပြောတာနဲ့တူတယ်၊ ရှိန်းဆိုတဲ့သူငယ် ယောက်ကတော့ မိုမိုအပေါ် အတော်လေး ဂရုတစိုက်နဲ့ ယု ကြင်နာခဲ့ဖူးပါတယ်၊ ဒါပေမယ့် ဒါဟာလည်း အိပ်မက်တစ်ခုလို လေ၊ ဒေါ်လေးတို့ သွားလေရာရာကို အရိပ်တစ်ခုလို သူရောက်လ တယ်၊ ပြီးတော့ လုံးဝနှုတ်မဆက်ဘဲနဲ့ ပျောက်သွားတယ်"





"ဘယ်အတိုင်းတာလောက်အထိ ခင်မင်ခဲ့ကြသလဲ၊ မိုမိုနဲ့ ရည်ငံသွားကြတဲ့အထိလား"

"ဟင့်အင်း. . . ရည်ငံဖို့ နေနေသာသာ ပရိုပိုစ်တောင် လုပ်ခဲ့ဘူးလို့ မိုမိုကိုယ်တိုင်က ပြောတာ"

"ဟင်. . . ဒါဆို သူ ဘာလို့ ပျောက်သွားရတာလဲ"

"ဟုတ်တယ်. . . ဒေါ်လေးတို့အတွက်လည်း ထူးဆန်းနေတာပဲ၊ သူ့နာမည် ရှိန်း။ ခြံဥယျာဉ်လုပ်ငန်းနဲ့ စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို ဦးလေးနဲ့အတူ လုပ်နေတယ်ဆိုတာလောက်ပဲ သိထားတာ"

"နေရပ်လိပ်စာတို့ တယ်လီဖုန်းနံပါတ်တို့ကော"

"တယ်လီဖုန်းကလည်း ခေါ်လို့မရတော့ဘူး၊ လိပ်စာက မသိဘူး"

ဒေါက်တာဂုဏ်တင့်တယ် စိတ်ဝင်စားမှု ပိုမိုလာသည်။

"ဟင်. . . ဒေါ်လေးတို့ဟာတလည်း၊ ဖုန်းနံပါတ်အတိုင်း စုံစမ်းကြည့်ရင် ရတာပဲ"

"ဒေါ်လေးတို့က မိန်းမသားတွေလေကွယ်၊ ကိုယ့်ကို မဆက်သွယ်ချင်တော့လို့ အဆက်အသွယ် ဖြတ်တောက်သွားခဲ့တဲ့သူတစ်ယောက်ရဲ့နောက်ကို ဘာဖြစ်လို့ တကောက်ကောက် လိုက်နေတော့မလဲ၊ သူ့ကျေးဇူး ရှိခဲ့ဖူးတဲ့အတွက်တော့ မေတ္တာပို့သပေးနေရုံ တတ်နိုင်တာပေါ့"

ဟုတ်ပါသည်။ ဒါကို သူဆင်ခြင်လိုက်မိသည်။ ဒေါ်နွယ်နီမေတို့ တူဝရီးတွေသည် လောဘနည်းပြီး ဘဝကို အေးချမ်းစွာပင် ဖြတ်သန်းနေကြသူများဖြစ်သည်။ ပူလောင်ခြင်းကင်းစွာ နေထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် မိန်းမသားများဖြစ်သည်။

"မိုမိုရဲ့စိတ်ထဲမှာ အမှောင်ထုထဲကို အလင်းပြပေးခဲ့တဲ့ ပိုးစုန်းကြူး အလင်းရောင်ကလည်း နေမင်းကြီး အလင်းရောင်လောက် စွမ်းအားကြီးတယ် ထင်မိသွားပြီး အားကိုးလိုစိတ် ဖြစ်နေမှာပေါ့ကွယ်"

"ကျွန်တော့်ကို အဲဒီဖုန်းနံပါတ် ပေးလို့ရမလား"

"အင်း. . . ရပါတယ်"

ဒေါ်နွယ်နီမေက သူ့လက်ကိုင်အိတ်ကို ဖွင့်ကာ တယ်လီဖုန်း မှတ်စုစာအုပ်ကလေး ထုတ်ပြီး သူ့ကို နံပါတ်ခေါ်ပေးလိုက်သည်။

ဒေါက်တာဂုဏ်တင့်တယ် သူ့ဖုန်းထဲ မန်မိုရီသွင်းကာ မှတ်ထားလိုက်သည်။

"ဒေါက်တာမေးချင်တာ ဒါပဲလား"

"ဖြစ်နိုင်ရင်တော့ အဲဒီရှိန်းဆိုတဲ့လူနဲ့ တွေ့ကြုံပုံအကြောင်းလေးအထိ သိချင်ပါတယ်၊ ဒေါ်လေးအတွက် ဝန်မလေးဘူးဆိုရင် ပြောပြပေးပါလားဗျာ"

"အင်းလေ. . . ဒေါက်တာ ဒီလောက်သိချင်နေမှတော့ ဒေါ်လေး ပြောပြပါ့မယ်"

ဒေါ်နွယ်နီမေသည် တောင်ကြီးသို့အသွား ရထားပေါ်မှ စတင်ဆုံစည်းပုံ၊ တောင်ကြီးမြို့၌ လည်ပတ်ကြပုံများ ပြောပြလိုက်သည်။ ရန်ကုန်ပြန်ရောက်တော့ လေဆိပ်၌ လမ်းခွဲပြီးနောက် လုံးဝ ထပ်မတွေ့ရတော့ချေ။

စကားက လုံးဝ လမ်းဆုံးနေလေပြီဖြစ်သည့်အတွက်





ဒေါက်တာဂုဏ်တင့်တယ် ဒီထက် ပိုမေးရန်—မသင့်တော့သဖြင့် မေးလိုသောစိတ်ကို ရင်ထဲ၌သာ မြှုသိပ်ထားလိုက်လေသည်။

"ဪ. . . ဒေါက်တာလေးရယ်၊ စကားတွေပဲ ပြောနေ၊ ကော်ဖီတွေ အေးကုန်မယ်. . . သောက်လိုက်ပါဦးလေ"

ဒေါ်နွယ်နီမေအနေနှင့် ဒေါက်တာဂုဏ်တင့်တယ်၏ အတွင်းစိတ်သန္တာန်ကို မှန်းဆကာ မြင်နေမိသည်။ တစ်ဖက်သတ်အချစ်ဆိုတာ ဒီလိုပဲ ခံစားရ ခက်တတ်သည်။

အချစ်ဆိုတာကလည်း ဆန်းကြယ်သည်။

သူချစ်ကိုယ်ချစ်၊ နှစ်ကိုယ်တူအချစ် ရရှိဖို့ဆိုရာက ရေးအတိတ်ကံ ပါလာဦးမှ။

"ဒါထက် ဒေါက်တာလည်း မိုမိုရဲ့မျက်ကြည်လွှာအလှူရှင်ဟာ ဘယ်သူလဲဆိုတာ စုံစမ်းလို့ရပြီလား"

"ကျွန်တော် ကြိုးစားပေးပါ့မယ်၊ ဆရာဝန် ကျင့်ဝတ်သိက္ခာတွေ ရှိနေတော့ စုံစမ်းရတာ မခက်သင့်ဘဲ ခက်နေလို့ပါ၊ ကာယကံရှင် အလှူရှင်က လျှို့ဝှက်ထားခိုင်းတာဆိုတော့ ခက်နေလို့ပါ"

"အလှူရှင်ကမှ မရှိတော့တာကွယ်၊ အလှူရှင်မိသားစုကို ကျေးဇူးပြုချင်လို့ပါ၊ ဒါဟာ ဘာမှ ပျက်စီးစရာ ပျက်စီးကြောင်းရှိတဲ့ကိစ္စပဲ မှတ်လားကွယ်"

"ဟုတ်ပါတယ်. . . ကာယကံရှင် မိသားစုနဲ့ တွေ့ဆုံခွင့်ရဖို့ ကြိုးစားပေးပါ့မယ်၊ ဒေါ်လေးလည်း မိုမိုကို နားချပေးပါ၊ မိန်းမသားအတွက် အိမ်ထောင်ပြုတယ်ဆိုတာ အချိန်ရှိမှ ဖြစ်တာပါ၊ အရွယ်လွန်သွားရင် မိသားစုဆိုတာ ဖြစ်ဖို့ မလွယ်တော့ပါဘူး"

"အေးပါကွယ်. . . ဒေါ်လေးလည်း ပြောပါတယ်၊ ဒါ့လို



www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီး လုပ်ပြီး အရိုးတော်နွား မကျောင်းချင်ပါနဲ့လို့"

ဒေါက်တာဂုဏ်တင့်တယ် ပြုံးလိုက်မိလေသည်။

"ကိုင်း. . . သွားကြစို့လား ဒေါက်တာ၊ မင်းသိချင်တာ ရှိသေးရင် ဒေါ်လေးကို အချိန်မရွေး ဖုန်းဆက်မေးပါ"

"ဟုတ်ကဲ့ ဒေါ်လေး. . . ကျေးဇူးတင်ပါတယ်"

ဒေါက်တာဂုဏ်တင့်တယ် မရေမရာသောပုစ္ဆာနှင့်ရ ထိုနေ့အတွက် နိဂုံးချုပ်ပြီး ဒေါ်နွယ်နီမေနှင့် ဗိုလ်ချုပ်ဈေး မုခ်ဝ ပင် လမ်းခွဲလိုက်ရလေတော့သည်။


သူ့ရင်ထဲမှာလည်း မြင့်မိုရ်မေ၏ရင်ထဲက ရှိန်းကို အငြေ အလွှားပင် ရှာဖွေရင်းမှ မနာလိုပင် ဖြစ်မိနေလေသည်။

မြင့်မိုရ်မေကိုလည်း အံ့အားသင့်မိသည်။

လူကို မမြင်ရဘဲ အသံနှင့်ပင် လူတစ်ယောက်ကို ခွဲလမ်း နေရသလားဟု၊ ထိုပုဂ္ဂိုလ်ကလည်း မိန်းမတွေ ခွဲလမ်းရလော အောင် ဘာပညာတွေများ တတ်စွမ်းနေပါလိမ့်ဟုလည်း တွေးလို မိသည်။







## အခန်း(၁၇)

ညနေ နေဝင်ရီသရော ညီအစ်ကို မဆိတသိအချိန်မှ ဝန်းနီက အနောက်ဖက် တောင်စွယ်ရိုးမှာ ပုန်းလျှိုးကွယ်လျှိုးနှင့် င်ရောက်ပျောက်ကွယ်သွားလေသည်။ သို့သော် ၎င်း၏ဝတ်ရုံလွှာ လင်းရောင်ခြည်က ကျန်ရစ်ခဲ့သည်မို့ ဖျိုးဖျိုးဖျဖျ ဆည်းဆာရိပ်ကို င့်မိုရ်မေ ငေးကြည့်နေမိသည်။

မဟူရာရင့်ရောင်၏စိုးမိုးထားသော အမြင်အာရုံ ချို့ယွင်း ဉ် ကာလရှည်ကို လွတ်မြောက်ပြီးနောက် သူ့အတွက် အလင်း ရောင်သည် အရမ်းတန်ဖိုးရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညရောက်လျှင် အိပ်ရဦးမယ်။ အိပ်ပျော်သွားလျှင် သူ့ထ
သို့ အိပ်မက်ဆိုးက ရောက်ရှိလာဦးမည်ကို စိုးထိတ်၍နေသည်။

"မမလေး. . . မှောင်လာပြီ၊ မြန်မြန်ပြန်ရအောင်"

"ဘာဖြစ်လို့လဲ ရွှေစာ. . . ဖြည်းဖြည်းပေါ့"

"ဟင်. . . မမလေးကလည်း၊ ကွမ်းယာဆိုင်က အဒေါ်ကြ
ပြောတယ်၊ လမ်းကြားမှာ သရဲခြောက်တယ်တဲ့"

"အို. . . ကြုံကြုံဖန်ဖန်ဟယ်"

ဟုသာ သူ့အနေနှင့် ရွှေစာကို ကြောက်မှာ စိုးရိမ်၍ ငြ
သိမ့်မှု ပေးလိုက်ရသည်။ (၃၁)ဘုံလောကကြီး၌ ဗြိတ္တာဘုံဆိုတ
ရှိနေသည်ပဲ။ ၎င်းတို့ကို မြင်နိုင် မမြင်နိုင် ဆိုသည်မှာလည်း ဘုန်း
အတတ်ပညာတို့နှင့် ဆိုင်ကောင်း ဆိုင်နေပေလိမ့်မည်။ ဒါကို ရွှေ
စိတ်ကျေနပ်စေရန် ခပ်သွက်သွက်ကလေး လျှောက်ပြန်ခဲ့ကြသည်

ထိုစဉ်. . .

"ဝူး. . ဝူး. . ဝေါ်"

ဆိုင်ကယ်လ်စက်သံ ကြားရပြီး သူတို့အနီးမှ ကပ်ကာ ဖြ
ကျော်သွားသည်။

"ရမ်းကားလိုက်တာ"

ဆိုင်ကယ်လ်နောက်မီးကို ကြည့်ပြီး မြင့်မိုရ်မေ ရေရွ
လိုက်မိသည်။ တစ်ဆက်တည်းဆိုသလို အိပ်မက်ဆိုးကို ပြန်သတိရ
သည်။

အိပ်မက်လေလား၊ တကယ့်ဖြစ်ရပ်မှန်လား။

မြင့်မိုရ်မေ အာရုံထဲ ဝိုးတဝါးပုံရိပ်က ထင်ဟပ်နေသည်
ရက်စက်ကြမ်းကြုတ်သော အိပ်မက်ဆိုးက ဘာဖြစ်၍မှ





သူ့အာရုံရိပ်မှာ ထင်ဟပ်နေရတာလဲ။

ဟူးကနဲ သက်ပြင်းချသံကို ရွှေစာထံမှ ကြားလိုက်ရတော့မှ
သူတို့၏အိမ်ခြံဝန်းတံခါးဝသို့ ရောက်နေလေပြီဟု သတိပြုမိလိုက်
သည်။

ရွှေစာက အိမ်ထဲ ပြေးဝင်သွားပြီး ခြံဝန်းတံခါး ဂိတ်မီးလုံး
များကို ဖွင့်လိုက်သည်။

မာကျူရီ အလင်းရောင်အောက်ဝယ် ခြံတွင်း မြက်ခင်း
ပန်းခင်းတို့၏ငိုက်မျဉ်းမှုကို တွေ့မြင်လိုက်ရသည်။

"အိမ်ထဲ မဝင်သေးဘူးလား မမလေး"

ခြံထဲ မြေနီသလင်းလေးပေါ်၌ ချထားသော ဒန်းကလေး၏
အဖော်မဲ့မှုကို မြင့်မိုရ်မေ ဖြည့်ဆည်းပေးလိုက်သည်။

"ကျွီ. . . ကျွီ. . . ကျွီ"

ဩော်. . . ဒန်းလေးက သခင်တွေ၏ဥပေက္ခာပြုထားမှုကို
ကြာရှည်စွာ ခံထားရသည်ထင့်။ သံချေးညှော်တက်နေပြီဟု ကြွေး
ကြော်နေလေပြီမို့. . .

"ရွှေစာ. . . စက်ဆီဗူး သွားယူခဲ့"

"ဟုတ်"

ရွှေစာက ပေါ့ပါးစွာပင် အိမ်ထဲ ထပ်မံပြေးဝင်သွားသည်။
သိုးမွေးထိုးစက်၊ အပ်ချုပ်စက်များကို ထည့်သော စက်ဆီဗူးက စက်
များအနီး အမြဲရှိနေတတ်သည်မို့ ရွှေစာ အလွယ်တကူပင် တွေ့ပြီး
သူ့လက်ထဲ ကမန်းကတန်း ထိုးထည့်ကာ . . .

""ကျွန်မ အိမ်သာတက်ချင်လို့ မမလေး""

"အေး. . အေး. . သွားသွား"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်မေ စက်ဆီပူးကို သံနှင့်သစ်သား ဆက်စပ်သမျှနှင့် မှုလီ ဝက်အူ ရှိသမျှနေရာများသို့ အကုန်လျှောက်ထည့်လိုက်သည်။

ထိုစဉ် သူ့ဖုန်းမှ ခေါ်သံ သံစဉ်တီးလုံး ထွက်လာသဖြင့် စက်ဆီပူးကို ချပြီး ဖုန်းစကင်န်ကို ကြည့်လိုက်သည်။

ဒေါက်တာဂုဏ်တင့်တယ်မှ ခေါ်ဆိုသောဖုန်း ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ဖုန်းကို ဖွင့်ကာ လက်ခံလိုက်သည်။

"ဟယ်လို. . . ပြောပါ ဒေါက်တာ"

"မို နေကောင်းရဲ့လား၊ ဒီနေ့ အလုပ်များနေလို့ မို့ဆီ အခုမှ ဖုန်းဆက်မိတာ"

"ကျွန်မ နေကောင်းပါတယ် ဒေါက်တာ. . . ကိစ္စထူးလို့လား"

"ကိုယ့်အတွက်ကတော့ မိုနဲ့ ပတ်သက်လာရင် အမြဲကိစ္စထူးနေတတ်ပါတယ်၊ မို ဘယ်တော့ ပြန်လာမလဲ"

"ပြန်လာမှာပါ. . . သုံးလေးရက် နေရင် ပြန်လာမယ်၊ ဒေါ်လေး တစ်ယောက်တည်း ထားခဲ့ရတာ မစံတော ကျွန်မကော စိတ်မချဘူး ဖြစ်နေတယ်"

"ဟုတ်ပြီလေ. . . ဒါဆိုရင် ကိုယ် မို့ကို ပြောပြချင်တဲ့ အကြောင်းတွေ အဲဒီတော့မှ ပြောပြတော့မယ်"

"ကျွန်မကိစ္စလား"

"အင်း. . . ကျွန်မကိစ္စရော ကျွန်တော့်ကိစ္စရောပေါ့"

"အခုပြောလို့မရဘူးလား ဒေါက်တာ"

"မို ပြန်ရောက်လာမှ သိရမယ့်ကိစ္စ ရှိနေပါတယ် မို"





"ရှင်. . . ဒေါက်တာ"

"မို ကိုယ့်ကို လက်ခံနိုင်ဖို့ စဉ်းစားပေးနေပြီလား"

"ဟုတ်ကဲ့. . . မို စဉ်းစားပါတယ်၊ လူသားတစ်ယောက်ဖြစ်တဲ့အတွက် လူသားတာဝန် ကျေပွန်တယ်ဆိုတဲ့ အတိုင်းအတာ အတိမ်အနက်၊ လူ့သဘာဝရဲ့အတိုင်းအတာ၊ ဒါတွေအားလုံး လျှောက်တွေးနေမိတယ် ဒေါက်တာ၊ တော်သေးတာပေါ့. . . ဆရာကြီးဆေး မှန်မှန်သောက်နေလို့လား မသိပါဘူး၊ ကျွန်မ လူကောစိတ်ပါ ကျန်းမာနေသေးတယ်၊ အိပ်မက်လည်း ထပ်မမက်တော့ပါဘူး"

မြင့်မိုရ်မေ ရှည်ရှည်ဝေးဝေးပင် ဖြေလိုက်လေသည်။

တကယ်တော့ ဒေါက်တာဂုဏ်တင့်တယ်ဆိုသော ဆရာဝန်သည် သူ့အား မျက်စိခွဲစိတ်ပေးခဲ့သော ဆရာဝန်ကြီး ဦးဂုဏ်ရည်၏သားဖြစ်သလို ရန်ကုန်မျက်စိကု အထူးဆေးခန်း၏ လက်ထောက် ဆရာဝန်တစ်ဦး ဖြစ်လေသည်။

ထိုမှ စတင်ကာ သိကျွမ်းပြီးနောက် ဒေါက်တာဂုဏ်တင့်တယ်၏သဒ္ဓါတွေ ပိုလာခဲ့သည်အထိ ကျွမ်းဝင်ခဲ့သည်။

မြင့်မိုရ်မေ ရင်ထဲကတော့ ရှိန်းဟူသော ကတုတ်က ကာဆီးနေလေသည့်အတွက်ကြောင့်. . .

သူ့နှလုံးသားအိမ်သည် ယိမ်းယိုင်ခြင်း မရှိသေးပါချေ။

"ကောင်းပါတယ် မို၊ ဒါဖြင့် ဆရာကြီး ဦးရှုပနဲ့ မို ပြန်လာတွေ့ဦးမယ်ပေါ့"

"ဟုတ်ကဲ့. . . ခု ဒီရောက်တာ တစ်ပတ်ရှိပြီ၊ အိပ်မက်တစ်ခါပဲ မက်တယ်. . . ထပ်မမက်ဘူး၊ ပြီးတော့ ကျွန်မ ဒီမြို့မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



အခြေချချင်စိတ် ပေါ်လာတယ်၊ မစံကလည်း ဒီမှာပဲ ပြန်နေစေချင် တယ်၊ ဒါကြောင့် ဒေါ်လေးနဲ့ တိုင်ပင်ပြီး ပြန်လာကြမလားလို့"

"ဟင်. . . ကိုယ်နဲ့ ဝေးဖို့ ကြိုးစားတော့မှာလား မို"

"မဟုတ်ပါဘူး ဒေါက်တာ"

မြင့်မိုရ်မေ အားနာသွားသည်။

မိမိနှင့် ဆုံစည်းဖို့ ကြိုးစားနေသူကို မိမိက ဆန့်ကျင်ဘက် ဝေးကွာဖို့ ပြောနေမိပါလား။

အားနာစရာ. . . လူတစ်ဖက်သားကို ထောက်ထား စာနာ သင့်ပါသည်။

မိမိအတွက် ရှိန်း၏နှုတ်မဆက် ခွဲခွာနေမှုအတွက် ဘယ် လောက်တောင် ခံစားနေရသလဲဆိုတာ ကိုယ့်ဝမ်းနာ ကိုယ်သာ အသိဆုံးဖြစ်သည်။

တစ်ဖက်သတ်အချစ်ဖြင့် ခံစားရသော ဘဝတူ ဒေါက်တာ ဂုဏ်တင့်တယ်ကိုလည်း သူ စာနာသင့်သည်။

"အေးလေ. . . မို စိတ်ချမ်းသာသလိုသာ လုပ်ပါ၊ မို ဘယ် လောက် ဝေးဝေးကိုပြေးပြေး ကိုယ်ကတော့ ရအောင်လိုက်မှာပဲ ကဲပါ မို၊ စိတ်ညစ်စရာတွေ မတွေးနဲ့တော့၊ မိုစိတ်ထဲ ရှိတဲ့အတိုင်း သာ ပေါ့ပေါ့ပါးပါး နေပါ၊ ကိုယ့်အတွက် ခေါင်းထဲ မထည့်လည်း ရပါတယ်"

"ဘယ်ဟုတ်ပါ့မလဲ ဒေါက်တာရယ်၊ နှလုံးသားထဲ မထည့် နိုင်သေးပေမယ့် ခေါင်းထဲမှာ ဒေါက်တာကော ဒေါက်တာ့အမေ ဆရာကြီးနဲ့ ဆရာဝန် ဆရာမတွေအားလုံး ရှိပါတယ်၊ ဒါ့အပြင် မျက်ကြည်လွှာ အလှူရှင်ရောပေါ့၊ အဲဒီလူတွေရဲ့ကျေးဇူးတရားတွေ





ကျွန်မ အမြဲဆပ်သွားမှာပါ"

စကားပြောရင်းမှာ မြက်ခင်းပေါ်၌ ပျော်ရွှင်မြူးထူးစွာ ဖွံ့သန်းလူးလာနေကြတော့ ပိုးစုန်းကြူးလေးများတောင် အလင်း ရောင်များကို ကြည်နူးစွာ တွေ့မြင်လိုက်ရသဖြင့် ငေးကြည့်နေမိ သည်။

ငယ်စဉ်ကလို လိုက်ဖမ်းပြီး လက်ခုပ်ထဲ ထည့်ပြီးမှ ပြန် လွှတ်ပေးတာမျိုး လုပ်ချင်လာမိသည်။

"ဒီစကားကြားရတာနဲ့တင် ကျေနပ်ပါပြီ၊ ဒါဖြင့် ဒါပဲလေ၊ မို နားပါတော့"

"ဟုတ်ကဲ့ပါ. . . ဒေါက်တာလည်း နားပါတော့၊ ကျွန်မ အတွက် ဘာမှ စိတ်မချ မဖြစ်ပါနဲ့တော့ ဒေါက်တာ၊ ဒါဖြင့် ဖုန်းချ လိုက်ပြီနော်"

"အိုကေ. . . ဂွတ်နိုက် မို"

"ဂွတ်နိုက်ပါ ဒေါက်တာ"

မြင့်မိုရ်မေ ဖုန်းကို အင်္ကျီအိပ်ကပ်ထဲ ပြန်ထည့်ပြီး မိုးဦး ကာလ၌ ကြယ်ရောင်စုံများပမာ လာရောက်ထွန်းလင်း တောက်ပ နေသော ပိုးစုန်းကြူးလေးများကို လိုက်ဖမ်းလိုက်၊ လက်ခုပ်ထဲ၌ ထားလိုက် ပြန်လွှတ်ပေးလိုက်နှင့် ပျော်မြူးနေမိသည်။


တဒင်္ဂ၌ ရှိန်းကို ဒီလိုဖမ်းလို့ရလျှင် သိပ်ကောင်းမှာပဲ ဟူ သော အတွေးလေး ဝင်လာလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

ဒေါက်တာ ဂုဏ်တင့်တယ် အိမ်ပြန်တော့ အနည်းငယ် နောက်ကျနေသည်။

သူတို့မိသားစုအားလုံးက ဆရာဝန်မျိုးရိုးဖြစ်သည်။ အဖေလည်း ဆရာဝန်၊ အမေလည်း ဆရာဝန်၊ သူ့အထက် အစ် နှစ်ယောက်ကလည်း ဆရာဝန်ဖြစ်သည်။ အစ်မအကြီးဆုံးသော အိမ် ထောင်ချသွားပြီး အိမ်ခွဲထွက်သွားသည်။ သူ့အထက်အစ်မနှင့် အ သော အိမ်ထောင်မကျသေးတော့ မိဘအရိပ်အောက် ခိုလှုံဆဲ ဖြ သည်မို့ မိဘများ ချမှတ်ထားသော စည်းကမ်းတစ်ခုကိုတော့ မိသာ





စု မလေ့ထုံးစံတစ်ခုလို လိုက်နာမြဲဖြစ်သည်။

ပါရဂူ ဆရာဝန်ကြီးတွေခေတ်ကလည်း ဘယ်သောအခါမှ တိမ်ကောမည်မဟုတ်။ လူဦးရေ တိုးပွားလာသည်နှင့်အမျှ ရောဂါ သည် ဦးရေကလည်း တိုးပွားလာသည်။ ရောဂါအသစ်အဆန်းတွေ ကလည်း ပေါ်များလာပါဘိနှယ်။ ထို့ကြောင့် နာမည်ရ ဆရာဝန်ကြီး များမှာ စားချိန်အိပ်ချိန်ကိုတောင် မနည်းလုနေကြရသည်။

ထိုအထဲ မျက်စိအထူးကုသမားတော်ကြီးဖြစ်သော သူ့ ခင် ဒေါက်တာဦးသာကျော်နှင့် သားဖွားနှင့်မီးယပ်ပါရဂူ သူ့မိခင် ဒေါက်တာ ဒေါ်အေးအေးတင့်လည်း ပါလေသည်။

သားသမီးတွေနှင့် စကားပြောဖို့ အချိန်ကို တနင်္ဂနွေနေ့ ညနေစာ ထမင်းဝိုင်းမှာ လက်ဆုံစားပြီး ထိုညအိပ်ယာဝင်ခါနီး အချိန်အထိ အတူစကားစမြည်ပြော တစ်ဦးအကြောင်း တစ်ဦး နားထောင်ပေးရန်ဖြစ်သည်။ ချွင်းချက်အနေနဲ့ကတော့ မိမိတို့လူနာ ၏အရေးပေါ်အခြေအနေဆိုလျှင်တော့ ကျန်မိသားစုကို ပြောပြပြီး ထွက်ရန်ဖြစ်သည်။

ဒါကြောင့် ဂုဏ်တင့်တယ်တို့မိသားစု သူတို့ဆေးရုံ ဆေး ခန်းတွေအတွက် အချိန်ဇယားဆွဲလျှင် ထိုအပတ်စဉ် တနင်္ဂနွေနေ့ ညနေ(၅)နာရီမှ ည(၁၀)နာရီအထိ ဖယ်ထားရသည်။ သူ့အဖေနှင့် အမေကိုယ်တိုင် ည(၁၁)နာရီကျော်၌ ဆေးခန်းရှိ လူနာများထံ သွား ရောက်ကြည့်ရှုအားပေးရသေးသည်ဖြစ်သည်။

ဒီနေ့ တနင်္ဂနွေ။ သူကလည်း သူသိလိုသော သဲလွန်စတစ်ခု နောက်သို့ လိုက်ရင်း ညနေ(၅)နာရီခွဲသွားပြီ။ အိမ်အပြန်လမ်းတို့ အားမောင်းလာရင်း အစ်မဖြစ်သူ ဝါရွှေနှယ်သွေးဆီသို့ ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားလိုက်ရသည်။

"မမငယ်. . . ကျွန်တော် နည်းနည်းနောက်ကျမယ်၊ အရေးပေါ်ကိစ္စရှိလို့ ထမင်းစားနှင့်ကြဖို့ ပြောပါ"

"အေး. . အေး. . ပြောတော့ ပြောကြည့်မယ်၊ စားနှင့်တာ မစားနှင့်တာတော့ ဖေဖေ မေမေတို့အပိုင်းပဲ. . . ဒါပဲမှတ်လား"

ဟု အစ်မပီပီ ဆရာမကြီးလေသံနှင့် ပြောပြီး ဖုန်းချသွားသည်။ လမ်းတွေက ကားကျပ်၊ လမ်းပိတ်၊ မီးပွိုင့်မိနှင့်ဆိုတော့ သူ အိမ်ထဲ ရောက်ချိန် ညနေ(၆)နာရီ (၁၅)မိနစ် ထွန်းသွားပြီ။

ဧည့်ခန်းမှာ ဖေဖေ၊ မေမေနှင့် မမလေးတို့က စကားပြောရင်း သူ့ကို စောင့်နေသည်။

အမှန်ဆို သူတို့သည် ညနေ(၅)နာရီခွဲတွင် ညနေစာ ထမင်းစားချိန်ဖြစ်သည်။

"ဖေဖေနဲ့မေမေ ကန်တော့ဗျာ၊ ကျွန်တော် နောက်ကျသွားတယ်. . . ထမင်းစားပြီးကြပြီလား"

မေမေက ပြုံးရွှင်စွာပင်. . .

"မစားရသေးဘူး သားငယ်၊ မင်း ကြိုက်တတ်တာလေးတွေလည်း ချက်ထားတော့ ဒီနေ့ နောက်ကျခံပြီး မင်းကို စောင့်နေတာ"

"ချွေးတွေ သံတွေနဲ့ကွာ. . . ရေချိုးမှာဖြင့် သွားချိုးလိုက် စောင့်လက်စနဲ့ ဆက်စောင့်မယ်"

ဖေဖေက ပြောတော့. . .

"ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ဖေဖေနဲ့ မေမေ ခဏလေးနော်"

သူ အပေါ်ထပ်သို့ အပြေးအလွှားပင် တက်ခဲ့သည်။ ထို





အချိန်အတွင်းတော့ သူ့ခေါင်းထဲ ဝင်ရောက်လာသော အတွေ့အကြုံအသစ်တွေကို မေ့ဖျောက်ထားရသည်။

ရေချိုးဖြင့် စိမ်၍ ရေမချိုးနိုင်သေး။ ရေပန်းအောက်သာ ဝင်လိုက်ပြီး ရေချိုးတယ် အမည်ခံရုံသာ ချိုးလိုက်သည်။ ညရောက်မှ ရေချိုးစိမ်ဦးမည်ဟုလည်း စဉ်းစားထားလိုက်သည်။ ကတိုက်ကရိုက် ဝင် ရေသုတ်၊ တီရှပ်တစ်ထည် ကောက်ဝတ်၊ ပုဆိုးဝတ်ပြီး ပြေးဆင်းခဲ့သည်။

မိသားစု ထမင်းဝိုင်းသို့ ရောက်ရှိနေကြပြီ။ မစားနှင့်သေး။ သူ့ကို စောင့်နေကြဆဲပင်။

"ဖေဖေတို့ကလည်း. . . စားနှင့်တာ မဟုတ်ဘူးဗျာ"

"လေးငါးဆယ်မိနစ်နဲ့ အဖေတို့ ဗိုက်က ထူးပြီး ဆာမလာပါဘူးကွာ"

ဒေါက်တာဂုဏ်တင့်တယ် သူ့နေရာသို့ ဝင်ထိုင်ပြီးသည်နှင့် ဖခင်မိခင်တို့က ဇွန်းခက်ရင်း စကိုင်သည်။ မမလေးက ဟင်းအမည်ကို မိဘများအား ဦးချသည်။ သူကတော့ သူကြိုက်သော ငါးပတ်မွှေချက်ကို မိဘနှင့်အစ်မကို ဦးချပြီး စတင်စားလေတော့သည်။

သူ ဗိုက်အတော်ဆာနေမှန်း အခုမှ သိလိုက်ရသည်။ တစ်နေ့ယ်ကောင်းကိုသာ နှစ်သက်တတ်သောသူ အခြားဟင်း မနှိုက်တော့။ အမေနှင့်အစ်မက ဝိုင်းထည့်ပေးလေသည်။

"ဟင်းချိုလည်း သောက်ဦးလေ သားငယ်. . . နင်နေဦးငယ်၊ အရိုးထွင်ရမှာ ငြောက်တဲ့ သားအတွက် မေမေ ငါးဖယ်လုံးဟင်းချို ချက်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေသည် ဘယ်လောက်ပင် တော်နေသော ပါမော
ဆရာဝန်သမားတော်ကြီးဖြစ်ပါစေ၊ အိမ်သို့ ရောက်သည်
အိမ်ရှင်မကောင်း၊ မိခင်ကောင်း ပီသစွာဖြင့် အသက်(၃၀)
ကပ်နေသည့်သား၊ (၃၀)စွန်းသွားသည့် သမီးတို့ကို ကလေးလို့
နေဆဲ။

"မေမေက မောင်လေးအကြိုက်ကြီးပဲ၊ သမီးကြိုက်
ငါးခေါင်းဟင်းချိုကျတော့ မချက်ဘူး"

"ညည်းက အိမ်ရှင်မ လုပ်မယ့်သူပဲ၊ ကိုယ်အားတဲ့နေ့
ဟာသာကိုယ် မီးဖိုချောင်ဝင်ပြီး ကြိုက်တတ်ရာရာ ချက်စား
အမေက တစ်ရက်တလေ မီးဖိုချောင် ဝင်နိုင်တာ၊ ညည်းတို့အ
အကြိုက်နဲ့ သားအကြိုက်ချက်ရတာနဲ့တင် ဖတ်ဖတ်မောနေပြီ

"သိပါတယ်နော်. . . မေမေတို့က မောင်လေးကိုပဲ အ
ပိုတြတာ"

"ဒါကတော့ ညည်း အမေဖြစ်မှ သိမယ်၊ ယောကျ်ား
ဆိုတော့လည်း ခုထက်ထိ မယူသေးဘဲ မောင်ကို လိုက်ကပ်သ
တယ်"

"အပျိုကြီး လုပ်မှာ"

"အပျိုကြီးတော့ မလုပ်နဲ့၊ ကျုပ်တို့ တာဝန်ပိုတယ်၊ ည
အစွမ်းအစ မရှိဘူးဆိုတာ လက်ခံရင် သတို့သားလောင်းကို
ရှာပေးပါ့မယ်တော်၊ ပြော. . . ရှာပေးရမလား"

မမငယ်က ပခုံးတွန့်ကာ. . .

"ပေါလွန်းလို့ ရွေးရခက်နေတာ"

"ခက်မနေနဲ့. . . လင်စံရွေး လင်ခွေးနဲ့ ညားနေဦးမ





လူဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်၊ လူ့သဘာဝအတိုင်း လူသားတာဝန် ကျေပြွန်တာပဲ ကောင်းပါတယ် မိဝါရွှေနွယ်သွေး ရယ်. . . အထွန့်တက်မနေချင်ပါနဲ့"

ထမင်းစားရင်း သားအမိနှစ်ယောက် စကားနိုင်လုနေစဉ် မှာပင် ဒေါက်တာဂုဏ်တင့်တယ်က ထမင်းနှစ်ပန်းကန် လျှောကန် တုန်သွားလေသည်။ ထိုအတူ အဖေကလည်း စားပြီးလေသည်မို့ ဟင်းချိုသောက် အရွက်ကြော်ဖတ်လေးများ နှိုက်စားကြရင်း ထမင်း စားမပြီးသေးသည့် သားအမိနှစ်ယောက်ကို စောင့်ရသည်။

"သား. . . မင်း ကိုရှုပကြီးဆီ ရောက်သွားတယ်ဆို"

"ဟုတ်တယ် ဖေဖေ၊ ဖေဖေ့ပေးရှင့်လေ. . . မြင့်မိုရ်မေကို မှတ်မိလား"

"အင်း. . . ခပ်ချောချော ကောင်မလေးမှတ်လား. . . ဖြင်ဦးလွင်က၊ အဲဒါ မင်းနဲ့ ဘာဆိုင်လို့လဲ"

မိသားစုအားလုံး၏မျက်ဝန်းတ သူ့အပေါ် ဆိုက်ရောက် လာသည်။ စူးစူးစိုက်စိုက်ကြီးတွေမို့ ဂုဏ်တင့်တယ် အနေခက်သွား ပြီး မလုံမလဲ ရယ်သွေးသွမ်းရင်း. . .

"အဟက်. . . ကျွန်တော် သူ့ကို သဘောကျသွားလို့ ပရိုပို့စ် လုပ်ထားတယ် ဖေဖေ"

"ဟေ"

"အလိုတော်"

"ဟင်"

အာမေဋိတ်သံတွေ အသီးသီး ထွက်သွားကြသည်။

"အဲဒါနဲ့ ကိုရှုပကြီးဆီ ရောက်သွားတာနဲ့ ဘာဆိုင်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ပါတယ်. . . ဖေဖေ မေမေတို့ ထမင်းစားပြီးမှ ပြောတော့မယ်၊ တော်ကြာ ထမင်းစားတွေ ပျက်ကုန်ဦးမယ်"

"ပြီးပြီ. . . ပြီးပြီ"

အရိုးကိုက်တာ အင်မတန် ဝါသနာပါသော မမငယ် ကို လက်စ ငါးခေါင်းရိုးကို ချလိုက်ပြီး လက်ထဆေးလေတော့သည် သူ့အတွက် နောက်ကား ကျော်တက်မယ့်ကိစ္စဆိုတော့ အလွ စိတ်ဝင်စားသွားသည်။

သူတို့မောင်နှမတွေသည် ဆရာဝန်ဖြစ်ဖို့ စာမှုစာ။ ပြ တော့လည်း ပါရဂူဖြစ်ဖို့ စာမှုစာ ဖြစ်နေကြသည်။

မမကြီးတုန်းကလည်း အိမ်ထောင်ပြုမယ့်သာ ပြုသွာ သည်။ ရည်းစားထားသည် တွဲသည်ဟု မကြားရ။ သတို့သားဘက် က သဘောကျပြီး လာတောင်းသည်ကို လက်ခံပြီး အိမ်ထောင် သွားသည်သာဖြစ်သည်။

ယခု သူ့ဆီက "ပရိုပို့စ်လုပ်ထားတယ်" ဆိုသောအသံ ကြားသည်နှင့် သားအမိနှစ်ယောက်စလုံး စားလက်စ အပြီးသတ် လိုက်ပြီး လက်ထဆေးတော့ ဂုဏ်တင့်တယ်တို့ သားအဖ ရယ်လျှ အိမ်ရှေ့ဘက်သို့ ထွက်လာသည်။

အိမ်ရှေ့ဆိုဖာ၌ အသီးသီး ထိုင်လိုက်သည်။ စားပွဲပေါ် အသီးအနှံ အချိုပွဲကို စားသောက်ရင်း တီဗွီစလောင်းကိုလည်း ဖွင့်လိုက်သည်။ ဖခင်ကော သူကော ကြိုက်သည့် နိုင်ငံတကာ သတင်းကို ဖတ်ကြည့်လိုက်ကြသည်။

ကမ္ဘာကြီးလည်း ဆုတ်ကပ်သို့ ဆိုက်ရောက်နေပြီ ထင် သည်။ ကမ္ဘာတစ်ဝှမ်းလုံး၌ နိုင်ငံတိုင်းလိုလိုမှာ သဘာဝဘေး





ဘ်ဆိုးကြီးတွေ ကြုံတွေ့နေရလေသည်ကို တွေ့မြင်နေရသည်။ သူ့စုံသည်နှင့် ဖခင်က. . .

"ကိုင်း. . . ပြောပါဦး သားငယ်၊ သားကောင်မလေး အကြောင်း"

အချစ်ရေးနှင့် ပတ်သက်ပြီး မိဘနှစ်ပါးက သူတို့အား လွတ်လပ်ခွင့် ပေးထားသည်။

"ဆင်းရဲချမ်းသာဆိုတာ ပမာဏ မဟုတ်ဘူး၊ မနူမဝဲ မကျိုး ဆာန်း အမျိုးဘာသာတူရင်ပဲ ကိုယ်ချစ်လို့ ရာသက်ပန် ရိုးမြေကျ ပေါင်းနိုင်မယ်ဆိုရင် ယူကြ၊ မိဘဝတ္တရားအတိုင်း ထိမ်းမြားချီးမြှင့် ယ်"

ဟု ယတိပြတ် ပြောပြီးသား ဖြစ်သည့်အတွက် စိတ်ဝင်စား မှာ မေးမြန်းစူးစမ်းကြဖို့ တာစူကြလေပြီ။

"ဖေဖေ. . . မြင့်မိုရ်မေ မျက်စိနဲ့ ပတ်သက်ပြီး နောက်ဆုံး စ်ဆေးတော့ ဘာတွေ့သလဲ"

"ကောင်းပါတယ်. . . ဘာချွတ်ယွင်းချက်မှ မရှိဘူး၊ ဘာ ဖြစ်လို့လဲ သား"

"ဟုတ်တယ် ဖေဖေ၊ မျက်စိခွဲပြီး မျက်စိမှာ ဘာချွတ်ယွင်း ချက်မှ မရှိဘူး၊ ဒါပေမယ့် မျက်စိခွဲပြီး မကြာခင်မှာ သူ အိပ်မက်ဆိုး တစ်ခုကို မကြာခဏ မက်နေတယ်"

ဂုဏ်တင့်တယ်. . မြင့်မိုရ်မေနှင့် ပတ်သက်ပြီး သိထား သမျှကို မိသားစုအား ဖွင့်ပြောလိုက်လေသည်။ သို့သော် သူ တစ် ွက်တော့ ထိမ်ချန်ထားပါသည်။ 'ရှိန်း' ဆိုသောလူနှင့် မြင့်မိုရ်မေ ပတ်သက်ပုံအကြောင်းကို ဖြစ်သည်။ ပြောစရာလည်း မလိုဘူးဟု



www.burmeseclassic.com

www.burmeseclassic.com



ယူဆလေသည်။ သူ့စကားဆုံးတော့ ဖခင်က. . .

"ဒါဆို သား ကိုရှပကြီးဆီ ပို့ပေးလိုက်တာ မှန်တာပေ

"ထူးခြားလာတယ်တဲ့လား သား"

"အိပ်မက်,မက်တာ နည်းနည်းတော့ ကွဲသွားတယ်လို့ ပြေ

ပါတယ်၊ မြင့်မိုရ်မေလည်း အိပ်မက်အပေါ် ရိုးသွားလို့ သိပ်တော

မကြောက်တော့ဘူးတဲ့"

"သားရယ်. . . သားကြိုက်တဲ့ မိန်းကလေးကလည်းကွယ

မျက်စိကန်းခဲ့တယ်တဲ့လား"

မိခင်ဓါလောဘကတော့ မိခင်တိုင်းမှာ ရှိလေသည်။ သာ

ကြိုက်တဲ့ မိန်းကလေးက မျက်စိကန်းခဲ့သူဆိုတော့ သူ့ရင်ထဲ နှမေ

တွန့်တိုမိလေသည်။

"လက်တွေ့ခန်းမှာ လက်တွေ့စမ်းသပ်ရင်၊ ဓါတ်ငွေ

ပေါက်ကွဲမှုကြောင့် မျက်ကြည်လွှာ ပျက်စီးသွားပါ"

"မျက်ကြည်လွှာ လဲအပြီးမှာ အားလုံးအကောင်းပကတ

ဖြစ်သွားပါပြီ အမေကြီးရာ၊ ဒီအတွက်တော့ စိတ်ထဲ မထားပါနဲ့

"ဒါထက် မျက်ကြည်လွှာ အလှူရှင်ကကော ဘာဖြစ်ပ

ဆုံးသွားတာလဲ၊ ယောကျ်ားလား မိန်းမလား"

စုံထောက်ဝတ္ထု အကျ်ရှင်ကားတွေကို ကြိုက်သော မမငယ်

က စပ်စုလာလေပြီ။

ဂုဏ်တင့်တယ် ဖခင်ကို ကြည့်လိုက်သည်။ ဖခင်က. . .

"မျက်ကြည်လွှာဘဏ်က သေသူ ကာယကံရှင်ရဲ့ဆန္ဒအ

လျှို့ဝှက်ထားတယ်ဆိုတော့ ကိုယ်လည်း မမေးဘူး အမေကြီး၊ ခွဲသာ

ခွဲစိပ်ပေးလိုက်ရတယ်၊ မှတ်မှတ်ရရပဲ. . . မျက်ကြည်လွှာ ရလာ





ယ် ခွဲမယ်လုပ်ပြီး ခါးကိုင်တော့ ကိုယ့်လက်ဟာ တဆတ်ဆတ်

လို့ ကိုယ်တောင် လန့်သွားတယ်၊ အာရုံကြောများ အားနည်းပြီး

တာလား၊ ခွဲမှ ခွဲနိုင်ပါ့မလားလို့၊ ဒါပေမယ့် ခဏပါပဲ၊ လက်တုန်

ပျောက်သွားလို့ မျက်ကြည်လွှာ အစားထိုးပေးနိုင်ခဲ့တာ၊ တစ်ခါ

မဖြစ်ဖူးလို့ မှတ်မိနေတာ"

"အဲဒီလိုဆိုရင် မျက်ကြည်လွှာ အလှူရှင်ကများ သူ့ခန္ဓာ

စိတ်အပိုင်းတွေမှာ ငြိတွယ်နေလို့များလား"

မမငယ်က စုံထောက်ကား ကြိုက်ရုံမကဘူး၊ သရဲတစ္ဆေ

ားလည်း ကြိုက်သူဖြစ်သည့်အားလျော်စွာ သူထင်မြင်ရာ သူ

ထင်နေလေတော့သည်။

"ဒီနေ့ နောက်ကျတာက ကောင်မလေးဆီကို သွားနေလို့

ား"

"ကောင်မလေးက မြင်ဦးလွင်ကို ပြန်သွားပါတယ် ဖေဖေ၊

က်ကြည်လွှာဘဏ်ကို သွားစုံစမ်းတာပါ။ အလှူရှင်နဲ့ ပတ်သက်ပြီး

ဲလွန်စ ရမလားလို့ပါ"

"ရခဲ့သလား"

"မရပါဘူး. . . ဒါပေမယ့် ကျွန်တော်စုံစမ်းတာနဲ့ ပတ်

သက်ပြီး သက်ဆိုင်နေတဲ့သူတစ်ယောက် ရှိတယ်တဲ့ အဲ့ဒီလူကို သွား

တွေ့ပါလို့ ပြောလို့ ကျွန်တော်သွားတွေ့တာ"

မိသားစု(၃)ဦးလုံး မျက်လုံးများက စိတ်ဝင်စားမှုအပြည့်

င့် သူ့ထံသို့ စူးစူးစိုက်စိုက် ကျရောက်နေသည်။ အားတက်သရော

င့်လည်း. . .

"တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူက ဘယ်သူလဲ"

"သေသူနဲ့ ဘာပတ်သက်နေလို့လဲ၊ ဘယ်လိုတော်စပ်သလဲ"

မေးခွန်းတွေ တစ်ယောက်တစ်ပေါက် ထွက်လာသည်။

ဂုဏ်တင့်တယ် သက်ပြင်းချလိုက်သည်။

"အဲဒီလူက စခန်းမှူးတစ်ယောက်ပဲ၊ သူ့ကို မတွေ့ခဲ့ရဘူး ခရီးစဉ် လိုက်ပါသွားတယ်ဆိုလို့"

"စခန်းမှူး. . . ဘယ်မြို့နယ်လဲ"

"ဗဟန်းမြို့နယ်ပါ ဖေဖေ"

"ဗဟန်းမြို့နယ်ဆိုတော့ စခန်းမှူးက ရဲအုပ်တင်ထွန်း ထင်တယ်"

"ဟုတ်ပါတယ် ဖေဖေ၊ ဖေဖေနဲ့ သိလို့လား"

"သိတာပေါ့. . သူ့ဖခင် မျက်စိလာခွဲတော့ ဖေဖေ့ပေးရှေ ဖြစ်သွားပြီး မောင်တင်ထွန်းနဲ့ သိခဲ့တာ၊ ဒါတင်မက သူ့အမေ မျက်စိမှုန်ဝါးလာပြီး အမြင်အာရုံ ချို့ယွင်းလာတော့ ဖေဖေ ကုပေးလို့ ပျောက်ကင်းသွားတာနဲ့ ဖေဖေ့ကို သူတို့မြို့က မုန့်၊ ခြံထွက် ဒူးရင်းသီး၊ ကျွဲကောသီး၊ ငှက်ပျောသီးတို့ ပို့ပေးနေတာကောကွယ်"

"ဪ. . . ကျွန်မ မှတ်မိပြီ၊ ကရင်လင်မယားလေ"

"အေးလေ. . . အဲဒါနဲ့ ဖေဖေက မှတ်မိနေတာ၊ သား ဒီတစ်ခါ သွားတွေ့ရင် ဖေဖေ့သားဆိုတာ ပြောပြလိုက်ပါ၊ ဖုန်းနံပါတ်ရရင် ဖေဖေ့ကိုပေး၊ ဖေဖေ ဖုန်းဆက်ပြောပေးမယ်၊ ရှင်သူ့ အနာဂတ်အတွက် လိုအပ်ချက်ကို သေသူရဲ့ကတိကဝတ်ကို ဆ ထိန်းသင့်မသင့် ဖေဖေ ဆွေးနွေးကြည့်မယ်"

ဂုဏ်တင့်တယ်အတွက် မျှော်လင့်ချက်ရောင်ခြည်ရေ





သန်းလာလေပြီ။

ကမ္ဘာကြီးဟာ စကြဝဠာကြီးနဲ့စာလျှင် မြူမှုန်စာထက်မက သေးငယ်လွန်းလှသည်။ ထို့အတူ လူ့လောကဆိုတာကလည်း ရေပွက်ပမာ ခဏတာလေးမို့ လူတစ်ယောက်ဘဝအတွက် လိုအပ်ချက်လေးတစ်ခုကို ရဲအုပ်ဦးတင်ထွန်း ဖြည့်ဆည်းပေးရန် ကောင်းပါရဲ့ဟု တွေးမိနေစဉ်. . .

"သား. . . မေမေ သားကောင်မလေးကို တွေ့ချင်တယ်၊ ပြင်ဦးလွင်မှာ အမြဲနေတာလား"

"ခုနေတော့ ရန်ကုန်ပြန်လာရဦးမယ် မျက်စိပြဖို့ ရက်ချိန်းရှိနေသေးတယ်၊ ပြီးတော့ ဗိုလ်ချုပ်ဈေးမှာလည်း သိုးမွှေးဆိုင် ရှိနေသေးတယ်၊ နောက်တော့ ပြင်ဦးလွင်ကို အပြီး ပြန်ပြောင်းနေမယ် ပြောတယ်"

မြင့်မိုရ်မေနှင့် ပတ်သက်လာလျှင် မမောနိုင် မပန်းနိုင် ပြောပြစရာတွေ သူ့ရင်ထဲမှာ ပြည့်နှက်၍နေသည်။

"ဒါဆို သူလာတဲ့အချိန် မေမေနဲ့ တွေ့ပေးစမ်း သား"

"မမနဲ့ကောနော် မောင်လေး"

"သူက ကျွန်တော်နဲ့ ရည်းစားမှ မဖြစ်သေးတာ၊ ဆွေပြမျိုးပြ ခေါ်လို့ရမလား"

"မင်းလိုလူကို လက်မခံသေးဘူးဆိုတော့ တစ်ခုတော့ စဉ်းစားရမယ်နော် မောင်လေး၊ သူ့မှာ ရည်းစားတွေဘာတွေ ရှိနေလို့လား"

ဂုဏ်တင့်တယ် မရှိသွားဖြဲ ရယ်လိုက်သည်။

"ဒါတော့ မပြောတတ်ဘူးဗျာ၊ သူ့ရဲ့အပျိုအရွယ် အလှဆုံး



www.burmeseclassic.com

www.burmeseclassic.com




အချိန်တွေမှာ မျက်စိကန်းနေတဲ့ မိန်းကလေးမှာ ရည်းစားရှိခဲ့တယ် ဆိုတော့လည်း ကျွန်တော့်ကံတရားပေါ့ မမလေးရာ”

ဟုပင် ပွင့်လင်းစွာ ပြောလိုက်သည်။

ထိုနေ့ညဦး မိသားစု ဆုံတွေ့ချိန်ကို မြင့်မိုရ်မေကို အကြောင်းပြုပြီး မျက်ကြည်လွှာ အစားထိုး ကုသခြင်းနှင့် စိတ်ကျန်းမာရေး အခြေအနေတွေအကြောင်း၊ မိသားစု၏ဆေးပညာ ဗဟုသုတ အသိးသီးတို့နှင့် ဖလှယ်ဆွေးနွေးရင်း အချိန်ကုန်ဆုံးသွားခဲ့လေတော့သည်။







# အခန်း(၁၉)

ရဲအုပ်တင်ထွန်းမှာ အသက်အားဖြင့် (၃၀)ကျော် (၄၀) အတွင်းလောက်သာ ရှိသေးသည်။ ရဲအုပ်ပီပီ သိန်းငှက်မျက်လုံးနှင့် သူ၏ရင်တွင်းကို ဖောက်ထွင်းကာ အကဲခတ်နေလေသည်။

ဂုဏ်တင့်တယ် တောင်းသော အကူအညီနှင့် အကျိုးအကြောင်းကို အစအဆုံး နားထောင်ပြီးမှ. . .

“ကျွန်တော့်ဆီကို ဒေါက်တာဖခင် ဆရာကြီး ဖုန်းဆက်ပြီးပါပြီ၊ ကျွန်တော် အလွန်အားနာပါတယ် ဆရာ၊ ဆရာဝန်လည်းသူနာတွေနဲ့ ပတ်သတ်ပြီး စောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်စည်းကမ်း၊



www.burmeseclassic.com

www.burmeseclassic.com



ရှိသလို၊ ကျွန်တော်တို့ ပြည်သူ့ရဲတွေမှာလည်း စောင့်ထိန်းရမယ့် ကျင့်ဝတ်စည်းကမ်း ရှိပါတယ်ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော် တစ်ခု အခွင့်အရေး ပေးနိုင်တာက သော့ခတ်သိမ်းဆည်းထားတဲ့ ဒိုင်ယာရီ စာအုပ်တစ်အုပ် ရှိနေပါတယ်၊ အဲဒီစာအုပ်ပေါ်မှာ ရေးထားတာက သော့ပိုင်ရှင် ရောက်လာလျှင် ဒီစာအုပ်ကို ပေးအပ်လိုက်ပါတဲ့"

ဂုဏ်တင့်တယ် စိတ်ဝင်စားစရာတွေ တိုးလာရလေသည်။

မြင့်မိုရ်မေ မျက်ကြည်လွှာပိုင်ရှင်သည် သူသေမှာကို ကြိုတင်သိပြီး ပြင်ဆင်ထားသူပါတကား။

"ဒီတော့ ကျွန်တော် ဆရာကြီးကိုရော ဒေါက်တာကိုပါ အလွန်အားနာပါတယ်ခင်ဗျာ၊ ကျွန်တော်ကော ဒေါက်တာတို့ကပါ ကြားလူပါ၊ အဓိက ဆက်နွယ်နေတာက မျက်လုံးအလှူရှင်နဲ့ အလှူခံ မိန်းကလေးပဲ သိသင့်တဲ့ကိစ္စပါ၊ ဒါကြောင့် မမြင့်မိုရ်မေဆီမှာ သော့ လက်ခံရထားခြင်း ရှိမရှိ မေးကြည့်လိုက်ပါ"

"မြင့်မိုရ်မေမှာ သော့ရှိနေတယ်ဆိုရင်ကော ဆရာ"

"ဒေါက်တာ ခေါ်လာခဲ့ပါ၊ မမြင့်မိုရ်မေ လက်မှာ ရှိတဲ့သော့နဲ့ ဖွင့်လို့ရသွားရင် ကျွန်တော့်လက်ထဲက စာအုပ် မြင့်မိုရ်မေကို အပ်လိုက်ရုံပါပဲခင်ဗျာ၊ အဲဒီအခါ သေသူရဲ့ဆန္ဒအတိုင်း ဆောင်ရွက်ပြီးသွားလို့ ကျွန်တော်လည်း ဝန်ထုပ်တစ်ခု ထမ်းရွက်ထားရတာ လွတ်သွားလို့ စိတ်ပေါ့ပါးသွားမှာပါ"

ဂုဏ်တင့်တယ်လည်း ပင့်သက် တိတ်တခိုး ရှိုက်လိုက်မိသည်။

သူလည်း မြင့်မိုရ်မေ၏ဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးချင်သောဆန္ဒ ရှိနေသည်မို့ မြင့်မိုရ်မေ ဆန္ဒနှစ်ခုအနက် တစ်ခုကို





သိရှိရဖို့ကတော့ နီးကပ်နေလေပြီ။

"ကောင်းပါပြီ. . . ကျွန်တော် မြင့်မိုရ်မေကို မေးပြီး သူ့မှာ သော့ရှိနေတယ်ဆိုရင် ခေါ်ခဲ့ပါ့မယ်"

"ဟုတ်ကဲ့. . . ကျွန်တော့်ကို ဖုန်းကြိုဆက်ပါ၊ ကျွန်တော်တို့က လုပ်ထုံးလုပ်နည်းအတိုင်း သက်သေတွေရဲ့ရှေ့မှာ ပေးအပ်မှာမို့လို့ပါ"

"ဒီလိုဆို ဦးတင်ထွန်း အချိန်နည်းနည်းပေးနိုင်မလား၊ ကျွန်တော် ခုပဲ မြင့်မိုရ်မေကို ဖုန်းဆက်မေးလိုက်ပါ့မယ်"

ရဲအုပ်တင်ထွန်း ခေါင်းညိတ်လိုက်သည်။ ရဲအုပ်ပီပီ စူးစမ်းလိုသော ဝါသနာအပြည့် ရှိပြီးသား၊ တုံးဆိုတိုက်၊ ကျားဆို ကိုက်လိုက်ချင်သည်။

မျက်ကြည်လွှာ လှူသူကိုကော၊ လက်ခံသူကိုပါ သူ သိနေပြီးဖြစ်သည်။

အထူးသဖြင့် မြင့်မိုရ်မေ၏နောက်ကြောင်း ဘိုင်အိုဂရပ်ဖီ အားလုံးသိပြီးသားဖြစ်သည်။

မျက်စိခွဲစိတ်ထားသော မိန်းကလေး၏မျက်ကြည်လွှာနှင့် သူ့မျက်ဝန်းကြွက်သားတွေ တစ်သားတည်း မကျသေးခင် သူ ဘာမှ လှုပ်ရှားသေး။ မိန်းကလေးဘက်က စိတ်အားထက်သန်လာချိန်ကို စောင့်နေခဲ့သည်။

ယခုတော့ သူ စောင့်နေသောအချိန်ကို ရောက်လာခဲ့လေပြီဖြစ်သည့်အတွက် သူ ရင်မှာ ကျေနပ်သွားသည်။

ဂုဏ်တင့်တယ် မြင့်မိုရ်မေထံ ဖုန်းခေါ်လိုက်သည်။

"ဟယ်လို ဒေါက်တာ. . . ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းလား မို၊ မေးစရာတစ်ခု ရှိနေလို့ပါ"

"ကောင်းပါတယ်. . . မေးပါ ဒေါက်တာ"

"မိုဆီမှာ သော့တစ်ချောင်း ရထားတာ ရှိသလား"

မြင့်မိုရ်မေထံမှ အသံငြိမ်သက်နေပြီးမှ. . .

"အင်း. . . မှတ်မိပြီ၊ ကျွန်မ မျက်စိမခွဲခင် သုံးလေးရေ အလိုက ထင်တယ်၊ ပါဆယ်နဲ့ သော့နှစ်ချောင်းတစ်တွဲရယ်၊ သော သေးတစ်ချောင်းရယ် ရခဲ့ပါတယ် ဒေါက်တာ၊ ဘာမှန်းမသိလို့ ဒေါ လေးက ကျွန်မ ဘီရိုထဲ သိမ်းထားပေးပါတယ်၊ ဘာဖြစ်လို့လဲ ဒေါ တာ"

"ပါဆယ်ဆိုတော့ စာတိုက်ကလား. . . ချောပို့လား"

"ကျွန်မ မသိဘူး ဒေါက်တာ၊ ဒေါ်လေး လက်ခံတာ၊ ဒေါ် လေးပဲ လက်မှတ်ထိုးယူလိုက်တာဆိုတော့ ဒေါ်လေးကို မေးကြည် လိုက်လေ ဒေါက်တာ"

"အိုကေ. . . ဒါထက် မိုး ဘယ်တော့ ပြန်လာမှာလဲ"

"သန်ဘက်ခါ တိုက်ခန်းရောင်းဖို့ ဆိုင်ထားတာ ဝယ်မ လူတွေက စကားပြောမယ်ဆိုလို့"

"ဟုတ်ပြီ. . . ဒါဆို မို အဲဒီနေ့ လာဖြစ်အောင် လာနေ သော့က မိုဘီရိုဆိုတော့ ရန်ကုန်က ဘီရိုလား၊ ပြင်ဦးက ဘီရိုလား"

"ရန်ကုန်ကပါ"

"ဟုတ်ပြီ. . . ဒါဆို ဒေါ်လေးကို မေးထားလိုက်မယ်၊ ဒေါ် မို၊ မျက်လုံးကို အာရုံစိုက်ရတဲ့အလုပ်တွေချည်း လျှောက်လုပ်မနေ ဦးနော်၊ ဆေးမှန်မှန်သောက်၊ မျက်စဉ်းမှန်မှန်ခတ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"





"ဒါဆို ဒါပဲလေ. . . ဘိုင့်ဘိုင်"

ဒေါက်တာ ဂုဏ်တင့်တယ် ဖုန်းအဖုံးပိတ်လိုက်သည်။ ရဲအုပ်တင်ထွန်းကတော့ ဖိုင်တွဲတစ်ခုတွင် လက်မှတ်ထိုးနေသည်။

"ဆရာ. . . မြင့်မိုရ်မေမှာ သော့လက်ခံရထားတယ်တဲ့"

သူက မြင့်မိုရ်မေထံမှ သိသမျှကို ရှင်းပြလိုက်သည်။ ဒေါက်တာဂုဏ်တင့်တယ် မရှင်းပြလည်း ရဲအုပ်တင်ထွန်းက ကြားနေရသဖြင့် သိရှိပြီးဖြစ်သည်။ နားက အမြဲတမ်း စွင့်နေသော အလေ့အကျင့်က ရှိပြီးသားကို။

"ဒါဆိုရင် မြင့်မိုရ်မေ ရောက်လာရင်သာ ကျွန်တော်နဲ့ ချိန်းချိန်းပြီး တွေ့ကြရအောင်"

"ကောင်းပါပြီ. . . ဒါဆို ကျွန်တော်ကို ခွင့်ပြုပါဦး ခင်ဗျာ၊ ကျေးဇူးတင်ပါတယ် ဆရာ"

"အားနာပါတယ် ဒေါက်တာ၊ ကျွန်တော်ကူညီနိုင်တာ ဘာမှမရှိသေးပါဘူး၊ ကျွန်တော်ကို နားလည်ခွင့်လွှတ်ပေးပါခင်ဗျာ"

"မဟုတ်တာ ဆရာရယ်၊ ဝန်ထမ်းအချင်းချင်းပဲဗျာ. . . စောင့်ထိန်းရတဲ့ ကျင့်ဝတ်စည်းကမ်းတွေအကြောင်း နားလည်ပါတယ်. . . ခွင့်ပြုပါခင်ဗျား"

ဒေါက်တာ ဂုဏ်တင့်တယ် ရဲစခန်းထဲက ထွက်လာခဲ့ရသည်။ ရင်ထဲမှာ လေးလံလျက်ရှိသည်။

မျက်ကြည်လွှာအလှူရှင်သည် ဘာကြောင့် လျှို့ဝှက်မှုတွေနှင့် ပြည့်နှက်နေရသနည်း။

ထိုလျှို့ဝှက်သိုသိပ်သောလူနှင့်မှ ရိုးသားဖြူစင်သော မြင့်မိုရ်မေ ပတ်သက်နေရသည်ကို ဘဝင်မကျချင်။



www.burmeseclassic.com

www.burmeseclassic.com




သို့သော် လူ့ဘဝ၏တကယ့်ဖြစ်ရပ်မှန်များသည် တ
တရံ ပုံပြင်ဝတ္ထုတို့ထက်ပင် ဆန်းကြယ်တတ်ကြောင်းကိုတော့ သူ
သက်တမ်းတစ်လျှောက် အတွေ့အကြုံတွေအရ သိရှိပြီးဖြစ်နေ
သဖြင့် ထူးတော့ မထူးဆန်းပါချေ။

မည်သို့ဆိုစေကာမူ သူချစ်သောမိန်းမကိုတော့ဖြင့် ထူ
ဆန်း ဆန်းကြယ်သော ဖြစ်ရပ်တွေနှင့် မပတ်သက်စေလို
လောကကြီးအတွင်း ရိုးစင်းအပြစ်ကင်းရှင်းစွာဖြင့်သာ ရှိနေစေချ
သည်မှာ သူ၏သမုဒယ အတ္တတစ်ခုသာတည်း။







## အခန်း(၂၀)

"ဘုရား . . ဘုရား . . သော့တွေ ရှိနေပါစေ"

မြင့်မိုရ်မေ ရင်ထဲ ကြိတ်၍ဆုတောင်းလိုက်မိသည်။
ကုန်အိမ်သို့ ပြန်ရောက်ရောက်ချင်း ဒေါ်လေးဒေါ်နွယ်နီမေကို
သော့အကြောင်း မေးတော့ ဇဝေဇဝါနှင့် . . .

"မေ့တောင် မေ့နေတယ်၊ ညည်း ဘီရိုအံဆွဲထဲပဲ ထည့်ထား
လိုက်တာ ထင်တယ်၊ မှန်တင်ခုံ အံဆွဲလား၊ ကျုပ်တောင် မမှတ်မိ
တော့ပါဘူးအေ"

ဟု ဆိုသဖြင့် မြင့်မိုရ်မေ အလွယ်တကူပင် မှန်တင်ခုံ



www.burmeseclassic.com

www.burmeseclassic.com



အံဆွဲဖွင့်လိုက်မိသည်။ အလှပြင်ပစ္စည်း အနည်းအကျဉ်းမှအ
အခြားပစ္စည်းမရှိ။

နောက် ဘီရိုသော့ဖွင့်ပြီး အံဆွဲသော့ကို ဖွင့်စဉ် လက်ပ
လျှင် အနည်းငယ် တုန်ယင်သောလက်နှင့် ဖွင့်ရင်း ဆုတောင်းနေ
သည်။

သော့ပွင့်သွားပြီ။ အံဆွဲကို ဆွဲဖွင့်လိုက်သည်။ စာချုပ်စာ
တမ်း၊ လက်ဝတ်လက်စားတို့သာ ထားသော အံဆွဲအတွင်း ကဒ်
စက္ကူပူးပြာလေး၌ ဖဲကြိုးလေးများ ချည်နှောင်ထားသော ပက်ကင်
ပူးလေးကို တွေ့လိုက်ရသဖြင့် သူ အသာယူကာ ဖွင့်ကြည့်လိုက်
သည်။ အသည်းတစ်ခြမ်းပုံ ကီးချိန်းလေးနှင့် ဆိုးလက် သော့ချောင်း
နှစ်ချောင်းက တစ်တွဲ၊ ကျန်အသည်းတစ်ခြမ်း ကီးချိန်း၌ သော့
အသေးတစ်ချောင်းသာ ပါသည်။ ကီးချိန်းနှစ်ခု၏အသဲနှစ်ခြမ်းကို
ဆက်လိုက်တော့ အသည်းနှလုံးပုံ ဖြစ်သွားသည်။ ချစ်သူစုံတွဲတွေ
သုံးတတ်သော အမှတ်တရ ကီးချိန်းပုံဖြစ်သည်။

ရင်ထဲဝယ် ကြေကွဲဝမ်းနည်းလာသလို ခံစားခိုက်ရသည်
'ရှိန်း' ကို သတိရလိုက်မိသည်။

ချစ်စကားကို လုံးဝလှစ်ဟလို့ ဖွင့်မပြောသွားပါ။ ဒါပေ
မယ့် ဂရုတစိုက် ဖေးမကူညီအားပေးသွားမှုက သူ့နှလုံးသားတစ်ခု
လုံးကို ဖမ်းဆုပ်ယူငင်သွားနိုင်စွမ်းရှိသည်။

ဒါကြောင့် သူ့နှလုံးသားကို ရှိန်းကိုသာလျှင် ပေးအပ်လိုက်
သည်။

ယခုတော့ သူ့ကို ဘယ်သူကများ နှလုံးသားပုံရိပ်တွေ
အပ်နှင်းနေရပါသလဲ။





မြင့်မိုရ်မေ အသည်းပုံ ကီးချိန်းနှင့်အတူ လွမ်းမောသွားရာ
သတိရလိုက်သည်။

သူ့တယ်လီဖုန်းကို စောင့်မျှော်နေသည့် ဒေါက်တာ ဂုဏ်
တယ်ထံသို့ ဖုန်းဆက်လိုက်လေသည်။

စောစောက အောင်မင်္ဂလာ အဝေးပြေးကားဂိတ်သို့ လာ
ပို့ပေးပြီး အိမ်ပြန်သွားခဲ့သော ဒေါက်တာဂုဏ်တင့်တယ် လမ်း
ပဲ ရှိဦးမယ် ထင်ပါသည်။

ကားမောင်းခက်မှာလည်း စိုးရိမ်သဖြင့် ခဏတော့ စောင့်
ပါပဲ။ အိမ်ရောက်လောက်မှ မှန်းပြီး ထပ်ဆက်မယ်ဟု မှန်းကာ
စောင့်ဆိုင်းလိုက်စဉ်မှာပင် ဖုန်းကောက ဝင်လာသည်။

ဖုန်းစကင်န်ကို ကြည့်လိုက်တော့ ဒေါက်တာ့ဖုန်းဖြစ်နေ
ဖြင့် ဒေါက်တာ့ကို အားနာမိသည်။ သူ့အပေါ် ထားရှိသော
အနာက ဒေါက်တာ့မှာ ရာခိုင်နှုန်းပြည့် ရှိလေသည်ဟု အကြွင်း
ယုံကြည်မိလေသည်။

“ဟယ်လို ဒေါက်တာ. . . ကျွန်မ ဖုန်းခေါ်မလို့ပါပဲ၊ ဒေါက်
ကားမောင်းနေမလားဆိုပြီး ခဏစောင့်နေတာပါ”

အားနာစိတ်ဖြင့် ဦးစွာ ရှင်းပြလိုက်သည်။

ဒေါက်တာက. . .

“ခုပဲ အိမ်ရောက်တာ. . . သော့တွေ့သလား”

“တွေ့တယ် ဒေါက်တာ၊ သော့က နှစ်ချောင်းတစ်တွဲ၊ တစ်
ချောင်းထဲတစ်ခုနဲ့ တွေ့ပါတယ်”

“စာအိတ်နဲ့လား. . . ပူးနဲ့လား”

“ပက်ကင်ပူးနဲ့ပါ. . . စာအိတ်က ဒေါ်လေးဆုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်ခြင်းထဲ ထည့်ခဲ့တယ်တဲ့"

"ဒါဆို စာတိုက်က ပို့တာ ဟုတ်မဟုတ် မသိနိုင်တော့
ပေါ့"

"တစ်ယောက်ယောက်က လူကြုံပို့သလိုမျိုး လာပို့တာ
စာတိုက်ကနေ ချောပို့ ပို့တာလားဆိုတာ ဒေါ်လေးကိုယ်တိုင် သ
ကွဲကွဲ မမှတ်မိလိုက်ဘူးတဲ့၊ ဈေးသည်ဆိုတော့ အမှာစာတွေ ပ
ပို့ ငွေလွှဲတွေက နေ့တိုင်းဆိုတော့လည်း ဒေါ်လေးက မမှတ်မိ
ဒေါက်တာ"

"ဒါဆို ကောင်းပြီလေ၊ မို တရေးအိပ်ပြီး နားလိုက်
ပြီးမှ ကျွန်တော် မိုကို တစ်နေရာသွားဖို့ လာခေါ်မယ်၊ သော့
ပက်ကင်ဘူးလေးအတိုင်း မို သိမ်းထားနော်၊ သော့ယူပြီး ကျွန်တေ
တစ်နေရာ သွားရလိမ့်မယ်"

လမ်းမှာ အကျိုးအကြောင်းကို သူ မရှင်းပြခဲ့။

"မိုရဲ့မျက်ကြည်လွှာ အလှူရှင် မိသားစုနဲ့ သွားတွေ့
သော့လိုတယ်"

ဟုသာ ပြောထားပြီး သော့ကို ရှာခိုင်းလိုက်ခြင်းဖြစ်သ

"ဟုတ်ကဲ့ ဒေါက်တာ"

ဟု ပြောပြီး မို ဖုန်းပိတ်လိုက်သည်။

ဒေါ်လေးကို အသိပေးသင့် မပေးသင့် စဉ်းစားလိုက်
မှာပင် ဒေါက်တာကိုယ်တိုင် ဒေါ်လေးကို မမေးဘဲ သူ့ကို မေး
ဆိုတော့ အရေးကြီးတဲ့အကြောင်းတစ်ခုခု ရှိမှာပါလေဟု စဉ်း
ပြီး ကိုယ်လက်သန့်စင်ပြီး မနက်စာ စားပြီးတာနှင့် အိပ်ယာ
လိုက်သည်။ တစ်ညလုံး ကားထဲမှာဆိုတော့ ငိုက်ရုံမှအပ နှ





တ်ခြိုက်မှ အိပ်မပျော်ခဲ့လေဘဲ။

မြင့်မိုရ်မေ နှစ်ခြိုက်စွာ အိပ်ပျော်သွားစဉ်မှာပင် ထူးခြား
သာ အိပ်မက်တစ်ခုကို ထပ်မက်သည်။

သူက ချုံပုတ်တစ်ခုပေါ်မှာ ရောက်နေသည်။ သူ လှမ်း
ကြည့်နေသည်က ချောက်ကမ်းပါးတစ်ခုပေါ်မှ ထိုးကျသွားသော
ားတစ်စီး၊ နောက် မီးတောက်မီးလျှံများနှင့် မီးခိုးလုံးကြီး လိမ့်
က်လာပုံကို တွေ့နေရပြီး. . .

ဝူးဝူးဝါးဝါးနှင့် သူနိုးလာခဲ့သည်။

"မိုမို. . သမီး. . ထ. . ထ"

ထုံးစံအတိုင်း ချွေးသံရွှဲရွှဲနှင့် သူ ထိတ်လန့်တကြား နိုးထ
ာခဲ့တော့ ဒေါ်လေးက သူ့အား ချွေးသုတ်ပုဝါလေး ကမ်းပေးပြီး
ရှင့်တိုက်လေသည်။

"အိပ်မက်မက်ပြန်ပြီလား သမီး"

"မက်တယ်. . . ဒါပေမယ့် ထူးတယ် ဒေါ်လေး၊ အရင်က
က်နေကျအိပ်မက် မဟုတ်ဘူး"

"ဟုတ်လား. . . ဘယ်လိုအိပ်မက်မျိုးလဲ"

"ထင်ထင်ရှားရှားတော့ မဟုတ်ဘူး. . . ဝိုးတိုးဝါးတားပဲ၊
စ်ကားတစ်စီး ချောက်ထဲ ကျပြီး မီးလောင်သွားတာကို သမီးက
ကြားထဲကနေ လှမ်းတွေ့လိုက်ရတာ"

"သမီးရယ်. . . အစာမကြေဘဲ အိပ်လိုက်လို့ ထင်ပါတယ်၊
. . ကဲ. . . တအောင့်နား၊ ရေချိုးပြီး ထမင်းစားလိုက်တော့"

"ဒေါ်လေး ဒီနေ့ ဈေးမသွားဘူးလား"

"ဒီနေ့ တနင်္ဂနွေနေ့လေ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . . ဈေးပိတ်တာပဲ"

မြင့်မိုရ်မေ ရေတစ်ခွက်ကို ထပ်ငှဲ့ပြီး သောက်ချ သည်။ ရင်ထဲမှာ.တဒုတ်ဒုတ် ခုန်လွှန်းနေသော နှလုံးသားကို သက်သွားစေရန်ဖြစ်သည်။

အရင်ဘဝတွေက ဘာတွေများ လုပ်ခဲ့လို့ ဒီဘ တုန်လှုပ်ချောက်ခြားမှုတွေ ဒီလောက်များနေရပါလိမ့်ဟု တွေးမိကာ ရင်ထဲ နွမ်းလျသွားသည်။

"ဒေါ်လေးကို မစံက အလုပ်မလုပ်နဲ့တော့ သူ တစ် လုံး ကျွေးထားမယ်၊ ဆိုင်နဲ့တိုက်ခန်း ငှားချင်ငှား ရောင်းချင် ထားခဲ့ပြီး ဘဏ်တိုးနဲ့ပဲ အိုနာစာနဲ့ လျှတန်းဖို့ ရရင် ကျေနပ်တော ပြောတယ်"

ဒေါ်လေးက ခေါင်းခါပြီး. . .

"ဒေါ်လေးကိုလည်း ဖုန်းဆက်ပြီး ပြောပါတယ်၊ စဉ်းစားကြည့်လေ၊ တူမက သူစိမ်းဖက်နေပြီး တူသမက် မျက် ကြည့်ရမယ့်ကိစ္စ၊ မြေးတွေ ထိန်းရမယ့်ကိစ္စ လုပ်မယ့်အစား လေးဖာသာ ဆိုင်ထွက်လိုက်၊ ဥပုသ်စောင့်လိုက်၊ ရိပ်သာဝင်လို နေရတဲ့ အေးချမ်းတဲ့ဘဝနဲ့ မလဲလှယ်နိုင်ဘူး"

"ဒါပေမယ့် ပြင်ဦးလွင် အိမ်နဲ့ခြံက ဒေါ်လေးနာမ အဘိုးက ထားခဲ့ပေးတာပဲဟာ. . . ဒေါ်လေးအိမ်ပဲ၊ မစံနဲ့သ ဒေါ်လေးကို မှီခိုပြီး နေရတာပါ၊ ဒေါ်လေးအိမ် ဒေါ်လေး ပြန်နေ ဘယ်သူ့မျက်နှာ ကြည့်စရာလိုမှာလဲ"

မြင့်မိုရ်မေ ပြင်ဦးလွင်ကိုပင် ပြန်နေချင်ပြီမို့ ဒေါ်လေ စည်းရုံးကြည့်နေခြင်းဖြစ်သည်။





ဒေါ်လေးက အပျိုကြီးပီပီ ပြင်းဆန်ခေါင်းမာလေသည်။

"ခုမှ ဒေါ်လေးအသက် လေးဆယ့်ခြောက်နှစ်ပဲ ရှိသေး တာ၊ အစိုးရဝန်ထမ်းတွေတောင် ခြောက်ဆယ်မှ ပင်စင်ရတာ၊ အနားယူပြီး ရှိတဲ့အထုပ် ဖြေစားရမယ့်ကိစ္စကို ဒေါ်လေးအသက် ခြောက်ဆယ်မှပဲ စဉ်းစားတော့မယ်၊ ကဲ. . ကဲ. . ရေချိုးပြီးတော့ ထမင်းစားရအောင်။ တစ်နာရီတောင် ရှိနေပြီ"

"ဟုတ်ကဲ့ ဒေါ်လေး"

မြင့်မိုရ်မေ အိပ်မက်ကို မေ့ပျောက်သွားခဲ့သည်။

ပြင်ဦးလွင်မှာပဲ ပြန်အခြေချဖို့ ဒေါ်လေးကို ဘယ်လိုနည်းနဲ့ စည်းရုံးရမည်လဲဟု စဉ်းစားနေမိသောကြောင့် ဖြစ်လေသည်။

အမှန်တော့ ဒေါက်တာဂုဏ်တင့်တယ်နှင့် ဝေးရာသို့ ပုန်းရှောင်နေချင်သည်။ ဒေါက်တာ့ကို သူ့ဦးနှောက်က လက်ခံနိုင်ပေမယ့် နှလုံးသားက လက်မခံနိုင်သေးသောကြောင့် ဖြစ်သည်။

သူ့နှလုံးသားထဲမှာ မမြင်ဖူးသော လူတစ်ယောက်က အပြည့်နေရာယူထားခြင်းက မြင့်မိုရ်မေအတွက် ဆုံးဖြတ်ချက်ခက်နေခြင်းပင်ဖြစ်လေသည်။

"ရှိန်းရယ်. . . အမြန်ဆုံး ပြန်ထွက်ပေါ်လာပါတော့လားတွယ်"


ဟု တမ်းတရင်း ရှိန်းအကြောင်း တွေးလိုက်စဉ် မျက်ဝန်းအိမ်မှာ ကြေကွဲပွင့်တို့က ဝေ့သီလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

ကံတရားက ဆန်းကြယ်လွန်းလှသည်။ သော့ခတ်သိမ်း
ဆည်းလို့ ရသော ဒိုင်ယာရီစာအုပ်လေးက သူ့သော့လေးအဖွင့်တွင်
"ကလပ်" ဟု မြည်ကာ ချက်ချင်းပင် ပွင့်သွားခဲ့သည်။

"ကိုင်း. . . ဒါဆို လက်မှတ်ထိုးပြီး စာအုပ်ကို ယူသွားလိုက်
ပါ"

ရဲအုပ်တင်ထွန်းကလည်း ပြတ်သားသည်။ ဒုလုံခြုံရေးမှူး
နှင့် တပ်ကြပ်တစ်ဦးရှေ့မှာပင် လက်မှတ်ထိုးစေပြီး စာအုပ်ကို
ပေးလိုက်သည်။





"ကိုယ်ရေးကိုယ်တာပဲ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်၊ အကယ်၍
စခန်းနဲ့ ပတ်သက်မယ့် အကူအညီရမယ့် သတင်းမျိုးဆိုရင်တော့
လည်း ကျွန်တော်တို့ကို ပြန်ကူညီပေါ့ဗျာ၊ ကျွန်တော်တို့ကတော့
ကူညီပါရစေကပါပဲ"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မတို့ကို
ခွင့်ပြုပါဦး"

မြင့်မိုရ်မေ အိမ်မက်တစ်ခု မက်နေသည့်အလား ခံစား
လိုက်ရသည်။ အနီရောင် သားရေဖုံးနှင့် ဒိုင်ယာရီစာအုပ်လေးက
သူ့လက်ထဲသို့ ရောက်လာသည်။

ဒေါက်တာဂုဏ်တင့်တယ်၏အကြံပေးချက်အရ ရဲအုပ်ရှေ့
တွင် သော့သေးသေးလေးတစ်ချောင်းသာ ပါသည့် သော့တွဲလေးကို
ထုတ်ပြပြီး ကျန်သော့နှစ်ချောင်းကို လျှို့ဝှက်ထားခဲ့လေသည်။ လက်
ကိုင်အိတ်ကြီးထဲက မထုတ်ခဲ့။

"ကောင်းပါပြီ. . . နောက် အကူအညီလိုရင်လည်း လာခဲ့
ပါဗျာ၊ ကူညီဖို့ အသင့်ရှိပါတယ်၊ ဖြစ်နိုင်ရင်တော့ စခန်းက အကူ
အညီ ယူစရာမလိုဘူးဆိုရင် ပိုကောင်းတာပေါ့ဗျာ ဒေါက်တာ၊
ဆရာကြီးကိုလည်း နှုတ်ဆက်ကြောင်း ပြောပေးပါဗျာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦးခင်ဗျာ"

စိတ်လှုပ်ရှားမှုနှင့်အတူ မြင့်မိုရ်မေ ဒေါက်တာဂုဏ်တင့်
တယ်နှင့်အတူ ဗဟန်း ရဲစခန်းဝန်းထဲမှ ထွက်လာခဲ့လေသည်။

ပညာတတ် ဂုဏ်သရေရှိပီပီ ဒေါက်တာဂုဏ်တင့်တယ်က
မြင့်မိုရ်မေကို စာအုပ်ဖွင့်ဖတ်ဖို့ မတောင်းဆို။ ကားကို မောင်းဖို့
စက်နှိုးတော့မှ. . .



www.burmeseclassic.com

www.burmeseclassic.com



"မို့ . . ဘယ်သွားချင်သေးသလဲ"

"ဘယ်မှ မသွားချင်တော့ဘူး၊ ကျွန်မ ဒီစာအုပ်လေးပဲ ဖတ်ချင်နေပြီ"

"ဒါဖြင့် အိမ်ကိုပဲ ပြန်မောင်းပို့ပေးရမလား"

"ဟင့်အင်း . . . ဒေါက်တာ့ကို နေ့လည်စာ ထမင်းကျွေး မယ်လို့ ကတိပေးထားတယ်လေ၊ ဒါကြောင့် ဒေါက်တာ ကြိုက်တဲ့ဆီ ကို မောင်းပါ၊ ကျွန်မ ဘယ်သူ့စာအုပ်လဲဆိုတာတော့ ဖွင့်ဖတ်ကြည့် ဦးမယ်"

"မို့ သဘောအတိုင်းပါဗျာ"

ချစ်မိပြီဆိုတော့လည်း ချစ်သူဆန္ဒမှန်သမျှ အလုံးစုံ လိုက် လျောပေးချင်သည်မှာ ချစ်ရသူတို့၏စိတ်ထား ထင်ပါသည်။

ဒေါက်တာဂုဏ်တင့်တယ် . . မြင့်မိုရ်မေ စိတ်ပျော်ရွှင်နေ စေချင်သည်။ မျက်နှာအညှိုးမခံချင်။

ကားထွက်လာသည်နှင့် မြင့်မိုရ်မေ လုံချည်ရေးခါးပတ် ပတ် လိုက်သည်။ မနေ့ညက အိပ်မက်ကို ဒေါက်တာဂုဏ်တင့်တယ်အား ပြောပြသင့်မသင့် စဉ်းစားလိုက်သည်။

ဒေါက်တာ့အပေါ် ကောင်းသောအကူအညီတွေ များနေ လေပြီ။

အခု အနီရောင် ဒိုင်ယာရီစာအုပ်လေးကို ဖွင့်လိုက်သည်။

**မမလေး ဖတ်ဖို့အတွက် . . .**

**သွေးမျက်ရည်တို့ရသော အနီရောင်မှတ်တမ်းများ။**

**ရှိန်း(ခ)တော့ဘ်ဇေရှိန်**





ပထမ စာမျက်နှာ ဖတ်လိုက်သည်နှင့် မြင့်မိုရ်မေ လဲပြို မတတ် ဖြစ်သွားရသည်။

"ရှိန်း"

မမလေးလို့ နာမ်စားသုံးကာ ခေါ်သော သူစိမ်းယောက်ျား တစ်ဦးမှာ ရှိန်း။ ရှိန်းတစ်ယောက်ထဲကလွဲလို့ ဘယ်သူရှိဦးမှာလဲ။

ဒါဖြင့် သူ့မျက်လုံးအိမ်ပေါ်က မျက်ကြည်လွှာက ရှိန်း မျက်ကြည်လွှာပေါ့။

"အမလေး . . . ရှိန်းရယ်"

စာအုပ်ကိုပိတ် ရင်မှာ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ပြီး ရင်ပွင့်မတတ် ငိုကြွေးပစ်လိုက်သည်။

"ဟာဗျာ . . . မို့"

ဂုဏ်တင့်တယ် ဘာလုပ်ရမှန်းမသိ၊ ကားကိုလည်း ဂရု တစိုက် မောင်းရ၊ ချစ်သူကို ဘယ်လိုနှစ်သိမ့်ရမှန်းမသိ၊ ကားရပ် စရာနေရာကို ရှာဖွေရင်း . . .

"မို့မို့ . . ဘာဖြစ်လို့လဲဟင်"

မြင့်မိုရ်မေလည်း သွေးမျက်ရည်ကျပြီး နှလုံးသားတွေ မွမွ ကျေ ပျက်စီးသွားခြင်းမှ ပန်းထွက်လာသော သွေးမျက်ရည်တွေပါ။ မျက်လုံးအိမ်ရဲ့ပြင်ပအရောက်မှာသာ အရည်ကြည်အဖြစ်သို့ ပြောင်းလဲသွားတာ ဖြစ်မှာပါ။ မြင့်မိုရ်မေ ရင်နာလှပြီ၊ တကယ့်ကို ရင်ကျိုးမတတ် နာကျင်တာပါ။

ဒေါက်တာဂုဏ်တင့်တယ်လည်း ရင်နာလှပြီ။ ချစ်သူရဲ့ ရင်ပွင့်မတတ် ငိုကြွေးနေမှုကို သူ ခံစားကြည့်၍ပင် နည်းနည်းလေးမှ လက်မခံနိုင်အောင် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီး ပန်းကန်လုံးကျွန်းထဲ ကားမောင်းဝင်သွားပြီး ကားရပ်လိုက်သည်။

ပြီးတော့. . . "မို" ။

မြင့်မိုရ်မေဘက် လှည့်ကာ နှစ်သိမ့်ဖို့ ကြိုးစားလိုက်တော့ မြင့်မိုရ်မေ သူ့ရင်ခွင်ထဲသို့ ပြိုဆင်းလာသည်။

သောက ရေတိမ်နစ်နေသူအတွက် ဆွဲမိဆွဲရာ ကောက်ရိုးတစ်မျှင်သည်လည်း အားကိုးရာ ကယ်တင်ရှင်ပဲ ဖြစ်သွားရသည်ပင်။

"ဘာကြောင့် ငိုတာလဲဆိုတာ ကိုယ်မသိပေမယ့် ငိုလိုက်ပါ။ ငို. . . ဝအောင် ငိုလိုက်စမ်းပါ၊ ငိုကြွေးလိုက်လို့ မိုရဲ့ဝေဒနာတွေ လျော့ပါးသွားနိုင်မယ်ဆိုရင် ငိုသာငိုချလိုက်ပါ"

"ဒေါက်တာ"

"ပြောလေ မို"

"ရှိန်း. . . ရှိန်း မရှိတော့ဘူး"

"ဘယ်သွားလို့လဲ"

"တမလွန်"

"ဖြစ်ရလေခြင်း"

ငိုရှိုက်ရင်း ပွင့်ထွက်လာသော ကြေကွဲမှုသံစဉ်လေးတွေကို ဒေါက်တာဂုဏ်တင့်တယ် ဂရုတစိုက် နားထောင်ရင်း နှစ်သိမ့်စရာ စကားလုံးများကို ရှာဖွေနေသည်။

"ပြီးတော့. . ပြီးတော့. . ."

"ပြီးတော့ ဘာဖြစ်သလဲ မို. . . ပြောပါ"

"ကျ. . ကျွန်မ မျက်ကြည်လွှာ အလှူရှင်က. . ရှိန်း. . ရှိန်းတဲ့. . . ဟီး"





"ဟာ"

မြင့်မိုရ်မေ အသံဆက်မထွက်နိုင်တော့ဘူး။ ရင်ဘတ်ထဲ နစ်ဝင်မတတ် ခေါင်းစိုက်ကာ ဖြေဆည်ရာမဲ့စွာ ငိုကြွေးနေလေတော့သည်။

ဩော်. . . မြင့်မိုရ်မေ မပြောနဲ့၊ ဘေးလူ သူ့ရင်တောင် ထိရှကြေကွဲရသည်။

ရှာဖွေနေသောချစ်သူက သေဆုံးသွားသည်။

ပြီးတော့ ချစ်သူ၏ခန္ဓာကိုယ်အစိတ်အပိုင်း မျက်ကြည်လွှာက သူ့ထဲမှာဆိုတော့. . .

မြင့်မိုရ်မေ မပြောနှင့်၊ သူတောင်မှ ခံစားရသည်။

ထို့ကြောင့် စာနာစိတ်လေးဖြင့် မြင့်မိုရ်မေကို ရှင်းသန့်စွာပင် ပြန်ဖက်ပြီး အငိုတိတ်သွားစေရန် ကလေးတစ်ဦးလို ကျောပြင်လေးကို သာသာပုတ်ရင်း. . .

"ငိုပါ မို. . . မင်းငိုသင့်ပါတယ်လေ၊ ဒါပေမယ့် ငိုကြွေးခြင်းနဲ့တော့ မို့ဘဝကို ကုန်ဆုံးနေလို့ ရမှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ရှိန်းရဲ့ဒိုင်ယာရီကို ဆုံးအောင်ဖတ်နိုင်ဖို့ အားမွေးရဦးမယ်လေ၊ ရှိန်းဘာဖြစ်ချင်သလဲ၊ ဘာလုပ်ချင်သလဲဆိုတာ မို သိအောင် ကြိုးစားပြီး လုပ်ပေးရဦးမယ်လေ၊ သူ မိုကို မှာစရာတွေ များလို့ မှတ်တမ်းထားခဲ့တာ နေမှာ"

တသိမ့်သိမ့် တုန်နေသော မြင့်မိုရ်မေ၏ကျောပြင်လေး တုန်ယင်မှုသည် တဖြည်းဖြည်းချင်း အရှိန်လျော့ကျလာသည်။

ရှိုက်ငိုသံလေးလည်း တိုး၍တိုး၍သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဪ . . . လောကဇာတ်ခုံကြီးပေါ်မှာ လူတွေဟာ ဘဝအမျိုးမျိုး ဖြစ်စဉ်အမျိုးမျိုးနှင့် ဝိဘာက်ကြမ္မာ၏စီမံချက်တွေကို နာခံနေရတာပါတကား။

ဒေါက်တာဂုဏ်တင့်တယ် ပင့်သက်ရှိုက်လိုက်မိလေတော့သည်။






www.burmeseclassic.com

www.burmeseclassic.com




အချစ်ဆိုတဲ့နှောင်ကြိုးဟာ သိပ်ကို
ခိုင်မာလွန်းပါတယ်။
အဲ့ဒီနှောင်ကြိုးက မိုက်တွင်းနက်ထဲ
စုံးစုံးမြုပ်နေတဲ့သူကိုတောင် ဆွဲယူကယ်တင်
နိုင်စွမ်းတယ်နော်။

ရှိန်း

လေးလေးဟာ ကျွန်တော့်ဘဝအတွက်
မဟာသူရဲကောင်းကြီးတစ်ဦးပါ။ ဒါကြောင့်
လေးလေးရဲ့အမူအကျင့်တွေ မှန်သမျှဟာ
ကျွန်တော့်ရဲ့အမူအကျင့်တွေ
ဖြစ်ကုန်တယ်။

ကျော်ဇောရှိန်



# အခန်း(၂၂)

မလေး. . .

ဒီစာအုပ် မမလေးလက်ထဲ ရောက်သွားပြီး မမလေး ဖတ်နေပြီဆိုရင် ကျွန်တော် လူ့လောကကြီးကနေ ပျော်ရွှင်စွာနဲ့ နှုတ်ဆက် ထွက်ခွာသွားနိုင်သူတစ်ယောက် ဖြစ်နေပါပြီဗျာ။

ကျွန်တော် သေပျော်ပါပြီ။

ဘာဖြစ်လို့လဲဆိုတော့ မမလေးဘဝ အလင်းရောင်ထဲ ပြန်ဆက်နေလို့ပေါ့ဗျာ။

ကျွန်တော့်ကို မြင်တွေ့ခွင့် မရသေးပေမယ့် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



လက်ရေးတွေကို မမလေး ဦးဆုံးမြင်ခွင့်ရသွားပြီပေါ့နော်။

ငိုနေသလား မမလေး။

မငိုပါနဲ့ဗျာ။

ကျွန်တော် မမလေးနားမှာ အမြဲရှိနေတာပဲ။ ကျွန်တော် ‌ပေးထားတဲ့ မျက်ကြည်လွှာနဲ့ မမလေး လူ့လောကအကျိုး လူသား တွေအကျိုးအတွက် များများကြီး ခိုင်းပြီး အသုံးချပေးစမ်းဗျာ။

ကိုင်း. . . ကျွန်တော့်အတွက် အချိန်တွေဟာ သိပ်မကျန် တော့ဘူး။

ဒါကြောင့် ကျွန်တော့်အကြောင်း မမလေး သိချင်မှာပဲ သိခွင့်လည်း ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ မမလေးဟာ ကျွန် တော့်ရဲ့ Better half ဖြစ်လို့ပါပဲ။ မမလေးဟာ ကျွန်တော့်ရဲ့နှ တစ်ခြမ်းပါဆိုတာကို ကျွန်တော် စွဲစွဲမြဲမြဲ ယုံကြည်သွားခဲ့လို့ပါပဲ

ဒါကြောင့် ကျွန်တော်ရဲ့ တွယ်ရာမဲ့ လွင့်မျောချင်တိုင်း လွင့်မျော။

မိုက်ချင်တိုင်း မိုက်တွင်းနက်ခဲ့တဲ့ ကျွန်တော်လူမိုက်ကြီးရဲ့ တမလွန်ဘဝ မဟုရာထဲက ဆွဲထုတ်ကယ်တင်ပေးဖို့အတွက် မမ လေး အမျှဝေပေးနိုင်ဖို့အတွက် ကျွန်တော့်ဘဝအကြောင်း သိသင့် တယ်လို့ ထင်ပါတယ်။ ဒါကြောင့် မမလေး ကျွန်တော့်ရဲ့ဘဝလမ်း ကြောင်းလေးကို ကျေးဇူးပြုပြီး ဆုံးအောင်ဖတ်ပေးပါ။ ပြီးရင် ကျွန်တော့်ဆန္ဒတွေအတိုင်း ဆောင်ရွက်ပေးပါဗျာ။

ကဲပါ မမလေးရယ်. . . ငိုမနေပါနဲ့ဗျာ။ ကျွန်တော့်စာတွေ သေသေချာချာ ဖတ်ပေးပါ။

မြင့်မိုရ်မေ စာကို ဆက်မဖတ်နိုင်တော့။ စီးကျလာသော





မျက်ရည်များကြောင့် အမြင်တွေ ဝေဝါးလာခဲ့ရသည်။

ရင်ထဲ မချိအောင် နာသဖြင့် ရင်ဘတ်ကိုပင် လက်နှင့် ဖိထားလိုက်ရသည်။

ရှိန်းရယ်. . .

လက်ရေးလေးတွေက သူများနှင့်မတူ. . . ထူးခြားစွာပင် ‌နှန်းချိဆန်ပြီး လက်ဝဲလက်ရေးဖြစ်ကြောင်း သိနေသည်။ ရှိန်းက ဘယ်သန်ဖြစ်သဖြင့် သူ့ကို ဘယ်လက်နှင့် အမြဲတွဲခဲ့သည်။

ဒါဆိုရင် ရှိန်းရယ်. . . ရှိန်းရဲ့ Better half ဆိုရင် ကျွန်မ ဟာ ရှိန်းရဲ့ဘယ်ဘက်ခြမ်းပေါ့နော်၊ ဒါကြောင့် ရှိန်းရဲ့နှလုံးသားကို ကျွန်မ ပိုင်ဆိုင်ခွင့် ရတာပေါ့နော်။

မြင့်မိုရ်မေ ရင်ထဲ ငိုညည်းရင်း ရေရွတ်လိုက်မိသည်။

မြင့်မိုရ်မေ တိုက်ခန်းက Air con ဖွင့်ထားသော အိပ်ခန်း လေးထဲက စာကြည့်စားပွဲလေးမှာ ထိုင်ကာ ရှိန်း၏စာအုပ်ကို ဖတ် နေခြင်းဖြစ်သည်။

ဒေါက်တာဂုဏ်တင့်တယ်က အသည်းအသန် ငိုကြွေးနေ သော သူ့ကို အိမ်ပြန်ပို့ပေးပြီးတော့ ဒေါ်လေးနွယ်နီမေကို ဖုန်းဆက် ပြောပြရာ ဒေါ်လေး အိမ်ပြန်ရောက်မှ သူပြန်သွားခဲ့သည်။

ဒေါက်တာဂုဏ်တင့်တယ် စိတ်မချစွာ မှာသွားခဲ့သည်။ တစ်ခုခုဖြစ်ရင် သူ့ဆီ ဖုန်းဆက်ပါ။ သူ ညနေဆေးခန်းအပြန် ဝင်လာဦးမည်တဲ့။

ကျေးဇူးတင်စရာတွေ ကောင်းနေသည်။

ရှိန်းနှင့် ပတ်သက်ပြီး ရင်ပွင့်မတတ် ခံစားရပေမယ့် ရှိန်း အကြောင်း သိလိုက်ရခြင်းက မသိလိုက်ရဘဲ မျှော်တလင့်လင့်



www.burmeseclassic.com

www.burmeseclassic.com



တမြေ့မြေ့နှင့် ကြေကွဲခံစားနေရခြင်းထက် အများကြီး အကျိ
ကျေးဇူး ရှိပါသည်။

ရှိန်းအတွက် သူ ဘာတွေ လုပ်ပေးရမှာတဲ့လဲ။


မြင့်မိုရ်မေ မျက်ရည်များကို သုတ်လိုက်သည်။ ထိုအချိ
ရှိန်းသည် သူနှင့် အနီးကပ်ဆုံးအနေအထား၌ ရှိနေသည်ဟု ခံစာ
လိုက်ရသည်။

ရှိန်းရယ်. . . ရင်ပွင့်ထွက်မတတ် နာကျင်ခံစားနေရပ
တယ်ကွယ်။

ရင်နာနာနှင့်ပင် အားတင်းပြီး ရှိန်းစာအုပ်ကို ဆက်ဖတ်
လိုက်သည်။







# အခန်း(၂၃)

ကျွန်တော့်မှတ်ပုံတင်နာမည်က “ကျော်ဇောရှိန်” ပါ။
ဖေနာမည် ဦးထွန်းရှိန်တဲ့။ နေရပ်က ပြင်ဦးလွင်မှာ။

အဖေနာမည် ဦးထွန်းရှိန်လို့သာ သိတယ်၊ ကျွန်တော် မှတ်
အရွယ်ကတည်းက အဖေ မရှိတော့ဘူး။

ကျွန်တော့်မှတ်ဉာဏ်ထဲမှာလဲ အဖေမရှိဘူး။ အမေလည်း
သိဘူး။ ဒါကြောင့် မိဘနဲ့သားသမီး ဆက်နွယ်တဲ့ ခံစားမှုမျိုး
န်တော့်ရင်မှာ ဗလာနတ္ထိပါပဲ။ ဒါပေမယ့်. . .

ကျွန်တော်သိတတ်စ အရွယ်ကစပြီး ကျွန်တော် လူ...စိ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုပဲ အားကိုး ကြီးပြင်းလာရတယ်။ အဲဒီလူကတော့ ကျွ… တော့်ရဲ့လေးလေး ဦးလွန်းရှိန်ပါပဲ။

သူသာလျှင် ကျွန်တော့်ရဲ့အဖေ။

သူသာလျှင် ကျွန်တော့်ရဲ့အမေ။

သူသာလျှင် ကျွန်တော့်ရဲ့လေးလေးပါပဲ။

လေးလေးက ကျွန်တော့်ကို သားတစ်ယောက်လိုပဲ။ မြင်… လွင်က အကောင်းဆုံးဘော်ဒါဆောင်မှာ ကျောင်းအိပ်ကျောင်း… ထားတယ်။ ဆယ်တန်းအောင်တော့ ကိုယ်ခံပညာနဲ့ စကားပြေ… သင်တန်းတွေပဲ တက်စေပြီး ကျွန်တော့်ကို သူ့စီးပွားရေး လ… ကြောင်းပေါ် ဆွဲတင်ခဲ့တယ်။

လူငယ်ပဲဗျာ. . . လောကကြီးမှာ ငွေကို ရေလို သုံးနိုင်… လူငယ်ပီပီ စွန့်စွန့်စားစား ခရီးတွေလည်း သွားလာရတယ်။ စွန့်… ခန်းအလုပ်တွေလည်း လုပ်ရတော့ ကိုယ့်ကိုယ်ကို သူရဲကောင်း… ယောက်လို ထင်မြင်မိတယ်။ နားထင် သွေးရောက်ပြီး လေး… မြှောက်ပေးတိုင်း မြှောက်ပြီး လုပ်ကိုင်သမျှ ကိစ္စမှန်သမျှအ… အရှုံးမရှိ ပိပိရိရိနဲ့ အောင်မြင်မှု သရဖူ ဆောင်းခဲ့နိုင်တာချည်…

ကျွန်တော်ဘာလုပ်သလဲ. . ဘာကောင်လဲ. . . မမ… သိချင်မှာပဲ။

ကျွန်တော်ဟာ ဘာကောင်မှ မဟုတ်ဘူးဗျ။ ဒါပေ… အမည်ခံကတော့ ကုန်သည်ပေါ့ဗျာ။ လေးလေးခိုင်းတဲ့ပစ္စည်း… ကုန်ပစ္စည်းတွေနဲ့ အတူယူပြီး လေးလေး ခိုင်းတဲ့လူဆီ ပို့… ငွေသိမ်း. . . ဒါပဲဗျ။

ဒီအတွက် လေးလေးက ကျွန်တော့်ကို "မရှိ" ဆိုတဲ့…





မကြားစေရတဲ့ လိုတရ မင်းသားလေးလို ထားတယ်။

မမလေး စဉ်းစားကြည့်ပါ။ ရေလျှံနေတဲ့ လူငယ်တစ်ယောက်ဟာ. . .

သူကျင်လည်ရတဲ့ ပတ်ဝန်းကျင်တွေကလည်း နယ်စပ်တခါးမြို့တွေချည်းပဲလေ။ ခမ်းနားလှတဲ့ ဟိုတယ်ကြီးတွေရဲ့ ကာစီနိုစားဝိုင်းတွေမှာကလည်း ဆွဲဆောင်မှုအပြည့်မို့ ကျွန်တော့်ရဲ့နာမည်ရှေ့မှာ ဘွဲ့တစ်ခု ထပ်ရလိုက်တယ်။ "ကာစီနို ကျော်ဇောရှိန်" တဲ့။ ကျွန်တော့်အပေါ် မတရား မလုပ်လိုက်နဲ့။ လုပ်လိုက်လို့ကတော့ ဓားတစ်ချောင်းက သွားချင်တဲ့နေရာကို တန်းခနဲပဲမို့ နောက်ထပ်နာမည်တစ်ခုက "ဓားကျော်ဇောရှိန်" တဲ့။

ဒါပေမယ့် ကျွန်တော်တို့ ကုန်သည်လောက,ကတော့ ကျွန်တော်က ငယ်လည်းငယ် ဖျံလည်း ကျတတ်တော့ "ဖျံလေး" လို့ခေါ်တယ်။

ဒါတွေအားလုံးဟာ ကျွန်တော်ရဲ့လက်ဦးဆရာလည်း ဖြစ်တဲ့ လေးလေးရဲ့အကျင့်စရိုက်တွေ ကျွန်တော်ရဲ့နှလုံးသားအိမ်ထဲအထိ စီးဝင်စေတဲ့အရာတွေပေါ့။

လေးလေးဟာ မကောင်းမှုမှန်သမျှ အကုန်လုပ်တယ်ဆိုပေမယ့် မကောင်းမှုထဲမှာ မလုပ်တတ်တာ (၃)ခုတော့ ရှိတယ်ခင်ဗျ။ အဲဒါက ဘာလဲဆိုတော့ "မိန်းမ၊ ဆေးလိပ်နဲ့ ကွမ်းပဲ"။ လေးလေးရဲ့အဆိုအမိန့်က. . .

မိန်းမဆိုတာ မီးပဲတဲ့၊ သူတို့ကို တို့မိလို့ကတော့ လောင်မြိုက်သွားလိမ့်မယ်တဲ့။

ဆေးလိပ်တို့ ကွမ်းတို့ဆိုတာ လူကို ချုပ်ပျက်စေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကျစေတယ်တဲ့။

ကျွန်တော်လည်း လေးလေးတူ မှတ်လား၊ ဥပမိရုပ်ကောင်း ပြီး ရုပ်ဖြောင့်တဲ့ လေးလေးဟာ ကျွန်တော့်ဘဝအတွက် တကယ့်ထို မဟာသူရဲကောင်းကြီးပါ။ ဒါကြောင့် လေးလေးရဲ့အမူအကျင့်တွေ မှန်သမျှ ကျွန်တော်ရဲ့အမူအကျင့်တွေ ဖြစ်ကုန်တယ်။

မှတ်မှတ်ရရပါ။

ကျွန်တော်ရဲ့ဘဝကို ပြောင်းလဲစေတဲ့ နေ့လေးတစ်နေ့ပါ။

လေးလေးက လူတစ်ယောက်ကို သတ်ခိုင်းလိုက်တယ်။

အကြောင်းပြချက်က "သစ္စာဖောက်မို့လို့တဲ့လေ"။

ကျွန်တော် အဲဒီလူကို သူ့တည်းခိုရပ်ကွက်က လမ်းကြား လေးထဲမှာပဲ ချိန်းလိုက်တယ်။

များသောအားဖြင့် ကျွန်တော်ဟာ တစ်ကိုယ်တော် လှုပ်ရှားရမယ့်အခါများမှာ ဆိုင်ကယ်ပဲ စီးလေ့ရှိတယ်။

ယူကလစ် ပင်အိုကြီးတွေ တစ်ပင်ကိုတစ်ပင် ယှက်နွယ်ပြီး အုံ့ဆိုင်းနေတဲ့ မြေနီလမ်းကလေးပါ။ ဘေးနားက တစ်အိမ်က ကိုလိုနီ ခေတ်ကာလကတည်းက တည်ရှိနေတဲ့ နှစ်ဆောင်ပြိုင်အိမ်ကြီး အခြားတစ်ဖက်လမ်းဘေးက ခြံတော့ အုတ်တံတိုင်းတွေ ခတ်ထား ပြီး ခေတ်မီနှစ်ထပ်တိုက်ကလေး ဆောက်ထားပြီး အစောင့်သဘော ထားတဲ့ ခြံကျယ်တစ်ခုဆိုတော့ မိုးရာသီနဲ့ ဆောင်းရာသီကာလ ဆိုရင် ညနေစောင်းတာနဲ့ လူအသွားအလာပြတ်တဲ့နေရာ။ ဒုစရိုက် သမားတွေအတွက် ဂွင်ကျတဲ့နေရာတစ်ခုပေါ့။

နေ့ခင်း နေပူထားပြီး ညဘက်ကျတော့ ပြန်ကျမိုး၊ ထစ်ချုန်း မိုး ရွာသွန်းနေတယ်။ လျှပ်နွယ်လျှပ်ပန်းတွေက လင်းကနဲ လက်ကနဲ





ပေါ့။

ဒီမှာပဲ သစ္စာဖောက်ကို ဓါးတစ်လက်နဲ့ ရှင်းပစ်ခဲ့လို့ ဒင်း က မြေပေါ် လဲကျသွားတော့ ကျွန်တော် ဘေးဝဲယာနဲ့ ရှေ့ခွင်ကို သုံးအကဲအခတ်မှာ လျှပ်ရောင်ဝင်းအလက်နဲ့ဆိုတော့ နှစ်ဆောင် ပြိုင် အိမ်ကြီးရဲ့အပေါ် ထပ် ပြတင်းပေါက်ဆီကနေ ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်နေတဲ့ မျက်နှာဝင်းဝင်းလေးကို သွားတွေ့လိုက် ရတယ်။

ကျွန်တော့်ရင်ထဲမှာ ဟာကနဲဖြစ်သွားတယ်။

မျက်မြင်သက်သေ ရှိသွားပြီပေါ့။

ဒီလို လူသတ်တဲ့အလုပ်က ကျွန်တော့်ဘဝမှာ ပထမဦးဆုံး ပဲမို့ ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိဘူး။

လေးလေးမှာလိုက်တာက "မင်း ချက်ကောင်းတစ်ချက်ထဲ နဲ့ ကိစ္စတုံး လုပ်လိုက်၊ ကျန်တာတွေကို မင်းနောက်က မနီးမဝေး ကလိုက်လာတဲ့ကောင်တွေ ရှင်းလင်းသွားလိမ့်မယ်" တဲ့။

ကျွန်တော်လည်း လေးလေးစကား နားထောင်ပြီး ချက် ချင်းပဲ ဆိုင်ကယ်မောင်းထွက်ခဲ့တယ်။

ကျွန်တော် အိမ်ပြန်ရောက်တော့ လေးလေးဆီကို ဖုန်း ဆက်လိုက်တယ်။

"ကိစ္စပြတ်သွားပြီ"

"သိတယ်. . . မိုက်ခဲတို့က သဲလွန်စ မကျန်အောင် ဖျောက်ပစ်လိုက်လိမ့်မယ်၊ မင်းဘက်ကကော ရှင်းရဲ့လား"

"ရှင်းတယ်လို့တော့ ဆိုလို့မရဘူး၊ ကောင်မလေးတစ် ယောက် မြင်သွားသလား မမြင်ဘူးလားဆိုတာလည်း မသေချာဘူး"



www.burmeseclassic.com

www.burmeseclassic.com



သွေးတွေက အမြဲတစေ အေးခဲနေသော ကျွန်တော့်သွေး တွေ အခုမှ လှုပ်ရှားစီးဆင်းမှု စတင်လာသလို ခံစားလိုက်ရတ[ယ်] မမလေး။

"ဒါဖြင့် မင်းရှောင်နေလိုက်တော့၊ မင်းအနားယူချင် ယူ လိုက်ဦး၊ လိုအပ်မှ ဆက်သွယ်မယ်"

"အိုကေ"

ကျွန်တော် ဖုန်းကို ပိတ်အပြီးမှာ အေးအေးဆေးဆေး တရေးအိပ်ဖို့ ကြိုးစားလိုက်တယ်။ ဒါပေမယ့် ပြတင်းပေါက်က မိန်းကလေးရဲ့မျက်နှာဝင်းဝင်းချောချောလေးဟာ ကျွန်တော့်ကို အိပ်မရအောင် နှောင့်ယှက်နေတယ်။

သူ ကျွန်တော့်ကို မြင်သွားသလား။

ဦးထုပ်ပိုက်စိုက်ဆောင်းထားတဲ့ ကျွန်တော့်မျက်နှာကို သေသေချာချာ မြင်ရမှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။ ဒါပေ မယ့်. . .

"မပြေးသော်လည်း ကန်ရာရှိ" ဆိုသလို ကျွန်တော် လေးလေးစကားကို တသဝေမတိမ်း နားထောင်ပြီး မနက်မိုးလင်း တာနဲ့ ကားနဲ့ ရန်ကုန်ဆင်းခဲ့တယ် မမလေး။

ထူးဆန်းတာက ကျွန်တော် လူတစ်ယောက်ကို သတ်ခဲ့ တယ်။ ဒါပေမယ့် အဲဒီခံစားချက်နဲ့ ပတ်သက်ပြီး ကျွန်တော့်ရင် နတ္ထိဖြစ်နေတယ်။ ဒါပေမယ့်. . .

လျှပ်စီးရောင်ဝင်းအလက်မှာ ပြတင်းပေါက်မှာ ရပ်နေတဲ့ မိန်းမချောလေးရဲ့ပုံရိပ်က ကျွန်တော့်နှလုံးသားတွေကို သံစဉ်လေး တွေ မြည်ဟည်းလာအောင် လုပ်ပေးနေတယ် မမလေးရေ။





တကယ်ပါဗျာ. . . ကျွန်တော့်အာရုံထဲ အဲဒီမိန်းကလေး ပုံရိပ်ပေါ်လာတိုင်း ရင်ထဲမှာ "တဒုတ်ဒုတ်" နဲ့ပါဗျာ။


အဲဒီခံစားချက်မျိုးဟာ ကျွန်တော့်ဘဝအတွက် ပထမဦး ဆုံးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

ဆုံရပြန်ပြီ မမလေးရေ။

တောင်ပေါ်မှာ အနေကြာလာတော့ ရန်ကုန်မြို့ကြီးမှာ နေရတာ မွန်းကျပ်တယ်ဗျာ။

ဒါကြောင့် တောင်ကြီးသွားဖို့ ဆုံးဖြတ်ပြီး ဒီတစ်ခါတော့ လူ့လောကကြီးထဲကို တိုးဝင်ပြီး သွားကြည့်ချင်တယ်။ မီးရထားစီးပြီး ခရီးသွားမယ်။ အလုပ်လည်း မပါဘူးဆိုတော့ အပန်းဖြေသက်သက် သွားကြည့်ဦးမယ်ဆိုပြီး ရထားလက်မှတ် ဝယ်ခဲ့တယ်။

ဘူတာကြီး ဆင်းတော့လည်း ဒရိုင်ဘာကိုတောင် လိုက်





ခပို့ခိုင်းဘဲ တက္ကစီနဲ့ပဲ လစ်ထွက်ခဲ့တယ်။ ဒီတစ်ခါ လေးလေးမျက်ကွယ်မှာ နေကြည့်ချင်စိတ်လည်း ဖြစ်ပေါ်လာခဲ့တယ်။

ခရီးသွားရတာ ဟိုရှောင်တိမ်းရ ဒီရှောင်တိမ်းရ၊ ဟိုလမ်းလွှဲရ၊ ဒီလမ်းလွှဲရ ဆိုတာမျိုး မလုပ်ဘဲ သာမန် ခရီးသွားတစ်ဦးလို သွားကြည့်ချင်တာ။

လူအများစုက တရုတ်ရုတ်နဲ့ သွားသူ လိုက်ပို့သူ လာသူ ကြိုသူ အမျိုးမျိုးနဲ့ ခရီးသွားတွေဟာ ဘူတာရုံပလက်ဖောင်းပေါ်မှာ များပန်းခတ်မျှ လှုပ်ရှားသွားလာနေကြတယ်။

ကျွန်တော် လွတ်လပ်မှုရဲ့အရသာ အပြည့်အဝနဲ့ ခရီးသွားတစ်ဦးလို လှုပ်ရှားကြည့်ရင်း ရင်ထဲမှာ အေးချမ်းသလို ခံစားလိုက်ရတယ်။

အများသူငါလိုပဲ ကျွန်တော်လည်း ခပ်သုတ်သုတ်ကလေး လှမ်းလိုက်တုန်းမှာ. . .

"အင့်"

"ဟာ"

ကျွန်တော် တစ်စုံတစ်ယောက်ကို ကိုက်လိုက်မိတယ်။

ဒါပေမယ့် ကျွန်တော် ဝင်တိုးတိုက်လိုက်မိတဲ့အရာဟာ အင်အားကြီး မဟုတ်ဘူး။ ကျွန်တော့်ထက် အင်အားနည်းတဲ့သူဖြစ်မယ်ဆိုတာ ကျွန်တော့်ကြောင့် ယိုင်လဲပြိုကျလု ဖြစ်သွားသူကို ကျွန်တော် ကမန်းကတန်း ဖမ်းဆွဲလိုက်တယ်။

အဲဒီမှာပဲ ကျွန်တော် ဖမ်းဆွဲ ဖေးမလိုက်တဲ့ သူဟာလည်း ကျွန်တော့်ရဲ့ဆွဲအားအရှိန်ကြောင့် ကျွန်တော့်ရင်ထဲ လဲပြိုဝပ်ဆင်းလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ" ကျွန်တော့်ရင်ထဲ ဆန်းကြယ်တဲ့ ခံစားမှုမျိုး ခံစားလိုက်ရတယ်။ လျှပ်စီးကြောင်း ကိုယ်ထဲ စီးဝင်သွားသလို ခံစားမှုမျိုးလားမသိ။ တကိုယ်လုံးရှိ အကြောတွေ ကျင်တက်သွားသလို ခံစားလိုက်ရတာ။

ရုတ်တရက် လန့်ဖျတ်သွားပြီး ရင်ထဲက အရာကို တွန်းဖယ်ကြည့်တော့. . . မိန်းမတစ်ယောက် ဖြစ်နေတယ်ဗျာ။

ပြီးတော့ နေကာမျက်မှန် တပ်ထားပေမယ့် ဆံနွယ်အနေအထားနဲ့ မျက်နှာအကျ၊ နှာတံ၊ နှုတ်ခမ်းတို့က ကျွန်တော့်ကို ဘေးဥပါဒ်ပေးမယ့် မိန်းမချောလေးနဲ့ တူနေပါလား။

ကျွန်တော် မှင်သက်တုန်းမှာပဲ. . .

"ဟို. . ဟို. . တုတ်. . ကျွန်မတုတ်ကော"

ကျွန်တော် ရုတ်တရက် ကြောင်သွားရာကနေ ဖျံအားသင့်သွားရတယ်။ နောက် တကယ်ကို စိတ်မကောင်းဖြစ်သွားရတယ်ဗျာ။ မျက်မမြင်တစ်ယောက်ရဲ့ တစမ်းစမ်း အမူအယာနဲ့ တုတ်ကို ရှာဖွေနေရှာတာ။

"ဟင်. . . ဆောရီးဗျာ"

ကျွန်တော့်ရင်ထဲ တကယ့်ကို ထိခိုက်မိသွားတယ်။ ကြမ်းပြင်ထက်မှာ တုံးလုံးလဲနေရှာတဲ့ မျက်မမြင်သုံး စတီးတုတ်ချောင်းလေးကို ကောက်ပြီး စမ်းရင်း လေမှာ ဝဲပျံနေတဲ့ မိန်းမလေးရဲ့ညာဘက်လက်ကို လှမ်းဆွဲဆုပ်ကိုင်ပြီး တုတ်ကလေးကို ထည့်ပေးရင်း လှိုက်လှိုက်လှဲလှဲ တောင်းပန်လိုက်တယ်။

"ကျွန်တော် အလောကြီးသွားလို့ တိုက်မိသွားတဲ့အတွက် အနူးအညွတ် တောင်းပန်ပါတယ်ခင်ဗျာ၊ ရထားဆီ သွားမလို့လား





ကျွန်တော်လိုက်ပို့ပေးရမလားခင်ဗျ"

"ရပါတယ်. . . ကျွန်မဒေါ်လေး လာခေါ်ပါလိမ့်မယ်ရှင်၊ ကျေးဇူးတင်ပါတယ်"

အသံလေးက ပျော့ပျောင်းပြီး နူးညံ့လိုက်တာ၊ တကယ့်ကို မိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးထဲက စီးဆင်းလာတဲ့ စမ်းရေလေးပမာ အလားပါပဲ။

တဆက်တည်းမှာပဲ မိန်းမချောလေးနားက မခွာရက်၊ ထားခဲ့ရက်ဘဲ ကျွန်တဲ့ခရီးသွားတွေ မတိုက်မိအောင် ဗိုင်းသဖွယ် ကာရံပေးနေစဉ်မှာပဲ အသက်(၄၀)ကျော် (၅၀)နီးပါးရှိတဲ့ ခပ်ချောချော အမျိုးသမီးကြီး ရောက်လာတယ်။ မိန်းမချောလေးကို လက်ဆွဲပြီး. . .

"မိုမို. . လာ. . ရပြီတဲ့"

လာခေါ်သွားတော့ မိန်းမချောလေး ပါသွားတယ်။ ကျွန်တော်လည်း သူတို့နောက်က နောက်ယောင်ခံ လိုက်ခဲ့တယ်။

ရထားတွဲတ ကျွန်တော်လိုက်ပါရမယ့် ရထားတွဲဆိုတော့ ရင်ထဲ ဝမ်းသာလိုက်တာများ၊ ရထားပေါ် ရောက်တော့ ပိုပြီး ဝမ်းသာရတယ်။ ခုံက ကျွန်တော်နဲ့ တစ်တန်းထဲဗျာ။ အမျိုးသမီးနှစ်ယောက်က A-B တွဲလျက်၊ ကျွန်တော်က တစ်ခုံတည်း C ခင်ဗျ။ ကျွန်တော် ဘယ်လို ဝမ်းသာသွားမှန်း မသိပါဘူးဗျာ။

မိန်းမချောလေးက နေကာမျက်မှန်ချွတ်လိုက်တယ်။

ဒီမှာပဲ လျှပ်ရောင်အလက်မှာ လှမ်းမြင်လိုက်ရတဲ့ ပြတင်းပေါက်က မိန်းမဟာ ခု ကျွန်တော့်ဘေးမှာ တစ်တန်းတည်း ခရီးသွားနေတဲ့ မိန်းမချောလေးဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးမှာ မျက်လုံးသူငယ်အိမ် မလှုပ်ရှားနိုင် ရှာဘဲ ကျွမ်းကျင်စွာ သိုးမွှေးထိုးရင်း လိုက်ပါလာတဲ့ မိန်းမချောလေး ကို သနားတဲ့စိတ် ကျွန်တော့်ရင်ထဲ ဝင်လာတယ်။ လူတစ်ယောက်ကို သနားတယ်ဆိုတာ ကျွန်တော့်ဘဝအတွက် ဒါ ပထမဦးဆုံးပဲ ထင်ပါ တယ်။

မိုးကလေးတွေက တစ်ပေါက်ချင်း တိုးဝေ့ပြီး ပြတင်း ပေါက်ကနေ မျက်နှာကို လာထိတော့ ကျွန်တော် မှန်တံခါး ထပိတ် လိုက်တယ်။

တစ်ဖက်မှာ အဒေါ်ကြီးကလည်း ပိတ်ဖို့ကြိုးစားနေတယ် ပိတ်လို့ရဟန်မတူဘူး။ ကျွန်တော် အလိုလို အနားရောက်သွားပြီး. . .

"ကျွန်တော် ကူညီ ပိတ်ပေးရမလားခင်ဗျာ"

ကျွန်တော့်နှုတ်က ထွက်လာတဲ့ သံစဉ်တွေကအစ အရင် ကလို မမာကျောတော့ဘဲ ပျော့ပျောင်းနူးညံ့နေတယ်ဆိုတာ သိ လိုက်ရတော့ ကိုယ့်ကိုယ်ကိုတောင် အံ့အားသင့်သွားရတယ်။

မိန်းမချောလေးက ပြတင်းပေါက်နား ထိုင်တာဆိုတော့ စောစောက တိုက်အမိမှာ သူ့ဆီက ရရှိခဲ့တဲ့ ကြာညိုရနံ့ ခေါ်မလား ကိုယ်သင်းရနံ့လေးကို ရှူရှိုက်မိတော့ ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတာ အမှန်ပါပဲ။

ဒီမှာပဲ အသံသာလေးနဲ့. . .

"မိုးတိတ်သွားရင် ပြန်ဖွင့်ပေးပါနော်" တဲ့။

ဒီမှာပဲ ရင်းနှီးမှုလေးက စတင်လာတယ်။ အဒေါ်ကြီးက မောင်ရင်လို့ စတင်ပြီး မိတ်ဖွဲ့လာတယ်။

ကျွန်တော် အရမ်းဝမ်းသာသွားတယ်။





အရင်တုန်းကဆိုရင် မိတ်ဆက်တာတို့ ဘာတို့ဆို ကိုယ်က လည်း ဘယ်သူကိုမှ နှုတ်မဆက်ဘူး။ ကိုယ့်ကို နှုတ်ဆက်ရင်လည်း ကြားချင်ယောင်ဆောင်ပြီး ခပ်တည်တည်နဲ့ပေါ့ဗျာ။ အဲ. . . အလုပ်ကိစ္စက လွဲရင်ပေါ့ဗျာ။

ခုတော့ ကျွန်တော် စကားတွေ ကြွယ်နေပြီ။ စကားကြွယ်မှု ကြောင့်ပဲ ကျွန်တော်သိချင်တာတွေ သိလိုက်ရပြီ။

မိန်းမချောလေးနာမည်က မြင့်မိုရ်မေတဲ့လားဗျာ။ အဒေါ် ကြီး နာမည်က ဒေါ်နွယ်နီမေတဲ့။

ဒီမှာပဲ ကျွန်တော့်နာမည်မေးတော့ အခက်ကြုံရပြီ။ ဖြူစင် ရိုးသားတဲ့ မိန်းမချောလေးကို ကျွန်တော့်ဘဝမှန်ကို ဘယ်လိုပြရပါ့ မလဲဗျာ။

"ရှိန်း"

နှုတ်ထဲ ရှိတဲ့ ကျွန်တော့်နာမည် အဆုံးစာလုံး ရှိန်နဲ့ ဆင်တူ တဲ့ 'ရှိန်း' လို့ လုပ်ပစ်လိုက်တယ်။

ဒီမှာပဲ ကျွန်တော့်ရင်ထဲမှာ အနာတစ်ခု စတင် သန္ဓေ တည်လာတယ် မမလေးရေ။

မမလေးလို့ပဲ ဂုဏ်တင်ပြီး ခေါ်လိုက်တာ။ "မေ" လို့ ခေါ် ချင်ပေမယ့် မေ၊ မမလေးအဒေါ် စကားအရ တစ်မျိုးလုံး "မေ" ပါတော့ "မေ" ဆိုတာ မသုံးသင့်ဘူး ထင်တယ်။

ဒေါ်လေးခေါ်သလို မိမိလို့လည်း မခေါ်ချင်ဘူး။

ကျွန်တော့်ထက် နှစ်နှစ်လောက် ငယ်မယ် ထင်ရပေမယ့် မှတ်နိုးသမှု တန်ဖိုးထားသမှုနဲ့ မမလေးလို့ ခေါ်ခွင့်ပြုပါ မမလေး။

တစ်လမ်းလုံး မမလေးတို့တူဝရီးကို ရေပူရေချမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းရင်း လိုက်ပါခွင့် ရရှိခြင်းကိုကပဲ ကျွန်တော်ရဲ့ရင်ကို တကယ်ငြိ
ချမ်းမြေ့စေရပါတယ် မမလေးရယ်. . . တကယ်ပါဗျာ။

ရထားလွန်းထိုးတဲ့အချိန်ရောက်တော့ မမလေးက ဘာဖြစ်တာလဲလို့ အလန့်တကြားလေး မေးတယ်နော်။ ဒေါ်လေးက လွန်းထိုးတာလို့ ရှင်းပြတယ်။ ဒီမှာပဲ မမလေးက. . .

"ဘာပန်းတွေ ပွင့်နေတာလဲ၊ အနံ့သင်းသင်းလေး ရတယ်" လို့ ပြောတာနဲ့. . .

မမလေး အလိုဆန္ဒ ဖြည့်စွမ်းချင်တဲ့ စိတ်ဆန္ဒက အလိုအလျောက် ပေါ်လာတယ်။

ရထားလမ်းဘေးဝဲယာကို ကြည့်လိုက်တော့ အလေ့ကျ ပေါက်နေတဲ့ နေကြာခင်းကြီးကို တွေ့လိုက်ရတယ်ဗျာ။ အရင်တုန်းကဆို အရမ်းကို လှတဲ့ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီလမ်း မန္တလေး-တောင်ကြီးလမ်း၊ တောင်ကြီး တာချီလိတ်၊ မယ်ဆိုင်လမ်းတွေ ဥဒဟို အခေါက်ပေါင်း မရေတွက်နိုင်အောင် သွားလာနေခဲ့တာပါဗျာ။ သဘာဝရှုခင်းအလှအပဆိုတာ ဘာမှန်းတောင် မခံစားရပါဘူး။ ခုတော့ ခံစားရရုံ မကဘူး၊ ခံစားမှုတွေကိုပါ သိမ်းဆည်းထားချင်စိတ်နဲ့ ရထားက လွန်းထိုးဖို့ နောက်ပြန်ဆုတ် အားယူနေစဉ်မှာပဲ ကျွန်တော်လည်း ရထားပေါ်က ခုန်ဆင်းပြီး မမလေးကို ပန်းတော်ဆက်ဖို့ နေကြာရိုင်းပန်းတွေ ခူးခဲ့တယ်။ ပြီးတော့ ပြတင်းပေါက်ကနေ မမလေးရဲ့ရင်ခွင်ထဲ ပန်းတွေ ပစ်ထည့်ပြီးမှ ရထားအတက်အဆင်းပေါက်ကနေ လှမ်းတွဲခို ပြေးတက်ခဲ့တယ်။

ပျော်ပါတယ်ဗျာ။

ကျွန်တော့်ဘဝမှာ တစ်ခါမှ ဒီလိုပျော်ရွှင်ကြည်နူးမှုမျိုး





မခံစားခဲ့ရဘူးဗျာ။

ကျွန်တော် စွန့်စွန့်စားစားနဲ့ ခူးပေးတဲ့ ပန်းရိုင်းလေးတွေကို မမလေးက တန်ဖိုးထားပြီး နမ်းရှိုက်မယ် လုပ်တော့ မနာလိုကြီးစွာနဲ့

"အရမ်းနမ်းမနေနဲ့. . . ပိုးမွှားတွေ ပါမယ်" လို့ ဟန့်တားခဲ့မိတာ မမလေး မှတ်မိမှာပါနော်။

ဒေါ်လေးက ပုတီးစိပ်ဦးမယ် အကြောင်းပြပြီး နေရာချင်းလဲထိုင်တော့ မမလေးနား နီးနီးကပ်ကပ် ထိုင်ခွင့်ရပြီ။

ရင်ခုန်လိုက်တာဗျာ။

တော်သေးတယ်. . . ကျွန်တော့်ရင်ခုန်သံ တဒုန်းဒုန်းကို ရထားစက်ခုတ်သံ တဂျုံးဂျုံးက လွှမ်းမိုးသွားလို့။

ရင်ခုန်သံတွေကို ဖုံးကွယ်ပြီး ရိုးသားပြဖို့ မမလေးကို "ပျော်တော်ဆက်" ရတာလည်း ကျွန်တော် တကယ် ပျော်တယ်ဗျာ။ ကျွန်တော့်ဘဝမှာ လုံးဝမရခဲ့ဖူးတဲ့အပျော်တွေပါ။

ကျွန်တော် အရမ်းကို ကျေနပ်ပါတယ်ဗျာ။

ဒီအချိန်မှာ လေးလေး တင်းကျပ်ထားတဲ့ စည်းကမ်းထဲက တစ်ခုဖြစ်တဲ့ 'မိန်းမ' ဆိုတဲ့မီးကို ကျွန်တော်ကစားမိနေပြီလို့ ကျွန်တော် မှတ်မယူနိုင်ပါဘူး။

ကျွန်တော်ဟာ အခုအချိန်မှာ မမလေးအတွက် မင်း မီးပုံထဲ ခုန်ဆင်းစမ်းဆိုရင်တောင် ဆင်းမယ့်ကောင်မျိုးဖြစ်နေပါပြီ။

စကားပြောရင်း သိုးမွှေးထိုးနေတဲ့ မမလေးကို. . .

"ဘာလို့ သိုးမွှေးထိုးတာလဲ" မေးကြည့်မိတော့ ကျွန်တော့်အတွက် အံ့အားသင့်စရာ စကားတွေချည်း ကြားခဲ့ရတယ် မမလေး။

သိုးမွှေးထိုးတော့ ငွေရမယ်။ ငွေရတော့ မျက်စိခွဲစိပ်ရမယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့လား။

ကျွန်တော့်အတွက် အထူးအဆန်းဆုံးစကား ဖြစ်ခဲ့ရတယ်

ကျွန်တော် စပ်စပ်စုစု မေးမြန်းရင်း နောက်ဆုံးသိခဲ့ရတာ က. . .

မျက်ကြည်လွှာပဲ ပျက်စီးနေတဲ့ မမလေးအတွက် ဘိုင်နိမ်း နဲ့ လှူရင် မျက်ကြည်လွှာကို အလှည့်ကျ စောင့်စရာ မလိုဘူးတဲ့

ကျွန်တော့်ခေါင်းထဲမှာ. . . ပြီးတော့ ရင်ဘတ်ထဲက နှလုံး အိမ်ထဲမှာ. . . မမလေး မျက်စိအတွက် နိုင်ငံခြားကို ပို့ပြီး ခွဲစိပ် တစ်နည်း၊ နောက်တစ်နည်းက ဘိုင်နိမ်းနဲ့ မျက်ကြည်လွှာ လှူဖို့ဆိုတဲ့ အာရုံဟာ ကြီးစိုးလာခဲ့တယ် မမလေး။


အဲဒီမှာပဲ တစ်ဆက်တည်းဆိုသလို မမလေးအတွက် ကျွန်တော့်မျက်ကြည်လွှာကိုတောင် ထုတ်ပေးပို့ လှူဖို့ တဖော်အတွက် ကို ဆုံးဖြတ်ချက် ချလိုက်မိတဲ့အထိ မမလေးကို တန်ဖိုးထားမိသွား တာပါ။

ဒါဟာ အချစ်လား၊ သံယောဇဉ်လား၊ ဝဋ်ကြွေးလား ဆိုတာ ကျွန်တော်မသိဘူး၊ မခွဲခြားတတ်တော့ဘူးဗျာ။

လူရိုင်းကြီး၊ လူမိုက်ကြီး၊ ဒုစရိုက်သမားကြီး ကျွန်တော့်ရဲ့ နှလုံးသားမှာ ဒီလောက်တောင် နူးညံ့သိမ်မွေ့နက်ရှိုင်းတဲ့စိတ် လေး သန္ဓေတည်ခဲ့တယ်ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် မယုံ ကြည်နိုင်အောင် ဖြစ်ရတယ်ဗျာ မမလေးရာ။







## အခန်း(၂၅)

မိန်းမဆိုတာ မီးပဲ၊ မိန်းမနဲ့ မပတ်သက်မိစေနဲ့ ဆိုကာမှ မမလေးရဲ့အမျိုးတွေကလည်း မမလေးရဲ့ဦးလေးကလွဲရင် မိန်းမ တွေချည်းပဲ။

မိန်းမတွေရဲ့စကားများတဲ့စရိုက်၊ စပ်စုတတ်တဲ့ အကျင့် တွေအပြင် ဂရုဏာစိတ် ကြီးမားတာ၊ သနားတတ်တာ၊ ကြင်နာ တတ်တာတွေကို မြင်တွေ့ခံစားခွင့်ရတော့ ကျွန်တော့်ဘဝမှာ ပထမ ဦးဆုံး တမ်းတမ်းတတ တွေ့ချင်ခဲ့သူတစ်ယောက် ရှိသွားတယ်။

သူဟာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

ကျွန်တော့်ဘဝမှာ ဘာလို့ အမေ မရှိတာလဲ။ မိဘနှစ်ပါး ကို သက်ရှိထင်ရှား မြင်ဖို့ နေနေသာသာ၊ ဓါတ်ပုံလေးတွေတောင် မြင်ခွင့်မရတဲ့ဘဝပါလား။

တစ်ပြိုင်နက် ဆိုသလို ပထမဦးဆုံးလည်း ကျွန်တော့်ဘဝ ကို ကျွန်တော် စိတ်နာပြီး နောင်တရသွားမိတယ်။

ကျွန်တော့်ဘဝအမှန်ကို မမလေးတို့ အသိုင်းအဝိုင်း သိ သွားမှာ အရမ်းကို စိုးရိမ်ခဲ့မိတယ်။ ဒီကြားထဲမှာပဲ မမလေးတို့ တရှစ်ဝဲဝဲနဲ့ ရောက်သွားပြီး မမလေးနဲ့ ဒေါ်လေးအစ်မဝမ်းကွဲတွေ ကို တောင်ကြီးမြို့ ပတ်ဝန်းကျင် အထင်ကရနေရာက ဘုရားတွေ လိုက်ပို့ပေးခဲ့တယ်နော်။

မမလေးရဲ့လက်ကို ကိုင်ခွင့်ရတော့ ကျွန်တော့်ရင်ထဲမှာ ့လေ. . . မမလေးရဲ့လက်ကို ထာဝရ ဆုပ်ကိုင် လက်တွဲသွားချင် စိတ်တွေ တမ်းတမ်းတတကို ဖြစ်မိတယ်ဗျာ။

ဒါပေမယ့် အလင်းမဲ့ ဝက်ပါထဲက ကျွန်တော့်ဘဝလမ်းထဲ မမလေးကို ဘယ်ဆွဲခေါ်ရက်ပါ့မလဲဗျာ။

ထွက်စရာရှိရင် ကျွန်တော့်ကမ္ဘာထဲက ကျွန်တော် အလွတ် ရုန်းထွက်ပြီး မမလေးရဲ့ဘဝထဲ တိုးဝင်ဖို့ ကြိုးစားရမှာပေါ့ဗျာ။

ပြီးတော့ မမလေး မျက်စိနှစ်ကွင်း အလင်းရဲအောင် ကျွန် တော် အစွမ်းကုန် ကြိုးစားပေးမယ်။

မမလေးရေ. . .

မမလေးကို ကျွန်တော် တစ်ဖက်သတ် ငေးခွင့်ရနေတာနဲ့ မမလေးရဲ့မျက်နှာလှလှလေးကို အငမ်းမရ ငေးကြည့်နေမိတယ်။





အခွင့်အရေးကလည်း ရနေတာကိုး။ မမလေးနဲ့သာ မျက်ဝန်းချင်း ဆုံခွင့်ရရင် ဘယ်လောက်ကောင်းလိုက်မလဲဗျာ။

မမလေးရဲ့မျက်ဝန်းကို ကြည့်ပြီး ချစ်စကားလေးတွေ ဆိုကုံးမိမှာ အမှန်ပါ။

ခုချိန်မှာတော့ ကျွန်တော့်ဘဝနွံထဲ မမလေးကို ဆွဲမနှစ် ချင်လို့ ကျွန်တော့်ရင်ထဲ စကားတွေကို ရင်ထဲမှာပဲ မြုပ်နှံထားခဲ့ လိုက်တယ်။

မမလေးက ကျွန်တော့်အလုပ်အကိုင်ကို မေးတော့ ယျာဥ်ခြံထွက်ပစ္စည်း ရောင်းဝယ်တဲ့ ကုန်သည်ပွဲစားလို့ပဲ ဖြေထား လိုက်တယ်။ ဒါဟာလည်း ကျွန်တော်တို့ရဲ့ အပေါ်ယံ ဘန်းပြတဲ့ လုပ်ငန်းတစ်ခုပဲပေါ့ဗျာ။

တကယ်တော့ ကျွန်တော့်ဘဝ လမ်းကြောင်းဟာ မှားနေ တယ်ဆိုတာကို မမလေးကို တွေ့လိုက်ရတော့မှ သိတာ။

မမလေးတို့က မျက်စိကုသဖို့အတွက် ငွေကို သမ္မာအာဇီဝ သိုးမွေးထိုးပြီး ရှာဖွေစုဆောင်းနေချိန်မှာ မမလေးအစ်မ ဆရာမ တွေကလည်း ကလေးတွေအနာဂတ်အတွက် အလင်းရောင် ပေး နေတဲ့ ဆရာမတွေ။

ကျွန်တော်ဆိုတဲ့ကောင်ကတော့ တစ်မျိုးသားလုံး လူညွန့် တုံးစေမယ့် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်နေတဲ့ မှောင်ခို ရာဇာကြီးရဲ့မွေးစားသား တူတော်မောင်ဖြစ်နေတယ်ဗျာ။

ငွေတွေကို ရေလိုသုံးပြီး သောက်လိုက်စားလိုက်၊ ကာစီနို တစားလိုက်နဲ့ အကျိုးမဲ့ ဖြုန်းတီးပစ်လိုက်သူပါလား။ အဖိုးမတန်တဲ့ လူဆိုးလူသွမ်း၊ လူရမ်းကား ဆန်တုန်မြေလေးတစ်ယောက်ပါလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး. . . ကျွန်တော့်ကိုယ်ကျွန်တော် သိပ်ရှက်သွားပြီ။

မှန်ကို မကြည့်ရဲလောက်အောင်ပဲ။ ကိုယ့်လိပ်ပြာ ကိုယ် မလုံသလို ခံစားနေခဲ့ရတယ်။

ဒီမှာပဲ လေးလေးက ကျွန်တော့်ကို ဆက်သွယ်မရတော့ တပည့်တပန်းတွေနဲ့ ခေါ်ခိုင်းလာပြီ။

ကျွန်တော် ဒီမှာပဲ လေးလေးကို သံသယ ရှိလာခဲ့တယ်။

လေးလေးဟာ ကျွန်တော့်ဦးလေးအရင်းမှ ဟုတ်ရဲ့လားလို့။

အမှန်တော့ တောင်ကြီးမှာလည်း ဥယျာဉ်ခြံ ဗန်းပြပြီး ပစ္စည်းဖြန့်ဖြူးဖို့အတွက် ကျွန်တော်တို့စကားအရတော့ 'ဘိ' တစ်နေရာ ရှိနေခဲ့တယ်။ နွေရာသီ အပန်းဖြေစခန်းလိုလည်း စတည်းချတဲ့ ခြံဝန်းတိုက်တာတစ်လုံးရှိတယ်။ အဲဒီမှာ ကျွန်တော် မတည်း။ ဟိုတယ်မှာ တည်းတာတောင် လေးလေးအဖွဲ့သားတွေက အနံ့ခံပြီး ကျွန်တော့်ကို သတိလာပေး။

"အာစရိက သူ့ကို မဆက်သွယ်လို့ တင်းနေပြီ"

"အချိန်တန်ရင် ငါပြန်လာမှာပေါ့ကွာ"

"အမြန်ပြန်လာပါ. . . ဒါမှမဟုတ် သူ့ကို ဆက်သွယ်ပါတဲ့"

"ကောင်းပြီ. . . ငါဆက်သွယ်မယ်လို့ ပြောထားလိုက် မကြာခင် ငါပြန်လာမှာပဲ. . . လောမနေကြနဲ့"

ကျွန်တော်. . . ကျွန်တော့်အသိုင်းအဝိုင်းက လူတွေနဲ့ တွေ့ချင်စိတ်ကို မရှိတော့တာ။

မမလေးရဲ့လက်ကို ဆွဲပြီး အလင်းရောင်ထဲမှာ အေးအေး





ဆေးဆေး လျှောက်လှမ်းချင်ပြီဗျာ။

မမလေးရဲ့ကမ္ဘာကလည်း မှောင်နေတယ်။

ကျွန်တော့်ကမ္ဘာကလည်း မှောင်နေပါတယ်။

ဒါပေမယ့်. . . မှောင်ပုံခြင်းကတော့ မတူပါဘူးဗျာ။

မမလေးရဲ့အမှောင်ထုက ကံကြမ္မာက ပေးတဲ့အမှောင်။

ကျွန်တော့်ဘဝ အမှောင်က ဘယ်သူသေသေ၊ ငတေမာပြီးစတမ်း ဆိုတဲ့ ဝိသမလောဘ အတ္တနဲ့ အမိုက်မှောင်ပါ။

မမလေးရေ. . . ဟဲဟိုးလေဆိပ်မှာ မမလေးနဲ့ လမ်းခွဲရတော့မယ်ဆိုတဲ့အသိနဲ့ ကျွန်တော် အရမ်းခံစားနေရတယ်ဗျာ။

ရန်ကုန်ရောက်ရင် မမလေးနဲ့ တပူးတွဲတွဲ နေလို့မဖြစ်တော့ဘူး။

လေးလေးဒါသက လူရွေးမှာ မဟုတ်ဘူး။

ကျွန်တော့်ကြောင့် မမလေးကို ထိခိုက်နစ်နာတာမျိုး မရှိအောင် ကျွန်တော် လေးလေးကို အချိုသတ်ပြီး နေရဦးမယ်။

ဒါကြောင့် မင်္ဂလာဒုံလေဆိပ်မှာ မမလေးလက်ကို မဖြုတ်ချင်ဘဲ ဖြုတ်ပြီး တက္ကစီပေါ် တင်ပေးပြီး လမ်းခွဲခဲ့ကြတယ်နော်။ မမလေးက သူ့အစ်မ မစန္ဒာ မင်္ဂလာဆောင်ပြီးရင် ပြင်ဦးလွင်ပြန်မှာတဲ့။

"ပြင်ဦးလွင်ကို လိုက်တွေ့မှာပေါ့ဗျာ"

လို့ နှလုံးသားအက်ကွဲကြောင်းက ပဲ့တင်ထပ်လာတဲ့အသံနဲ့ ပြောပြလိုက်တယ်။

တကယ်လည်း ပြင်ဦးလွင်ကို ကျွန်တော်ပြန်သွားရဦးမယ်။

ကျွန်တော်ဟာ ဘာကောင်လဲဆိုတာ သိဖို့ ပြင်ဦးလွင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ကျွန်တော့်အိမ်ကို ကျွန်တော်ပြန်သွားရဦးမှာ။ အဲဒီမှာ ကျွန်တော့်နာမည်နဲ့ အိမ်တစ်လုံး ရှိနေတယ် မမလေး။

မမလေး. . . မမလေး လက်ကို ဖြုတ်ပြီး ခွဲခွာလိုက်ရတဲ့ ကျွန်တော့်ခံစားချက်ဟာလေ. . . ရင်အုံကြီးတစ်ခုလုံး ပွင့်ထွက်သွားမတတ်ပါပဲ၊ နာကျင်လိုက်တာဗျာ။

မမလေးနဲ့ နောက် ပြန်တွေ့နိုင်ပါ့မလား။ မမလေးနဲ့ အပြီးတိုင် ခွဲခွာလိုက်ရတာလား။

ဟာဗျာ. . . ယူကျုံးမရစိတ်တွေနဲ့ ကျွန်တော့်ရင်မှာ တစ်ခါမှ မနာကျင်စဖူး စူးစူးရှရှကို နာကျင်ရပါတယ်ဗျ။

ကျွန်တော့်ရဲ့အမိုက်မှောင်ကမ္ဘာကြီးထဲက ကျွန်တော် အပြီးတိုင် ရုန်းထွက်နိုင်အောင် ကြိုးစားပြီး မမလေးဘဝကို ကယ်တင်ဖို့ ကျွန်တော်ကြိုးစားလိုက်တော့မယ်။

ပြီးတော့ ကျွန်တော့်ရဲ့မိုက်ကြွေးတွေ။ ဒါတွေကိုလည်း ဒီဘဝ ဆပ်နိုင်ရင်ဆပ်၊ မဆပ်နိုင်ရင်တော့လည်း ကျွန်တော့်ကိုယ်စား မမလေး ဆပ်ပေးနိုင်အောင် စီစဉ်ရမယ်။

မမလေး. . .


အချစ်ဆိုတဲ့ နှောင်ကြိုးဟာ သိပ်ကို ခိုင်မာလွန်းပါတယ်။

အဲဒီအချစ်နှောင်ကြိုးက မိုက်တွင်းနက်ထဲ စုံးစုံးမြုပ်နေတဲ့ လူကိုတောင် ဆွဲယူကယ်တင်နိုင်စွမ်း ရှိတယ်နော်။

ကျွန်တော် မမလေးကို သိပ်ချစ်တယ်ဗျာ။







# အခန်း(၂၆)

မမလေးနဲ့ ခွဲပြီး လေးလေးကို အချိုသတ်၊ လေးလေးအမိန့်နဲ့ ပစ္စည်းသယ်ပေးအပြီးမှာ မြင်ဦးလွင်မှာ တစ်ထောက်နားခဲ့တယ်။

ကျွန်တော့်အိမ်မှာပေါ့။ ဒီမှာပဲ အိမ်စောင့်လည်းဖြစ်၊ ကျွန်တော့်ကို ငယ်စဉ်ကတည်းက ပြုစုပေးခဲ့တဲ့ ကျွန်တော့်ရဲ့အထိန်းတော်ကြီး ဦးကြီးမောင်နီနဲ့ တွေ့ဆုံရင်း ကျွန်တော် သိချင်တာတွေ မေးခဲ့တယ်။

"ဦးကြီး"

"ဘာလဲ လူလေး"



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးကတော့ ကျွန်တော့်ဝေယျာဝစ္စလုပ်၊ အိမ်မှုကိစ္စကို သာ မိန်းမကြီးတစ်ယောက်လို လုပ်တဲ့လူပဲ။ ကျွန်တော့်တို့ စီးပွားရေး ကိစ္စထဲ လုံးဝမပါသူ။ တကယ့် အိမ်တော်ထိန်းသက်သက်ပဲပေါ့ဗျာ။

"ဦးကြီးကို ကျွန်တော်မေးချင်တာ ရှိတယ်၊ မှန်မှန်ဖြေပေး ပါ ဦးကြီး"

"မေးလေ လူလေး၊ ဦးကြီး သိသလောက် ဖြေပေးမှာပေါ့"

"ကျွန်တော်ဟာ လေးလေးတူအရင်းမှ ဟုတ်ရဲ့လားဗျာ၊ ကျွန်တော့်ရင်ထဲမှာ အဲဒီတစ်ခု မရှင်းလင်းတော့ဘူး၊ လေးလေးဟာ သူ့သွေး သူ့သားဆိုရင် ခုလို လုပ်နိုင်းမှာ မဟုတ်ဘူးထင်တယ်"

ဦးကြီးက ခေါင်းတညိတ်ညိတ် လုပ်ပြီး. . .

"အင်း. . . လူလေး အခုမှ တကယ် လူဖြစ်လာတာကိုး"

"ဗျာ"

ကျွန်တော် နားကြားများ လွဲလေရော့လား။

"ဟုတ်တယ်လေ လူလေး၊ အမှားအမှန်၊ အဆိုးအကောင်း အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်မှ လူပီသတာ၊ အခု လူလေး အမှားအမှန်ကို ဝေဖန်ပိုင်းခြား သိမြင်လာနိုင်ပြီ မှတ်လား၊ ဒါဆိုရင် ဦးကြီးပြောပြမယ်"

ကျွန်တော် ဦးကြီးကို ချစ်ခင်လေးစားစွာဖြင့် ငေးကြည့်နေ မိတယ်။

ကျွန်တော် သိတတ်စအရွယ်ကတည်းက ကျွန်တော့် ဝေယျာဝစ္စ၊ အိမ်မှုကိစ္စ၊ ခြံထဲ ပန်းပင်စိုက်ပျိုးခြင်းနဲ့သာ နေခဲ့ရာမှ လေးလေးနဲ့ ခွဲပြီး ကျွန်တော့်စိတ်ကြိုက် မြေဝယ်၊ အိမ်ဆောက်ပြီး သီးခြားနေတော့လည်း ဦးကြီးဟာ ကျွန်တော့်အိမ်ဘက် လိုက်လာပြီး





အိမ်တော်ထိန်းကြီးဘဝနဲ့ပဲ အေးဆေးစွာ နေခဲ့သူဖြစ်တယ်။ နှုတ်လုံ ပြီး သစ္စာရှိသူ ရိုးသားသူဖြစ်တယ်။ ကျွန်တော်တို့လုပ်ငန်းနဲ့ ဘာမှ မပတ်သက်သူ သက်သက်ပဲ။

ကျွန်တော်တို့အလုပ်အတွက် စတည်းချတဲ့နေရာတွေက များသောအားဖြင့် လချုပ်နဲ့ ငှားတဲ့နေရာတွေမှာပဲ လှုပ်ရှားလေ့ ရှိတာကိုး။

"လွန်ခဲ့တဲ့ နှစ်ပေါင်းအစိတ်ကျော်. . . အင်း. . . ရက် တိတိကျကျက၊ နေဦး လူလေး၊ ဦးကြီး ပစ္စည်းတစ်ခု သွားယူဦးမယ်"

ပြောပြောဆိုဆိုနဲ့ ဦးကြီးက အိမ်ထဲက ထွက်သွားတော့ ကျွန်တော်လည်း မစောင့်နိုင်လို့ ဦးကြီးနောက် လိုက်ခဲ့တယ်။ ဦးကြီး က အိမ်ရဲ့နောက်ဘက်ဘေးက ဂိုဒေါင်ရဲ့အပေါ်ထပ်မှာ နေတယ်။

ဦးကြီးအခန်းရောက်တော့ ဦးကြီးက သူ့ဘီရိုကို ဖွင့်ပြီး ဘီရိုထဲက ပိုးပုဆိုးတွေ ထည့်လေ့ရှိတဲ့ စက္ကူကတ်ထူဗူးကို ထုတ်လိုက် တယ်။

ဗူးပေါ်မှာ ရက်စွဲလေး တိတိကျကျ ရေးထားတယ်။ ဦးကြီး ရဲ့ဘုန်းကြီးကျောင်းသားလက်ရေးနဲ့ပေါ့။

"လူ့ဘဝဆိုတာ သမိုင်းကြောင်းတစ်ခုကတော့ ရှိနေတတ် တာပါ၊ လိုရမယ်ရ ဆိုပြီး ဦးကြီးမှတ်ထားလိုက်တာ"

"(၁၉၈၄)၊ အောက်တိုဘာလ(၂၇)ရက်၊ လူလေး ရောက် လာသောနေ့. . . ဟင်"

"မဟင်နဲ့ လူလေး၊ ဗူးကို ဖွင့်ကြည့်လိုက်ပါဦး"

ကျွန်တော် ဗူးအဖုံးကို ဖွင့်လိုက်တော့ ကလေးဝတ်အင်္ကျီ ဘောင်းဘီ ဦးထုပ်နှင့် တွဲလျက် အနွေးထည်၊ ခြေစွပ်၊ မိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံကို တွေ့လိုက်ရသည့်အပြင် ကတ္တီပါအိတ်ကလေးကို တွေ့လိုက်ရသဖြင့် ဖွင့်ကြည့်လိုက်တော့ ရွှေဆွဲကြိုးလေးတစ်ကုံးကိုပါ တွေ့လိုက်ရသည်။

"ဒါတွေက ဘာတွေလဲ ဦးကြီး"

"ဒါတွေက လူလေးကို ဆရာကြီးခေါ်လာတုန်းက လူလေးကိုယ်မှာ ပါလာတာတွေလေ"

"ဟင်"

"ဦးကြီးလက်ထဲကို ဆရာကြီးက ကလေးကို ထည့်ပြီး မင်းဒီကလေးကို တာဝန်ယူ စောင့်ရှောက်ပေးရမယ်လို့ ပြောပြီး အပ်သွားခဲ့တာ၊ ဦးကြီးက ဆရာကြီးကို ဘာပြန်မေးရမှာလဲ၊ ဟုတ်ကဲ့လို့ပဲ ပြောပြီး ဆရာကြီးကွယ်ရာမှာတော့ ဒရိုင်ဘာကို မေးတော့ ဒရိုင်ဘာက ပြောပြတာ၊ ကိုးလောင်းကွေ့လမ်းမှာ ချောက်ထဲ ကားတစ်စီး ကျပြီး ကလေးတစ်ယောက်က လမ်းဘေးချုံပုတ်တစ်ခုပေါ်မှာ ငိုရင်း ယက်ကန်ယက်ကန် ဖြစ်နေတာကို ဆရာကြီးက ခေါ်ခဲ့တာ၊ နှစ်နှစ်သားအရွယ်လောက်ပဲ ရှိတယ်ထင်တယ်၊ ဖွံ့ဖွံ့ထွားထွားလေး. . . သိပ်ချစ်စရာကောင်းတာ"

"ဒါဖြင့် ကျွန်တော်ဟာ လေးလေးတူ မဟုတ်ဘူးပေါ့နော်"

ကျွန်တော့်အတွေး မှန်နေပါလားလို့ တွေးရင်း နှလုံးခုန်သံတွေဟာ အတိုင်းအဆ မရှိကို မြန်လာတယ်။

"ဘယ်ဟုတ်မလဲ. . . ဆရာကြီးက လူလေးကို မွေးစာရင်းသွင်းဖို့အတွက် ဒီရက်မတိုင်ခင် တစ်နှစ်လောက်က ကလေးမီးဖွားရင်း ဆုံးသွားတဲ့ သူ့မရီးနဲ့ ကလေးကိုယ်ဝန်ရှိစဉ်မှာပဲ ပိုးထိပြီး ဆုံးသွားခဲ့တဲ့ သူ့အစ်ကို ဦးထွန်းရှိန်ရဲ့သား လုပ်ပစ်လိုက်တာ"





ကျွန်တော့်ရဲ့ဘဝမှတ်တမ်းစာဖောင်းကို ကျွန်တော် သိလိုက်ရတော့ ကျွန်တော့်မိဘရင်းတွေကို တွေ့ချင်လိုက်တာဗျာ။ ဒါပေမယ့် အဲဒီဆန္ဒ ပြည့်ဝနိုင်ပါ့မလားဗျာ။ ကျွန်တော် တွေ့ရမယ်မထင်တော့ပါဘူး။

"ဒီဆွဲကြိုးလေးက လူလေးက ထွားလာတော့ ဆရာကြီးက ဖြုတ်ပြီး သိမ်းထားလိုက်တဲ့၊ နောက် သူက မင်းကို တကယ့်ကိုသားအရင်းနဲ့မခြား ဆင်ယင်ပေးတယ်၊ မင်းရဲ့မွေးနေ့တွေလည်း လုပ်ပေးတယ်၊ ဒါကြောင့် မင်းမွေးနေ့ကို တွေ့တဲ့နေ့ရဲ့ တစ်နှစ်ခွဲလောက် နောက်ဆုတ်ပြီး (၁၉၈၃)၊ ဇန်နဝါရီ(၂၇)ရက်နေ့လို့ လုပ်လိုက်တာလေ၊ အမှန်တော့ မင်းမွေးနေ့အမှန်ကို ဘယ်သူမှ မသိကြဘူးပေါ့"

ကျွန်တော် ငိုချင်လိုက်တာဗျာ။ ဒါပေမယ့် ငိုလို့မရဘူး။ ငိုတတ် ရယ်တတ်တဲ့ ခံစားမှုမျိုး မဲ့အောင် လေးလေးက မွေးမြူထားခဲ့တဲ့ ကျွန်တော် မောင်ကောက်ရလေးရဲ့ဘဝမှန်က ဒါပါပဲ မမလေးရယ်။

ကျွန်တော် မရှိတော့ရင် မမလေး ကျွန်တော့်ကိုယ်စား ကျွန်တော့်မိဘရင်းတွေကို ရှာပေးပါလားဗျာ။

ဟင်. . . ရှာလို့ရတော့မှာ မဟုတ်ပါဘူး။ ချောက်ထဲကျတဲ့ ကားထဲ ပါသွားပြီး မီးလောင်ပြီး သေသွားလောက်ရောပေါ့နော် မမလေး။

ဒါနဲ့ ဦးကြီးနဲ့ တိုင်ပင်ပြီး ကျွန်တော်လုပ်သင့်တာတွေကို အခိုင်အမာ လုပ်ခဲ့ပါတယ်။

မမလေးရဲ့နာမည်နဲ့ ကျွန်တော်ရဲ့ ဒီပိုင်ဆိုင်တဲ့အိမ်ကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခြံကို ကျွန်တော့်ရှေ့နေနဲ့ ဦးကြီးကို တာဝန်ပေးပြီး လွှဲပြောင်း ခဲ့တယ်။

မမလေးဆီ ရောက်လာတဲ့ နှစ်ချောင်းတွဲ သော့တွဲက ထင်းရှူးမြိုင်အိမ်ကြီးရဲ့အိမ်တံခါးမကြီးနှစ်ချပ်ရဲ့သော့ပါ။ ဒီသော့ ပိုင်ရှင်လာရင် ဦးကြီးက လက်ခံပြီး ကျွန်တော့်ကို ချစ်ခင်ပြီး စောင့် ရှောက်သလို စောင့်ရှောက်ပေးပါလို့ ကျွန်တော်မှာပြီးပြီဗျာ။

တကယ်လို့ ကျွန်တော် မသေသေးရင်တော့ ကျွန်တော် မမလေးရဲ့လက်ကို တွဲပြီး ဒီအိမ်ကြီးရဲ့မဟေသီအဖြစ် အပ်နှင်းပေး ခွင့် ရတာပေါ့ဗျာ။ ဒါပေမယ့် မမျှော်လင့်ရဲတော့ပါဘူးဗျာ။

ဒီအိမ်ကြီးက မြို့ပတ်လမ်း(xxx)မှာပါ။ မမလေး လက်ခံ လိုက်ပါ။ အဲဒီအိမ်ထဲမှာ ကျွန်တော် မွေးနေ့အတူတိုင်း ရိုက်ထားတဲ့ ဓါတ်ပုံအယ်လ်ဘန်တွေ၊ မမလေးအတွက် ထားခဲ့တဲ့ စာချုပ်စာတမ်း အစွင်းပစ္စည်းတွေနဲ့ အခန်းတိုင်းရဲ့သော့တွဲတွေကို ဦးကြီး ပေးအပ် ပါလိမ့်မယ်။

ကျွန်တော်မရှိတော့ သွားဖြစ်အောင် သွားလိုက်ပါ မမ လေးရယ်။

ပြီးတော့ ကျွန်တော့်ရဲ့မိုက်ပြစ်တွေကို ဆေးကြောတဲ့အနေ နဲ့ မမလေး ကျွန်တော့်ကိုယ်စား လူသားကောင်းကျိုးတွေ ဆောင် ရွက်ပေးပါဗျာ။

ကျွန်တော့်အတွက် အချိန်မရှိတော့ပါဘူး မမလေးရယ်။ ကျွန်တော် တောင်းဆိုပါတယ်။

ကျွန်တော် မမလေးအတွက် ပြင်ဦးလွင်မှာ အားလုံး ပြင် ဆင်ပြီးသွားတော့ ရန်ကုန်ကို ပြန်ဆင်းခဲ့တယ်။





ပြီးတော့ မျက်ကြည်လွှာဘဏ်ကို သွားခဲ့တယ်။ မျက်ကြည် တို ဘိုင်နိမ်းနဲ့ လှူခွင့်။ ပြီးတော့ ကုန်ကျစရိတ်အတွက်ကိုလည်း စီဆေးရုံမှာ မမလေးနာမည်နဲ့ ကုန်ကျစရိတ် အကုန်လုံးအတွက် ကြိုသွင်းထားခဲ့တယ် မမလေး။

လူတစ်ယောက်ဟာ သူသေမယ့်ရက်ကို ကြိုမသိနိုင်ပါဘူး။ ဒါပေမယ့် မှန်းဆပြီး ကျွန်တော်လုပ်ခဲ့တယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ လေးလေးကို သစ္စာ ဖောက်မိပြီကိုး။

လေးလေးက ကျွန်တော့်ရဲ့ကျေးဇူးရှင် ကျေးမိခင်ပါ။ လေး း ကျေးဇူးတရားနဲ့ တစ်မျိုးသားလုံး လူညွှန့်တုံးစေမယ့် မူးယစ် ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးမှုလုပ်ငန်းတစ်ခု ဇာတ်သိမ်းဖို့ကို လဲလှယ် တ်ပါပြီ။

ကျွန်တော်ဟာ လေးလေးရဲ့သစ္စာဖောက်ဖြစ်သွားပြီ။

သန်ဘက်ခါ လေးလေးနဲ့ သူ့အဖွဲ့သားခေါင်းဆောင်တွေ ဆုံမယ့်နေ့ပဲ၊ ကျွန်တော်အပါအဝင်ပေါ့။ အချိန်တိတိကျကျကို န်တော် သတင်းပေးနိုင်လိုက်ပြီ။

ကျွန်တော့်လုံခြုံရေးအတွက် ကျွန်တော် မပူတော့ပါဘူး။ ဘာရားပဲပေါ့။

ကျွန်တော်ဟာ လေးလေးရဲ့သစ္စာခံ ဘက်တော်သားကနေ ဖောက် ဖြစ်သွားပြီ။ နိုင်ငံတော် သတင်းပေးဆိုတော့ ကျွန် ကို လေးလေး ဘယ်နည်းနဲ့မှ အလွတ်ပေးမှာ မဟုတ်ဘူး။

ကိစ္စမရှိပါဘူး မမလေး။

နှစ်သုံးဆယ်နီးပါး အကျိုးမဲ့တဲ့ ကျွန်တော့်ခန္ဓာကိုယ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



သေသွားပြီးမှ ပြည်သူတွေအတွက် အကျိုးရှိ အသုံးချဖို့ မျက်ကြ
လွှာက ဘိုင်နီမ်းနဲ့ မြင့်မိုရ်မေဆိုတဲ့ ကျွန်တော့်မမလေးအတွ
ကျန်ခန္ဓာကိုယ်တကိုယ်လုံးရှိ ကလီစာတွေကိုတော့ အလိုရှိသ
သုံးဖို့ Dead Body ကို ဆေးရုံကြီးကို လှူဒါန်းပြီးသွားပါပြီ။

မမလေး ဖတ်ဖို့ ဒီစာအုပ်ကိုလည်း ရေးပြီးတာနဲ့ ရဲ
ဦးတင်ထွန်းဆီကို ချောပို့နဲ့ ပို့လိုက်ပြီးရင် အားလုံးပြီးဆုံးသွ
မမလေး။

အမှောင်နှံ့က ဒုစရိုက်သမားကြီး ကျော်ဇောရှိန်ရဲ့
နိဂုံးချုပ်သွားပါပြီ။

မငိုပါနဲ့ မမလေးရယ်။ မမလေး ငိုတိုင်း ကျွန်တော့် မျ
ကြည်လွှာက လှုပ်ရှားရလွန်းတော့ ပင်ပန်းတယ်ဗျာ။ ဒါကြေ
မငိုပါနဲ့နော် မမလေး။ ကျွန်တော် ပင်ပန်းလွန်းလို့ပါ။

မမလေး ရယ်ပေးပါ။ မမလေး ရယ်ရင် ကျွန်တော်လ
တမလွန်မှာ ပေါ့ပေါ့ပါးပါးလေးနဲ့ ပျော်မြူးနေမှာပါ။

ဒါပဲနော် မမလေး။

မမလေးကို ကျွန်တော် အသက်ပေးပြီး ချစ်ပါတယ်
ဒီဘဝတော့ မျက်ကြည်လွှာလေး ပေးပြီးတော့ ကျေနပ်သွားနို
တယ်။

မမလေးကို နောက်ဆုံးထွက်သက်အထိ ချစ်သွားမယ်

ရှိန်း(ခ)ကျော်ဇော

☺ အောင်မြင်စာပေ ☺





www.burmeseclassic.com

www.burmeseclassic.com

အားကိုးတယ်ဆိုတာလည်း
မမြင်နိုင်စေသော သံယောဇဉ်ကြိုး
တစ်ချောင်းရဲ့ရစ်ပတ်မှုပါပဲ။
မြင့်မိုရ်ရမ

ဘဝပေါင်းများစွာ သံသရာ၌
ဆွေမျိုးမတော်ဖူးသူ မရှိရလောက်
အောင်ပင် ဘဝသံသရာစက်ဝန်းက
ရှည်လျားကျယ်ပြန့် လွန်းလှပါလေသည်။





# အခန်း(၂၇)

"အမလေး နှိုန်းရယ်၊ ကျွန်မ ရင်ကျိုးရပါပြီ"

နှုတ်ထွက်မိသည်အထိ သည်းကျွပ်ထွက်မတတ် ငိုကြွေး င်းမှ မျက်ရည်တွေကို သုတ်ပြီး မှန်တင်ခုံရှေ့သို့ မြင့်မိုရ်ရမ သွား င်လိုက်မိသည်။

မှန်ထဲမှ ပုံရိပ်ကို တုန်လှုပ်ချောက်ခြားစွာနဲ့ ကြည့်လိုက်မိ သည်။ အထူးသဖြင့် မျက်ဝန်းအိမ်သို့ ဖြစ်သည်။

ဒါ နှိုန်းရဲ့မျက်ကြည်လွှာတဲ့၊

နှိုန်းရယ်. . . မငိုရဘူးတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ငိုတိုင်း ကျွန်တော့်မျက်ကြည်လွှာက လှုပ်ရှား လွန်းတော့ ပင်ပန်းတယ်ဗျာ၊ ဒါကြောင့် မငိုပါနဲ့တဲ့" . . . လား

နိမိတ်စကားတွေနဲ့ တပ်အပ်သေချာစွာနဲ့ ကြိုတင်စီ ထားနိုင်ခဲ့တဲ့ ရှိန်းရယ်။

ရှိန်းကို တွေ့ဖူးချင်လိုက်တာ။

ရှိန်းဓါတ်ပုံတွေ ရှိတဲ့ ပြင်ဦးလွင်မြို့ပတ်လမ်းက ရှိန်းအိမ် လေးဆီကို အရောက်ပြန်သွားမှ ဖြစ်မယ်။

ဆရာကြီးဦးရှုပကိုလည်း အကျိုးအကြောင်း ပြောပြီး ဖြစ်မှာပါ။

မှန်တင်ခုံရှေ့က ကိုယ့်မျက်ဝန်းကို ကိုယ်ငေးကြည့်ရင် ရင်တွေ တလှပ်လှပ် ခုန်လာသည်။ သွေးစီးဆင်းမှုကလည်း မြန်ဆ လာသည်။

"ရှိန်းရယ် . . . ကျွန်မဘာလုပ်ရမလဲ"

"မိုမို"

သူ့ရဲ့ရင်ပွင့်မတတ် ပွင့်အန်ထွက်လာသော မပီဝိုးတဝါး သံစဉ်များကြောင့် တူမဖြစ်သူကို အခန်းအပြင်ဘက်မှ အကဲခတ်နေ သော ဒေါ်လေး ဒေါ်နွယ်နီမေ သူ့ထံ ပြေးဝင်လာပြီး ကြိတ်ရှိုက် နေသော မြင့်မိုရ်မေကို ပြေးဖက်တော့ မြင့်မိုရ်မေ ဒေါ်လေးရင်ခွင် ထဲ လဲပြိုကျသွားလေတော့သည်။

မေ့မျောသွားသော မြင့်မိုရ်မေ၏ခန္ဓာကိုယ်လေးကို လဲ မကျသွားအောင် ထိန်းရင်း . . .

"ဟဲ့ . . ဟဲ့ . . ရွှေစာ လာစမ်းပါဦး၊ သမီးမိုမို . . . မိုမို သတိ ထားလေ၊ သမီး ငိုချင်ငိုချလိုက်ပါ၊ အားပါတရသာ ငိုလိုက်၊ ကြိတ်





ထားမနေနဲ့"

ဒေါ်နွယ်နီမေ ဘာအကြောင်းကြောင့် ငိုရမည်ကို မငိုနိုင် ဘဲပြီး ရင်ထဲ ကြိတ်ကာ ဆို့နင့်နေပြီး ရင်ကွဲမတတ် ခံစားနေရရှာ သော တူမ၏ဖြစ်စဉ်ကို သိထားသည်။

ဒေါက်တာ ဝဏ္ဏတင့်တယ်က ပြောသွားခဲ့သည်ကို။

"ဒေါ်လေး . . . မိုကို မျက်စိအောက်က အပျောက်မခံ ဘဲ စောင့်ကြည့်ပေးပါဗျာ သူ သိပ်ခံစားနေရရှာမှာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ရှိန်းဆိုတဲ့လူနဲ့ မျက်ကြည်လွှာ အလှူရှင်က တစ်ယောက်ထဲ ဗျာ" ဆိုတုန်းက သူပါ မျက်ရည်ကျခဲ့ရသည်။ ရင်ထုမနာ ဖြစ်ခဲ့ရ သည်။

ရုပ်ချော သဘောကောင်းသော ကောင်လေး။ မိုမို့ကို အရိပ်တကြည့်ကြည့်နှင့် ဂရုစိုက်သွားပေးခဲ့သော ကောင်လေး သေသွားရှာပြီပေါ့။ ဘာရောဂါနဲ့ ဆုံးသွားရှာပါလိမ့်။ သေမယ့်နေ့ကို ကြိုသိနေလို့ လိုလေသေးမရှိ စီစဉ်သွားခဲ့တာလား။

ဒေါ်နွယ်နီမေ တွေးရင်း၊ မြင့်မိုရ်မေကို ရွှေစာ၏အကူ အညီနှင့် ကုတင်ပေါ် တင်ပေးလိုက်သည်။

အနီရောင် ဒိုင်ယာရီစာအုပ်ကလေးကို ရင်ခွင်ထဲမှာ ပိုက် ထားရင်း ငိုလို့လဲ မရ။ လောကကြီးတနေ နေချင်စိတ်လည်း ပျောက်ကွယ်သွားခဲ့သည်။

ခံစားရလွန်းသဖြင့် ဆွံ့အသွားသလိုပင်ဖြစ်သွားပြီး မျက် ဝန်းကို မှိတ်ပြီး မြင့်မိုရ်မေ ကုတင်ထက်၌ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်နေလိုက်သည်။

ဒေါ်နွယ်နီမေက . . .



www.burmeseclassic.com

www.burmeseclassic.com

"မိုမို. . . ဒေါ်လေးကို ပေးဖတ်ပါလား"

မြင့်မိုရ်မေ စာအုပ်ကို ပိုမိုတင်းကျပ်စွာ ဖတ်ထားမိ

သည်။

ဒေါ်နွယ်နီမေ တူမအခြေအနေ သိပ်မကြိုက်သဖြင့်

ခန်းဘက် ပြန်ထွက်ခဲ့ပြီး ဒေါက်တာဂုဏ်တင့်တယ်ဆီ ဖုန်းဆ

လိုက်သည်။

"ဟယ်လို. . . ဒေါ်လေးလား"

"ဟုတ်တယ် ဒေါက်တာ၊ မိုမို ငိုလည်း မငိုဘူး၊လူကလည်

အေးစက်ပြီး လဲကျမလို ဖြစ်သွားလို့ ဒေါ်လေးကုတင်ပေါ် တင်ထာ

ပေးလိုက်တယ်၊ စကားမေးလည်း မရဘူး၊ ဒေါ်လေး ဘာလုပ်

မလဲ"

"ကျွန်တော် လာခဲ့ပါ့မယ် ဒေါ်လေး၊ သူ တုန့်ပြန်မှု မရှိ

ကောင်မလေးတွေကို သူ့ခြေလက်ကလေးတွေ နွေးသွားအော

ဆုပ်နယ်ထားခိုင်းပါ၊ ဒေါ်လေး သူ့ကို ထူမလို့ရရင် အချိုရည်

တစ်ခွက်လောက် တိုက်ထားပေးပါ"

"အေး. . အေး. . ဒေါ်လေး ခုပဲ လုပ်ပေးလိုက်မယ်

ဒေါက်တာ မြန်မြန်လာခဲ့ပါနော်"

"စိတ်ချပါ. . . ကျွန်တော် ဆေးခန်းကို သူငယ်ချင်းနဲ့ လွှဲ

ခုပဲ လာခဲ့ပါ့မယ်"

"ဒါဖြင့် ဒါပဲနော် ဒေါက်တာ"

ဒေါ်နွယ်နီမေ ဖုန်းချလိုက်ပြီး. . .

"ရွှေစာ. . . နင့်မမလေး ခြေဖျားလေးတွေ ဆုပ်ပေးထာ

လိုက်"





ဟု အမိန့်ပေးပြီး သူကိုယ်တိုင်က ထမင်းစားခန်းဝင်၊ ရေခဲသေတ္တာထဲမှ လိမ္မော်ရည်ပုလင်းကို ဖန်ခွက်ထဲ လောင်းထည့်ပြီး မြင့်မိုရ်မေအခန်းထဲ ပြန်လာတော့. . .

မျက်လုံး လုံးဝမဖွင့်သော်လည်း မျက်လုံးထောင့်စွန်းမှ မျက်ရည်များက စီးကျနေလေသည်။

ဒေါ်နွယ်နီမေ ကိုယ်တိုင် ရင်ထဲ နင့်သွားလေသည်။

"မိုမို. . . နင် ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ ရှိန်းအတွက် သူမှာတာတွေ ရှိရင် လုပ်ပေးဖို့ အားမွေးထားရဦးမယ်လေ၊ ထ. . ထ. . လိမ္မော်ရည်လေး သောက်လိုက်ပါဦး"

မြင့်မိုရ်မေ အားလုံးကြားနေရသည်။ သိနေသည်။ သို့သော် ရင်ထဲမှာ နာကျင်လွန်း၍ ဘာမှမလှုပ်နိုင်အောင် ဖြစ်နေမိသည်။

မငိုပါနဲ့ မမလေးရယ်။ မမလေး ငိုတိုင်း ကျွန်တော် မျက်ကြည်လွှာက လှုပ်ရှားရလွန်းတော့ ပင်ပန်းတယ်ဗျာတဲ့လား။ အသည်းမာမာနဲ့ မှာတမ်းခြွေသွားနိုင်သေးတယ်နော်။

ရှိန်းရယ်. . . ကျွန်မ အခု အလင်းရောင် ရနေတော့လည်း ဘာလုပ်ရမှာလဲ။ ကျွန်မဘဝရဲ့အစိတ်အပိုင်း. . . ရှိန်းပြောသလို ထားပါတော့. . . ကျွန်မရဲ့ Better-half ဖြစ်တဲ့ ရှိန်းမှ မရှိတော့ရင် ကျွန်မဘဝ အဓိပ္ပါယ် ပျောက်ဆုံးသွားပြီ။

ကျွန်မလည်း လူ့လောကကြီးမှာ မနေချင်တော့ဘူး။ ရှိန်းနောက်ကိုပဲ လိုက်ခဲ့တော့မယ်။

ဒေါ်လေး ထူမကာ အချိုရည် တိုက်ပေမယ့် သူ့ပါးစပ်ကို ဖွင့်မပေးခဲ့။

ဒေါ်လေးက တတွတ်တွတ် နားချနေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ညည်း ရှိန်းအပေါ် တာဝန်မကျေဘူး ဖြစ်သွားလိမ့်မယ် ထင်တယ် ရှိန်း"

ရှိန်းအကြောင်း ဘာမှ မသိသေးတဲ့ ဒေါ်လေးက ပြော လိုက်တဲ့ စကားလေးတွေ သူ့နားစည်ကို ရိုက်ခတ်လာသည်။

ဟုတ်ပါရဲ့. . . ရှိန်းရဲ့ဘဝဟာ မိဘမဲ့ ဆွေမျိုးမဲ့၊ သူ တမလွန်ခရီး ဘယ်လိုများ ဖြတ်သန်းသွားပါလိမ့်။

ဆွမ်းမှ သွတ်ပြီးရဲ့လား။

သူ့အိပ်မက်က ရှိန်းရဲ့ဖြစ်စဉ်တစ်ခုပါလား။

အို. . ဘုရား. . ဘုရား။ ရှိန်းဟာ ကောင်းရာ သုဂတိကို ဘယ်ရောက်နိုင်ပါ့မလဲနော်။

မြင့်မိုရ်မေ ဟင့်ကနဲ အသံထွက်ပြီး. . .

"တင့်. . . ဒေါ်လေး. . ရှိန်း. . ရှိန်း၊ မရှိတော့ဘူး ဒေါ်လေးရဲ့၊ ရှိန်းက သူ့မျက်ကြည်လွှာ ကျွန်မကို လှူခဲ့တာတဲ့ ရှိန်း. . ရှိန်းကို သနားလွန်းလို့ ကျွန်မရင်တွေ နာလိုက်တာ ဒေါ်လေးရယ်. . . ဟီးအီး"

ရှိန်း မငိုနဲ့ ပြောလည်း ကျွန်မ ငိုပါရစေ။ ဒီတစ်နေ့တော့ ဝအောင် ငိုလိုက်ပါရစေ ရှိန်း။ နို့မို့လို့တော့ မငိုရရင် ကျွန်မအသည်း တွေ ကွဲအက်ပြီး ရင်တွဲနာကျပြီး ကျွန်မ သေသွားနိုင်တယ်။

ဒါဆိုရင် ရှိန်းအတွက် ကျွန်မ ဘာမှ မလုပ်ပေးလိုက်နိုင်ဘဲ ဖြစ်သွားရင် မကောင်းဘူး ရှိန်းရယ်။ ရှိန်း ဘယ်လိုသေသွားလဲ ကျွန်မ သိပါရစေဦး။ ရှိန်းအတွက် ဘာတွေ လိုအပ်သေးသလဲ၊ လိုအပ်တာတွေ လုပ်ပေးဖို့ အချိန်အတိုင်းအတာလေးတစ်ခုအထိပဲ ကျွန်မ အသက်ဆက်ရှင်နိုင်တော့မယ် ထင်တယ် ရှိန်းရယ်။





ကျွန်မ ရင်တွေ နာလိုက်တာ. . . ထာကယ်ပါ။

မြင့်မိုရ်မေ ရင်ဘတ်ထဲ ဖိကပ်ထားသော အနီရောင် ဒိုင်ယာရီစာအုပ်ကလေးကို ကိုင်ပြီး အရှူးတစ်ယောက်လိုပင်. . .

"ဟီး. . ဒေါ်လေး ကျွန်မ ခုနေ သေသွားရင်လေ ရှိန်း အတွက် လုပ်သင့်တာတွေ လုပ်ပေးလိုက်ပါနော်"

"အေးပါ. . အေးပါ. . ဒေါ်လေး လုပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် သမီးကိုယ်တိုင် လုပ်ပေးတော့ ပိုကောင်းတာပေါ့၊ ဒေါ် လေးကိုလည်း အကျိုးအကြောင်း ပြောပြပါလား၊ ဒါမှ ဒေါ်လေး လည်း အကြံကောင်းတွေ ပေးနိုင်တာပေါ့၊ ရှိန်းအတွက် ဒေါ်လေး လည်း ယူကျုံးမရ ဖြစ်နေရတာပါ သမီးရယ်"

သူကပါ ငိုလျှင် မြင့်မိုရ်မေ ပိုခံစားရမည်။ ငိုချင်ရက် လက်တို့ ဖြစ်မှာစိုးသဖြင့် အံကြိတ်တင်းခံပြီး တူမကို ချော့နေရ သည်။

မြင့်မိုရ်မေ ငိုရင်းက. . .

"ဟင်. . . ရှိန်းက မငိုနဲ့တဲ့၊ ငိုရင် သူပင်ပန်းတယ်တဲ့၊ ကျွန်မ ငိုလို့မဖြစ်ဘူး၊ ရှိန်းကို ထိခိုက်သွားမယ်"

ပြောပြောဆိုဆို အဒေါ်ဖြစ်သူ၏ရင်ခွင်ထဲမှ ပြန်ထွက်၊ စာအုပ်လေးကို ခေါင်းအုံးပေါ်တင်၊ ပြီးတော့ မှန်တင်ခုံဆီ လျှောက် သွားလိုက်သည်။ မှန်မှာ ကြည့်လိုက်သည်။ မျက်ခွံ၊ မျက်ခမ်းတို့ ယောင်ကိုင်းနေသည်။ နှာသီး နီရဲတွတ်လျက် မျက်နှာတစ်ခုလုံး မှိုအစ်ကာ အနီရောင် ပြေးလျက်ရှိသည်။ ထိုမျက်နှာပြင်ထဲက မျက်ဝန်းနက်နက်ကလေးမှာ ကြေကွဲပွင့်တို့ ဝေသီလျက်ရှိချေပြီ။

ဒေါ်နွယ်နီမေမှာ မြင့်မိုရ်မေ လှုပ်ရှားမှုကို ကြည့်ရင်း ရင်



www.burmeseclassic.com

www.burmeseclassic.com



ထဲ စိတ်မသက်သာစွာ ခံစားနေရသည်။ ရှုံးများ ရှုံးသွပ်သွားမှဖြင့်တော့ စိုးတထိတ်ထိတ်ဖြင့်။

သို့သော် မြင့်မိုရ်မေက သူ့မျက်ဝန်း သူစိုက်ကြည့်ရင်း မျက်စိ ကျိန်းစပ်စပ် ဖြစ်လာသဖြင့် ရေချိုးခန်းဝင် ဗေဇင်၌ မျက်နှာကို ရေများများနှင့် ပက်ဖြန်းလိုက်သည်။ နောက် မျက်နှာသုတ်ပြီး စာအုပ်ယူကာ ဧည့်ခန်းဆက်တီ၌ ငြိမ်သက်စွာ ထိုင်နေလိုက်သည်။

သူ ဒေါက်တာ့ကို စောင့်ရမည်။

ဒေါက်တာ့ထံမှတဆင့် ရဲအုပ်ဦးတင်ထွန်းကို တွေ့ခွင့်တောင်းပြီး ရှိန်းအကြောင်းကို မေးရမည်။ ရှိန်းမှတ်တမ်းထဲမှာ ဦးတင်ထွန်းနာမည် ပါနေပြီပဲ။

'ရှိန်း' အတွက် သူ အားမာန်တင်းကာ ကြေကွဲနာကျင်ရသမျှတို့ကို ခေတ္တမြိုသိပ်ထားလိုက်သည်။ သို့တိုင်အောင် ရင်မှာ စူးရှနာကျင်လျက်ရှိသည်။

မမြင်ဖူးသော လူတစ်ယောက်ကို စွဲလမ်းမိသော နှလုံးသားမှသည် ကြေကွဲရသည်. . . ရင်နင့်ရသည်တို့သာ ကြီးစိုးရကုန်တော့ လူ့လောကကြီးကိုပင် စိတ်နာကာ နေချင်စိတ် ကုန်ခမ်းသွားရသည်။

သို့သော် ရှိန်းမျှော်ကြည်လွှာအတွက် သူ အသက်ဆက်ရှင်ပေးရဦးမည်။ ရှိန်းမှာ ရှိနေခဲ့သော ဒုစရိုက်ကြွေးတွေကို သူ လူသားကောင်းကျိုးအတွက် ပြန်ဖြည့်ဆည်းပေးရဦးမည်။ ရှိန်း ထားရစ်ခဲ့သောပစ္စည်းတွေကို သူလိုအပ်သော ပရဟိတ နေရာများတွင် အကျိုးရှိရှိ အသုံးချပေးရဦးမည်။

သူ့မှာ လုပ်စရာတွေ ရှိသေးတယ်။ သူ လဲပြိုလို့ မဖြစ်ပါ






ဘူးဟု အားတင်းကာ ဒေါက်တာဂုဏ်တင့်တယ် အလာကို စောင့်မျှော်နေမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

"ဒီစာအုပ်ပိုင်ရှင် ကျော်ဇောရှိန်နဲ့ ပတ်သက်ပြီး ဆရာ သိသလောက် ပြောပေးပါလားရှင်"

မြင့်မိုရ်မေ. . ရဲအုပ်တင်ထွန်းကို မေတ္တာရပ်ခံလိုက်သည် နာကျင်နေသော နှလုံးသား အပွန်းတို့ ပုံးကွယ်ရင်း ရှိန်းအတွက် ဆက်လက်၍ အသက်ရှင်သန်နေပေးရန် ဆုံးဖြတ်ချက် ချထားလိုက် သည့်မို့ ဒေါက်တာ ဂုဏ်တင့်တယ်နှင့်အတူ ရဲအုပ်တင်ထွန်းတို့ သွားရောက်တွေ့ဆုံလိုက်သည်။

"ကျော်ဇောရှိန်ရဲ့သတင်းပေးမှုတွေနဲ့ အခိုက မူးယစ်ဆေး





ဝါး မှောင်ခိုရာဇာ ဦးလွန်းရှိန်နဲ့ ကျန်ခေါင်းဆောင်တွေအားလုံးရော မှောင်ခိုပစ္စည်းတွေရော သိမ်းဆည်းမိပါတယ်၊ ဒါပေမယ့် ကျော်ဇောရှိန်က ကျွန်တော့်ဆီ ဖုန်းဆက် သတင်းပေးအပြီး ကျွန်တော်တို့ ရောက်သွားတဲ့အချိန်မှာ သေနတ်သံတစ်ချက် ကြားလိုက်ရပြီး ကျော်ဇောရှိန်ဟာ သေဆုံးနေပါပြီ၊ သူ့လက်ထဲမှာ ဆုပ်ကိုင်ထားတဲ့ ပိုက်ဆံအိတ်ထဲက ကဒ်တွေ စာရွက်စာတမ်းတွေကြောင့် ကျွန်တော်တို့ ချက်ချင်းပဲ မျက်စိဘဏ်နဲ့ Dead Body လှူဒါန်းနိုင်ဖို့အတွက် ဆောင်ရွက်ပေးလိုက်ပါတယ်၊ တကယ်တော့ ကျော်ဇောရှိန်ဟာ သူ့မိုက်ပြစ်ကို သူ အချိန်မီ ဆေးကြောသွားနိုင်ခဲ့သူပါ၊ သူ့ကြောင့် တကယ့်ကို အထင်ကရ မူးယစ်ဆေးဝါး ဂိုဏ်းကြီးတစ်ဂိုဏ်းကို အမြစ်ပါမကျန် နှုတ်လိုက်နိုင်ပါတယ်"

"သူ. . သူ့ကို ဘယ်သူသတ်လိုက်တာပါလဲ ဆရာ"

"သူ့ဦးလေး ဦးလွန်းရှိန်ကပဲ သတ်လိုက်တာပါ၊ ဖြောင့်ချက် ပေးပြီးပါပြီ၊ ကိုင်း. . . ဘာများ သိချင်ပါသေးသလဲ"

"မရှိတော့ပါဘူး ဆရာ"

"ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး ဆရာ"

"ကောင်းပါပြီဗျာ"

မြင့်မိုရ်မေ ရဲအုပ်တင်ထွန်းတို့ နှုတ်ဆက်ပြီး ဒေါက်တာ ဂုဏ်တင့်တယ်နှင့်အတူ ပြန်လာသည်။

ဒေါက်တာဂုဏ်တင့်တယ်က တလမ်းလုံး ငြိမ်သက်စွာနှင့် လိုက်ပါလာသော မြင့်မိုရ်မေကို အကဲခတ်ရင်း အတန်ကြာမှ. . .

"မို"

တစ်ခွန်းခေါ်၍ မကြား။ နှစ်ခွန်းသုံးခွန်း ခေါ်လိုက်မှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ဒေါက်တာ"

"ကျွန်တော် ကျော်ဇောရှိန်အကြောင်း သိခွင့်ရှိရင် သိချင်ပါတယ် မို၊ ဒါမှ တတ်နိုင်သမျှ မိုကို ကူညီခွင့် ပေးနိုင်အောင်ပါ"

"ကျွန်မ ပြင်ဦးလွင် သွားရလိမ့်ဦးမယ် ဒေါက်တာ၊ မသွားခင် ဆရာကြီး ဦးရှုပနဲ့ သွားတွေ့ရဦးမယ်"

"အိုကေ. . . ခုပဲ ဆရာကြီး ဆေးခန်းကိုပဲ သွားတွေ့လိုက်ရအောင်၊ ဒီအချိန် လူရှင်းပါတယ်"

"ကောင်းပါပြီ ဒေါက်တာ"

မြင့်မိုရ်မေသည် သူ့အပေါ် ယခုထက်ထိ အေးစက်နေဆဲဆိုတာကို ဒေါက်တာ ဂုဏ်တင့်တယ် ခံစားနေရသည်။ သို့သော် သူ ရှိန်းအပေါ် မနာလို မဖြစ်တော့။ သနားမိသည့်အပြင် လေးစားနေမိသည်။

ကျော်ဇောရှိန်သည် ဖျတစ်ကောင်လို လျင်သောသူ တစ်ယောက်ဖြစ်ပါလျက် ဦးလေးရွှေမှာ ရင်ကော့ပြီး သူ သစ္စာဖောက်ကြောင်း ဝန်ခံပြီး သူ့အသက်ကို အသေခံလိုက်ခြင်းလား။

ဦးလေးကပဲ သစ္စာဖောက်ဟု ရိပ်မိသွားပြီး လက်ဦးမှု ယူကာ သတ်လိုက်တာလား။

ဒီအကြောင်းကိုတော့ ကျော်ဇောရှိန်သာလျှင် အသိဆုံးဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် သူစီစဉ်သွားခဲ့တာတွေ၏ စေ့စပ်မှု မြန်ဆန်မှုကို ကြည့်ခြင်းအားဖြင့် သူက သူ၏သေမည့်အချိန်ကို ကြိုတင်တွက်ဆထားပြီးသား ဖြစ်နေသည်ကို ထောက်ရှုပြီး ဒေါက်တာဂုဏ်တင့်တယ် တွက်ဆလိုက်ခြင်းဖြစ်သည်။

"တစ်မျိုးပြောင်းလာတဲ့ အိပ်မက်တစ်ခုအကြောင်း ဆရာ





ကြီးကို ပြောပြရဦးမယ် ဒေါက်တာ"

"ဘာအကြောင်းလဲ"

"ဟင်. . . ဒေါက်တာ့ကို မပြောရသေးဘူးလား"

"မပြောရသေးဘူး"

"ချောက်ထဲ ကားတစ်စီး ကျပြီး မီးလောင်သွားတာကို မ်းမြင်လိုက်ရတယ် ဒေါက်တာ"

ဒေါက်တာဂုဏ်တင့်တယ် ဒီအကြောင်းကြားတော့ ရင်ထဲ ယ် တစ်မျိုးဖြစ်သွားရသည်။ သို့သော် ဒါမျိုးတွေက ဖြစ်တတ်တာပဲ ဟု စိတ်ထဲ ထားပြီး စကားလမ်းကြောင်း ပြောင်းလွှဲသွားသော မြင့်မိုရ်မေကို. . .

"ကျွန်တော် မေးတာ မို မဖြေသေးဘူးနော်"

"အင်း. . . ဘာများပါလဲ ဒေါက်တာ"

"ရှိန်းအကြောင်း ကျွန်တော်သိချင်တယ်"

"ပြောရမှာ ကျွန်မရင်တွေ နာကျင်လွန်းလို့ပါ ဆရာရယ်၊ သူ့ဒိုင်ယာရီ ကျွန်မ ပေးဖတ်ပါ့မယ်"

ဒေါက်တာဂုဏ်တင့်တယ် ရင်ထဲ ကျေနပ်သွားလေသည်။

ဒေါက်တာရှုပ ဆေးခန်းရောက်တော့ သူ မြင့်မိုရ်မေနှင့်အတူ လိုက်ဝင်လိုက်သည်။

"လာ. . . သမီး၊ ဘယ်ကို လာတာလဲ၊ မျက်နှာက သောကဝေဒနာတွေ တောက်လောင်တဲ့ရုပ် ဖြစ်နေပါလား"

ဆရာကြီးက မေးလိုက်မှ မြင့်မိုရ်မေ မျက်ဝန်းအိမ်က မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"ဩော်. . . သမီးကို ငိုချင်ရက် လက်တို့ လုပ်လိုက်မိပြီကိုး၊



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတယ်. . . . မျက်ရည်ကျပြီး ငိုလိုက်တာက မျက်ရည်မ
ဘဲ ရင်ထဲ ငိုနေတာထက်တော့ ပိုပြီး ခံရသက်သာစေတယ်၊ ငိုလို
ငိုလိုက်. . ရပါတယ်၊ ရင်ထဲက ဝေဒနာ သက်သာသွားတာပေ

"ကျွန်. . ကျွန်မရဲ့မျက်ကြည်လွှာ အလှူရှင်က ကျွန်မ
နေတဲ့သူဖြစ်နေတယ်၊ ပြီးတော့ သူဟာ ကျွန်မအိပ်မက်ထဲကအတိုင်
လူတစ်ယောက်ကို သတ်ခဲ့ပါတယ်"

ဆရာကြီးက စားပွဲပေါ် မေးထောက်ပြီး သေချာစွာ န
ထောင်ပေးနေသည်။

"ဒီတော့ ဒါတွေသိပြီး အဲ့ဒီအိပ်မက် ထပ်မက်သေ
သလား"

"မနေ့ကမှ သိရတာ၊ ညက ဘာအိပ်မက်မှ မမက်ဘူ
အိပ်လို့လဲ မပျော်ဘူး"

"ဟုတ်မှာပါ. . . မျက်နှာလှလှလေးက ဒီလောက် နွမ်း
နေရှာတာကိုး၊ နောက်ကော ဘာထူးသေးသလဲ သမီး"

"ကျွန်မ နောက်ထပ် အိပ်မက်တစ်မျိုး ထပ်မက်တယ်
အဲဒါက ပြင်ဦးလွင်မှာပဲ မက်တာ၊ ဂျစ်ကားတစ်စီး ချောက်
ကျသွားပြီး မီးလောင်သွားတာကို မြင်လိုက်တဲ့အိပ်မက်ပါ"

"ဒါကော မျက်ကြည်လွှာပိုင်ရှင်နဲ့ပဲ ဆက်စပ်နေတာလား"

"ဟုတ်ပါတယ်. . . သူ ကလေးဘဝက ဖြစ်ပျက်ခဲ့
ထင်တယ်၊ ဒါပေမယ့် တစ်ခါလည်းကျော် ကလေးတစ်ယောက်
ဒီမြင်ကွင်းမျိုး မှတ်မိနိုင်ပါသလား ဆရာ"

"ဖြစ်နိုင်သလား မဖြစ်နိုင်ဘူးလားဆိုတာကို သမီး မတွေ
ပါနဲ့၊ တွေးစရာလည်း မလိုဘူး၊ စဉ်းစားစရာလည်း မလိုဘူ





လောကကြီးမှာ ဒီထက်ဆန်းကြယ်တဲ့အဖြစ်တွေ အများကြီးပါပဲ၊ အိပ်မက်ဆိုတာက ဝါဂွမ်းချည်ငင်တစ်စ ကိုင်လိုက်မိလို့ ဆွဲထုတ်လိုက်ရင် မဆုံးနိုင်တဲ့ ချည်မျှင်တန်းတွေ ပေါ်ထွက်လာသလို အမျှင်တန်းက မဆုံးနိုင်အောင် ဖြစ်သွားတတ်သလိုပေါ့ သမီးရယ်၊ ဒါကြောင့် အိပ်မက်အစ မြစ်ဖျားခံရာကို လိုက်မနေနဲ့၊ လောကရဲ့ တရားဓမ္မလို ဖြစ်ပြီးရင် ပျက်သွားတယ်၊ အိပ်မက်ဆိုတာ မက်ပြီး နိုးထလာရင် ပျက်သွားတာပဲ၊ ဒီလိုပဲ မှတ်ယူလိုက်ပါ၊ သမီး တရားထိုင်ဖူးသလား၊ ကမ္ဘဋ္ဌာန်းကျောင်းတွေမှာ တရားအားထုတ်ဖူးသလား"

"ဟုတ်ကဲ့. . . ဆယ်တန်းစာမေးပွဲ ဖြေပြီး မဟာစည်မှာ တစ်လလောက် အားထုတ်ဖူးပါတယ်"

"အင်း. . . ဒီလိုဆို သမီးမှာ တရားအခံ ရှိပြီးသားပဲ၊ ဒီအတိုင်း ဒီအတိုင်းပဲ အဖြစ်အပျက်ကိုသာ ရှုမှတ်ပေးပါ၊ ဆရာကြီး ဆေးနှစ်ပတ်စာ ထပ်ပေးလိုက်မယ်၊ အားရင် ရိပ်သာလေးဘာလေး ထပ်ဝင်လိုက်ဦးပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"သမီး ဆရာ့ကို ဘာပြောချင်သေးသလဲ၊ ပြောပါ. . . အားမနာနဲ့၊ မေးချင်တာမေး"

"ဟို. . ဟိုလေ. . . သေသွားတဲ့လူဟာ သူ့ခန္ဓာကိုယ် အစိတ်အပိုင်း၊ သူ့ပစ္စည်းတွေအပေါ် အစွဲအလမ်း ရှိနေရင် မကျွတ်ဘတ်ဘူးဆိုတာ မှန်သလား ဆရာကြီး"

"လောကကြီးမှာ ဘုရားဟောအရ (၃၁)ဘုံသားတွေဟာ ရှိနေလို့ (၃၁)ဘုံကို အမျှပေးဝေ အလှူအထ ဖြစ်ပေါ်လာတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်၊ လောဘ၊ ဒေါသ၊ မောဟတွေဆိုတဲ့ အကုသိုလ်နဲ့ သေး
ရေ့ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံကလည်း
(၃၁)ဘုံရဲ့ - အောက်ဆုံးအနိမ့်ဘုံ (၄)ဘုံ မဟုတ်လား သမီး"

ဆရာကြီး၏ပညာသားပါပါနှင့် ဖြေရှင်း နှစ်သိမ့်မှုပါ
နေသဖြင့် မြင့်မိုရ်မေ နားလည်သဘောပေါက်လာသည်။

တစ်ပြိုင်နက်ဆိုသလို သူ ရှိန်းအတွက် အကောင်းဆုံး ဖြ
အောင် လုပ်ပေးဖို့ တာဝန်အရှိဆုံးလူ ဖြစ်နေပါလားဟုလည်း
သဘောပေါက်လိုက်မိသည်။

ရှိန်းအတွက် သူ အသက်ဆက်ရှင်ပေးရမည်။ ရှိန်းအတွက်
သူ အလုပ်တွေ အများကြီး လုပ်ပေးရမည်။ အထူးသဖြင့် ကုသိုလ်
ကောင်းမှုတွေ အများကြီး လုပ်ပေးဖို့ လိုအပ်နေသည်။

ဆရာကြီးကို နှုတ်ဆက်ပြီး ပြန်ထွက်လာပြီး ဆေးအရောင်း
ကောင်တာ၌ ဆေးဝယ်ယူလိုက်သည်။

ဆေးခန်းက ပြန်ထွက်လာပြီး ကားပေါ် အရောက်၌ ဒေါက်
တာဂုဏ်တင့်တယ်က သူသိလိုသောကိစ္စကို မေးလိုက်သည်။

"မို စောစောက ဆရာကြီးကို ပြောတဲ့ ဂျစ်ကားတစ်စီး
ချောက်ထဲ ကျပြီး မီးလောင်သွားတာ မြင်တယ်ဆိုတဲ့ အိပ်မက်က
ကော ရှိန်းနဲ့ ပတ်သက်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဒေါက်တာ၊ အိမ်ရောက်ရင် ဒေါက်တာ့ကို
ကျွန်မ ရှိန်းရဲ့စာအုပ် ပေးဖတ်ပါ့မယ်၊ ဒါဆို ကျွန်မ ဘာကြောင့်
ခံစားနေရတယ်၊ တုန်လှုပ်နေရတယ်ဆိုတာတွေ သိပြီး ရှင်းသွားမှာ
ပါ"

မြင့်မိုရ်မေ စိတ်ကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားနေလိုက်






သည်။ ရင်ထဲမှာတော့ နာကျင်နေဆဲပါ။ ရှိန်းနှင့် ပတ်သက်သော
ဝေဒနာမိုးတိမ်တွေက ရင်ကို အုံ့မှိုင်းရစ်ဖွဲ့နေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

ဒေါက်တာဂုဏ်တင့်တယ် မိသားစု ဆုံရမည့် တနင်္ဂနွေနေ့ ညနေကို မစောင့်ဆိုင်းနိုင်တော့ပါ။

မိခင်ဆေးရုံကအပြန် အိမ်ခဏဝင်ပြီး ညနေစာ စားပြီးတာနှင့် ဆေးခန်းသွားတတ်သည့်အချိန်ကို သေချာအောင် မေးပြီး အိမ်ပြန်စောင့်နေလိုက်သည်။

သူလည်း ဆေးခန်းတစ်ချိန်ကို ဖျက်လိုက်သည်။ သူက တော့ ပါရဂူ မဟုတ်သေးသဖြင့် အရေးမကြီးပါ။ သူငယ်ချင်း ဆရာဝန်တွေနှင့် လူစားလဲပြီး ချိန်လိုက်လို့ ရလေသည်။





ညနေ(၄)နာရီခွဲခန့်တွင် မိခင်၏ကားက ခြံထဲ ဝင်လာသည်နှင့် သူ ပေါ်တီကိုအောက်မှာ ဆီးကြိုစောင့်နေလိုက်သည်။

သူ ရှိန်း(ခေါ်)ကျော်ဇောရှိန်၏ဒိုင်ယာရီစာအုပ်ကို ဖတ်ဆိုက်ရပြီးကတည်းက သူ့ရင်ထဲ ဇဝေဇဝါဖြစ်သွားသည်။

ဒီကိစ္စကို ရှင်းရှင်းလင်းလင်း သိရန် မိခင်အား မေးမြန်းရန် စောင့်ဆိုင်းနေခြင်းဖြစ်သည်။

"မေမေ"

"ဘာများ အရေးကြီးလို့ ဖုန်းလဲဆက်၊ လူကိုယ်တိုင်လဲ စောင့်နေရတာလဲ"

မိခင်ကို ပခုံးဖက်ပြီး အိမ်ထဲသို့ ခေါ်လာရင်း. . .

"အရမ်းအရေးကြီးတယ် မေမေ၊ မေမေ အအေးသောက်လေား"

"ရေပဲ ကောင်မလေးတွေ သိတယ်. . . ယူလာလိမ့်မယ်"

ပြော၍မှ မဆုံးခင် အိမ်ဖေါ်ကောင်မလေးက ရေတစ်ခွက်ကို အောက်ခံဘန်းလေးနှင့် ထည့်ပြီးယူလာပေးသည်။

မိခင် ရေတစ်ဖန်ခွက် ကုန်အောင် သောက်ချလိုက်သည် အထိ ဒေါက်တာဂုဏ်တင့်တယ် ငေးကြည့်နေပြီးမှ. . .

"မေမေ"

မိခင်က သူ့အား အကဲခတ်သလို စူးစူးစိုက်စိုက် ကြည့်နေသည်။

"ပြော သား"

"သားနဲ့မမငယ်ကြားမှာ အစ်ကိုတစ်ယောက် ရှိခဲ့တယ်ဆို"

မိခင်မျက်နှာ ညိုမှိုင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ခုမှ ဘာစိတ်ကူးပေါက်ပြီး မေးရတာလဲ သား ရယ်. . . ကြာခဲ့ပြီပဲ၊ သားတစ်သက်ပါပဲ"

"ခုမှ အကြောင်းတိုက်ဆိုင်လို့ပါ မေမေ၊ သား ကိုကို့ အကြောင်း သိချင်တယ်၊ ဘယ်လိုဆုံးသွားရတာလဲ ပြောပြပေးပါ လား မေမေ"

ဒေါက်တာဂုဏ်တင့်တယ် သိတတ်စအရွယ်မှာ ကြား သည်က သူ့အထက်မှာ အစ်ကိုတစ်ယောက် ရှိခဲ့သေးသည်။ တစ်ခါ လည်ကျော်ကျော်မှာ မိခင်နှင့်အတူ ရှမ်းပြည်ဘက် အသွားတွင် ကားအက်ဆိဒင့်နှင့် ဆုံးသွားခဲ့သည်ဆိုတာကို ကြားခဲ့ဖူးသည်။

ကျော်ဇောရှိန်း၏မှတ်တမ်းစာအုပ်ဖတ်ရင်း ထိုအကြောင်း အရာကို ပြန်သတိရလာသဖြင့် သူ သေချာစေရန် မိခင်အား မြန် မေးခြင်းဖြစ်သည်။

"ထူးထူးဆန်းဆန်း သားရယ်၊ ဘာလို့ သိချင်ရတာလဲ"

"မေမေဆီက သိပြီးရင် ထူးမှ သားပြောပြပါ့မယ် မေမေ"

"ကောင်းပြီလေ. . . ဒါဖြင့် မေမေပြောပြမယ်၊ ဒီလို သား ရဲ့"





လွန်ခဲ့သောနှစ်(၃၀)ခန့် ဒေါ်အေးအေးတင့်က မန္တလေး ပြည်သူ့ဆေးရုံကြီး၌ လထဆရာဝန်အနေနှင့် တာဝန်ကျနေစဉ် ခင်ပွန်းဖြစ်သူက လားရှိုးပြည်သူ့ဆေးရုံကြီး၌ လက်ထောက် ဆေးရုံ အုပ်အနေနှင့် တာဝန်ကျနေသည်။ ထိုစဉ်၌ သူတို့၌ သားသမီး (၃)ယောက် ထွန်းကားပြီးဖြစ်သည်။ သားနေအုပ်စိုးက တစ်ခါလည် နှင့် ရှစ်လသား့သာ ရှိသေးသည်။ သမီးနှစ်ယောက်ကို အဘိုး အဘွားများနှင့် ရန်ကုန် အခုလက်ရှိ နေထိုင်သော အိမ်ကြီး၌သာ အပ်နှံထားပြီး သူတို့လင်မယားကတော့ တာဝန်ကျရာ ဒေသ အသီးသီးသို့ မယ်တစ်ရွာ မောင်တစ်မြို့ဆီ ထမ်းဆောင်လျက် ရှိ သည်။

ပိတ်ရက်တွေ (၄)ရက်ဆက်နေသဖြင့် ဒေါ်အေးအေးတင့် က ရင်ခွင်ပိုက်သားလေး နေအုပ်စိုးနှင့် အဖော်ကလေးထိန်း ကောင်မလေးနှင့်အတူ ခင်ပွန်းရှိရာ လားရှိုးသို့ တက်အလာ ထိုစဉ် က ရန်ကုန်-လားရှိုး အဝေးပြေးကားက ဝီလီဂျစ်ကားတို့က များသေး သည်။ ရှေ့ခန်း၌ ကောင်မလေးနှင့်သူ နှစ်ယောက်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက အလယ်၌ ထိုင်ပြီး သားကိုတော့ ချီထားစေသည်။

သားလေး ဖိုးပြည့်။ ဖိုးပြည့်က အိမ်သားတွေ ချစ်စနိုး ခေါ်သောနာမည်ဖြစ်သည်။ ဖိုးပြည့်က အမေဆီတစ်လှည့် ကောင်မလေးဆီတလှည့်နှင့် လိုက်ပါလာသည်။

သို့နှင့် ပြင်ဦးလွင်နှင့် လားရှိုးကြား ဂုတ်တွင်းဘက် အရောက်တွင် တစ်ဖက်မှ လာသောကားကို ရှောင်အတိမ်း ဘယ်တဘယ်လိုဖြစ်သွားမှန်းပင် မသိလိုက်။ "ဂျိမ်း" ဟူသော ထစ်ချုန်းသံကြီးနှင့်အတူ သူ့တစ်ကိုယ်လုံး မြောက်တက်သွားသည်။ ထိုစဉ်က သားလေး ဖိုးပြည့်က သူ့ရင်ခွင်ထဲမှာမို့ သူ သားကို တင်းကျပ်စွာ ဖက်ရင်းမှ လေဟာနယ်ထဲ ကျသွားသလို ခံစားရပြီး အမှောင်ထုသာ ကြီးစိုးသွားခဲ့သည်။

သူ သတိရလာချိန်၌ ကျောက်မဲပြည်သူ့ဆေးရုံသို့ ရောက်နေသည်။

"သား. . . သားလေး ဖိုးပြည့်ကော. . . ကျွန်မသားလေး ဖိုးပြည့်"

သတိရရချင်း သားကို တမ်းတမ်းတတ အငမ်းမရ မေးလိုက်လေသည်။

"ခဏလေးနော် အစ်မကြီး၊ ဆက်သွယ်ရမယ့်သူကို အမြန်ဆုံး ပြောပေးပါလားရှင်"

နာစ့်က ဝေ့လည်လည် လုပ်နေသည်။

"ကျွန်မသားက အရေးကြီးပါတယ်၊ ကျွန်မသားကို အရင်တွေ့ပါရစေ"

သူ့တကိုယ်လုံးလဲ လှုပ်မရ၊ ထုံကျင်ပြီးနေသည်။ လက်မှာ





လည်း Drip တန်းလန်းချိတ်ထားသည်ကို တွေ့လိုက်ရသည်။

"ခဏလေးပါ အစ်မကြီး၊ အခြားလူနာတွေထဲမှာ အစ်မကြီးသားကို ကြည့်ပေးပါ့မယ်၊ အစ်မကြီးခြေထောက်က လောလောဆယ် သွားလို့မရနိုင်သေးတော့ အစ်မကြီး ဆက်သွယ်ရမယ့်သူသာ ပြောပေးပါ"

"ဒေါက်တာ သာကျော်ပါ. . . လားရှိုး ပြည်သူ့ဆေးရုံကြီးက ဒုဆေးရုံအုပ်ကြီးပါ. . . ကျွန်မခင်ပွန်းပါ"

"ဪ. . . ဆရာကြီးရဲ့ဇနီးလား၊ ခုပဲ ဆက်ပေးပါမယ်"

ကိုယ်လည်း ဆေးရုံမှ အမှုထမ်းပေမယ့် ဆရာဝန် သူနာပြုတွေ အရိပ်အကဲကို ကြည့်ပြီး အခြေအနေတွေ ကောင်းမကောင်းကို အကဲခတ်မိတော့ ရင်ထဲ နေအစင်းပေါင်း ထောင့်သောင်းမက ထွန်းလင်းရလေပြီ။

ဒေါ်အေးအေးတင့် အနားရောက်လာသမျှ သူနာပြု ဆရာဝန်တို့ကို လှမ်း၍. . .

"ကျွန်မသားလေး အနွေးထည်အပြာလေးနဲ့ တစ်ခါလည် ကျော်ကလေးတော ဘယ်မှာပါလဲ၊ ကျွန်မ တွေ့ပါရစေ"

"အစ်မကြီး နေကောင်းလား၊ ဘယ်နား နာသေးလဲ"

ဒေါ်အေးအေးတင့် ရင်တွေ နာကျင်လာပြီ။ သားသမီးဇောအဟုန်က ပြင်းလွန်းတော့ သည်းခံနိုင်စိတ် ကုန်သွားပြီး ပိုက်တွေ ဖြုတ်ပြီး ထဟန် ပြင်လိုက်သော်လည်း ဘယ်ခြေတစ်ချောင်းက ရွေ့မရ။ စောင်လှန်ကြည့်တော့ ပီအိုပီ ကိုင်ထားသည်ကို တွေ့လိုက်ရသည်။ သူ လက်လျှော့လိုက်ရသည်။

ဒေါ်အေးအေးတင့် စိုးထိတ်မှု မျက်ရည်တွေ စေးကျ



www.burmeseclassic.com

www.burmeseclassic.com



တောက်ကျလာသည်။ ထိုအခါမှ ကလေးထိန်း ကောင်မလေးကိုပါ သတိရပြီး. . .

"ဆယ်လေးနှစ်အရွယ် မိနီဆိုတဲ့ ကောင်မလေးကော ဘယ်မှာလဲ"

မနေသာသည့်အဆုံး သူနာပြုဆရာမတစ်ဦးက. . .

"ကားက ချောက်ထဲ ကျပြီး မီးလောင်ပျက်စီးသွားပါတယ် ကျွန်တော်တို့ ကယ်တင်လို့ရတာ ခြောက်ဦးပဲ ရှိပါတယ်၊ ဒေါက်တာကတော့ ချောက်ကမ်းပါးဘေးမှာ ကပ်ပေါက်နေတဲ့ ချုံပင်ကြီးတွေပေါ်မှာ တင်နေတယ်၊ ဘယ်ဘက်ခြေထောက်ရိုး ကျိုးသွားလို့ ချက်ချင်း ပီအိုပီ ကိုင်ထားပါတယ်၊ ကျန်တာကတော့ ပွန်းရာပွဲရာတွေပါပဲ"

"ကလေး. . . ကလေးကော"

"ကလေးဆိုလို့ ရှစ်နှစ်သားတစ်ဦးပဲ ပါပါတယ်"

"ဟာ"

ဒေါ်အေးအေးတင့် ရင်နာ၍မဆုံးနိုင်အောင် ဖြစ်ပြီး မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။ သူ့ရင်ခွင်ထဲက သားကလေး သေမှတော့ သူပါ လိုက်သေရမှာပေါ့။ ဘာကြောင့် ကျန်ရစ်ခဲ့ရတာလဲ။ မိခင့်မပီသလိုက်တာ။

သဲကြွေလုမတတ် ခံစားရသော ဝေဒနာနှင့်အတူ. . .

"မိနီကော"

"ဆယ့်လေးနှစ်အရွယ် မိန်းကလေးဆိုတာလည်း ပါမလာပါဘူး၊ ရှင်တဲ့သူက နောက်မှာ တွဲစီးတဲ့ ယောကျ်ားသား လေးယောက်ရယ် အစ်မကြီးရယ်၊ နောက် စပယ်ယာရယ်ပါ၊ လွင့်ကျခဲ့သူ





တွေ ကံကောင်းသွားပါတယ်"

"ဒါဖြင့် ကျွန်မသားလေး. . . ကျွန်မသားလေးဟာ လွင့်ကျတဲ့ ကျွန်မရင်ခွင်ထဲ ပါတာ၊ အနီးအနားပတ်ဝန်းကျင်မှာ ရှာပေးကြပါဦး"

"စိတ်ချပါ အစ်မကြီး၊ မီးသတ်ရဲဘော်တွေကော စစ်တပ်ရဲနဲ့ ကြက်ခြေနီတွေပါမကျန် အကုန်လုံး ပိုက်စိပ်တိုက် ရှာဖွေဆောင်ရွက်နေကြပါတယ်"

ဒေါ်အေးအေးတင့် ရင်မှာ အပူမီးက ဟုန်းဟုန်းတောက်လောင်ဆဲပင်။ သူ ရှင်နေလျှင် သားဖိုးပြည့်လည်း ရှင်ရမှာပါ။ ဝန်းကနဲ မြည်းဟီးသွားစဉ် ဘုရားတပြီး သားကို သူပွေ့ပိုက်ထားတာပဲ။

မိနီလေးအတွက် စိတ်မကောင်းဖြစ်မိသည်။ ကောင်မလေးက ပိန်ပန်ပါးပါး သေးသေးလေးမို့ အစွန်မှာ ထိုင်လိုက်ဖို့ စိတ်မချသဖြင့် အလယ်မှာ ထိုင်နိုင်းလိုက်မိတာ သူ့အမှားများလား။

ရင်တွေ ကွဲကြေမတတ် နာကျင်လွန်းလှသည်။ မျက်ရည်တွေ တသွင်သွင် စီးရင်းမှ သူ့အား စိတ်ငြိမ်ဆေး ထိုးပေးထားဟန်တူသည်။ သူ ပြန်လည်အိပ်ပျော်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း မျက်ရည်တွေ ကျလာသော မိခင်ကို ကြည့်ပြီး ဒေါက်တာဂုဏ်တင့်တယ် မိခင်ထံသို့ ရွှေ့ပြောင်း ပူးကပ်ထိုင်ရင်း မိခင်ပေါင်ကို ပုတ်လျက်. . .

"မငိုပါနဲ့ မေမေ၊ မေမေတို့ ထပ်ရှာသေးသလား"

"ရှာတာပေါ့ သားရယ်၊ ကျောက်မဲဆေးရုံကနေ မေမေကို ဖေဖေက လားရှိုးဆေးရုံကို ခေါ်သွားရင်း မေမေတို့ ကားအက်ဆီဒင့် ဖြစ်တဲ့နေရာကို သွားရှာတာ ဖိုးပြည့်လေးရဲ့အရိပ်အယောင်တောင် မတွေ့ရပါဘူး"

"မေမေ အဲ့ဒီနေ့ကို မှတ်မိလားဟင်"

"မှတ်မိတာပေါ့ သားရယ်၊ အဲဒီနေ့ ရောက်တိုင်း မေမေ တတ်နိုင်သမျှ လစဉ် ဆွမ်းကပ် အမျှဝေပေးခဲ့တာကိုး၊ နောက် တစ်နှစ်ကျော် သားကိုယ်ဝန်ရလာတဲ့နှစ်အထိ လစဉ် လုပ်ပေးသေးတာ၊ သားကို မွေးတော့မှ ဖိုးပြည့် ပြန်ဝင်စားတာဆိုပြီး မေမေ ခံစားရတဲ့ဝေဒနာကလည်း ဟုတ်လိုဟုတ်ညားဆိုပြီး လျော့ပေါ့သွားရာက မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့တာ၊ အခုမှ သားက





ဘာဖြစ်လို့ မေးရတာလဲ"

ဒေါက်တာဂုဏ်တင့်တယ် မိခင်စကားကို ဆုံးအောင် နားထောင်ရင်းမှ သူ့ရင်တွေ တထိတ်ထိတ် လှုပ်ရှားလာသည်။ မိခင်စကားဆုံးသွားတော့. . .

"မဟုတ်သေးဘူး မေမေ၊ သား သိချင်တာ နေ့ရက်အတိအကျကို ပြောတာ"

"ဪ. . . ဒါလား၊ (၁၉၈၄)ခု၊ အောက်တိုဘာ(၂၇)ရက်နေ့လေ. သားရဲ့၊ မေမေ့တစ်သက် ဘယ်မေ့နိုင်ပါမလဲ"

ဒေါက်တာဂုဏ်တင့်တယ် ရင်ထဲ၌ "ဟာကနဲ" ဖြစ်သွားသည်။ တပြိုင်နက်ဆိုသလို သူ့ရင်ထဲ စူးကနဲ နာကျင်သွားသည်။

ဒါဆို ကျော်ဇောရှိန်ဟာ သူ့ရဲ့အစ်ကို ဖိုးပြည့်(ခေါ်)နေဘုန်စိုး ဖြစ်ဖို့ သေချာနေပါပြီ။

သူ မိုး၏ခွင့်ပြုချက်နှင့် ရှိန်း၏အနီရောင်မှတ်တမ်း စာအုပ်လေးကို ဖတ်ခဲ့ရသည်ကို။

"မေမေ"

"ဟင်. . . ဘာလဲ သား"

"မေမေ့မှာ ကိုကိုဖိုးပြည့်ရဲ့ဓါတ်ပုံတွေ ရှိလား"

"ရှိတာပေါ့. . . သားလေးဖိုးပြည့် တစ်ခါလည်း မွေးနေ့က ရိုက်ထားတဲ့ အယ်လ်ဘမ် ရှိတယ်၊ မေမေ့အခန်းထဲက မှန်တင်ခုံ အံဆွဲတွေထဲက အောက်ဆုံးအဆင့် အံဆွဲထဲမှာ ရှိတယ် သား၊ နေပါဦး. . . မေမေ့ကို ဘာဖြစ်လို့ အဲ့ဒီတကြီး တွေ့ချင်တယ်လို့ ပြောပြီး ဘာတွေမေးနေတာလဲ သားရယ်"

မိခင်က သူ့ကို စူးစမ်းသလို ကြည့်ရင်း မေးလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါက်တာဂုဏ်တင့်တယ် စဉ်းစားလိုက်မိသည်။ ရှိန်းဟာ သူ့အစ်ကို နေအုပ်စိုးဖြစ်ဖို့ လုံးဝသေချာနေပြီ။

သို့သော် ခုနေ မိခင်ကို ဖွင့်ပြောလိုက်လျှင် အနာဟောင်း ဆွသလို ဖြစ်သွားမှာ စိုးရိမ်ရသည်။

"ဪ. . . ကျွန်တော် ဒီစနေ တနင်္ဂနွေ ဆေးခန်းခွင့်ယူပြီး ပြင်ဦးလွင်ကို သွားမလို့"

"မင်းကောင်မလေးဆီကိုလား"

"ဟုတ်ကဲ့"

"ကောင်းပြီလေ. . . ပြီးရင် မေမေတို့ဆီ ခေါ်လာခဲ့ပါလေ၊ စကားပြောကြည့်ရအောင်"

"စိတ်ချပါ"

"ဒါဖြင့် မေမေ ရေသွားချိုးဦးမယ်"

"သား လိုက်တက်မယ်၊ ကိုကို့အယ်လ်ဘမ် ယူရအောင်"

"မင်းထူးဆန်းနေတယ်နော် ဂုဏ်တင့်တယ်၊ ဘာလဲ. . . မင်းရဲ့ဘဝဟောင်းအကြောင်း မင်းသိချင်နေတာလား၊ ဘာတွေများ ထူးထူးခြားခြား အိပ်မက်မက်လို့လဲ"

"ဒီလိုပါပဲ မေမေရာ. . . သား သိချင်လာလို့ပါ"

မိခင်ကို တွဲကာ လှေကားအတိုင်း တက်လာပြီး မိခင် အိပ်ခန်းထဲကိုဝင်၊ မှန်တင်ခုံ အောက်ဆုံးအံဆွဲကို ဆွဲဖွင့်ပြီး ဖိုးပြည့်၏တစ်နှစ်ပြည့် မွေးနေ့ဟု ရေးထားသော အယ်လ်ဘမ်ကို ထုတ်ယူလိုက်ပြီး လှန်လှောကြည့်နေစဉ်. . .

"အဲဒီယုန်နားရွက်အင်္ကျီလေးနဲ့ပေါ့. . . သူက ခေါင်းစွပ် အင်္ကျီဘောင်းဘီ တစ်ဆက်တည်းလေ၊ ဖိုးပြည့်က အဲဒီအင်္ကျီ ဝတ်





ပေးရင် မကြိုက်တတ်ဘူး၊ ဒါပေမယ့် အဲဒီနေ့က အေးလည်းအေး နိုက တစိမ့်စိမ့်ဆိုတော့ ပြင်ဦးလွင်ရောက်မှ ထုတ်ပြီး ဝတ်ပေးလိုက်တာ"

ဒေါက်တာဂုဏ်တင့်တယ် မိခင်၏စကားကို နားထောင်နေရင်းမှ ရင်ထဲ တဒုတ်ဒုတ် မြည်ဟည်းသံကို ကြားနေရလေသည်။

"အဲဒီဆွဲကြိုးလေးက အဲဒီနေ့မှာ ခမဲပေးတာလေ၊ အဲဒါလေး ဝတ်ရက်ပေါ့"

ဒေါက်တာဂုဏ်တင့်တယ် နားထင်သို့ပင် သွေးက ဆောင့်တိုးလေသည်။

သေချာပါပြီ။ သူတို့မိသားစုအတွက် ထီပေါက်ပြီး ထီလက်မှတ် ပျောက်သူပမာ ဖြစ်နေရသည့် အဖြစ်ဆိုးမျိုးပါလား။

မိခင်သည် သူ့ဝမ်းနှင့် ကိုးလလွယ် ဆယ်လဖွားမြင်ထားရသော သားက သေကံမရောက် သက်မပျောက်ခဲ့ပေမယ့် ရင်ဆိုင်ခဲ့ရသော ဘဝလမ်းက ကြမ်းတမ်းလွန်းရှာခဲ့သည်။ ဒါ့အပြင် သေတော့လည်း အသေဆိုး ဥပစ္ဆေဒက ကံနဲ့ သေခဲ့ရသည့်အဖြစ်ထက်တလျှင် ငယ်စဉ်က ကားအက်ဆီဒင့်နဲ့ပဲ သေသွားခဲ့သည်ဟု မှတ်ယူထားတာပဲ အဟောင်းက အသစ်မဖြစ်ဘဲ ကောင်းလေမည်လား။

"မေမေ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် ညနေစာ မေမေနဲ့ တစ်ခါတည်း စားသွားပါလား"

"ဟုတ်ကဲ့ မေမေ"

ပြောပြောဆိုဆို မိခင် ရေချိုးခန်းထဲ ဝင်သွားတော့မှ သူ ဖိုးပြည့်၏ယုန်နားရွက် ခေါင်းစွပ်အင်္ကျီနှင့် ခါတ်ပုံရယ် ဆွဲကြိုးလေး ဆွဲထားသော စွပ်ကျယ်လက်ပြတ်နှင့် ပုံရယ်ကို ဖြုတ်ယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နောက် အယ်လ်ဘမ်ကို နေရာတကျ ပြန်ထားလိုက်သည်။

နောက် သူ့အခန်းသို့ ထွက်လာခဲ့ပြီး သူ၏သွားလေ… ယူတတ်သည့် ယောက်ျားကိုင် ပိုက်ဆံအိတ်ထဲ ဓါတ်ပုံနှစ်ပုံကို ထ… ထားလိုက်သည်။ ဒေါက်တာဂုဏ်တင့်တယ် သူ့ခေါင်းကို အ… အလွှား အလုပ်ပေးနေလိုက်သည်။

တကယ်ဆို ဖိုးပြည့်နှင့်ရှိန်းက တစ်ယောက်ထဲဆို… သေချာသွားပြီဆိုပါက သူတို့မိသားစုဝင် ဖြစ်သော ရှိန်းအတွ… သူတို့မှာ လုပ်ပေးစရာတွေ အများကြီး ရှိသေးသည်။ ဒီအတွ… သူ လျှို့ဝှက်ထားလို့ မဖြစ်နိုင်။


ရှိန်း၏မှတ်တမ်းနှင့် မိခင်စကားအရကတော့ ဖြစ်နိုင်ခေ… ရာခိုင်နှုန်းက (၉၀)ကျော်နေပြီ။ မြင့်ဦးလွင်ရှိ ရှိန်း၏အိမ်တော်ထိ… ဆီက ပစ္စည်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီးလျှင်တော့ သူ့အတွ… အဖြေတစ်ခု ရလာပြီးမှပဲ ဖခင်ကို ဦးစွာဖွင့်ဟပြီးမှ ဖခင်အ… ဉာဏ်အတိုင်း ဆက်လှုပ်ရှားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ချလိုက်ပြီးတော့မှ ခေါင်းထဲ အနည်းငယ… ပေါ့သွားသည်။

သို့ပေမယ့် ရင်ထဲမှာတော့ အစ်ကိုဖိုးပြည့်နဲ့ ရှိန်းဟာ တ… ယောက်ထဲလို့ စွဲမြဲယုံကြည်နေပြီး ရှိန်းဘဝအကြောင်း သိရှိလိုက်… သည့်အတွက် ခံစားရသော ဝေဒနာကတော့ တနင့်နင့်နှင့်ပင် ရှိခေ… တော့သည်။







## အခန်း(၃၀)

"ထင်းရှူးမြိုင်" အိမ်ကြီးတဲ့လား။ ခြံက နှစ်ဧကလောက် …ကျယ်ဝန်းပြီး ထင်းရှူးပင်အိုကြီးများက အနားသတ် ပတ်ပတ်လည် …ဝန်းရံထားပြီးမှ အလယ်တည့်တည့်တွင် ပန်းခင်း၊ မြက်ခင်းနှင့်ကြား …တမှ ခေတ်မီနှစ်ထပ်တိုက်လေး ဥရောပ ပုံစံဆန်ဆန် တည်ဆောက် …ထားသည်။

သံပန်းခြံတံခါးကို သော့ခလောက်ကြီး ခတ်ထားလေသည်။

ဒေါက်တာဂုဏ်တင့်တယ် ကားဟွန်းတီး၍ အချက်ပေး …လိုက်သည်။ ပန်းခြံထဲ၌ ခမောက်ဆောင်းတာ ပန်းပင် ရေလောင်း


www.burmeseclassic.com

www.burmeseclassic.com



နေပုံရသော လူတစ်ယောက်တ ရေပန်းပိုက်ကို ချထားလိုက်ပြီး သူတို့ရှိရာကို နောက်လှည့်ကြည့်လိုက်သည်။

နောက် ခြံဝရှိရာသို့ ခပ်သွက်သွက် လျှောက်ခဲ့လေသည်။ အသားနီစပ်စပ် ထောင်ထောင်မောင်းမောင်းနှင့် အသက်(၅၀)ခန့် ရှိပြီဖြစ်သော လူကြီးက ခြံဝသို့ ရောက်အလာတွင်. . .

"ဘယ်သူ့တွေ့ချင်လို့လဲ"

"ဒါ ကျော်ဇောရှိန်ရဲ့ခြံ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

မြင့်မိုရ်မေ ရင်မှာ ဆို့နင့်နေသည်။ အသံက ထွက်မလာချေ။ ဒေါက်တာဂုဏ်တင့်တယ်ကပဲ. . .

"ကျော်ဇောရှိန်က ပေးခဲ့တဲ့ သော့နှစ်ချောင်းအရ လာခဲ့တာပါ"

"ဩော်. . . ဒီမိန်းကလေးလား၊ နာမည်က"

"မြင့်မိုရ်မေပါ. . ဦး"

မြင်မိုရ်မေ မျက်ရည်ဝဲသောအကြည့် တုန်ယင်နေသော အသံဖြင့် ဖြေလိုက်လေသည်။

ထိုအခါ ဦးကြီးက ခေါင်းညိတ်လိုက်ပြီး ခြံတံခါးကို ဖွင့်ပေးရင်း. . .

"ဝင်ပါ. . . တစ်ခါတည်း ကားကို ပေါ်တီကိုအောက်ထိ မောင်းသွားလိုက်ပါ"

ဩော်. . . ရှိန်းက မြင့်မိုရ်မေဆိုတဲ့ နာမည်လေးကိုတောင် မှာကြားသွားခဲ့တာကို ရှိန်းရယ်။ လောကကြီးမှာ အထီးကျန်စွာ နေထိုင်သွားပြီး အထီးကျန်စွာနဲ့ ထွက်ခွာသွားရှာပါလား။





မြင့်မိုရ်မေ တွေးမိလေလေ ရင်ထုမနာ ဖြစ်မိလေသည်။

အိမ်ကြီး၏တံခါးရှေ့ဝယ် ရပ်မိသည်နှင့် မြင့်မိုရ်မေ ရင်ထဲ တဆတ်ဆတ် ခုန်လာသည်။ "ရှိန်း" ၏ပုံကို မြင်တွေ့ခွင့် ရတော့မည်။ ရင်ထဲ လှုပ်ရှားရိုက်ခတ်မှုက ပြင်းထန်လွန်းလှပါတကား။

"မိန်းကလေးမှာ ပါတဲ့သော့နဲ့ ဖွင့်လိုက်ပါ"

မြင့်မိုရ်မေ ဒေါက်တာဂုဏ်တင့်တယ် လက်ထဲသို့သာ တုန်ယင်နေသော လက်ဖြင့် သော့တွဲကို လှမ်းပေးလိုက်သည်။

"ဒေါက်တာပဲ ဖွင့်ပေးပါ"

ဦးကြီးက ဘာမှ မပြောဘဲ တိတ်ဆိတ်စွာပင် ရပ်နေလိုက်သည်။ လူလေးက သေသွားပြီပဲ။ လူလေးဆန္ဒအရ ဒီခြံကြီးကို အပ်နှံပြီးသွားလျှင် အားလုံးပြီးစီးသွားပြီ။ သို့ဆိုလျှင် သူလည်း လူ့ဘောင်က စွန့်ခွာပြီး ဘုန်းကြီးဝတ်ကာ တောရကျောင်း၌ တရားသွားအားထုတ်တော့မည်ဟု ဆုံးဖြတ်ချက် ချထားပြီးသားဖြစ်သည်။

ဒေါက်တာဆိုသောသူကို ကြည့်ရတာလည်း လူတော်လူကောင်းတစ်ယောက်ဆိုတာ သိသာထင်ရှားနေသည်။ ဥပမိရုပ်ဘ လူမလေးလိုပင် ခန့်ညားထယ်ဝါသည်။

ဒေါက်တာဂုဏ်တင့်တယ်က သံပန်းတံခါးသော့ကို ဖွင့်လိုက်သည်။ ချက်ချင်းပင် ပွင့်သွားသည်။ နောက် ကနုတ်ပန်းနှင့် ညှိထိုးထားသော ကျွန်းတံခါးကြီးကို ဖွင့်လိုက်သည်။ ပွင့်သွားသည်။

ဒေါက်တာဂုဏ်တင့်တယ်ကော မြင့်မိုရ်မေကော ကိုယ်စီကိုယ်ငှ ရင်ခုန်နှုန်းများ မြင့်တက်နေလေသည်။

ဧည့်ခန်းကြီး၌ ခါတ်ပုံချိတ်ထားသော တောတောင်စိမ့်စမ်းနှင့် ရေတံခွန်ပုံ ပန်းချီကားချပ်ကြီးတစ်ချပ်သာ ထင်သာမြင်သာ



www.burmeseclassic.com

www.burmeseclassic.com



သော နံရံနေရာတွင် ချိတ်ထားသည်။

ကျွန်းကနုတ် စားပွဲကုလားထိုင်များကို ပလတ်စတစ် အ ကြည်သားနှင့် အုပ်ထားလေသည်။

"တူမောင်တို့ ထိုင်ကြပါဦး"

"ရပါတယ် ဦးကြီး၊ ကျွန်တော်တို့ ကိုယ့်ကိုယ်ကို မိတ်ဆက် ပါရစေ၊ ကျွန်တော်က ဒေါက်တာဂုဏ်တင့်တယ်ပါ၊ မြောက်ဥက္က လာပ ဆေးရုံကြီးက လက်ထောက်ဆရာဝန်တစ်ဦးပါ၊ ကျွန်တော်တို့ လာတာ အဓိက,က ရှိန်းရဲ့ဓါတ်ပုံတွေ ကြည့်ချင်လို့ပါ၊ ပြီးတော့ ရှိန်း ဦးကြီးဆီ ရောက်လာတဲ့နေ့က အဝတ်အစား အသုံးအဆောင် လေးတွေ ကြည့်ချင်လို့ပါ"

"သြော်. . . ရပါတယ်၊ အဲဒီပစ္စည်းမှ မဟုတ်ဘူး၊ ဒီအိမ် တစ်အိမ်လုံး တစ်ခြံလုံး မြင့်မိုရ်မေ လက်ခံလိုက်ပါ"

"ဟင့်အင်း. . . ဟင့်အင်း. . . ကျွန်မ မလိုချင်ဘူး၊ ကျွန်မ လိုချင်တာ ရှိန်းအသက်ပြန်ရှင်ဖို့ကလွဲရင် ဘာကိုမှ အလိုမရှိဘူး"

"သြော်. . . မိန်းကလေးရယ်၊ သေသူက ဘယ်ပြန်ရှင်လာ နိုင်တော့မလဲ၊ သေသူရဲ့ဆန္ဒအတိုင်းသာ လက်ခံပြီး သေသူရဲ့အ ခရီးလမ်း ဖြောင့်ဖြူးဖို့ကိုသာ လုပ်ပေးသင့်တာ မိန်းကလေးရဲ့ တာဝန်ဖြစ်သွားပြီလေ၊ လာ. . . အပေါ်ထပ် တက်ရအောင် လူလေးရဲ့အိပ်ခန်းထဲမှာ သူနဲ့ ပတ်သက်တဲ့ပစ္စည်းတွေအားလုံး ကျုပ်ထားထားပါတယ်"

ဦးကြီးဦးဆောင်မှုနောက်သို့ ဒေါက်တာ ဂုဏ်တင့်တယ်နှင့် မြင့်မိုရ်မေတို့နှစ်ယောက် လိုက်သွားခဲ့သည်။ ခမ်းနားထည်ဝါသော ကျွန်းလှေကားကြီးအတိုင်း တက်ခဲ့ကြသည်။ အပေါ်ထပ်၏အိပ်ခန်း





တစ်ခန်းကို တံခါးကို ဖွင့်လိုက်သည်။

အဆင့်မြင့်အိပ်ခန်းတစ်ခန်းကို တွေ့လိုက်ရသည်။ ဗိမ့်ခံ ပစ္စည်းအသုံးအဆောင် အကောင်းစား ဟူသမျှတို့က သူ့နေရာနှင့် သူ နေသားတကျ ရှိနေလေသည်။

ကျွန်းဆက်တီတစ်စုံကို ညွှန်ပြရင်း ဦးကြီးက ပြောလိုက် လေသည်။

"ထိုင်ပါ ဒေါက်တာနဲ့ မိန်းကလေး"

"ကျုပ် လူလေးမှာထားတဲ့ပစ္စည်းတွေနဲ့ အယ်လ်ဘမ် ထုတ် ပေးပါ့မယ်"

ပြောပြောဆိုဆို ဘီရိုကြီးတစ်လုံး ဖွင့်လိုက်သည်။ အယ်လ် ဘမ်တစ်ထပ် ယူလာပေးသည်။

သူတို့ရှေ့စားပွဲပေါ် ရောက်လာသော အယ်လ်ဘမ်များကို ...င်ခုန်ခြင်းများစွာနှင့် လှန်လှောကြည့်ကြသည်။

မြင့်မိုရ်မေ နောက်ဆုံးပေါ် ဒီဇိုင်းနှင့် အယ်လ်ဘမ်စာအုပ် ကို လှန်လှောကြည့်လိုက်တော့ ယခုနှစ်ကာလ အရွယ်ပိုင်း ရှိန်း၏ ဓါတ်ပုံများကို တွေ့လိုက်ရလေသည်။

ရုပ်ချော ခန့်ညား ယောကျ်ားပီသသော ရှိန်းပါလား။

မျက်ရည်များက ပိုးပိုးပေါက်ပေါက်အကျတွင် ရှိန်း၏ ...က်ကြည်လွှာကို အားနာ သနားကာ မျက်ရည်များကို ညင်သာစွာ ...တ်လိုက်ပေမယ့် ကြေကွဲပွင့်တို့က တားဆီးမရပါချေ။ ဝေနေဆဲ ...။

ဒေါက်တာဂုဏ်တင့်တယ်က ဝါထပ်ထပ် ဖြစ်နေသော အယ်လ်ဘမ်အဟောင်းကို ယူအကြည့်တွင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဦးကြီး"

"ပြောပါ ဒေါက်တာ"

ဒေါက်တာဂုဏ်တင့်တယ် ဖြစ်နိုင်ချေ ရှိသည်တို့ကို မှန်းဆ ပြီး ဖြစ်ပါလျက် တကယ်ကို ရာခိုင်နှုန်းပြည့် မှန်းဆချက် ပြည့် မှန်ကန်နေသည်ဆိုတော့ ရင်တွင်း မချိအောင် နာကျင်ရသည်။

"ဦးကြီး. . . ကျေးဇူးပြုပြီး ဒီဓါတ်ပုံလေးတွေကို ကြည့်ပေး ပါဗျာ"

မချိသောလေသံနှင့် ဦးကြီးဆိုသူကို သက်သေထူလိုက် သည်။ ဦးကြီးက သူ့ထံသို့ လျှောက်လာပြီး သူ ပိုက်ဆံအိတ် ဖွင့်ကာ ထုတ်ယူလိုက်သော ဓါတ်ပုံနှစ်ပုံကို လှမ်းယူကြည့်လိုက် သည်။

"ဟာ. . . လူလေးပုံတွေပဲ၊ ဒေါက်တာ ဘယ်က ရလာတာ လဲ"

"ကျွန်တော့်မမွေးခင် နှစ်နှစ်လောက်က ကိုးလောင်းတွေ နားက ချောက်နားမှာ ကားအက်ဆီဒင့် ဖြစ်ပြီး ပျောက်သွားတဲ့ ကျွန်တော့်အစ်ကိုပုံတွေပါ၊ စီးလာတဲ့ကားက ချောက်ထဲက မီးလောင်သွားတဲ့ထဲ ပါသွားတယ်ဆိုပြီး သေစာရင်း သွင်းလိုက်ရတဲ့ ကျွန်တော့်အစ်ကိုပုံပါဗျာ"

"ဖြစ်ရလေ လူလေးရယ်၊ သေသွားမှ မိသားစု ပေါ်လာ တယ်လို့ ကံဆိုးလိုက်တဲ့ လူလေးပါလား၊ ဟုတ်တယ်. . . ဒီဓါတ်ပုံ က အဝတ်အစားနဲ့ ဆွဲကြိုးလေးနဲ့ လူလေး ရောက်လာတာပါ၊ အဲ တွေ ကျုပ်ထုတ်နေတာ၊ ဟောဒီဗူးထဲမှာပါ ဒေါက်တာ"

ဦးကြီးက ဒေါက်တာဂုဏ်တင့်တယ်ကို စက္ကူကဒ်ထူထူ





ပေးလိုက်သည်။

ဒေါက်တာဂုဏ်တင့်တယ် ယောကျ်ားရင့်မကြီးဖြစ်ပေမယ့် မျက်ရည်စီးတွေပင် ဝေ့လာသဖြင့် မျက်လုံးနီစပ်စပ် ဖြစ်သွားရလေ သည်။

ကျော်ဇော(ခေါ်)ရှိန်း၊ ဖိုးလပြည့်(ခေါ်)နေအုပ်စိုး၊ သူ၏ ဘဝဇာတ်ကြောင်းက တော်တော်လေးကို အကျည်းတန်ခဲ့ကာ ကြေ ကွဲဖွယ်အတိ ဖြစ်ခဲ့ရလေသည်။

မြင့်မိုရ်မေကို ကြိုမပြောထားသဖြင့် မြင့်မိုရ်မေမှာ အံ့အား သင့်သွားပုံနှင့် သူ့အား ပေးကြည့်လာသည်။ ဒေါက်တာ ဂုဏ်တင့် တယ်လည်း မြင့်မိုရ်မေကို ကြည့်လိုက်သည်။ မျက်ကြည်လွှာ. . . ဒါ သူ့အစ်ကို၏မျက်ကြည်လွှာပါလား။ သူ့အစ်ကို သူ့အား ကြည့်နေ သည်ဟုပင် ခံစားလိုက်ရပြီး. . .

"မို့. . . ကြိုမပြောမိတာ တောင်းပန်ပါတယ်၊ ဒီဓါတ်ပုံဟာ ကိုယ့်အစ်ကို ဖိုးပြည့်ရဲ့ပုံပါ၊ ကြည့်ပါ မို့"

မြင့်မိုရ်မေ မျက်ရည်ဝေလျက်နှင့်ပင် ပစ္စည်းများကို ကြည့် ပြီး ရင်မှာ ဆို့နင့်လျက် စကားပြန်မပြောနိုင်အောင် ဖြစ်နေရသည်။

"ကျုပ်ကို လူလေးအကြောင်း ပြောပြပါလား ဒေါက်တာ"

ဦးကြီးကို ဒေါက်တာဂုဏ်တင့်တယ်က သူတို့မိဘ မျိုးရိုးနှင့် အစ်ကိုဖိုးပြည့်(ခေါ်)နေအုပ်စိုးနှင့် မိခင် လားရှိုးသို့ လာခဲ့ပုံကို မိခင်ဆီက ကြားရသမျှ ရှင်းပြလိုက်သည်။

"××× အဲဒါပဲ ဦးကြီးရယ်"

"ဟုတ်ပါတယ်. . . အဲဒီနေ့မှာပဲ လူလေးကို ဆရာကြီး ခေါ်လာတာ၊ ဆရာကြီးက ဒီလိုပဲ၊ မိဘမဲ့ တစ်တောင်ကြွက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



လက်သပ်မွေးပြီး အသုံးချခဲ့တာ၊ ဒါပေမယ့် လူလေးကိုတော့ သူ့ရဲ့တူအဖြစ် မွေးခဲ့ပြီး သူ့စရိုက်တွေ အကုန်သွင်းပြီး သားတစ်ယောက်လို ဦးစားပေးခဲ့တယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ လူလေးက သူနဲ့တူဝရီး ပြောလို့ရအောင် ရုပ်ဆင်တယ်၊ ဥပမိရုပ် ကောင်းပုံချင်းကလည်း တူတာကို၊ ကိုင်း. . . အကြောင်းတွေလည်း သိရပြီဆိုတော့ ဒီမှာ ဒီအိမ်ကို လွှဲပြောင်းကြောင်း စာချုပ်တွေ၊ ရော့. . . ဒါက ဗီရိုထဲမှာ ရှိတဲ့ မီးခံသေတ္တာသော့၊ မြင့်မိုရ်မေဆိုတဲ့ မိန်းကလေးကို လွှဲပေးပြီးရင် ကျုပ်ကို ဒီအိမ်ကြီးက ခွာခွင့်ပေးပါတော့"

"ဟင့်အင်း. . . ဟင့်အင်း. . . ကျွန်မ မယူဘူး။ ကျွန်မကို ရှိန်းဓါတ်ပုံတစ်ပုံနှစ်ပုံ ရရင် တော်ပါပြီ၊ ဦးကြီးပဲ ဒီအိမ်ကြီးကို ယူလိုက်ပါ"

ဦးကြီးက မြင့်မိုရ်မေကို ကျေနပ်စွာ ကြည့်လိုက်သည်။ မျက်လုံးချင်း ဆုံသည့်အခိုက် ဦးကြီးရင်ထဲ နွေးထွေးမှု ခံစားလိုက်ရသည်။ ထို့ကြောင့်. . .

"ဩော်. . . လောဘနည်းလိုက်တဲ့ မိန်းကလေးရယ်၊ လူလေး ကျေနပ်အောင် လက်ခံပေးမှပေါ့ကွယ်၊ ပြီးတော့မှ လူလေးအတွက် အကောင်းဆုံး လုပ်ပေးလိုက်ပါ"

"ဦးကြီးက ဘယ်သွားမှာမို့လို့လဲ"

"ဦးကြီးအတွက် သွားစရာနေရာ ရှိပါတယ်၊ တောထွက်ပြီး တောရကျောင်းတစ်ကျောင်းမှာ ဘုန်းကြီးဝတ်ပြီး တရားအားထုတ်ဖို့ကို ဆုံးဖြတ်ပြီးသား ဖြစ်နေလို့ပါ မိန်းကလေး"

မြင့်မိုရ်မေ ဦးကြီးကို ကြည့်ကာ မျက်ရည်များ စီးကျလာသည်။ ဦးကြီးကို ရင်းနှီးနေသလို ခံစားလိုက်ရသည်။ ရှိန်းရဲ့အပေါ်





အကောင်းဆုံး စောင့်ရှောက်ပေးခဲ့သော ဦးကြီးလို လူတစ်ယောက်လည်း ရှိန်းဘဝမှာ ရှိခဲ့တာ ဖြေသာစရာတစ်ခုပါလားဟုလည်း တွေးလိုက်မိလေသည်။ ထို့ကြောင့် တစ်ပြိုင်နက်ဆိုသလိုပင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီ။

"ဒါဖြင့် ဒီခြံနဲ့အိမ်မြေကို ဘုန်းကြီးကျောင်းအဖြစ် ဦးကြီးကို လှူလိုက်ပါ့မယ်၊ ဦးကြီးရဲ့ပဋ္ဌင်းဒါယိကာမအဖြစ် ကျွန်မကို လုပ်ခွင့်ပေးပါလား ဦးကြီး"

"ပဋ္ဌင်းဒါယိကာမအဖြစ် ဦးကြီးလက်ခံနိုင်ပေမယ့် ဒီခြံနဲ့အိမ်ကို ကျောင်းအဖြစ်တော့ ဦးကြီးလက်မခံနိုင်ဘူး၊ တကယ်ပဲ လူသူမနီးမဝေး ဥယျာဉ်ခြံလေးမှာ ဦးကြီးတောရ ဆောက်တည်ပြီး မဂ်လမ်းဖိုလ်လမ်းကို လှမ်းချင်ပါတယ် မိန်းကလေးရယ်၊ ကိုင်း. . . ဒေါက်တာ သက်သေယူပြီး ဒီပစ္စည်းတွေအားလုံး လက်ခံလိုက်ပါ၊ ဦးကြီးကို လွတ်လပ်ခွင့် ပေးကြပါတော့"

"တစ်ပတ်လောက်တော့ သည်းခံပေးပါ ဦးကြီးရယ်"

"ဩော်. . . သံသရာ ရှည်ရအောင် မလုပ်ချင်ပါနဲ့တော့ မိန်းကလေးရယ်၊ လူဆိုတာ တွေ့သောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေသွားနိုင်တာပဲ၊ နောင်ဘဝနဲ့ မနက်ဖြန်ဆိုရင်တောင် နောင်ဘဝက ပိုနီးပါတယ်၊ ဒါကြောင့် ဦးကြီးကို အခုပဲ သွားခွင့်ပြုပါ"

"နေဦးလေ. . . တစ်ရက်ပဲ စောင့်ပေးပါ ဦးကြီး၊ ကျွန်တော် ကြားဝင်ပြောပါရစေ၊ ဘာဖြစ်လို့လဲဆိုတော့ ဦးကြီးပဲ မြင့်မိုရ်မေကို ပဋ္ဌင်းအစ်မခံခွင့် ပေးထားတယ်မှတ်လား၊ ဒီတော့ မနက်ဖြန်ညနေ ဦးကြီးကို သိမ်ဝင် ရဟန်းဘောင် သွတ်သွင်းပေးပြီးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးရဲ့တောရကျောင်းကို လိုက်ပို့ပေးပါတယ်"

"သပိတ်တစ်လုံး ဒွိစုံသယ်န်းတစ်စုံနဲ့ ပရိက္ခရာရှစ်ပါး ဝိနည်းအရ ရရင် ပြီးပြီ၊ ဘာမှ မချဲ့နဲ့၊ ပစ္စည်းတွေအားလုံး ဘာလုပ်မှာလဲ၊ သေရင် ထားခဲ့ရမှာချည်းပဲ၊ ကိုယ့်နောက်ပါမယ့် တရားဓမ္မကိုသာ ရယူသွားဖို့ အရေးကြီးပါတယ် ဒေါက်တာ၊ ဒါကြောင့် ဒေါက်တာ့ကတိအတိုင်း မနက်ဖြန် တစ်ရက်တော့ ကျူပ်စောင့်ပေးပါ့မယ်၊ ကျုပ်ပိုင်ပစ္စည်းတွေလည်း ရိပ်သာနဲ့ မိဘမဲ့ကျောင်း၊ ဘိုးဘွားရိပ်သာတွေမှာ လှူဒါန်းပြီးတာ လူလေး ဆုံးသွားတဲ့နေ့တစပြီးတော့ပါပဲ"

"သာဓု . . သာဓု . . သာဓုပါ ဦးကြီးရယ်၊ ကိုကျော်ဇောရှိန်လည်း ရောက်ရာဘုံဘဝက သာဓုခေါ်နိုင်မှာပါ"

မြင့်မိုရ်မေအတွက် ကမ္ဘာသစ်တစ်ခုထဲ ရောက်နေသလို အရာအားလုံးသည် အသစ်အဆန်းဖြစ်၍နေသည်။

မီးခံသေတ္တာထဲ၌ ရွှေချောင်းအနည်းငယ်နှင့် ငွေသားများ ရှိနေသည်။ လောဘတက်စရာကောင်းပေမယ့် မြင့်မိုရ်မေ မမက်မောပါ။ ဒေါက်တာကို ကြည့်လိုက်တော့လည်း လောဘခိုး မတွေ့ရ။

"ဒေါက်တာ. . . ဒီငွေတွေဟာ သန့်ရှင်းတဲ့ငွေ မဟုတ်ဘူး၊ ကျွန်မတော့ ဆုံးဖြတ်ချက် ချလိုက်ပြီ၊ ဒီအိမ်ကို မိဘမဲ့ကျောင်းအဖြစ် ဖွင့်လှစ်ပြီး ကျွန်မကိုယ်တိုင် ဆရာမတစ်ဦးအနေနဲ့ လုပ်အားပေးချင်တယ် ဒေါက်တာ၊ ပြီးတော့ အတွင်းပစ္စည်းတွေ ရောင်းပြီး မူးယစ်ဆေးဝါးဖြတ်တဲ့ဆေးရုံတွေမှာ လှူမယ်၊ ဒေါက်တာ ဘယ်လိုသဘောရသလဲ"





"ကျွန်တော့်ကို ဘာလို့ မေးနေရသလဲ မိုရယ်၊ ဒီလောက်ကောင်းတဲ့အကြံပဲ. . . လုပ်ဖြစ်အောင် လုပ်ပါ"

"ဩော်. . . ဒေါက်တာကလည်း ရှိန်းရဲ့သွေးသားပဲဟာ"

"ဘာမှ မဆိုင်ပါဘူး၊ မိုမို ပိုင်ဆိုင်မှုတွေပါ၊ ဒီလို လုပ်ပေးလိုက်တဲ့အတွက် ကျွန်တော်က ပိုပြီးတော့တောင် ဝမ်းသာတယ်၊ မိုမှာ ဘာပိုင်ဆိုင်မှုမှ မရှိတာကို ကျွန်တော်က နှစ်သက်တာပါ၊ ပြီးတော့ မိုက ကျွန်တော့်အစ်ကိုအတွက် လုပ်ပေးတာပဲဗျာ"

မြင့်မိုရ်မေ ဒေါက်တာဂုဏ်တင့်တယ်၏ဆိုလိုရင်းကို နားလည်လိုက်လေသည်။ ကျေးဇူးလည်း တင်သွားသည်။ သူသည် အဒေါ်ရင်းနှင့်အစ်မရင်းကိုတောင် မှိန်းစာအုပ်ကို ပေးမဖတ်ပါ။ လောဘတက်သွားမှာ စိုးရိမ်သည်။ သူစိမ်းဖက်နေသော အစ်မကို ပို၍မပြောရဲပါ။ အဒေါ်ကို အသိမပေးတာတော့ အဒေါ်သိလျှင် အစ်မ သိသွားမှာ စိုး၍ဖြစ်သည်။

ယခုတော့ သူ့စိတ်တိုင်းကျ ကြည်ကြည်လင်လင်ပင် ဆုံးဖြတ်ပြီး ဒေါက်တာ့အကူအညီနှင့် ဆောင်ရွက်သင့်သည်များကို အားကြိုးမာန်တက်နှင့် ဦးစွာ ဦးကြီး ပဥ္စင်းတက်ဖို့ လှုပ်ရှားလိုက်သည်။


ဒေါက်တာဂုဏ်တင့်တယ်က မြင့်မိုရ်မေကို သနားချစ်မြတ်နိုးခဲ့ရာမှ လေးစားတန်ဖိုးထားခြင်းပါ တိုး၍ ပို၍ချစ်မြတ်နိုးသွားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၁)

မြင့်မိုရ်မေ သေသေချာချာ စဉ်းစားသည်။ ဒေါက်တာ ဂုဏ်တင့်တယ် မိသားစု၏ဖိတ်ခေါ်မှုကို သွားတွေ့ရမည်လား။

မနေ့ကလည်း ဒေါ်လေးဆိုင်ဆီကို ဒေါက်တာ ဂုဏ်တင့်တယ် အမေက ရောက်လာပြီး သမီးတောင်းသည်၊ နားဖောက်သည်။

ဒေါ်လေးအပါအဝင် မိမိဘက်မှ ညီအစ်မအရင်းနှင့် ဝမ်းကွဲအစ်မအားလုံးက ရှိန်းသေသွားပြီ။ ရှိန်းက သူ့မျက်ကြည်လွှာ





ကို ဘိုင်နိမ်းနှင့် လှူသွားသည်။ သူ၏မျက်ကြည်လွှာသည် ရှိန်း၏မျက်ကြည်လွှာဖြစ်သည်။

ထိုအခါ အစ်မများက ရှိန်း ဘာဖြစ်၍ သေသွားသနည်း မေးကြသည်။ သူက လွယ်လွယ်ကူကူပင် သွေးကင်ဆာဟု ပြောလိုက်သည်။ ရှိန်းဘဝဆိုးကို နိဂုံးချုပ်ထားလိုက်ချင်သည်။

သူ့ဆန္ဒကို ဒေါက်တာဂုဏ်တင့်တယ်က အကုန်လိုက်လျောကာ လိုအပ်ချက်များကို ဆောင်ရွက်ပေးသည်။ ဦးကြီးကလည်း မိုးကြိုးပစ်ကျေးရွာ မနီးမဝေးက ဥယျာဉ်ခြံများအနီး တောရကျောင်းလေး၌ တရားအားထုတ်နိုင်ရန် သပိတ်တစ်လုံး ပိုက်၍ ထွက်သွားသည်ကို ကားလမ်းအဆုံးအထိ လိုက်ပို့ပေးရင်း သူတို့မျက်စိတဆုံး ငေးကြည်ရင်း ကျန်ရစ်ခဲ့လေသည်။ သူနှင့် ဒေါက်တာဂုဏ်တင့်တယ် ရန်ကုန်ကို ပြန်ရောက်ပြီးနောက် ဒေါက်တာဂုဏ်တင့်တယ်တို့အိမ်တွင် ငိုပွဲကြီး ကျင်းပကြသည်။

ဖြစ်ကြောင်းကုန်စင်ကို ဒေါက်တာဂုဏ်တင့်တယ်က ဖခင်ကို အရင်ပြောပြီး ဖခင်ခွင့်ပြုချက်နှင့် မိခင်နှင့်အစ်မများကို ပြောပြလိုက်တော့ မိခင်ကတော့ သွေးပေါင်တွေ ထိုးကျသွားအောင်ကို ခံစားလိုက်ရရှာသည်။

ဖခင်ကတော့ ကျော်ဇောရှိန်၏ သေဆုံးသည့်နေ့စွဲနှင့် လှူဒါန်းထားသော ဆေးရုံကြီးသို့ သွားရောက်စုံစမ်းသည်။ မျက်ကြည်လွှာကို ထုတ်ယူပြီး Dead Body ကို သဂြိုဟ်ပြီးစီးကြောင်း သိလိုက်ရသည်။

"မိုမို. . . ဒေါက်တာ့အမေက ဒေါ်လေးဆိုင်ထွက်နေတုန်း ရောက်လာတယ်၊ သူတို့က သမီးကို လိုလိုလားလား လာတောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်လိုလုပ်မလဲ သမီး"

"ဒေါ်လေးဘာပြောလိုက်သလဲ"

"သမီးဆန္ဒဟာ ဒေါ်လေးဆန္ဒပါပဲလို့ ပြောလိုက်တယ်"

"သမီးစဉ်းစားဦးမယ် ဒေါ်လေးရယ်"

"သမီး ရှိန်းကို မေ့မရဘူးထင်တယ်၊ သေသူက အခြားဘဝ တစ်ခုကို ကူးပြောင်းသွားပါပြီ သမီးရယ်၊ ဒီအတွက်တော့ ဇာစ္ဆဲ အလမ်း မထားစေချင်ဘူး"

"ရှိန်းဟာ ဘယ်ဘုံရောက်နေသလဲ မသိပါဘူး ဒေါ်လေး ရယ်၊ ဘာဖြစ်လို့ သူ့အကြောင်း အိပ်မက်,မက်ရတာလဲလို့"

"ဟင်. . . သူ့အကြောင်း မက်တယ်၊ သူ့ကို သမီး မြင်ဖူး လို့လား၊ သူ့ဓါတ်ပုံ သမီးရပြီလား"

မြင့်မိုရ်မေ ကိုယ့်ပါးစပ်ကိုယ် ပိတ်လိုက်မိပြီးမှ အမေလို လည်း ဖြစ်နေသော အဒေါ်ဖြစ်သူကို အကြောင်းစုံ ဖွင့်ပြောပြလိုက် သည်။

"ဟိုတလောက သမီးသူငယ်ချင်းနဲ့ ပြည်က သူငယ်ချင်း အလှူသွားတယ်ဆိုတာ အလကား ညာပြောခဲ့တာ၊ သမီး ဒေါက်တာ နဲ့ ပြင်ဦးလွင် သွားခဲ့တာပါ။ နန်းမြိုင်ဟိုတယ်မှာပဲ တစ်ခန်းစီ တည်း ပြီး ရှိန်းရဲ့ကိစ္စတွေကို ဆောင်ရွက်ပေးတာပါ ဒေါ်လေး"

"ဒေါ်လေးကို အခုမှ ဘာလို့ ဒီအကြောင်းတွေ ပြောရတာ လဲ"

"ဒေါ်လေးကို မယုံလို့ မဟုတ်ပါဘူး၊ ဒေါ်လေး သိရင် မစံ သိသွားမယ်၊ မစံ သိရင် လောဘတက်ပြီး ရှိန်းအိမ်ကိုပါ ကျူးရှင် ဖွင့်မယ် ဘာညာဆိုရင်"





ဒေါ်လေးက သူ့စကား ဆုံးအောင်နားမထောင်ဘဲ လက် ာ,ကာ. . .

"ဟုတ်ပြီ. . . ဒေါ်လေး နားလည်ပြီ ဒေါ်လေးကို လောဘ တယ်လို့ ထင်ရင် သမီးမှားမှာပေ့ါ၊ အိုနာစာရယ် လှူဖို့ရယ် ဒေါ် လေး အလုပ်လုပ်နေတာ၊ မတ်တတ်စာ လိုသလို တုံးလုံးစာဆိုတာလဲ ိတယ်လေ၊ တူမတွေက အိမ်ထောင်ကျသွားပြီဆို သူစိမ်းကြည်ဖြူမှ ဖြစ်မှာလေ. . . ဒါကြောင့်ပါ၊ ဟုတ်ပါတယ်. . . သမီး မစံကို ပြောတာ မှန်တယ်၊ မစံမှ မဟုတ်ဘူး၊ အခြားဘယ်သူ့ကိုမှလည်း ပြောနဲ့တော့၊ သမီးလည်း ဒေါက်တာ့ကို လက်ထပ်လိုက်ပါ"

"ရှင်"

"ဒေါက်တာ့မိသားစုနဲ့ သမီးက ရေစက်ပါတယ်၊ ပြီးတော့ ဒေါ်လေးကိုယ်တိုင်ကလည်း ရှိန်းနဲ့ထပ်တူပဲ ဒေါက်တာနဲ့သမီးကို သဘောတူနေတာ"

မြင့်မိုရ်မေ မျက်နှာပြင် ပူရှိန်းရှိန်းဖြစ်သွားလေသည်။ ဒေါက်တာဂုဏ်တင့်တယ်ကို ရှိန်းနေရာ အစားထိုးဖို့အတွက် သူ့ လုံးသား လှုပ်ရှားပြီး ရှက်စနိုး ဖြစ်တတ်နေပြီလား။

"ဒေါက်တာနဲ့သမီး နှစ်ယောက်တည်း ခရီးအတူသွားပြီးပြီ၊ ဒေါက်တာ့သဘောထား သိလောက်ရောပေ့ါ၊ အခွင့်ရေးသမား သား"

"မဟုတ်ပါဘူး၊ ဘုရား. . . ဘုရား. . . သမီး အခုမှ တွေး ကြည့်မိတယ်၊ ရှိန်းထားခဲ့တဲ့ ပိုင်ဆိုင်မှုတွေက နည်းတာ မဟုတ်ဘူး၊ ဒေါက်တာသာ လောဘသမားဆိုရင်. . , အမလေး. . . မတွေးပါ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွယ်နီမေ ပြုံးလိုက်သည်။

"အဲဒါပဲ သမီး၊ ဒေါက်တာ့ကို ဒေါ်လေးထက်တောင် ယုံကြည်ပြီး အားကိုးတယ်ဆိုကတည်းက သမီးရဲ့သန္တာန်မှာ ဒေါက်တာ့ကို ချစ်နေလို့ပဲ"

"ချစ်တာနဲ့ အားကိုးတာ မဆိုင်ဘူးထင်တယ် ဒေါ်လေးရာ"

"ဆိုင်မဆိုင်တော့ မသိဘူး၊ ဒါပေမယ့် ဒေါက်တာဟာ သူတော်ကောင်းဖြစ်သလို သူ့မှာ ပိုင်ဆိုင်မှုတွေကလည်း ရှိန်းထက် မနည်း ရှိနေလို့ လောဘမတက်တာ ဖြစ်နိုင်သလို သမီးကို အရမ်း တန်ဖိုးထားပြီး သမီးကလည်း ဒေါက်တာ့ကို ယုံကြည်လွန်းလို့ အန္တရာယ်တောထဲ တစ်ယောက်ထဲ တိုးဝင်သွားတာ၊ ဒါကြောင့် ဒေါက်တာ့ကို တစ်သက်လုံး ယုံကြည်ပြီး လက်တွဲသွားဖို့ သင့်တော်တယ်လို့တော့ ဒေါ်လေးမြင်တာပဲ"

မြင့်မိုရ်မေ ရင်ထဲ လှိုက်ဖိုသွားလေသည်။ ဟုတ်ပါရဲ့နော်၊ သူ ရှိန်းကို သနားစိတ် ရင်ထုမနာစိတ်တွေနှင့် သောကစိတ် မွန်ကာ အန္တရာယ် ဖိတ်ခေါ်သည့် ရတနာသိုက်တစ်ခုဆီ စွန့်စားသွားမိသလို ဖြစ်သွားခဲ့သည်။

တော်ပါသေးရဲ့. . . ဒေါက်တာကော ဦးကြီးကော သူတော်ကောင်းစိတ်ဓါတ် ရှိကြပေလို့သာပဲ။

"ကဲ. . ကဲ. . ရှိန်းဘဝ ဇာတ်ကြောင်းကို ဒေါ်လေးနဲ့ သမီးပဲ သိတယ်လို့ မှတ်ယူလိုက်ပါ၊ ဒေါ်လေး ဘယ်သူ့ကိုမှ ဖွင့်မပြောဘူး၊ သမီးအလှူအတွက် သာဓုခေါ် ပေးနေတယ်၊ ရှိန်းလည်း ကျေနပ်မှာပါ၊ သူ့ညီကို ယူရင် ပိုတောင် ကျေနပ်သွားမှာပါ၊ ကဲ. . ကဲ. . အိပ်တော့ သမီး၊ ဒေါ်လေး တရားသွားထိုင်တော့မယ်"

မြင့်မိုရ်မေ ပင့်သက်ရှိုက်ကာ ကျန်ခဲ့လေသည်။

မနက်ဖြန် ဒေါက်တာ ဂုဏ်တင့်တယ် လာကြိုမည်။ ပြီးတော့ သူ့မိသားစုနှင့် နေ့လည်ထမင်းစားကြမည်။ သူတို့ ဘာတွေ ပြောမေးကြမလဲ။ သူ ဘာပြန်ဖြေရမလဲ။

တွေးရင်း မောလာကာ မျက်စိညောင်းလာသဖြင့် မျက်စိ မှိတ်ထားလိုက်သည်။

ထိုညက ဓါတ်ပုံထဲက ရှိန်းကို သူမြင်လိုက်ရသည်။ မျက်နှာက ညိုမဲနေသည်။ တောအုပ်ကြားမှနေ၍ သူ့ကို ငေးကြည့်ရင်း ပျောက်ကွယ်သွားလေသည်။

"ရှိန်း. . ရှိန်း. . ရှိန်း"

သူ အော်ရင်း လန့်နိုးကာ ရေထသောက်လိုက်ရလေသည်။

ဖွဲ့လမ်းမှုမှား ကြောက်စရာ ကောင်းလှလိုက်တာ။ ရှိန်းဓါတ်ပုံ မြင်ရပြီးနောက် ဓါတ်ပုံထဲက ရှိန်းကိုသာ အိပ်မက်မက်သည်။ အခင် ထပ်ခါတလဲလဲ မက်ခဲ့သောအိပ်မက်တွေ ပျောက်ကွယ်သွားခဲ့လေပြီ။

'ရှိန်းရယ်. . . အမျှ. . . အမျှ. . . အမျှပါ၊ ရှိန်းအတွက် ကုသိုလ်တွေ လုပ်ခဲ့တာ ရှိန်း သာဓုခေါ်နိုင်ပါစေ' ဟု တီးတိုးလေး ရင်း ရေရွတ်လိုက်မိလေသည်။








www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၂)

ဒေါက်တာဂုဏ်တင့်တယ်၏လက်ကို လှမ်းဆုပ်ကိုင်လိုက်
တော့ ဒေါက်တာဂုဏ်တင့်တယ်က သူ့လက်ကို ပြန်ဆုပ်ကိုင်ထ

"လက်တွေ အေးစက်နေတာပဲ၊ ဘာမှမဖြစ်ပါဘူး၊ ကိုယ်
တာပဲ မိုရယ်. . . မကြောက်ပါနဲ့"

မြင့်မိုရ်မေ ခေါင်းညိတ်လိုက်ပေမယ့် ရင်တွေ တဒိတ်ဒိတ်
ခုန်နေဆဲပင်။ လက်ဖျားခြေဖျားများတို့ အေးစက်နေသည်၊

အိမ်ထဲမှ အပြေးတပိုင်း ထွက်လာသော အမျိုးသမီးဓ





ကြီးက ရှိန်းနဲ့ တူလိုက်တာ။

"သမီး. . . သမီးရယ်"

မြင့်မိုရ်မေ၏ကျန်လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း မြင့်မိုရ်မေ မျက်ဝန်းကိုလည်း စိုက်ကြည့်ရင်းမှ မျက်ရည်တွေ ကျဆင်းလာလေတော့ မြင့်မိုရ်မေ၏နှလုံးသားကလည်း နုနုနှင့် ခပ်လှုပ်လှုပ်မို့ မျက်ရည်တွေ ကျလာသည်။

"အမေကြီး. . . ကလေး အနေခက်အောင်ကွာ၊ မင်းကပါ ငိုနေတော့ ဘယ်ဖြစ်မလဲ၊ အိမ်ထဲ ဝင်ပါစေဦးကွာ"

ဖခင် ဒေါက်တာဦးသာကျော်က ဟန့်တားလိုက်မှ မိခင် ဒေါ်အေးအေးတင့်မှာ သတိဝင်ပြီး ငိုသံနှင့်ပင်. . .

"လာ. . လာ. . သမီး"

ဂုဏ်တင့်တယ်က တစ်ဖက်၊ သူ့မိခင်ကတစ်ဖက် တွဲခြင်းကို ခံလျက် အိမ်ထဲ ဝင်လာတော့ ရပ်ကြည့်နေသော အစ်မနှစ်ယောက်ကလည်း မျက်ရည်ကို အသီးသီး ခိုးသုတ်လိုက်သည်ကို မြင့်မိုရ်မေ တွေ့လိုက်ရသည်။

ဧည့်ခန်းကျွန်းကနုတ် နဂါးရုပ် ဆက်တီခုံရှည်ကြီးတွင် ထိုင်ဖို့ပြင်တော့ ဒေါက်တာဂုဏ်တင့်တယ်က အခြားခုံတွင် ထိုင်ရန် မြင့်မိုရ်မေလက်ကို ဖြုတ်လိုက်ဖို့ အသာရုန်းသည်။

မြင့်မိုရ်မေက မဖြုတ်၊ တင်းကျပ်စွာပင် ဆုပ်ကိုင်ထားသည်။

ဒီမှာပဲ မြင့်မိုရ်မေ သူ့ကိုယ်သူ နားလည်လိုက်သည်၊ အားကိုးတယ်ဆိုတာကလည်း မမြင်နိုင်သော သံယောဇဉ်ကြိုး တစ်ချောင်း၏နက်ရှိုင်းမှုပါပဲဟု။



www.burmeseclassic.com

www.burmeseclassic.com

"သမီးရယ်. . . မေမေတို့မိသားစုနဲ့ ခွဲမသွားပါနဲ့တော့နော်"

ကြီးကျယ်ခမ်းနားလွန်းသော အိမ်ကြီးနှင့် တည်ရှိရာ ရပ်ကွက်က မြေတန်ဖိုးက တန်ဖိုးပေါင်းများစွာ တန်သည်။ ဤအိမ်ကြီးနှင့် ယှဉ်လိုက်တော့ ပြင်ဦးလွင်က ရှိန်း၏အိမ်သည်ပင်လျှင် သာမညလေးဖြစ်သွားရသည်။

"ဟုတ်ပါတယ် သမီး၊ ဖေဖေတို့ မိသားစုထဲ ဝင်လာပေးပါ သမီး ဘယ်သောအခါမှ နောင်တမရစေရပါဘူး၊ သားနဲ့ လက်ထပ်ပေးပါရစေ"

ဖခင်ကြီးက မာနမရှိ။ ပျော့ပြောင်းနူးညံ့စွာပင် ဆိုလာသည်။

အစ်မကြီးနှင့် အစ်မငယ်ကလည်း. . .

"ညီမလေးရယ်. . . စိတ်ကူးမမှားပါနဲ့၊ ကိုယ့်မောင်မို့လို့ ပြောတာ မဟုတ်ဘူး။ ဂုဏ်တင့်တယ်အတွက် မိန်းကလေးဆိုတာ ညီမပဲ ရှိတာ"

"ညီမလေးကို မောင်လေးက ပါးစပ်ဖျားက မချဘူး။ အာခံတွင်းထဲ ငုံထားလို့ရရင် ငုံထားလိုက်ချင်တယ်ဆိုတဲ့ လူစားမျိုးပါ. . . စိတ်ကူးမလွဲပါနဲ့"

မြင့်မိုရ်မေ ရှက်လွန်းသဖြင့် မျက်နှာရဲတွတ်လျက် မျက်လွှာလေး ချပြီး ဆုပ်ထားသော ဒေါက်တာဂုဏ်တင့်တယ်၏လက်ကို လက်သည်းလေးနှင့်ပင် ထိုးနေမိသည်။ ထိုအချိန်၌ သူ့အာရုံထဲတွင် ရှိန်းက ခဏပျောက်ဆုံးနေသည်။

"ကဲ. . ကဲ. . ငါ့သမီးလေး စိတ်ညစ်အောင် မပြောကြနဲ့၊





သမီးတို့ ထမင်းပွဲ သွားပြင်တော့"

မြင့်မိုရ်မေ လိုက်ထရမလား၊ ထသင့်သလား မသိတော့၊ ဂုဏ်တင့်တယ်ကို ငဲ့စောင်းပြီး မော့ကြည့်လိုက်သည်။

ထိုအခါ သူ့အား စိတ်မချနိုင်သလို ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်နေသော ဒေါက်တာဂုဏ်တင့်တယ်နှင့် မျက်ဝန်းချင်း ဆုံတော့ "ဗိန်းကနဲ" သူ့ရင်တွေ ပိုခုန်လာသည်။

ထို့ကြောင့် မျက်လွှာချလိုက်ပြီး ဒေါက်တာဂုဏ်တင့်တယ် လက်ထဲမှ မိမိလက်ကို ပြန်ရုန်းလိုက်သော်လည်း ဒေါက်တာဂုဏ်တင့်တယ်ကလည်း လွှတ်မပေးတော့ပါ။ သူကလည်း အားမပါသော ရုန်းထွက်မှုပင် ထပ်မံမလုပ်တော့ပါ။

"သမီးလေး. . . မေမေ့သား ဂုဏ်တင့်တယ်ကို လက်ခံပေးပါကွယ်၊ မေမေ တောင်းပန်ပါတယ်၊ သမီး ဖြစ်ချင်တာတွေအားလုံး ဖြစ်စေရမယ်"

"ဟုတ်တယ် သမီး၊ ဖေဖေလည်း မေမေ့ဆန္ဒတိုင်းပဲကွယ်"

"ကျွန်. . ကျွန်မ. . ဆရာကြီးရှုပနဲ့ ဆေးခန်းပြနေရပါတယ် ဆရာကြီး"

ကိုယ့်မျက်စိ ခွဲစိတ်ကုသပေးသော ဆရာဝန်ကြီးမို့ ဆရာကြီးဟု နှုတ်ကျိုးပြီးသား ဖြစ်နေရာ သူ့အားနည်းချက်ကိုပါ ထုတ်ဖော်လိုက်သည်။ လျှို့ဝှက်ချက် မထားချင်။

"အိုကွာ. . . ဒါတွေ ဖေဖေတို့ သိပြီးသားပဲ၊ သားငယ်က အားလုံးပြောပြထားပြီးသား၊ ကိုရှုပလည်း ဖေဖေ့သူငယ်ချင်းမို့ ဖေဖေ တွေ့ပြီးသား၊ သမီးမှာ ဘာရောဂါမှ မရှိဘူး၊ အစွဲအလမ်းကြီးတဲ့စိတ်ပဲ ရှိတာ၊ ဖေဖေ့ကို ဖေဖေလို့ပဲ ခေါ်ပါ သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်. . ဟုတ်ကဲ့ပါ"

"မေမေတို့ကို မေမေလို့ ခေါ်နိုင်မလား သမီး"

မြင့်မိုရ်မေအတွက် ရှန်းထွက်ရန် အလွန်ခက်နေသည်။

မေတ္တာရွှေလှောင်အိမ်က သံယောဇဉ်ကြိုးတွေက အထပ်ထပ်နှင့် ရစ်ပတ်နှောင်ဖွဲ့နေလေပြီမို့. . .


ဒေါ်အေးအေးတင့်၏မျက်နှာကို လှမ်းအကြည့်တွင် ရင်မှာ နွေးထွေးသွားပြီး ဆုံးဖြတ်ချက်တစ်ခုကို ရုတ်ခြည်းပင် ချလိုက်မိလေသည်။

"ဟုတ်ကဲ့ မေမေ"

ဟု. . .။







## အခန်း(၃၃)

မြင့်မိုရ်မေအတွက် ကံကောင်းခြင်းတွေသည် ဆက်တိုက်ဆိုသလို ရရှိလာခဲ့သည်။

သူ့ကိုယ်သူတောင် "ကမ္ဘာပေါ်တွင် ကံအကောင်းဆုံးမိန်းမတစ်ယောက်" ဟု ထင်လောက်အောင်ပင် ကံကောင်းခဲ့လေသည်။

ရှိန်း၏မိဘများနှင့် မိသားစုက ကံဆိုးရှာသော သူတို့သား၏မျက်ကြည်လွှာလေး ပိုင်ဆိုင်ထားသော၊ သူတို့မောင်၏မျက်ကြည်


www.burmeseclassic.com

www.burmeseclassic.com



လွှာလေး ပိုင်ဆိုင်ခွင့်ရသော သူ့ကို မျက်စိအောက်က အပျောက် မခံနိုင်အောင် ချစ်ခင်ပေးကြသဖြင့် မြင့်မိုရ်မေ ဒေါက်တာဂုဏ်တင့် တယ်ကို လက်ထပ်ခဲ့လိုက်သည်။

ပြင်ဦးလွင်က ရှိန်း၏အိမ်ကြီးကိုလည်း လူမှုဝန်ထမ်းဦးစီး ဌာနသို့ မိဘမဲ့ဂေဟာ ဖွင့်လှစ်ပေးရန် လှူဒါန်းလိုက်သော်လည်း မြင့်မိုရ်မေ ဆရာမ ဖြစ်ခွင့်မရလိုက်တော့ပါချေ။ အဘယ်ကြောင့် ဆိုသော် လက်ထပ်ပြီး မကြာခင်မှာပင် "ဟန်းနီးမွန်း ဘေဘီ" ကို ရလာသောကြောင့်ဖြစ်သည်။

ထိုအချိန်မှာပင် ဒေါက်တာဂုဏ်တင့်တယ်ကလည်း ပြင်ဦး လွင် ဆေးရုံကြီးသို့ တာဝန်ကျလေရာ ဆေးရုံဝန်းထဲ၌ပင် ဆရာဝန် များအိမ်၌ သူတို့ နေထိုင်ကြသည်။

ဒေါက်တာဂုဏ်တင့်တယ် မိဘများက တစ်ပတ်တစ်ခါ ရောက်လာတတ်သည်။

ကိုယ်ဝန်လရင့်လာတော့ မြင့်မိုရ်မေကို ယောက္ခမများက ခေါ်ယူပြီး ရန်ကုန်၌ပင် ယောက္ခမ ဒေါက်တာအေးအေးတင့်က ဗိုလ်ချုပ်ဖြစ်၍ သူကိုယ်တိုင် သူ့အထူးကုဆေးခန်း၌ မွေးဖွားပေးခဲ့ သည်။

သားယောက်ျားလေး ဖွားမြင်ခဲ့သည်။

မြင့်မိုရ်မေအတွက် အံ့အားသင့်စရာကောင်းသောကိစ္စ တစ်ခု ရှိလေသည်။

ထိုကိစ္စမှာ. . .

ဒေါက်တာဂုဏ်တင့်တယ်ကို သူ လက်ထပ်ပြီး မကြာခင် ညမှာပင် သူ့နောက်သို့ ရှိန်းက ပြေးလိုက်လာသည်။ သူက ရယ်ရင်း





ရှိန်းကို ကျီစယ်ရင်း ထွက်ပြေးသည်။ နောက် ရှိန်းက သူ့ကို ဖမ်းမိ သွားသည်ဟု အိပ်မက်,မက်ပြီးနောက်ပိုင်း သူ့ကို ခြောက်ချားစေခဲ့ သော အိပ်မက်ဟူသမျှ လုံးဝ,မမက်တော့ပါ။

မြင့်မိုရ်မေကို ဒေါက်တာဂုဏ်တင့်တယ် တာဝန်ကျရာသို့ မလိုက်စေတော့ဘဲ ဒေါက်တာဂုဏ်တင့်တယ်သာလျှင် ပိတ်ရက် များ၌ ဇနီးနှင့်သား ရှိရာသို့ လာတွေ့စေရသည်။

သို့နှင့် သားလေး မတ်တတ်ပြေးစအရွယ်၊ စကားလည်း ပြောတတ်စတွင် အဖိုးကို. . .

"ပိုပိုး"

အဖွားကို. . .

"ဖွားဖွား"

အဖေကို. . .

"ပေပေ" ဟု ခေါ်သော်လည်း မြင့်မိုရ်မေက. . .

"မေမေ့ကို မေမေလို့ ခေါ်ပါဦး သားရယ်. . . မေမေ. . . မေမေ"

ဟု သင်ပေးပါသော်လည်း. . .

"မမရေး"

"မမရေး"

"မမရေး"

ဟု စိတ်မရှည်စွာ ထပ်ကာတလဲလဲ ခေါ်ပြလိုက်သဖြင့် မြင့်မိုရ်မေ ရယ်ရင်း မျက်ရည်တွေ ရစ်ဝဲလာရသည်။ နောက် ဒေါက် တာဂုဏ်တင့်တယ်ကို လှမ်းကြည့်လိုက်တော့ သူ့အကြည့်ကို နား လည်သော ဒေါက်တာဂုဏ်တင့်တယ်က ခေါင်းညိတ်ကာ ပြုံးလျက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်မှု ပေးလိုက်သည်။

"ခေါ် ချင်သလိုသာ ခေါ်တော့ သားရေ မင်းကို မေမေတို့
လက်မြှောက်ပါတယ်" ဆိုတော့မှ သားလေးသည် သူ့ထံသို့ ပြေးလာ
ကာ ရင်ခွင်ထဲ တိုးဝင်လိုက်သဖြင့် ဒေါက်တာဂုဏ်ထင့်တယ် သား
ကို မြတ်နိုးစွာ ပွေ့ချီနမ်းရှုံ့လိုက်လေသည်။

သမုဒယ ကိလေသာ နှောင်ကြိုးတွေက မပြတ်နိုင်သရွေ့
တော့ သံသရာအဆက်ဆက် ရစ်ပတ်နှောင်ဖွဲ့နေရဦးမည်မှာ ဓမ္မာ
ရလာသောသူတိုင်း၏ သံသရာစက်ဝန်းပါပေတကား။


အစပေါင်းများစွာ သံသရာ၌ ဆွေမျိုးမတော်ဖူးသူ မရှိ
လောက်အောင်ပင် ဘဝသံသရာစက်ဝန်းက ရှည်လျားကျယ်ပြန့်
လွန်းလှပါလေသည်ဟုလည်း. . . ။

မြမှုလခင်

7.9.2011

10:00 AM





BURMESE CLASSIC .com
www.burmeseclassic.com